ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၃၄)
၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် ၊ ကြာသပတေး၊ (နိုဝင်ဘာ ၁၁ ၊ ၂၀၁၀)









တောင်ဥက္ကလာပမြို့နယ် မဲရုံတစ်ခုမှ
မဲပေးအပြီးထွက်လာသည့်
ရခိုင်လူမျိုး မဲဆန္ဒရှင်မြေးအဘွားနှစ်ဦးအား တွေ့ရစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရွေးကောက်ပွဲ ကျင်းပပြီးစီး

နှစ်ပေါင်း ၂၀ကျော်အတွင်း ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ ရွေးကောက်ပွဲသည် နိုဝင်ဘာ ၇ ရက်နေ့တွင် ကျင်းပပြီးစီးသွားပြီဖြစ်သော်လည်း ယနေ့(နိုဝင်ဘာ ၈ ရက်) ညနေပိုင်းအထိ ရွေးကောက်ပွဲရလဒ်ကို ကြေညာခြင်းမရှိသေးပေ။ ထို့ကြောင့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ခုက ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံအနှံ့ မဲဆန္ဒနယ်များရှိ အခြေအနေများကို 7Day News သတင်းအဖွဲ့က အထူးသတင်းပေးပို့ချက်များဖြင့် တင်ဆက်လိုက်ပါသည်။ သတင်း - စာမျက်နှာ(၆၊ ၈၊ ၂၅ မှ ၂၈ ထိ)

- ကချင်ပြည်နယ်က ရွေးကောက်ပွဲမြင်ကွင်း
- ရခိုင်တိုင်းရင်းသားပါတီ အရှိန်အဟုန်ကောင်းသည့် ရခိုင်ပြည်နယ်ရွေးကောက်ပွဲ
- တိုင်းရင်းသားပါတီတွေ အားကောင်းသည့် ရှမ်းမြောက်က ရွေးကောက်ပွဲ
- ရှုံးနိမ့်သွားသော ကိုယ်စားလှယ်လောင်းတို့၏အသံ

## မကြိုက်သောပါတီမဲပေးသည့်သမက်အား ယောက္ခမက အိမ်ပေါ်မှနှင်ချ

သန်းဌေး

av;ruES
Edlifbm-7

ရွေးကောက်ပွဲကျင်းပနေစဉ် မဲပေးမှုသဘောထားကွဲလွဲမှုကြောင့် ယောက္ခမဖြစ်သူက သမက်အား အိမ်ပေါ်မှ နှင်ချလိုက်ကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ထိန်တောကြီးကျေးရွာအုပ်စု ထောင့်ကြီးရွာတွင် နေထိုင်သည့် ယောက္ခမဖြစ်သူဦးထွန်းကြိုင်က ၎င်းအိမ်ဝိုင်းထဲတွင် နေထိုင်သူသမက်ဖြစ်သည့် ကိုနိုင်စိုးအား ရွေးကောက်ပွဲကိစ္စကြောင့် စကားများရာ အိမ်ပေါ်မှ နှင်ချလိုက်ကြောင်း ဒေသခံတစ်ဦးကပြောသည်။

"ကိုယ့်မြို့နယ် တိုးတက်ရာ တိုးတက်ကြောင်း လုပ်ပေးနေတဲ့ လူတွေကို ကူညီသင့်တယ်။ ငါ့စကား နားမထောင်ရင် ငါ့အိမ်ဝိုင်းကထွက်သွား"ဟု ယောက္ခမက သမက်အား နှင်ချလိုက်ကြောင်း တစ်ရွာတည်းနေသူဒေသခံတစ်ဦးကပြောသည်။

အဆိုပါကျေးရွာအုပ်စုတွင် မဲရုံသုံးရုံရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ၈၅၇ ဦးရှိကာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေတွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါက်တာစိုးလွင်နှင့် အမှတ်(၁)မဲဆန္ဒနယ်မြေ၌ ဦးဇော်ဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်နေသည်။

ယောက္ခမဖြစ်သူမှာ အထက်ပါ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအား အားပေးသူဖြစ်ပြီး သမက်မှာ နိုင်ငံတစ်ဝန်းလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော ပါတီကြီးတစ်ခုအား အားပေးသူဖြစ်သည်။

## ဂက်စ်ပိုက်လိုင်းမှတစ်ဆင့် မီးလောင်ကျွမ်းမှု ကျပ်သိန်း ၁၂၀ထိ ဆုံးရှုံး

သတင်း - စာ(၁၂)သို့



ဓာတ်ပုံ - နေလင်းအောင်




ဆန်းစစ်ရဲ့ အသစ်
ကမ္ဘာ့ ဆံကေသာဆိုင်ရာ ပညာရှင်ကြီး 7 ဦးရဲ့ ပူးပေါင်းဖန်တီးမှု
SUNSILK CO-CREATIONS


TWZ®
အင်္ဂလိပ်–မြန်မာ–တရုတ်
အီလက်ထရောနစ် အဘိဓာန်
45000/- Ks
TWZ T-668
27000/- Ks
TWZ T-558
3.8" BLACK & WHITE LCD
2 X AAA BATTERY
TRUE VOICE HIFI HUMAN PRONUNCIATION
ENGLISH TO MYANMAR
MYANMAR TO ENGLISH
ENGLISH TO ENGLISH
IRREGULAR VERB
DIALOG STUDY
CALCULATOR
CALENDAR
VISITING CARD
TIME
GAME
COLOR: RED, SILVER AND BLACK
1 Year SERVICE WARRANTY
English to Myanmar
Myanmar to English
Chinese to Myanmar
Myanmar to Chinese
English to English
English Idiom
Medical Dictionary
Irregular Verb
Study
Calculator
Calendar
Visiting Card
Time
Game
Color : Red, Silver, White and Black
MUSTEL
Company Limited


ZTE G 380
(CDMA 450MHz)
ZTE P 21 (CDMA 450MHz)
1 Year SERVICE WARRANTY
MK Electronic

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ရှုံးနိမ့်သူ ကိုယ်စားလှယ်လောင်းတို့၏ အသံ

အားမာန်၊ ငြိမ်းငြိမ်းနိုင်

**ဒေါ်ကန်းခန့်ဒိမ်း –** အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း

"ပါတီလူကြီးတွေနဲ့ တွေ့ဆုံ ဆွေးနွေးပွဲရှိပါတယ်။ ရလဒ်နဲ့ ပတ်သက်တဲ့ကိစ္စတွေကို ခေါင်းဆောင်ပိုင်းတွေနဲ့ ပြောဆိုပြီး ဆက်လုပ်သွားရမှာတွေရှိပါတယ်။ ရှုံးမှာကတော့ ကြိုသိနေတာပဲလေ။ ဒါကကျွန်မအတွက် ပထမဆုံးအတွေ့အကြုံ ဆိုပေမယ့် စိတ်တော့ မပျက်ပါဘူး။ အနိုင်အရှုံးကိုတော့ အတွေ့အကြုံရတာပေါ့။ နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ ပြည်သူ့ဘက်မှာဆက်ရှိနေမယ်။ နိုင်တဲ့ လူတွေကရော ရှုံးတဲ့သူတွေရော ပါတီထဲမှာရှိပါတယ်။ အဲဒီတော့ ပါတီက နောက် ၅ နှစ်လောက် ဆက်လက်ရပ်တည်ခွင့်ရမှာပါ။ အဲဒီအတွင်းမှာ ပြည်သူကို အကျိုးပြုမယ့် အရာအားလုံးဆက်လုပ်သွားမှာပါ။"



အောင်သိန်းလင်းမှ ပထမ၊ သူမက ဒုတိယနှင့် ရှုံးနိမ့်ခဲ့သည်ဟု ကာယကံရှင်ကပြောသည်။

**မှတ်ချက်**-ဒေါ်ကန်းခန့်ဒိမ်းက ဒီမိုကရက်တစ်ပါတီ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကာ နိုဝင်ဘာ ၇ ရက်မဲရေတွက်ပြီးချိန်တွင် ပြည်ခိုင်ဖြိုးပါတီမှ ဦး

**ဒေါ်နေရီဗဆွေ –** ဒီမိုကရက်တစ်ပါတီ၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း

"အန်တီတို့ကတော့ ကျေနပ်တယ်။ ရတဲ့မဲတွေအကုန်လုံး ကဖြူဖြူစင်စင် ဘယ်သူ့ကိုမှလည်း မလှည့်စားဘူး။ မလုပ်နိုင်တဲ့ကတိတွေကိုလည်း မပေးခဲ့ဘူး။ အင်မတန်အရေးကြီးတဲ့ ကာလမှာ ထောက်ခံ၊ ပံ့ပိုးပေးတဲ့သူတွေကို



ကျေးဇူးတင်သလို သူတို့ကြောင့် အားလည်းတော်တော် ရှိခဲ့ပါတယ်"

**မှတ်ချက်**-စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်တွင် ပါတီ ငါးပါတီမှ ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ နိုဝင်ဘာ ၈ ရက် နံနက် မဲလက်မှတ်ရေတွက်ပြီးချိန်တွင် NDF ပါတီမှ ဦးစိုးဝင်းက မဲအများဆုံးရသွားပြီး၊ ပြည်ခိုင်ဖြိုးပါတီမှ ဒေါက်တာပိုင်စိုးက ဒုတိယရကာ ဒေါ်နေရီဗဆွေက တတိယသာရကြောင်း ကာယကံရှင်ကပြောသည်။

**ဦးနေမျိုးဝေ –** မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း

"ကျွန်တော်အဆင့်က မနိုင်နိုင်ဘူး။ ကျွန်တော်မလုပ်နိုင်လို့ မနိုင်တာ ပြဿနာမဟုတ်ဘူး။ နိုင်ငံရေးသမားပဲရှုံးတာ မဆန်းပါဘူး။ ဒါပေမဲ့ အခုကျွန်တော်က



တော့ ဆက်လုပ်မှာပဲ။ ပြုတ်သွားတဲ့အမတ်တွေစုစည်းပြီးတော့ မနိုင်ပေမယ့် နိုင်သွားတဲ့လူတွေကို တတ်နိုင်သလောက် တိုက်တွန်းအကြံပေးဖို့ဆိုတဲ့ အငြိမ်းချမ်းဆုံးနည်းကိုသုံးနိုင်တယ်။နောက်တစ်ခုကတော့ ရွေးကောက်ပွဲကိုမတရားပါဘူးလို့ထိုင်အော်နေမယ့်အစား စိတ်ဓာတ်တွေကျနေမယ့်အစား လက်ရှိအစိုးရရဲ့ လုပ်ကိုင်မှုတွေရော နောက်တက်လာမယ့်အစိုးရရဲ့ လုပ်ကိုင်မှုတွေကိုရော အပြုတ်ပြောတာတွေ၊ သပိတ်မှောက်တာတွေ လုပ်ပစ်ရမယ်။ ဒါက နောက်တစ်နည်းပေါ့။ ဆိုတော့ မပြီးသေးပါဘူး။ ဆက်လုပ်သွားစရာတွေအများကြီးပါ"

**မှတ်ချက်**- ၎င်းဝင်ရောက်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ် အမှတ်(၁၀) တွင် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်မှ ဦးတင်ထွန်းမောင်၊ ပြည်ခိုင်ဖြိုးပါတီမှ ဦးနု၊ တစည်းပါတီမှ ဒေါက်တာကျော်မင်း၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဦးသိုက်ထွန်း၊ (၈၈)မျိုးဆက်ပါတီမှ ဦးအောင်ကျော်စိုးတို့ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ပြည်ခိုင်ဖြိုးပါတီက အနိုင်ရခဲ့သည်ဟု ကာယကံရှင်ကဆိုသည်။

**ဦးသိန်းတင်အောင် –** ပြည်ထောင်စုဒီမိုကရေစီပါတီ၊ တာမွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း

"ရှုံးတာကိုတော့ ဝမ်းမနည်းပါဘူး။ နိုင်ငံရေးမှာ ရှုံးတာမဆန်းပါဘူး။ ရတဲ့မဲတွေအတွက် ကျေနပ်ပါတယ်။ ဒါပေမဲ့စိတ်မကောင်းတာက ကိုယ့်ကိုအားပေးခဲ့တဲ့သူတွေအတွက် ဘာမှ မလုပ်ပေးနိုင်တာဘဲ"

**မှတ်ချက်**- တာမွေမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် နိုင်ငံရေး ပါတီငါးပါတီမှ ကိုယ်စားလှယ်လောင်း ငါးဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း တစ်ဦး စုစုပေါင်း ခြောက်ဦးယှဉ်ပြိုင်ခဲ့သည်။

မဲလက်မှတ်များရေတွက်



အပြီး ပြည်ခိုင်ဖြိုးပါတီမှ ဒေါ်လှဲ့လှဲ့ဝင်းဆွေက ဦးဆောင်နေပြီး၊ ၈၈ မျိုးဆက်မှ ဦးကိုကိုနိုင်က ဒုတိယနေရာတွင်ရှိကာ ဦးသိန်းတင်အောင်မှာ တတိယနေရာတွင်သာရှိ၍ ရှုံးရန်သေချာနေပြီဟု ကာယကံရှင်က ပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

Crime Corner

## ဆီစက်သုံးပစ္စည်းခိုးယူသူအမျိုးသမီးနှစ်ဦးကို ထောင်ဒဏ်တစ်နှစ်စီချမှတ်

စောရန်နိုင်

**မကွေး၊ အောက်တိုဘာ - ၂၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ဆီစက်သုံးပစ္စည်းများ ခိုးယူသူအမျိုးသမီးနှစ်ဦးကို ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အောက်တိုဘာလ၆ ရက်တွင် ထောင်ဒဏ်တစ်နှစ်စီကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်းသိရသည်။

ယခုနှစ် ဩဂုတ်လ ၁၃ရက် နံနက်ပိုင်းက ပခုက္ကူရဲစခန်းမှ အရာခံညီညီလွင်နှင့်အဖွဲ့သည် နယ်မြေသတင်းစုံစမ်းဆောင်ရွက်နေစဉ်အမှတ်(၅)ရပ်၊ (၅)လမ်းနေသူ မမြခိုင်နှင့်မသိန်းဆွေတို့သည် စက်မှုဇုန်နယ်မြေအတွင်းရှိ ပစ္စည်းများခိုးယူရောင်းချနေကြောင်း သတင်းရရှိခဲ့သည်။ အဆိုပါအမျိုးသမီးနှစ်ဦးကို ခေါ်ယူစစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးမှုအရ ၎င်းတို့နှစ်ဦးသည်ဆီစက်များမှ ဆီစက်သုံးပစ္စည်းများ ခိုးယူကာ သံရည်ကျိုချက်၍ ရောင်းချထားရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် အရေးယူပေးပါရန်တိုင်တန်းခဲ့ရာ သက်ဆိုင်ရာရဲစခန်းက (ပ)၂၉၂/၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ဖြင့်အမှုဖွင့်ခဲ့သည်။ အဆိုပါအမှုအားခိုင်မာစွာ တည်ဆောက်၍ပခုက္ကူမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှတ် ၁၆၃၁/၁၀ ဖြင့်လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အမိန့်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

## ဆိုင်ကယ်စီးအမျိုးသမီးထံမှ ပိုက်ဆံအိတ် လုယူသူများကို နာရီပိုင်းအတွင်း ဖမ်းမိ

ထူးသန့်

**နေပြည်တော်၊ နိုဝင်ဘာ - ၃**

နေပြည်တော်မှ နေပြည်တော် ပျဉ်းမနားသို့ တစ်ယောက်တည်း ဆိုင်ကယ်စီးနင်း၍ ပြန်လာသော အမျိုးသမီးထံမှ ပိုက်ဆံအိတ်ကိုလုယူကာ တစ်ဟုန်ထိုးမောင်းနှင်ထွက်ပြေးသွားသည့် ဆိုင်ကယ်သမားနှစ်ဦးအား နာရီပိုင်းအတွင်း ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်းသတင်းရရှိသည်။

အသက် ၂၄နှစ်ရှိ အဆိုပါအမျိုးသမီးသည် အောက်တိုဘာ ၃၁ရက် ညနေ ၃နာရီခွဲခန့်က နေပြည်တော် ပျဉ်းမနား-တောင်ညို လမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် ပြန်ကပြေးလမ်းဆုံအနီးအရောက်၌ နောက်မှ လိုက်ပါလာသောဆိုင်ကယ်တစ်စီးက ကျော်တက်ကာ လိုက်ပါလာသူက ပိုက်ဆံအိတ်ကိုလုယူ၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်ဟုသိရသည်။

လုယူထွက်ပြေးသွားသော ဆိုင်ကယ်နံပါတ်ကို မှတ်သားလိုက်နိုင်သည့် အမျိုးသမီးအနေဖြင့် ပိုက်ဆံအိတ်အတွင်း၌ ပါသွားသော နေပြည်တော် ၄၅၀ မဂ္ဂါဟက်ဇ်စီဒီအမ်အေဖုန်းသို့ ဆက်သွယ်ရာမှ ၎င်းတို့နှင့်အဆက်အသွယ်ပြန်လည်ရရှိခဲ့ပြီး နေပြည်တော် စည်ပင်ဧည့်ရိပ်သာအနီးသို့ ချိန်းဆိုနိုင်ခဲ့ကြောင်း၊ ဧည့်ရိပ်သာရှေ့အရောက်တွင် ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ယောက်မှ ပိုက်ဆံအိတ်နှင့်အတူပါသွားသော ဖုန်း၊ ငွေနှင့် အခြားပစ္စည်းများအား အမျိုးသမီးရှေ့မှောက်သို့ ပစ်ချကာ ထွက်ပြေးသွားခဲ့သော်လည်း နာရီပိုင်းအတွင်းမှာပင် ၎င်းတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါအမှုကို နေပြည်တော် ပျဉ်းမနားရဲစခန်းမှ (ပ) ၅၂၄/၂၀၁၀၊ ပြစ်မှုပုဒ်မ ၃၈၂အရ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရှိရသည်။ နေပြည်တော် ပျဉ်းမနားမြို့မှ ဒေသခံတစ်ဦးက "မိန်းကလေးတွေအနေနဲ့ သွားလာတဲ့နေရာမှာ သတိထားသင့်တယ်။ အရင်ကလည်း ဆိုင်ကယ်စီးရင်း ဆွဲကြိုးအဖြတ်ခံရတာတို့၊ ဆိုင်ကယ်ရှေ့ခြင်းထဲက ပစ္စည်းတွေ လုယူသွားတာ ခံလိုက်ရတာတို့ ဖြစ်ခဲ့ဖူးတယ်"ဟု အကြံပြုပြောသည်။

ဈေးကွက် ကားလေလံ

## နေပြည်တော်ကားလေလံပွဲတွင် ကြမ်းခင်းဈေးနိမ့်သော်လည်း လေလံအောင်သူနည်း

မင်းဒင်

rEÅv;?EÅ|ifbm-1

aejynfawmfwifusif;ycJhonf um;avvHyGwGif avvHwif ap;EIef;rSm avvHwifac: ap;EIef;xuf odom;pGm avsmhenf;aomfvnf; avvHtm;ay;wufrIqif;aomfvnf; um;0,f,lrI ajymif;onf

နေပြည်တော်ရှိ ရုံးအမှတ် ၃၂တွင် ကားလေလံပွဲကို အောက်တိုဘာ ၂၆ရက်က စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

"အပြင်ပေါက်ဈေး သိန်း ၈၀၀ လောက်ရှိတဲ့ မတ်ခ်တူး ၉၉ အစုလေလံမှာ ၅၀၀နဲ့အောင်တယ်။ ကားကောင်းတယ်။ ပစ္စည်းထည့်စရာမလိုဘူး။ မောင်းပြန်ရုံပဲ။ ဝယ်ရောင်းတွေ တချို့လည်း ဈေးတိုးမပေးရဲဘူး။ ကားဈေးကျနေတာလည်းပါတယ်။ ကားတွေက ကားကောင်းတွေများတယ်" ဟု နေပြည်တော်လေလံအတွေ့အကြုံကို အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အဆိုပါ လေလံပွဲတွင် နိုင်ငံပိုင် သိမ်းဆည်းထားသော မော်တော်ယာဉ်မျိုးစုံအား ဈေးပြိုင်အိတ်ပိတ်တင်ဒါနစ်စဖြင့် လေလံတင်ရောင်းချရာ မော်တော်ယာဉ် ၁၃၀ စီး၊ မော်တော်ဆိုင်ကယ် ၃၄၆ စီး၊ ထော်လာဂျီ ၃ စီးပါဝင်ကြောင်း သိရသည်။

"အရင် လေလံတွေမှာ ကားဈေးနည်းပေမယ့် ကားသိပ်မကောင်းတာ ပစ္စည်းမစုံတာတွေပါတယ်။ အခုကားတွေက ပစ္စည်းထည့်စရာသိပ်မလိုဘူး။ ကားကောင်းတယ်။ ဒါတောင် လေလံအောင်ကားအစီးရေ နည်းသွားတယ်"ဟု လေလံဆွဲသူတစ်ဦးက လေလံပွဲဈေးနှုန်းနှင့် အရေအတွက်အား သုံးသပ်ပြောကြားသည်။

လေလံပွဲတွင် ကားဝယ်ရောင်းပွဲစားများနှင့် အိမ်စီးရန်လာရောက်ဝယ်ယူသူ အရေအတွက် အချိုးတူလောက်ရှိမည်ဖြစ်ပြီး အိမ်စီးအတွက် လေလံဆွဲသူများ ဈေးမြှင့်ဝယ်ယူခဲ့ကြောင်း သိရသည်။

"ကားဈေးက ပြုတ်ကျနေတယ်။ အထက်ကားတွေ ကျတာသိသာတယ်။ အောက်ကားလည်း ဈေးကျတာပဲ။ အထက်ကား တစ်စီးကို သိန်း ၃၀ ကျော်ကျသွားတယ်။ အရောင်းအဝယ်လည်း အေးသွားတယ်" ဟု မန္တလေးလမ်း ၆၀ ကားပွဲစားတန်းမှ ကားဝယ်ရောင်းတစ်ဦးကဆိုသည်။

အဆိုပါ လေလံပွဲတွင် မော်တော်ကားအစီးရေ ၁၃၀ ပါဝင်သော်လည်း ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ကားအစီးရေမှာ အများဆုံးဖြစ်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကားအစီးရေ အနည်းငယ်သာ ပါဝင်သည်။

ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်မှ လေလံတင်ရောင်းချမည့် မော်တော်ယာဉ်တချို့အား ယာယီဆိုင်းငံ့အဖြစ် ထားရှိပြီး လေလံတင်ရောင်းချမှု မပြုနိုင်ခဲ့ကြောင်း သိရသည်။

"နိုင်တီဖိုး၊ ဖိုက် (၉၄၊ ၉၅) မတ်ခ်တူးဒီဇယ်ကားတချို့ သိန်း ၃၀၀ ကျော်နဲ့ လေလံအောင်တယ်။ အပြင်ခေါ်ဈေး သိန်း ၆၀၀ ဝန်းကျင်ရှိတယ်။ မန္တလေးတိုင်းဒေသကြီးက မတ်ခ်တူးကားတစ်စီးသိန်း ၃၃၃နဲ့ လေလံအောင်တယ်။ကားလည်းကောင်းတယ်"ဟု လေလံသမားတစ်ဦးကဆိုသည်။

အဆိုပါ လေလံပွဲတွင် နယ်အသီးသီးမှ ကားအစီးရေပါဝင်မှုမှာ ရန်ကုန်တိုင်းဒေသကြီးမှာ ၁၇စီး၊ မန္တလေးတိုင်းဒေသကြီးမှ ၈ စီး၊ ကရင်ပြည်နယ်မှ ၇၀စီး၊ ကချင်ပြည်နယ်မှ ၃၄စီး၊ ရခိုင်ပြည်နယ်မှ တစ်စီးတို့ဖြစ်ကြောင်း သိရသည်။

# ဆန်ဈေးများ ဆက်တိုက်မြင့်တက်

ဇာဇာနီ၊ သဇင်ထွေး

&efukef- EdkifbmS- 6

ယခုရက်ပိုင်းအတွင်း ဆန်ဝယ်ယူမှုများလာသောကြောင့် ဆန်ဈေးနှုန်းများ ယခင်အပတ်ထက် တစ်ဆကျော်ခန့်မြင့်တက်လာကြောင်း ဘုရင့်နောင်ရှိ ဆန်ပွဲရုံပိုင်ရှင်များကပြောသည်။

ပြီးခဲ့သည့် သီတင်းကျွတ်လပြည့်ကျော် နောက်ပိုင်းမှစတင်ပြီး ဆန်ချောဈေးနှုန်းများ တစ်အိတ်လျှင် ကျပ်ငါးထောင်ခန့်မြင့်တက်ခဲ့ရာမှ ယခု နိုဝင်ဘာလဆန်းပိုင်းတွင် ကျပ်ငါးထောင်ထပ်မံမြင့်တက်လာခဲ့ကြောင်း ဆန်ပွဲရုံပိုင်ရှင်များက ဆက်လက်ပြောသည်။

"နယ်မှာ စပါးရှားလို့ဆိုပြီး လူတွေက ဆန်ဝယ်စု၊ ဆီဝယ်စုတာ တွေကြောင့် အဲဒီ့ရက်ထဲက စတက်တာ၊ ဆန်ချောက တစ်ခါမှ ဒီလိုအတက်မကြမ်းဖူးဘူး။ လက်လီဈေးတွေဆို ချက်ချင်းကြီးကို တက်သွားတာ" ဟုနိုဝင်ဘာ ၆ ရက်နေ့တွင် 7Day News သို့ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဖျာပုံပေါ်ဆန်မွှေးထိပ်စမှာ အောက်တိုဘာလ ၂၈ရက်တွင် ကျပ် ၃၆,၀၀၀ ထိမြင့်တက်ခဲ့ရာမှ ယခု နိုဝင်ဘာလ ၅ ရက်တွင် ၄၂,၀၀၀ ကျပ် ထပ်မံမြင့်တက်ခဲ့သည်။ ရွှေဘိုပေါ်ဆန်းမွှေးမှာ ၄၀,၀၀၀ ကျပ်ထိရှိကြောင်း၊ ဇီယာ နှင့်မနောသုခဆန်ကြမ်းမှာ တစ် အိတ်လျှင် ၁၈,၀၀၀ ကျပ်နှင့် ၁၈,၅၀၀ ကျပ်ထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

"ဆန်ဈေးနှုန်းမှာ အတက်ကြမ်းတာ ပေါ်ဆန်းပဲ။ အခုရက်ပိုင်းမှာဆို မုန်တိုင်းကြောင့်၊ ဆန်ကလည်း လက်ကျန်မရှိတော့တာနဲ့ လူတွေကလည်း ဆန်ဝယ်စုထားတာကြောင့် ဆန်ဈေးတက်တယ်။ ဆန်ချောဆို ၃,၀၀၀ ကနေ ၅,၀၀၀ လောက်အထိကို တက်သွားတယ်။ ဆန်ကြမ်းကတော့ ၅၀၀ ကျပ်ကနေ ၁,၀၀၀ ကျပ်လောက်တက်သွားတယ်။ အိတ်ဆွဲရောင်း လက်လီဈေးပါ တစ်ရက်၊ နှစ်ရက်အတွင်းမှာ ပိုတက်သွားတယ်။ ရခိုင်ပေါ်ဆန်းဆို မုန်တိုင်းတိုက်လိုက်တာနဲ့ မဝင်တော့ဘဲ မတိုက်ခင်က ဝင်တဲ့ဆန်တွေကိုပဲ ရောင်းနေရတော့ တက်တာလည်းပါတယ်။

စာ(၁၂)သို့

## ရေထွက်ကုန်ပစ္စည်းတင်ပို့မှု လျာထားချက်ပြည့်ရန် အခက်အခဲများကြုံတွေ့နေ

သန်းဒွေး

**ရန်ကုန်၊ နိုဝင်ဘာ - ၂**

မြန်မာ့ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှာ လျာထားချက်ပြည့်မီရေး အခက်အခဲမျိုးစုံကြုံတွေ့နေရကြောင်း ရေထွက်ပို့ကုန်ပစ္စည်း အရည်အသွေးစစ်ဆေးရေးဌာနခွဲ FIQCမှ ညွှန်ကြားရေးမှူးဦးဝင်းမြင့်မောင်က နိုဝင်ဘာ ၂ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြောကြားသည်။

"တင်ပို့သမျှကုန်တွေထဲမှာ အခက်အခဲဖြစ်နေတယ်။ မြဝတီက အခုချိန်ထိ တင်ပို့နိုင်ခြင်းမရှိသေးဘူး"ဟု ၎င်းက ဆက်လက် ပြောကြားသည်။ အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းမှာ ကန်တစ်ဒေါ်လာလျှင် ၈၀၀ကျပ်အောက်သို့ကျဆင်းကာ ထို့ထက်ပို့ကုန်ရ ငွေလဲလှယ်နှုန်းက ကျဆင်းခြင်းကြောင့်လည်း အချက်တစ်ချက် ပါဝင်သည်။ ထို့ကြောင့် ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့သူများမှာ အော်ဒါနှင့် ဖောက်သည်မပျက်သွားရေး ထိန်းသိမ်းတင်ပို့နေရင်း ပို့ကုန်ဝင်ငွေမှာလည်း မျှော်မှန်းသလောက် တက်မလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် လျာထားချက်မှာ ကန်ဒေါ်လာသန်း ၇၀၀ ဖြစ်ပြီး၊ ယခုနှစ် ဧပြီ ၁ရက်မှ အောက်တိုဘာ ၃၀ရက်အထိ ခုနစ်လတာအတွင်း အမှန်ဝင်ငွေရရှိမှုမှာ ကန်ဒေါ်လာ ၃၂၂ဒသမ ၂၄၄ သန်းသာရှိသေးကြောင်း ဦးဝင်းမြင့်မောင်ကပြောကြားသည်။

"ဒီလတွေမှာ အမှာစာများမယ့်လပါ။ တွန်းလုပ်ဖို့၊ ကုန်ရှိဖို့လိုတယ်"ဟု ကုန်ကြမ်းရရှိမှု အခက်အခဲကြုံနေရသော ရွှေယမုံပုစွန်အအေးခန်းစက်ရုံများပိုင်ရှင် ဦးထွန်းအေးကလည်း ပြောကြားသည်။


TRI
LIVES BRILLIANTLY


i-MAX
COLLECTION
Men's & Ladies' Wears
WINTER FASHION
MY STYLE // MY DREAM

ELECTION REPORT

7 DAY NEWS JOURNAL

Vol.9, No.34 · NOVEMBER 11, 2010

# မဲပေးအားကောင်းသည့် ရန်ကုန်မြို့တွင်းမြို့နယ်အချို့

ယုဇကိုကို၊ ဇာဇာနီ


မဲပေးရန်တန်းစီစောင့်ဆိုင်းနေသူများ။ ဓာတ်ပုံ- NTR

**ကျောက်တံတားမြို့နယ်**

အချိန်က နံနက် ၅ နာရီ ၅၅ မိနစ်။ နေရာက ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းမပေါ်ရှိ မီးသတ်ဦးစီးဌာနမြေညီထပ်တွင် ဖြစ်သည်။ မီးသတ်ဝတ်စုံများဖြင့် ဝန်ထမ်းများ၊ တိုက်ပုံအဖြူ ပုဆိုးအစိမ်းများကို ဝတ်ဆင်ထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှလူများစုဝေးနေသည့် အဆိုပါနေရာမှာ ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ် (၅) တွင်ပါဝင်သည့် (၁)ရပ်ကွက်မှ မဲရုံအမှတ်(၁)ဖြစ်သည်။

ထိုမဲရုံအတွင်း နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဆန္ဒမဲပေးပြီးထွက်လာသည့် အစ္စလာမ်ဘာသာဝင်များ၏ အဖြူရောင်အကျီရှည်၊ ပုဆိုးအကွက်ကျဲကျဲ၊ အစ္စလာမ်ဘာသာဝင်များဆောင်းသည့်ဦးထုပ်ကို ဆောင်းထားသော အသက်ခြောက်ဆယ်အရွယ်ရှိအမျိုးသားတစ်ဦးက "လွှတ်တော်သုံးခုအတွက် မဲသုံးမဲပေးခဲ့တယ်။ ဘယ်ပါတီကိုပေးခဲ့လဲဆိုတာက ဒါက ဘာဘရဲ့နှလုံးသားထဲကနေပေးတာဆိုတော့ မပြောချင်ဘူး" ဟု ဆိုသည်။

ယင်းမဲရုံတွင်ပင် ဆန္ဒမဲပေးသည့် အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကမူ "ကျွန်တော်ကတော့ ဒီမိုကရက်တစ်ပါတီနဲ့ အင်န်ဒီအက်ဖ်ပါတီကို မဲပေးခဲ့တယ်။ နောက်တစ်မဲက တစည‌ကိုပေးခဲ့တယ်။ ရွေးစရာမရှိတာနဲ့ပဲ"ဟု ၎င်း၏ ဆန္ဒမဲပေးခဲ့ပုံကို ပြောသည်။

အသက်ခြောက်ဆယ်အရွယ်ရှိ အခြားအမျိုးသားတစ်ဦးကမူ "ကိုးဆယ်(၁၉၉၀) ရွေးကောက်ပွဲက မဲမပေးခဲ့ဘူး။ ခုလိုမဲပေးရတဲ့အပေါ်မှာ စိတ်ခံစားမှုတော့ရှိတယ်။ ဒီရွေးကောက်ပွဲပြီးရင် ဘာမျှော်လင့်ထားသလဲဆိုတော့ ဘာကိုမှ မမျှော်လင့်ထားပါဘူး"ဟု ဆိုသည်။

ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်းရှိ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးခဲ့သည့် အသက် ၄၁ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးက "ပြည်သူ့လွှတ်တော်အတွက် ခမောက်ကိုပေးခဲ့တယ်။ အမျိုးသားလွှတ်တော်အတွက်လည်း ခမောက်ပဲ။ ဒီတစ်ခေါက်က မြန်မာနိုင်ငံသားတစ်ဦးဆိုတဲ့ စိတ်ဓာတ်နဲ့ပေးလိုက်တာပါ။ ရွေးကောက်ပွဲပြီးရင် မျှော်လင့်ထားတာကတော့ ဘယ်အစိုးရပဲတက်တက် အဆင်ပြေအောင်လုပ်ပေးရင်ကျေနပ်တယ်။ လက်ရှိထက်ပဲမဆိုးရင် တော်ပါပြီ" ဟု ဆိုသည်။

**မင်္ဂလာတောင်ညွန့်မြို့နယ်**

ပြိုင်ဆိုင်မှုပြင်းထန်သည့် မဲဆန္ဒနယ်တစ်ခုဖြစ်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်၏ မဲရုံအမှတ် (၅) တွင်လည်း နံနက်ကိုးနာရီအချိန်၌ ဆန္ဒမဲပေးသူများဖြင့် စည်ကားစပြုနေပြီဖြစ်သည်။ မင်္ဂလာတောင်ညွန့်၏ ယင်းမဲဆန္ဒနယ်တွင် အင်န်ဒီအက်ဖ်ပါတီနှင့် ယင်းပါတီပြီးလျှင် ဒီမိုကရက်တစ်ပါတီ(မြန်မာ)ကိုသာ အများဆုံးပေးဖြစ်နေသည်ဟု မဲဆန္ဒပြုသူအများစုကဆိုသည်။

"ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်လုံး ခမောက်နဲ့ ဒီမိုကရက်တစ်ပါတီကို မဲပေးခဲ့တယ်။ နောက်တစ်မဲကတော့ တစည‌နဲ့တူတယ်" ဟု ဇနီးမောင်နှံနှစ်ဦးက ဆိုသည်။

တစ်ဆက်တည်းမှာပင် ယင်းမဲဆန္ဒနယ်၏ ဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သည့် ဦးသုဝေက ရွေးကောက်ပွဲခံစားချက်နှင့် ပတ်သက်ပြီး "ဒီနေ့ရွေးကောက်ပွဲမှာ ရင်ခုန်တာမျိုးတော့ မရှိပါဘူး။ ဒီလိုမျိုးက ရှေ့မှာလည်း အတွေ့အကြုံရှိနေတော့ ရင်ခုန်တာမရှိပါဘူး။ ဘယ်လိုမျှော်လင့်ထားလဲဆိုရင် မထင်မှတ်ထားတဲ့ ကိစ္စတွေကလည်းဖြစ်လာနိုင်တော့ ခုချိန်မှာမပြောနိုင်သေးပါဘူး" ဟု ဆိုသည်။

**စမ်းချောင်းမြို့နယ်**

အထက်ပါမဲဆန္ဒနယ်နှစ်ခုကဲ့သို့ ဆန္ဒမဲပေးသူများဖြင့် စည်ကားနေသည့် အခြားမြို့နယ်တစ်ခုမှာ စမ်းချောင်းမြို့နယ်ဖြစ်သည်။

သက်ကြီးပိုင်းအရွယ်များနှင့် သက်လတ်ပိုင်းအရွယ်များမှ အများဆုံး ဆန္ဒမဲပေးသည်ကိုတွေ့ရပြီး ယင်းမြို့နယ်တွင် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီကို မဲပေးသူများရှိနေပြီး ယင်းကဲ့သို့ အဆိုပါပါတီကို မဲပေးရာတွင် လူငယ်များက ပိုများကြောင်း သိရသည်။

"ကျွန်မကတော့ ရှစ်ဆယ့်ရှစ်ကိုပေးခဲ့တယ်။ ဘာလို့ပေးလဲဆိုရင် ကြိုက်လို့ပါ။ ကျွန်မတို့ စမ်းချောင်းမှာတော့ ရှစ်ဆယ့်ရှစ်ကိုပေးကြတာများတယ်လို့ ထင်တယ်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ မဲပေးခဲ့တာပါ"ဟု ယင်းမြို့နယ်၏ မဲရုံအမှတ်(၃)တွင် မဲပေးခဲ့သည့်အသက် ၂၅ နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးက ဆိုသည်။

ယင်းမြို့နယ်၏ မဲရုံအမှတ်(၄)တွင် ဆန္ဒမဲပေးခဲ့သည့် အသက် ၂၁ နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကလည်း "ကျွန်တော်ကတော့ ခမောက်ကို ပေးခဲ့တယ်။ သူများတွေကလည်း ခမောက်ဆိုတော့ ကျွန်တော်လည်းခမောက်ပဲ ပေးခဲ့တာပါ။ ဒီလိုပဲ သူများတွေပေးတဲ့ပါတီကိုပဲပေးခဲ့လိုက်တာပါ။ မဲပေးရလို့ ရင်ခုန်တာမျိုးတော့ မရှိပါဘူး။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ မဲပေးခဲ့တာပါ။ ဒါပေမဲ့ နောက်ဆုံးတစ်မဲကိုတော့ ပြည်ခိုင်ဖြိုးကိုပဲ ပေးခဲ့လိုက်တယ်"ဟု ဆိုသည်။

# ရန်ကုန်မြို့ဆင်ခြေဖုံးက ရွေးကောက်ပွဲမြင်ကွင်းများ

အေးသူစံ

**သာကေတမြို့နယ်**

နိုဝင်ဘာလ ၇ ရက်နေ့၊ နံနက်ခြောက်နာရီခွဲအချိန်။ သာကေတမြို့နယ် (၄) တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်းနှင့် မြို့မလမ်းဆုံရာထောင့်တွင် ရှိသော အခြေခံပညာအလယ်တန်းကျောင်းရှိ မဲရုံမှ ပြန်ထွက်လာသော အဘွားအိုတစ်ဦးက "ဒါလုပ်ကိုလုပ်ရမယ်လေ။ ၉၀ တုန်းကတော့ ထည့်ခဲ့ဖူးတယ်။ ဒါပေမဲ့ ဘာကိုထည့်ခဲ့လဲဆိုတာ မသိတော့ဘူး။ အခုကတော့ အိမ်က တူမတွေနဲ့အတူတူပဲ ခြင်္သေ့ကိုပဲ ထည့်ခဲ့တာပေါ့။ ကြိုတင်ဆန္ဒမဲလည်း လာမှမတောင်းခံတော့ ကိုယ်တိုင်ပဲလာထည့်လိုက်တယ်" ဟု အသက် ၇၄ နှစ်အရွယ် အဘွားအိုကပြောသည်။ အဘွားအိုမှာ လေဖြတ်ထားခြင်းကြောင့် လက်ဖြင့် ဆန္ဒပြုရန်အဆင်မပြေသဖြင့် မိမိပေးလိုသည့် ပါတီနှင့်ကိုယ်စားလှယ်လောင်းများကို လက်ဗွေနှိပ်ကာ ဆန္ဒမဲပေးခဲ့ရ၍ မင်ပေနေသော ညာဘက်လက်မလေးကို အသာကော့ထားလျက် မဲရုံ ၆ ရှိရာ အခန်းဝတွင် မဲထည့်ပြီးနောက် ခေတ္တအမောဖြေချိန်တွင် မဲထည့်ရသည့် အတွေ့အကြုံကို ပြန်ပြောပြနေခြင်းဖြစ်သည်။

"၉၀ ရွေးကောက်ပွဲတုန်းကတော့ တစည‌ကို ထည့်ခဲ့တယ်။ အခုကတော့ ခြင်္သေ့ကိုပဲထည့်ခဲ့တယ်" ဟု အသက် ၃၈ နှစ်အရွယ်ရှိ အစိုးရဝန်ထမ်းအမျိုးသမီးတစ်ဦးကလည်း ဆိုသည်။ နံနက်ခုနစ်နာရီခန့်တွင်တော့ သာကေတမြို့နယ်၊ လေးတောင်ရပ်ကွက်၏ မဲရုံပေါင်း ၁၁ ရုံအနက် မဲရုံ ၄၊ ၅၊ ၆၊ ၇ နှင့် ၈ တို့ရှိရာ အလက (၄) ကျောင်းတွင် ဆန္ဒမဲပေးသူတို့ဖြင့် စည်ကားစပြုလာပြီဖြစ်သည်။ အလုပ်မသွားခင် ဆန္ဒမဲလာရောက်ပေးသည့် ထမင်းချိုင့်နှင့်အမျိုးသမီးငယ်လေးများ၊ ယူနီဖောင်းဝတ်အမျိုးသမီးငယ်လေးများ၊ မိသားစုလိုက် ဆန္ဒမဲလာပေးကြသူများ၊ သူငယ်ချင်းအပေါင်းအဖော်များနှင့် လာရောက်ဆန္ဒမဲပေးကြသူများဖြင့် မဲရုံများတစ်ဝိုက်တွင် စည်ကားလာကြသည်။

"နေပူတယ်။ ဒါကြောင့် ခမောက်ဆောင်းထားတယ်လေ။ ခမောက်ကိုအရင်တည်းက ကြိုက်တယ်။ ဒါကြောင့် ဒီမှာမဲပေးဖြစ်အောင်ကိုပေးတာ။ ကျုပ်မှာ မှတ်ပုံတင်မရှိလို့ အချိန်မီယာယီမှတ်ပုံတင်သွားလုပ်ရသေးတယ်ဗျ။ အိမ်က မိသားစုတွေကတော့ဗျာ. . . ခြင်္သေ့ပဲထည့်မယ်တဲ့"ဟု အသက် ၂၈ နှစ်အရွယ်ရှိ ကိုရဲလေးက ပြောသည်။

ယင်း မဲထည့်ခဲ့သည့် ပါတီအကြောင်းကိုဆက်လက်၍ "ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ နိုင်တာမနိုင်တာကတော့ ကံတရားပေါ့ဗျာ" ဟု ဆက်ပြောသည်။

"ကျွန်တော်က ကိုယ်ကြိုက်တဲ့ပါတီ ကိုယ်မဲထည့်ခဲ့တယ်။ ကျွန်တော့်ရဲ့ ပထမဆုံးမဲရုံအတွေ့အကြုံဖြစ်ပါတယ်။ မဲရုံထဲမှာ လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရပါတယ်" ဟု မဲပေးခဲ့သည့် အသက် ၂၅ နှစ်အရွယ်ရှိ ဆေးသုတ်သမားတစ်ဦးကလည်းဆိုသည်။



မဲရုံငါးရုံ စုပေါင်းထားရာ အလက(၄) ကျောင်းအနီးရှိ လက်ဘက်ရည်ဆိုင်များတွင် တာဝန်ကျ ရယကအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များကိုလည်း တွေ့ရသည်။

မဲရုံ ၉၊ ၁၀ နှင့် ၁၁ တည်ရှိရာ သာကေတမြို့နယ်၊ အမှတ် ၁၂၊ အခြေခံပညာမူလတန်းကျောင်းတစ်ဝိုက်တွင်လည်း မဲပေးသူများဖြင့် စည်ကားနေသည်ကိုတွေ့ရသည်။

"စောစောလာတော့ စောစောပြီးရော။ ကိုယ်လုပ်ရမယ့် အလုပ်တစ်ခုကို ပြီးအောင်လုပ်လိုက်တာလေ။ ၉၀ ကတည်းက အတွေ့အကြုံတော့ရှိတယ်။ အဲဒီတုန်းကတော့ ဘာပေးခဲ့လဲဆိုတာကို မပြောချင်သလို အခုလည်း ကိုယ့်ဆန္ဒကိုကိုယ် လွတ်လွတ်လပ်လပ်ပဲ မဲရုံထဲမှာပေးခဲ့တယ်" ဟု အသက် ၄၄ နှစ်အရွယ်ရှိ စာအုပ်အငှားဆိုင်လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်ခင်ဝင်းမော်က ပြောသည်။

မာန်ပြေ(၃)ရပ်ကွက်တွင် မဲရုံ ၁၅ ရုံရှိသည့်အနက် မဲရုံ ၈ မှ ၁၃ အထိ ဖွင့်လှစ်ထားသည့် သာကေတမြို့နယ်၊ အမှတ် ၃ အခြေခံပညာ အထက်တန်းကျောင်းရှေ့ မျက်စောင်းထိုးရှိ ဓမ္မာရုံရှေ့၌ နေပူဒဏ်ကို ချွေးဒီးဒီးကျအောင် ခံစားနေရလျက် ယာယီသက်သေခံလက်မှတ်လေးကို ကိုင်ဆောင်ထားသည့် အဘွားအိုက လမ်းသွားလမ်းလာအချို့ကို မျှော်ကြည့်နေသည်။

"အဘွားက မဲရုံ ၁၀ တဲ့။ ဘယ်သွားရမှန်းလည်းမသိဘူး။ အဘွားမောလည်းမောတယ်။ အခု ဓမ္မာရုံထဲဝင်သွားတော့ မဲရုံမှားနေတယ်။ ရှေ့က ထ(၃) ကျောင်းဆိုလို့ နားနားပြီးသွားနေတာ" ဟု နွမ်းလျစွာပြောသည်။

"ခမောက်ကိုပေးရမှာ မဟုတ်ဘူးလား။ အမေသိတာ ခမောက်ကိုပေးရမယ်လို့ လူတွေပြောနေကြတယ်။ ခမောက်ပဲပေးလိုက်မယ်လေ။ နောက် ဦးထွန်းမြင့်တဲ့။ အဲဒီနှစ်ခုထည့်မှာပေါ့။ မဲပေးချင်လို့ ရေကျော်က မြေးအိမ်ကနေတောင် ဒီကိုပြန်လာရတာ" ဟု အသက် ၈၆ နှစ်အရွယ် အဘွားအိုက မဲရုံထဲမဝင်မီမှာ ပြောလေသည်။

"ခြင်္သေ့ပဲ ထည့်လိုက်တာပေါ့။ ခြင်္သေ့ကိုပဲ ကျွန်တော်တို့က ထည့်ရမှာပဲ"ဟု မဲရုံသို့ ကိုယ်ပိုင်ကားဖြင့် မဲလာထည့်သော မိသားစုတစ်စုမှ အမျိုးသားတစ်ဦးကပြောသည်။

ယင်းအချိန်တွင် မသန်စွမ်းသည့် ခြေထောက်နှစ်ချောင်းကို အထောက်အကူပြု ချိုင်းထောက်အသုံးပြုကာ မဲပေးပြီး မဲရုံထဲမှ ဇနီးဖြစ်သူနှင့်အတူ ပြန်ထွက်လာသည့် ကိုသန်းဝင်းက ရွှင်ပြုံးစွာ အောက်ပါအတိုင်းဆိုသည်။

"မသန်စွမ်းတဲ့အတွက် မဲရုံထဲမှာ မဲပေးရတာ အထူးတလည် အခက်အခဲမရှိပါဘူး။ အဆင်လည်းပြေပါတယ်။ လိုအပ်တာတွေကို မဲရုံထဲက လူကြီးတွေက ဝိုင်းပြောပေးကြပါတယ်။ ကိုယ့်လက်နဲ့ ကိုယ်တိုင်မဲပေးခဲ့ပါတယ်။ ပြည်ခိုင်ဖြိုးကို ပေးခဲ့တာပါ"

အသက် ၂၄ နှစ်အရွယ်ရှိ အနေးယာဉ်လုပ်သားတစ်ဦးကမူ "ကျွန်တော်တို့က ဒီဘက်ထိပ်ဂိတ်ကဆိုတော့ ဒီနေ့တော်တော်လေးဆိုက်ကားဆွဲလို့ကောင်းပါတယ်။ မဲလည်းထည့်ပြီးပြီ။ ခမောက်ပဲထည့်တာ။ ကျွန်တော်တို့ ပတ်ဝန်းကျင်အနီးတစ်ဝိုက်ကသူတွေ တော်တော်များများလည်း ခမောက်ကိုထည့်ကြတယ်" ဟု ပြောသည်။

**ဒေါပုံမြို့နယ်**

ဒေါပုံမြို့နယ်ရှိ အထက(၁) အခြေခံပညာ အထက်တန်းကျောင်း၌ဖွင့်ထားသော မဲရုံများတွင်တော့ နံနက် ၁၁ နာရီဝန်းကျင်တွင် လူအနည်းငယ်ကျဲပါးလျက်ရှိသည်။ ၁၀ မိနစ်နီးပါးကြာမှ လာရောက်မဲပေးသူ တစ်ဦးတလေကိုသာ တွေ့ရှိရပြီး အမျိုးသမီးကြီးငယ်လတ်များနှင့် လူကြီးပိုင်း အမျိုးသားအချို့ကိုသာ မဲလာပေးကြသည်ကိုတွေ့နေရသည်။

"ကျွန်မတို့က သဘော်ကျင်းမှာနေတာပါ။ ဈေးဆိုင်ထွက်ရမှာဆိုတော့ မနက်မဲရုံဖွင့်ဖွင့်ချင်း သွားပေးလိုက်တာ။ ပြည်ခိုင်ဖြိုးကိုပဲ ထည့်ခဲ့တယ်။ ကျွန်မတို့ဘက်မှာ ပြည်ခိုင်ဖြိုးနဲ့ စပါးနှံကို ထည့်တာများတယ်။ စည်းရုံးရေးဆင်းတာလည်း ပြည်ခိုင်ဖြိုးက များတယ်။ အင်အားပြတာလည်း သူတို့တွေကိုပဲတွေ့နေရတယ်။ ကျွန်မတို့ နားမလည်တာကို အမျိုးသမီးရေးရာတစ်ဦးက ရှင်းပြတော့ ပြည်ခိုင်ဖြိုးကို ထည့်လိုက်ပါတယ်" ဟု အသက် ၃၀ အရွယ်ရှိ ကွမ်းယာရောင်းသူ မရီရီမြင့်က မဲထည့်ခဲ့သည့် အတွေ့အကြုံကို ပြောပြသည်။ စာ(၁၂)သို့


7DAY NEWS JOURNAL
Vol.9, No.34 • NOVEMBER 11, 2010

# ပြင်ဦးလွင်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကိုထူးကုမ္ပဏီအုပ်စုက ၁၅နှစ်လုပ်ကိုင်ခွင့်ရ

အေးသူစံ

jyifOD vifEdkifbm 2

ပြင်ဦးလွင်မြို့တွင် အသစ်ထပ်မံတည်ဆောက်လိုက်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကြီးကို ထူးကုမ္ပဏီအုပ်စုမှ ၁၅ နှစ်ပြန်လည်ငှားရမ်းလုပ်ကိုင်ခွင့်ရကြောင်း ပြင်ဦးလွင်ရှိ ထူးကုမ္ပဏီအုပ်စုမှ အထွေထွေမန်နေဂျာ ကိုဝေမျိုးအောင်က ပြောသည်။



အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်းရှိ ရွှေတိဂုံစေတီတော်ပုံစံငယ်ကို တွေ့ရစဉ်။
ဓာတ်ပုံ - အေးသူစံ

"ဒီ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုအရ သစ်ထုတ်တဲ့ကုမ္ပဏီ၁၀ ခုက ဝိုင်းဝန်း တည်ဆောက်ခဲ့ကြတယ်။ အကျိုးတူ ပူးပေါင်းပြီးသစ်ပင်တွေ စိုက်ကြပျိုးကြ၊ အဆောက်အအုံတွေဆောက်ကြတဲ့အထဲကမှ ရင်းနှီး မြှုပ်နှံမှုအများဆုံးပြုခဲ့တဲ့ ထူးကုမ္ပဏီအုပ်စုက ၁၅ နှစ် ငှားရမ်း လုပ်ကိုင်ခွင့်ကို ၂၀၀၆ ခုနှစ်မှာ ရခဲ့တာပါ" ဟု ၎င်းက ပြောသည်။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သည် အကျယ်အဝန်း ဧကပေါင်း ၂၄၀ ရှိပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်ထက် ဧကပေါင်း ၁၀၀ ကျော် ပိုမိုကျယ်ဝန်းသည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် တစ်ဆက်တည်း ဆက်စပ်လျက်ရှိသည့် မြေနေရာတွင် တည်ရှိပြီး အရိပ်ရသစ်ပင်များကို ဦးစားပေးစိုက်ပျိုးထားကြောင်း သိရသည်။ ကုမ္ပဏီများမှ ၂၀၀၄အောက်တိုဘာ ၁၄ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆ ဒီဇင်ဘာ ၁၅ ရက်တွင် ထူးကုမ္ပဏီအုပ်စုက ဖွင့်လှစ်ခဲ့သည်။ ဝင်ကြေးကို သစ်တောရေးရာဝန်ကြီးဌာန၏ သတ်မှတ်ချက်အတိုင်း လူကြီး ၁၀၀၀ ကျပ်နှင့်ကလေး ၅၀၀ ကျပ် သတ်မှတ်ထားသည်။ "ခုချိန်မှာ Land Mark တွေက အပြိုင်အဆိုင်ဖြစ်လာတော့ ကျွန်တော်တို့ လုပ်ရကိုင်ရတာတွေလည်း စိတ်ဝင်စားဖို့ကောင်းလာပါတယ်။ ဧည့်သည်လာတာလည်း တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်" ဟု ၎င်းကထပ်မံပြောကြားသည်။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ရှိ ပြည်နယ်နှင့်တိုင်း အထင်ကရ အဆောက်အအုံများကို Pacific Timber Enterprise၊ Momentun Trading Enterprise ၊ တင်ဝင်းထွန်းကုမ္ပဏီ၊ အေးရှားဝေါလ်၊ မြတ်နိုးသူကုမ္ပဏီ၊ အေးရှားဂရင်း၊ ထူးကုမ္ပဏီအုပ်စု၊ Tun Myut Aung ၊ Dagon Tinber စသည့်ကုမ္ပဏီများက ဝိုင်းဝန်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ၂၀၀၄ ဧပြီလက ပြင်ဦးလွင်ခရီးစဉ်အတွင်း ပြည်တွင်းပြည်ပဧည့်သည်များလာရောက် အပန်းဖြေအနားယူရာတွင် ပြည်နယ်နှင့်တိုင်းအလိုက် ထူးခြားထင်ရှားသည့်အထင်ကရ သဘာဝအထိမ်းအမှတ်များ၊ ဖန်တီးမှုအလှအပများကိုတစ်နေရာတည်းတွင် ပြည်ထောင်စုငယ်သဖွယ် ခံစားကြည့်ရှုနိုင်ရန် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို တည်ဆောက်ရန်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာနှင့် မြန်မာကြက်ခြေနီအသင်း နာဂစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ၂၀၁၁ မေလတွင် အဆုံးသတ်မည်

သီဟ

&efukef Edkifbm-3

နာဂစ်မုန်တိုင်းဒဏ်ခံဒေသများတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း IFRCနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် နာဂစ်ဒဏ်သင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများအား လာမည့် ၂၀၁၁မေတွင် အဆုံးသတ်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာရုံးမှအစီအစဉ်ညှိနှိုင်းရေးမှူး မစ္စတာချန်းဟန်ချိုးကပြောသည်။

ယခုနှစ် ဩဂုတ်လတွင် ထိုဒေသတွင်အပြည်ပြည်ဆိုင်ရာ လူမှုဂရုဏာလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် အဖွဲ့အစည်းများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှ အကြောင်းကြားစာများ ပေးပို့ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းသိရှိရသည်။

နာဂစ်ဒဏ်သင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် IFRCမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အမေရိကန်ဒေါ်လာသန်း ၇၀ ကျော် ထောက်ပံ့၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်စေခဲ့ကြောင်း သိရသည်။

စာ(၁၂)သို့

## ဓာတုပစည်းကင်းသော အစားအသောက်ဆိုင်ရာစီမံကိန်းဆောင်ရွက်ရန် ဂျပန်အစိုးရထောက်ပံ့မည်

မေဝင်းမွန်

&efukef Edkifbm-3

မြန်မာနိုင်ငံတွင် အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများအလွန်အကျွံသုံးစွဲထားသော အစားအစာများစားသုံးခြင်းမှ ကာကွယ်နိုင်ရန်နှင့် အရည်အသွေးပြည့်ဝသော ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရနှင့်စီမံကိန်းတစ်ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်သံရုံးထုတ်ပြန်ချက်အရ သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်ဆိုင်ရာစီမံကိန်းအတွက် အမေရိကန်ဒေါ်လာတစ်သိန်းငါးထောင်ကျော်သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းအတွက် ဂျပန်နိုင်ငံဆိုင်ရာတာဝန်ခံမစ္စတာခဇုယုကိတကဲအုချိနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့သည် အောက်တိုဘာ ၂၉ ရက်ကလက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့သည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းသည် အစိုးရ မဟုတ်သောအဖွဲ့အစည်းဖြစ်ပြီး ကုန်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပြည်တွင်းစိုက်ပျိုးရေး အခြေခံအစားအစာထုတ်ကုန်များ၏ အရည်အသွေးမြှင့်တင်ရန်နှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာနှင့် နည်းပညာများ ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ၂၀၀၆ ခုနှစ်ကတည်းက ဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။



ELECTION REPORT

7 DAY NEWS JOURNAL

Vol.9, No.34 • NOVEMBER 11, 2010

# ပဲခူးမြို့က ရွေးကောက်ပွဲ



ပဲခူးမြို့မှ မဲရုံတစ်ရုံ။ ဓာတ်ပုံ – လမင်းနိုင်

**အားမာန်**

နိုဝင်ဘာ ၇ ရက် နံနက်ခင်း ပဲခူးမြို့မှာ ပုံမှန်ထက် တိတ်ဆိတ်နေ၏။ မြို့ရှိဈေးဆိုင်အချို့ပိတ်ထားသည်ကိုလည်းတွေ့ရသည်။ ဝတ်ကောင်းစားလှဝတ်ထားသူအချို့ မှတ်ပုံတင်နှင့် အဖြူရောင်စက္ကူပိုင်းငယ်ကိုင်၍ တစ်နေရာသို့ တိတ်ဆိတ်စွာ သွားနေကြသည်။

"နှစ် ၂၀ ကြာမှ မဲထည့်ရတာမို့ စိတ်လှုပ်ရှားတယ်။ မထည့်ရတာကြာလို့ စိတ်လှုပ်ရှားပြီး ရင်တုန်တယ်။ ကိုယ်စားလှယ်တွေထဲက တိုင်းပြည်ကို ကောင်းအောင်လုပ်နိုင်မယ်ထင်တဲ့ သူကိုပေးခဲ့တယ်။ ရွေးကောက်ပွဲပြီးရင် ဒီထက်အေးချမ်းသာယာပြီး ကုန်ဈေးနှုန်းကျဖို့မျှော်လင့်တယ်။ ၉၀ တုန်းကတော့ လူငယ်စိတ်နဲ့ပေးတာ။ အခု အကြိမ်တော့လူကြီးစိတ်နဲ့"ဟု ပဲခူးမြို့ ဇိုင်းဂနိုင်းရပ်ကွက်နေထိုင်သော အသက် ၆၃ နှစ်အရွယ် ဒေါ်ခင်မြတ်မွန်က ပြောသည်။

"ဒီနေ့ဒီရက်မှာ ပေးရမယ်ဆိုတော့ တာဝန်အရပေးတာပေါ့။ အပြောင်းအလဲတော့ အများကြီးမမျှော်လင့်ပါဘူး"ဟု ဆိုသူက အသက် ၆၇ နှစ်အရွယ် ဇိုင်းဂနိုင်းတောင်ပိုင်းမှ ဒေါ်ခင်စမ်းဝင်းပါ။

မဲပေးရမည်ကို တာဝန်တစ်ခုအဖြစ်သဘောထားပေးသူနောက်တစ်ဦးက "အခုပဲ ပေးပြီးသွားတော့ တာဝန်တစ်ခုပေါ့သွားတာပေါ့" ဆိုသည့် အသက် ၂၅ နှစ်အရွယ် မခင်သီတာနှင်းဖြစ်သည်။

ဇိုင်းဂနိုင်းတောင်ရပ်ကွက်၊ မြလမ်းမှာ ယခုနှစ်လယ်ပိုင်းက အရပ်သားနှင့် တပ်မတော်သားအချို့ ခိုက်ရန်ဖြစ်ပွားပြီး ပစ်ခတ်မှုပါဖြစ်၍ အရပ်သားနှစ်ဦးသေဆုံးထားသော ရပ်ကွက်ဖြစ်သည်။ နိုဝင်ဘာ ၇ ရက်တွင် ထိုလမ်းထဲမှ လူအချို့ပင် မဲရုံသို့ အေးအေးလူလူ မဲသွားပေးနေသည်ကိုတွေ့ရသည်။

မဲရုံမှ ထွက်လာသူ ၁၂ ဦးကို မေးမြန်းကြည့်ရာ မဲပေးရာတွင် မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်အား လွတ်လွတ်လပ်လပ် မဲပေး၍ရသည်ဟု ဖြေကြသည်။ အထိမ်းအမှတ်နေ့ တစ်ခုဟုသတ်မှတ်ပြီးဝတ်ကောင်းစားလှဝတ်ဆင်ထားသူများလည်း တွေ့ရသည်။ ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ လူထုအတွင်း မဲပေးရေး မပေးရေးလှုံ့ဆော်မှု ဂယက်ကြီးခဲ့သော်လည်း ပဲခူးမြို့ ရပ်ကွက်အချို့ မဲပေးမှုနှုန်းမြင့်မားခဲ့သည်ဟု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပြောသည်။ ပဲခူးမြို့တွင် အကြီးဆုံးရပ်ကွက်ဖြစ်သော နန်းတော်ရာရပ်ကွက်တွင်နံနက် ၁၀ နာရီရောက်သောအခါ မဲပေးခွင့်ရှိသူအားလုံး၏ ၄၀ ရာခိုင်နှုန်းမဲပေးပြီးဖြစ်သည်ဆိုသည်။ ထိုရပ်ကွက်တွင် မဲပေးခွင့်ရှိသူ ၁၇,၅၇၀ ရှိပြီး၊ ညနေ မဲရုံပိတ်ချိန်၌ မဲပေးခွင့်ရှိသူ အားလုံး၏ ၅၅ ရာခိုင်နှုန်းကျော် မဲပေးခဲ့ကြသည်။

တနင်္ဂနွေနေ့ဖြစ်သော်လည်း ရွေးကောက်ပွဲကြောင့် ဆိုင်အများစုပိတ်ထားပြီး၊ လူအသွားအလာနည်း၍ စားသောက်ဆိုင်များ အရောင်းအဝယ်ပါးခဲ့သည်။

"ပုံမှန်တနင်္ဂနွေနေ့တွေထက် ၅၀ ရာခိုင်နှုန်းလောက် ရောင်းအားကျသွားတယ်"ဟု ပဲခူးမြို့ ဆရာမကြီး ထမင်းဆိုင်မှဆိုင်ရှင် ကိုအောင်ခြိမ့်ကပြောသည်။

"ရွေးကောက်ပွဲကို ပျော်စရာကောင်းတဲ့အစဉ်အလာတစ်ခုလို့ ပဲမြင်ပါတယ်။ ကျွန်တော်တို့က အုပ်ချုပ်ခံလူတန်းစားပဲ။ အုပ်ချုပ်သူ ဘယ်သူတက်တက် တက်တဲ့သူက မိဘပဲလေ။ ထမင်းနပ်မှန်မှန်စားရရင် အလုပ်မှန်မှန်လုပ်ရရင် ကျေနပ်ပါပြီ"ဟု အသက် ၄၈ နှစ်အရွယ် ဈေးသည်ဦးမောင်ဝင်းက ဆိုသည်။

မဲပေးရမည့် တာဝန်တစ်ခုအနေဖြင့် သဘောထားပေးခဲ့ကြသော၊ ပါတီနှစ်ခုတည်းသာရှိသည့် မဲဆန္ဒနယ်အချို့ထက် လွှတ်တော်နှစ်ခုတွင် ကိုယ်စားလှယ် သုံးဦးစီရှိ၍ ရွေးချယ်ခွင့်အနည်းငယ်ပိုသော ပဲခူးမြို့ဆန္ဒခံယူပွဲမှာ တိတ်တိတ်ဆိတ်ဆိတ်ဖြင့်ပင် ပြီးဆုံးခဲ့သည်။ မဲရုံများတွင် သတင်းမှတ်တမ်းရယူနေသူ မတွေ့ရခြင်းကသာ ခြောက်ကပ်ကပ်ဖြစ်နေသည်။ ထိုအချက်ကပင် ၂၀၀၇ ထိုင်းရွေးကောက်ပွဲနှင့် ၂၀၀၈ အမေရိကန်ရွေးကောက်ပွဲတို့နှင့် ပြည်တွင်းရွေးကောက်ပွဲ အဓိကခြားနားချက်ကြီးဟု ထင်မိသည်။

ပြည်ခိုင်ဖြိုးက ဦးဆောင်၍ NDF နှင့် တစည က နောက်မှလိုက်နေသည်ဟု အကြမ်းဖျင်းသိရသော်လည်း ပဲခူးတွင် မည်သူအောင်ပွဲခံခဲ့သည်ကို မသိရသေးပေ။ နိုဝင်ဘာ ၈ ရက် နံနက်ခင်းအထိ မဲရေတွက်မှုများ မပြီးဆုံးသေးဘဲ ရွာမှမဲများလာနေဆဲဖြစ်၍ဟု ဆိုသည်။

# နိုဝင်ဘာ ၇ ရက်နှင့် မန္တလေး

**မန္တလေးသတင်းအဖွဲ့**

အသံချဲ့စက်မှ နှိုးဆော်သံတစ်ခု ပျံ့လွင့်နေသည်။ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် မဲရုံအမှတ် (၇) မဟာဇိနလာဘံမွေ့ဗိမာန်တော်သို့ နံနက် ၆ နာရီအချိန်မှစတင်ပြီး မဲဆန္ဒရှင်များအနေဖြင့် လာရောက်မဲပေးနိုင်ပြီဖြစ်ကြောင်း မဲရုံတာဝန်ရှိသူတစ်ဦးက ကြေညာပေးနေခြင်းဖြစ်သည်။

မဲရုံစဖွင့်ပြီဆိုကတည်းက အဆိုပါမဲရုံတွင် မဲလာပေးနေကြသည်။ ရပ်ကွက်အတွင်း လူအများစုအနေဖြင့် လုပ်ငန်းခွင်အသီးသီးသို့သွားရောက်ရမည်ဖြစ်ရာ နံနက်အစောပိုင်းတွင် မဲပေးကာ မိမိတာဝန် မိမိဆန္ဒများအား ဖော်ထုတ်ခဲ့ကြကြောင်း မဲဆန္ဒရှင်များကပြောကြားသည်။

မဲဆန္ဒရှင်များအနေဖြင့် လွှတ်တော်သုံးရပ်နှင့် နိုင်ငံရေးအား ထဲထဲဝင်ဝင် မလေ့လာနိုင်ကြသူများ ရှိသော်လည်း မိမိတို့ဆန္ဒများကို မဲပေးခြင်းဖြင့်ရမည်ဟု မျှော်လင့်ချက်ဖြင့် မဲလာထည့်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

"၉၀ ရွေးကောက်ပွဲတုန်းကလောက်တော့ လူတွေလှုပ်လှုပ်ရွရွမဖြစ်ဘူး။ နံနက် ၆ နာရီနဲ့ ၈ နာရီကြား မဲလာပေးကြတာ ပိုများတယ်။ တချို့မဲရုံတွေ လူရှင်းနေတယ်" ဟု မဲရုံတစ်ရုံအနီးတွင် ကွမ်းယာဆိုင် ဖွင့်လှစ်ထားကာ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲ၌ မဲပေးခဲ့ဖူးသူတစ်ဦးက ပြောကြားသည်။

"ကျွန်မလည်း မသိဘူး။ မဲကိုသုံးခါပေးရမှာ မသိဘဲ တစ်ခါပဲထည့်ပြီး ထွက်လာခဲ့တာ။ နောက်တော့မှ သုံးနေရာပေးရတာပြောလို့ ပြန်ပေးခဲ့တယ်။ လွယ်လွယ်ကူကူ ထိပ်ဆုံးတွေ ကြည့်ခြစ်ထားခဲ့တယ်" ဟု မန္တလေးစက်မှုဇုန် (၁)၊ ဈရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် အထက၂၇ အတွင်း မဲရုံအမှတ်(၁)တွင် မဲပေးခဲ့သူတစ်ဦးကပြောကြားသည်။

စက်မှုဇုန်လုပ်သားတွေ ဖြစ်သည့်အလျောက် လုပ်ငန်းခွင်မှ ထွက်လာခဲ့ကြပြီး မဲရုံရောက်သောအခါတွင်မှ မှတ်ပုံတင်မေ့ကာ ပြန် ယူသူတွေရှိသလို တချို့လုပ်ငန်းများ အထူးသဖြင့် ကားထုတ်လုပ်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းအချို့မှ အလုပ်သမားအချို့ အလုပ်မရှိ၍ အိမ်ပြန်သွားခဲ့ကြရာ မဲအရေအတွက် နစ်နာမှုတွေ ရှိကြောင်း စက်မှုဇုန်လုပ်ငန်းရှင်အချို့က ပြောကြားသည်။

အချို့ စက်မှုဇုန်လုပ်ငန်းရှင်များအနေဖြင့် မိမိရော မိမိလုပ်သားများပါ တစ်ချိန်တည်းလုပ်ငန်းပြီးအောင် ထမင်းစားနားချိန်၌ လိုက်ထရပ်၊ ဂျစ်ကားစသည်များဖြင့် လာရောက်စုပေါင်းမဲပေးခဲ့ကြကြောင်း စက်မှုဇုန် တွင်ခုံလုပ်ငန်းရှင်တစ်ဦးက မဲပေးခဲ့ပုံအား ပြောပြသည်။

# တစ်သီးပုဂ္ဂလနှင့် ပြည်ခိုင်ဖြိုးအားပြိုင်သည့် လေးမျက်နှာမြို့နယ်

**သန်းဌေး**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်တွင် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ဝင်ရောက်ယှဉ်ပြိုင်သူဒေါက်တာစိုးလွင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ ယှဉ်ပြိုင်မှုမှာပြင်းထန်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် လေးမျက်နှာမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မြေ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးဇော်မင်းသိန်း(ခ) ဦးဇော်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ်လောင်းတို့ ပြိုင်ဆိုင်မှုမှာလည်း ပြင်းထန်လျက်ရှိသည်။

ဦးဇော်မင်းသိန်းယှဉ်ပြိုင်သော မဲဆန္ဒနယ်မြေ(၁)တွင် ကျေးရွာအုပ်စု ၂၈ အုပ်စု၊ ဆန္ဒမဲပေးခွင့်ရှိသူ ၃၈,၉၃၅ ရှိသည်။

ဒေါက်တာစိုးလွင်ဝင်ရောက်ယှဉ်ပြိုင်သော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေတွင် ကျေးရွာအုပ်စု ၄၆ အုပ်စု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၉,၂၈၈ ရှိသည်။

# နိုဝင်ဘာ ၇ ရက်နှင့် ကျောက်တန်းမြို့နယ်

**ဥက္ကာကိုကို၊ သဇင်ထွေး**

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့ရဲ့ အဓိကမဲရုံကြီးတွေကတော့ တည်တည်ငြိမ်ငြိမ်ရှိလှတာကိုတွေ့ရသည်။ မဲရုံတွေတည်ရှိရာ မြို့မအထက်တန်းကျောင်းကြီးနှစ်ကျောင်းမှ နေ့လယ် ၁၂ နာရီခွဲအချိန်ခန့်က လူတစ်ယောက်စ နှစ်ယောက်စသာ ခရီးသွားဟန်လွှဲလာရောက်မဲထည့်ကြတာကိုတွေ့ရသည်။

"မနက်ပိုင်း ၈နာရီ၊ ၉နာရီလောက်မှာ လာပေးကြတာများတယ်။ နေ့လယ်ပိုင်း နည်းတယ်။ သက်ဆိုင်ရာကိုယ်စားလှယ်တွေလည်းရှိပါတယ်။ အေးအေးဆေးဆေးပါပဲ"ဟု ကျောက်တန်းမြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်၊ မဲရုံ(၁)(၂)က အဖွဲ့ဝင်တစ်ဦးက မဲရုံပရိဝုဏ်အပြင်ဘက်ထွက်ပြီး ဖြေကြားပေးသည်။

မဲပေးခွင့်ရှိသူ ၁၉၂၀ ဦးရှိသော ကျောက်တန်းအရှေ့ပိုင်းရပ်ကွက် မဲရုံ(၁)မှာ နေ့လယ် ၁ နာရီခန့်က ၇၁ ဒသမ ၅၀ ရာခိုင်နှုန်း မဲပေးပြီးကြပြီဟုဆိုသည်။

မဲပေးခွင့်ရှိသူ ၁၁၂၆ ဦးရှိသည့် အလယ်ပိုင်းရပ်ကွက် မဲရုံကြီးတစ်ရုံမှာတော့ ၁၂ နာရီ ၄၅ မိနစ်အထိ ၆၅ ရာနှုန်းကျော် မဲပေးပြီးကြပြီဖြစ်သည်။

"ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နဲ့ ကြိုက်တဲ့ပါတီကို မဲပေးခွင့်ပြုထားတယ်။ စနစ်တကျလုပ်ထားတယ်။ လူတွေ မလုံခြုံဘူးဆိုရင်ထင်ရင် ကန့်ကွက်လို့ရတယ်"လို့ ကျောက်တန်း အလယ်ပိုင်းရပ်ကွက် ကော်မရှင်ဥက္ကဋ္ဌဦးခင်မောင်သိန်းက ပြောသည်။

ကျောက်တန်းမြို့နယ်ရဲ့ ရွေးကောက်ပွဲကော်မရှင်အများစုကတော့ ပါတီတွေ တချို့ကြားမှာ နာမည်ကောင်းရနေတာကိုကြားသိရသည်။

မဲထည့်ပြီး ပြန်ထွက်လာတဲ့သူတွေ အနေအထားမှာ အခြေအနေကောင်းတာ ကြားသိရပြီး ပါတီစွဲနှင့် မဲပေးခြင်းမဟုတ်ဘဲ၊ အပြောင်းအလဲတစ်ခုကို လိုချင်၍ မဲထည့်ခြင်းဖြစ်ကြောင်း ကျောက်တန်းမြို့နယ် အရှေ့ရပ်ကွက် မဲရုံ(၁)(၂)မှ မဲပေးသူများထံမှသိရသည်။

"သတ်မှတ်ထားတဲ့ ကြိုတင်မဲ ၇ ရာခိုင်နှုန်းထက် နည်းနည်းကျော်သွားတယ်။ အဲဒါကလည်း အကြောင်းအမျိုးမျိုးကြောင့်ပါ။ နယ် တာဝန်ကျတဲ့ဆရာ၊ ဆရာမ၊ သမ္မန်မောင်းနေတဲ့သူတွေ မပေးမဖြစ် ယူကိုယူရမယ့်သူတွေပဲ ပေးလိုက်တာ၊ ကျန်တာမပေးပါဘူး"ဟု အရှေ့ရပ်ကွက်မှ ကော်မရှင်တာဝန်ရှိသူကပြောသည်။

သန်လျင်မြို့နယ် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သောပါတီများမှာ ပြည်ခိုင်ဖြိုး၊ တစည၊ ဒီမိုကရက်တစ်၊ အမျိုးသားဒီမိုကရေစီအင်အားစုတို့ဖြစ်ကာ ကျောက်တန်းမြို့နယ်တွင် ပြည်ခိုင်ဖြိုးပါတီ၊ တစည နှင့် အမျိုးသားဒီမိုကရေစီအင်အားစုတို့ ဖြစ်သည်။

သန်လျင်မြို့နယ် တောင်ပိုင်းခရိုင် မြို့သစ် အနောက်ရပ်ကွက် မဲရုံအမှတ်(၁)တွင် မဲပေးသူဖွဲ့ဖွဲ့လေးသာရှိသည်။ မဲရုံမှာ မဲလာထည့်တဲ့သူအများစုမှာ ဈေးသွားရင်း၊ ရုံးသွားရင်း ဝင်ရောက်ထည့်သွားကြခြင်းဖြစ်သည်။

"မဲကို မနက် ၆ နာရီလောက်ထဲက မဲပေးပြီးသွားပြီ။ နောက်ကျရင် လူများလာရင်တိုး နေရမှာစိုးလို့ပါ။ မဲပေးရတာ အဆင်ပြေပါတယ်။ လွတ်လွတ်လပ်လပ်မဲပေးလို့ရတယ်။ ခမောက်ကိုပဲပေးတယ်"ဟု ယင်းရပ်ကွက်မှ အသက် ၄၀ အရွယ် မဲဆန္ဒရှင်တစ်ဦးကပြောသည်။

သန်လျင်မြို့နယ်အတွင်းရှိ မဲရုံပရိဝုဏ်အတွင်းတွင် အတင်းအကျပ်စည်းရုံးခြင်းမရှိသလို၊ မဲရုံတာဝန်ကျဝန်ထမ်းများဖြစ်သောရဲ၊ မီးသတ်၊ ကြက်ခြေနီ၊ ရယကများ မဲရုံအတွင်းဝင်ခွင့်မရှိကြောင်းသိရသည်။

သန်လျင်မြို့နယ် တစ်မြို့နယ်လုံးတွင် မဲပေးသူဦးရေ တစ်သိန်းခွဲရှိကာ မဲရုံပေါင်း ၂၃၃ ရုံးရှိသည်။

"ခမောက်ပဲ ပေးခဲ့တယ်။ လူငယ်ကြိုက်ဖြစ်နေတယ်။ တစည်နဲ့ ခမောက်ပဲ ပေးစရာရှိတယ်"ဟု အသက် ၃၀ ဝန်းကျင် မွတ်ဆလင်လူမျိုး ဆိုင်ကယ်ကယ်ရီသမားတစ်ဦးကပြောသည်။

"ဘယ်သူ့ကို မဲပေးတယ်လဲဆိုတော့ ကိုယ်ကြိုက်တဲ့ပါတီကိုပဲ ပေးတယ်။ ဘယ်ပါတီလဲဆိုတာ မပြောချင်ဘူး"ဟု အသက် ၅၀ ဝန်းကျင် မဲပေးသူတစ်ဦးက ပြောသည်။

သန်လျင်တောင်ပိုင်းခရိုင်ရှိ မြို့မတောင်ရပ်ကွက် ထန်းနှစ်ပင်ကျောင်းလမ်းရှိ မဲရုံ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ပေါင်းထားသော အမကကျောင်းတွင်လည်း နံနက် ၉ နာရီ ၁၀ နာရီခန့်တွင် လူများနည်းသွားတာကို တွေ့မြင်ရသည်။

"မနက်ကတည်းက ပေးထားပါတယ်။ အခုချိန်က လယ်သမားတွေ အလုပ်လုပ်ရတဲ့အချိန်နဲ့တိုက်နေတယ်။ ဒါကြောင့် လူတွေက မြန်မြန်မဲပေးပြီးတာနဲ့ ပြန်သွားကြတယ်။ ကျွန်မတို့လည်း မဲပေးပြီးတာနဲ့ ဆိုင်ပြန်ဖွင့်မယ်။ မြန်မြန်ပေးပြီးတော့လည်း ပြီးသွားတာပဲ"ဟု အသက် ၂၅ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးကပြောသည်။

**Life**

7DAY NEWS JOURNAL



## သေရွာပြန်ခဲ့သော်လည်း နောင်တနှင့်လူ

အားမာန်

ဆောင်းပါး စာ-၁၀

Vol.9, No.34 • NOVEMBER 11, 2010



# လာခြင်းကောင်းသော ပုဂ္ဂိုလ်များ

ကိုဝမ်း

**vmjcif;aumif;aomyk*¾dKvfrsm;onf avmuudk obmwdkif;wf prf;oa&GUvSefqmqifonf;/ yjyifonf;/ rrfrdhunf olwdkonf twnf;enf;ygbl;/ orm;jzpfonf**

အလောဘခေါ် မွန်မြတ်သည့် စွန့်လွှတ်အနစ်နာ ခံစိတ်ရှိသူများဖြစ်သည်။ သူတို့နှင့် ဆန့်ကျင်ဘက်ကားလာခြင်းမကောင်းသောသူတွေဖြစ်သည်။ သူတို့၏ ကြီးမားသော အတ္တစိတ်ဖြင့် လောကကို အကျည်းတန်စေသည်။ အရုပ်ဆိုးစေသည်။ သူတို့သည် လောကကို ဖျက်ဆီးသူများဖြစ်သည်။ အတ္တစိတ်ကြီးမားသော လာခြင်းမကောင်းသည့်သူများနှင့် တွေ့ရဖန်များသောအခါ ဤလောကကြီးဝယ် အသက်ရှင်နေထိုင်ဖို့ရန် ဖြစ်များမှ ဖြစ်ပါဦးမည်လောဟု တွေးတောပူပန်မိသည်။ သို့သော်ရံဖန်ရံခါဝယ် လာခြင်းကောင်းသော ပုဂ္ဂိုလ်များနှင့် တွေ့ရသည့်အခါတွင် ကျဉ်းထဲ၊ ကျပ်ထဲမှနေ၍ အသက်ရှူပေါက်အနည်းငယ်ရကာ စိတ်သက်သာရသည်မျိုးလည်း ရှိသည်။

ကျွန်တော်က ရန်ကုန်မြို့၊ ကြည့်မြင်တိုင်ကမ်းနားဈေးက ငှက်ပျောသီးရောင်းသူတစ်ဦးကို ယနေ့တိုင်း သတိရလို့နေမိသည်။ ၁၉၈၅ ခုနှစ်ခန့်ကဖြစ်၏။ ဘုရားကပ်ရန်၊ ရခိုင်ငှက်ပျောသီးငါးဖီးကို သွားရောက်၍ ဝယ်ယူသည်။ ပုံမှန်က ယင်းငှက်ပျော ငါးဖီးသည် ထိုစဉ်က ၂၇ကျပ်၊ ၂၈ကျပ်ခန့်သာဖြစ်ပေသည်။ ယခုအခေါက်တွင် တက်ဈေးနှင့်မိကာ ဆိုင်ရှင်က ၃၀ကျပ်ဟုဆိုနေသည်။ ကျွန်တော်က လည်း ကားခအပါအဝင် ၃၀ကျပ်ပဲပါခဲ့သည်။ ဤအကြောင်းကို ဆိုင်ရှင်အား ပြောပြတော့ သူက ကားခ ၂ကျပ်လျှော့ပေးကာ ၂၈ကျပ်နှင့် ရောင်းလိုက်ပါသည်။ ကြည့်မြင်တိုင်ဈေးမှ လှည်းတန်းသို့ စုပေါင်းလေးဘီးကားခ ၁ကျပ်၊ လှည်းတန်းမှသည် နေထိုင်ရာ ၈ မိုင်လမ်းဆုံအနီး ကေဒါဆောင်သို့ စုပေါင်းလေးဘီးကားခ ၁ကျပ်ဖြစ်သည်။ ဈေးသည်အများစုသည် အလိုရမ္မက်ကြီးသည်။ အင်မတန်မှ မတန်တဆဈေးကို တင်ရောင်းသည်မျိုး၊ ဈေးဝယ်က မဝယ်လျှင် မဖြစ်မှန်းသိ၍ တမင်ဈေးကိုကိုင်ကာ ရောင်းသည်မျိုး တွေ့ခဲ့ဖူးပေါင်းများပါပြီ။ သို့သော် ယခုလို ဈေးဝယ်အား ကားခပြန်ပေးသော ဈေးသည်ကိုမူ မတွေ့ခဲ့ရဖူးပါ။

၂၀၀၃ခုနှစ် ဘန်ကောက်သို့ရောက်စဉ် တက္ကစီသမား ကောင်လေးက ပိုက်ဆံပိုရရန် ကားကိုလှည့်ပတ်ပြီး မောင်းနေ၏။ မီတာက တရိပ်ရိပ်တက်နေသည်။ ကျွန်တော်သည် ဘန်ကောက်သို့ မကြာခဏ ရောက်ဖူးကာ ဘတ်စ်ကားစီးပြီး သွားနေကျဖြစ်သည်။ ပထမတော့ယာဉ်ကြောကြောင့် သူမောင်းနေသည်ထင်၍ ကြည့်နေမိသည်။ နောက် သူ၏ မရိုးသားမှုကို ရိပ်မိကာ ဘတ် ၃၀၀ပေး၍ ကားပေါ်ကဆင်းလိုက်သည်။ ပြန်အမ်းငွေကိုပင် မယူခဲ့တော့ပါ။ ဤသို့ဆို၍ တက္ကစီသမားဟူသည် နိုင်ငံခြားသားခရီးသည်ကို လှည့်ဖြားတတ်သည်ဟု မစွပ်စွဲသင့်ပါ။ ကွာလာလမ်ပူ၌ လည်းကောင်း၊ ဟောင်ကောင်၌ လည်းကောင်း နိုင်ငံခြားသားခရီးသည် ကျွန်တော့်အား ကူညီဖြေရှင်းပေးခဲ့သော တက္ကစီယာဉ်မောင်းနှစ်ဦးကို ကျွန်တော်တွေ့ရှိခဲ့ဖူးသည်။ ဒါတွေ ဒါတွေက တစ်ဦးချင်း၏ ပုဂ္ဂလဓိဋ္ဌာန်သဘောဖြစ်သည်။

ဓမ္မဓိဋ္ဌာန်အရ ပြောရလျှင် လူ့သမိုင်းတွင် လူသားမျိုးနွယ်အတွက် လာခြင်းကောင်းသော ပုဂ္ဂိုလ်တွေရှိခဲ့ဖူးသည်။ ဟင်နရီဒူးနန့်သည် လာခြင်းကောင်းသောပုဂ္ဂိုလ်ဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီလုပ်ငန်းကို သူကအစပြုခဲ့သည်။ နိုက်တင်ဂေးလ်သည် လာခြင်းကောင်းသော ပုဂ္ဂိုလ်ဖြစ်သည်။ သူနာပြုလုပ်ငန်းကို သူက စတင်ခဲ့သည်။ မာသာထရီဇာသည် လာခြင်းကောင်းသော ပုဂ္ဂိုလ်ဖြစ်သည်။ ကမ္ဘာ့ဆင်းရဲသားသန်းပေါင်းများစွာကို ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည်။ အလားတူ နိုင်ငံတို့၏ သမိုင်း၊ လူမျိုးတို့၏ သမိုင်းတွင် လာခြင်းကောင်းသော ပုဂ္ဂိုလ်တွေ အသီးသီးရှိခဲ့သည်။ ဂျိုဆေရီဇော်သည် ဖိလစ်ပိုင်နိုင်ငံအတွက် လာခြင်းကောင်းသောပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ မဟတ္တမဂန္ဒီသည် အိန္ဒိယနိုင်ငံအတွက် လာခြင်းကောင်းသော ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံအတွက် လာခြင်းကောင်းသော ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ရှိတ်မူဂျစ်ဆာရာမန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် လာခြင်းကောင်းသော ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။

လောကတွင် သေသွားသော်လည်း ရှင်ကျန်နေသောသူတွေရှိသည်။ ရှင်နေပါသော်လည်း သေနေသည့်သူတွေရှိသည်။ လာခြင်းကောင်းသော ပုဂ္ဂိုလ်တို့တွင် ကွယ်လွန်သွားခဲ့သူတို့သည် လူကမူ သေသွားသော်လည်း ကျန်ရစ်သူတို့၏ နှလုံးသားတွင် စွဲမြဲကျန်ရစ်ခဲ့သည်မို့ သူတို့သည် ရှင်၍နေသော သူများပါ။ လာခြင်းမကောင်းသော ပုဂ္ဂိုလ်တို့မှာမူ လူကမူ မသေသေးပါသော်လည်း လက်ရှိလူတွေ၏ စက်ဆုပ်ရွံရှာမှုကို ခံနေရသည်ဖြစ်၍ သူတို့သည် ရှင်သော်လည်း သေနေသူများပဲဖြစ်သည်။ အတ္တကြီးသူများအတွက် လောကတွင် နေစရာ ကျဉ်းမြောင်းလှသည်။ အများအတွက် စွန့်လွှတ် အနစ်နာခံသူများအတွက်လောကသည် နေစရာကျယ်ပြန့်လှချေသည်။

လွန်ခဲ့သော ရက်ပိုင်းလေးအတွင်းက ကျွန်တော်၏မိတ်ဆွေတစ်ဦးသည် အသက် ၆၁နှစ်နှင့်ပင် ဆုံးပါးသွားခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး အလုပ်သမားများကို သားသမီးလို၊ လိုလေသေးမရှိ စောင့်ရှောက်ခဲ့သူ၊ မိတ်ဆွေအပေါင်းအသင်းကို ညီအစ်ကိုလိုစောင့်ရှောက်ခဲ့သူ၊ လိုလေသေးမရှိ ဖြည့်စွမ်းခဲ့သူ။ ဒါတင်မကပါ။ နာဂစ်ကယ်ဆယ်ရေးတွင် ငွေအား၊ လူအားနှင့် ကူညီစောင့်ရှောက်ခဲ့သူ၊ မြစ်ဝကျွန်းပေါ်တွင် စာသင်ကျောင်းများ ဆောက်ပေးကာ ရေတွင်းများစွာ တူးပေးခဲ့သူဖြစ်သည်။ သို့သော်လည်း သစ်ခုတ်သမားသည် ဖြောင့်သောသစ်ပင်ကိုသာ ရွေးခုတ်သွားပြီး ကောက်သော သစ်ပင်တွေကိုမူ ချန်လှပ်၍ထားခဲ့ဘိသကဲ့သို့ ကံကြမ္မာသည် လာခြင်းကောင်းသော ပုဂ္ဂိုလ်တစ်ဦးအား ရွေး၍ခေါ်သွားခဲ့ချေပြီ။ လူကမူ ကွယ်လွန်ခဲ့ပေမယ့် သူသည် ကျန်ရစ်သူတို့၏ နှလုံးသားမြေဆီမြေလွှာပေါ်တွင် အစဉ်အမြဲရှင်သန်၍ နေပေတော့မည်။ ။

---

## ဈေးဝယ်ထွက်မယ်

# မြန်မာဆန်ဆန်လှပစေဖို့ ပိုးထည်အဆင်ဆန်းတွေ ရွေးဝယ်နိုင်မယ့်နေရာ

မေပယ်လ်

အလှူ မင်္ဂလာအခမ်းအနားတွေ များလှတဲ့ ဝါကျွတ်အခါသမယမှာ ပွဲလမ်းသဘင်သွားဖို့အတွက် သင့်လျော်တဲ့အဝတ်အစား ရွေးချယ်ဆင်မြန်းဖို့ လိုအပ်လာပါတယ်။

မြန်မာဆန်တဲ့အခမ်းအနားတွေမှာ ရိုးရိုးယဉ်ယဉ်နဲ့ ကျက်သရေရှိလှပအောင်လို့ ပိုးထည်တွေကိုပဲ အသားပေးဝတ်ဆင်လေ့ရှိကြပါတယ်။ ပုံမှန်ဝယ်နေကျ ပိုးထည်ဆိုင်တွေကနေ ပုံစံအသစ်အဆန်း၊ အရောင်ဆန်းတွေကို ဝယ်ချင်တဲ့ အမျိုးသမီးကြီးငယ်မရွေး သဘောကျမယ့်နေရာလေးတစ်ခုကို ဈေးဝယ်ထွက်ကြည့်ဖို့ လမ်းညွှန်ပေးချင်ပါတယ်။

အလှူ မင်္ဂလာဆောင်၊ ဘွဲ့အခမ်းအနားတွေအတွက် ပိုးစစ်လွန်းရာကျော် ကြိုးကြီးချိတ်တွေ၊ စိန်လေးတွေကပ်ပြီး အလှဆင်ထားတဲ့ပိုးထည်တွေ၊ ပိုးနဲ့ဖဲရောထားတဲ့ ပိုးထည်တွေ၊ ပိုးသားပေါ်မှာ ကွန်ပျူတာနဲ့ဒီဇိုင်းဖော်ထားတဲ့ ပိုးထည်တွေကိုလည်း စိတ်တိုင်းကျ ရွေးဝယ်နိုင်ပါတယ်။

ချည်သားကိုနှစ်သက်တဲ့သူတွေအတွက်လည်း ချည်ပေါင်းသား ပန်းထိုး၊ ပွင့်ထိုး၊ ဆေးရေးထည်တွေနဲ့ ရှမ်းရိုးရာအဆင် ချည်ထည်လေးတွေလည်း အမျိုးစုံအောင်ရှိပါသေးတယ်။ ဈေးနှုန်းတွေကတော့ ချည်သားဆိုရင် ၄,၀၀၀ကျပ်ကနေ ကျပ် ၂၀,၀၀၀ နီးပါးအထိရှိပြီး၊ ပိုးထည်တွေဆိုရင်တော့ ကျပ် ၂၀,၀၀၀ တန်လောက်ကနေ ကျပ် ၇၀၀,၀၀၀ ကျော်အထိ ပစ္စည်းအမျိုးအစားအလိုက်သတ်မှတ်ထားပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



လုံချည်နဲ့ လိုက်ဖက်အောင် ဆင်မြန်းနိုင်မယ့်ပဝါတွေက ကျပ် ၆,၀၀၀၊ ၆,၅၀၀ လောက်ရှိပြီး စီးကွင့်လေးတွေ၊ ကျောက်လေးတွေနဲ့ အလှဆင်ထားတဲ့ Hand Made လက်ကိုင်အိတ်လေးတွေကလည်း ကျပ် ၂၅,၀၀၀ ပတ်ဝန်းကျင်လောက်ရှိတဲ့အတွက် ဝတ်စုံနဲ့လိုက်ဖက်တာလေးတွေကိုလည်း ရွေးပြီးဝတ်နိုင်ပါသေးတယ်။

အမျိုးသားဝတ်ပိုးပုဆိုး၊ ချည်ပုဆိုးတွေကလည်း ကျပ် ၃,၀၀၀ လောက်ကနေ ကျပ် ၆၀,၀၀၀ လောက်အထိရှိပြီး အမျိုးအစားစုံ ရွေးဝယ်နိုင်တာကြောင့် မင်္ဂလာပွဲတက်မယ့်စုံတွဲပဲဖြစ်ဖြစ်၊ မင်္ဂလာဆောင်မယ့်သူတွေအတွက်ပဲဖြစ်ဖြစ် တစ်နေရာတည်း အဆင်ပြေပြေဝယ်နိုင်မှာဖြစ်ပါတယ်။

အမရပူရကထွက်တဲ့ပိုးထည်၊ ချည်ထည်တွေဖြစ်ပြီး လက်လီလက်ကားဝယ်နိုင်ကာ အော်ဒါလည်း မှာယူနိုင်တဲ့နေရာကတော့ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ(ယုဇန)၊ မြခွာညို(၁)လမ်း၊ အမှတ်(၁၇)မှာရှိတဲ့ ဝါရွှေစင်ပိုးထည်ဆိုင်ပဲဖြစ်ပါတယ်။

7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010





ရခိုင်ကမ်းရိုးတန်းဒေသနေ ပြည်သူများကို အောက်တိုဘာ ၂၈ရက်က တွေ့ရစဉ်။
ဓာတ်ပုံ - မြင့်မြတ်ဖြူ

# သေရွာပြန်ခဲ့သော်လည်း နောင်တနှင့်လူ

**အားမာန်**

**မြေပုံမြို့နယ်၊ ပြင်ဝန်းရွာမှ ကိုမြင့်မောင်လွင်တစ်ယောက် ဂီရိ မုန်တိုင်းမလာခင်ည အိပ်မက်ကို ပြန်သတိရနေသည်။ ရွာမှ လူများက အရူးဟုပြောခံရမည်စိုး၍ သူ စွန့်စားမှုတစ်ခု မလုပ်မိခဲ့ခြင်းအတွက်လည်း နောင်တရနေ၏။**

"အော်ရင် ကောင်းမလားဆိုပြီး ကိုယ့်ဟာကိုယ်စဉ်းစားသေးတယ်။ လေစတိုက်တုန်းကလည်း အော်ဖို့ စဉ်းစားသေးတယ်။ အော်ရင် ယုံမယ်မထင်လို့၊ အရူးလို့ ပြောခံရမှာစိုးလို့"ဟု အသက် ၃၆ နှစ်အရွယ် ကိုမောင်မြင့်လွင်က အောက်တိုဘာ ၂၇ရက် ညပိုင်းက ပြောသည်။

အပေါ်နှင့်အောက် အဖြူရောင်ဝတ်ထားသော ပုဂ္ဂိုလ်ကြီးတစ်ယောက်က ဘင်္ဂလားပင်လယ်အော်မှ သူရှိရာကမ်းခြေသို့ တက်လာသည်။ သို့သော် ထိုပုဂ္ဂိုလ်၏ မျက်နှာကိုမူ သဲကွဲစွာ မမြင်ရ။ "လေကြီးဖို့ ရေကြီးဖို့ရှိတယ်။ ပိုက်ဆိပ် (ငါးဖမ်းလုပ်ငန်းများ စုပေါင်းနေထိုင်သောနေရာ)မှာဆင်းအော်" ဟု ပြောလေသည်။ ဂီရိဆိုင်ကလုန်းမုန်တိုင်းမလာမီ တစ်ရက်အလို အောက်တိုဘာ ၂၁ ရက်ည ၁၀ နာရီခန့်က ကိုမောင်မြင့်လွင် မြင်မက်ခဲ့သောအိပ်မက်ကို ပြန်ပြောနေခြင်းပင်။ ထိုအိပ်မက်ကြောင့် အိပ်ရာမှ သူလန့်နိုးပြီး စက်လှေပေါ်ရှိ သူ၏သူငယ်ချင်းများကို အိပ်မက်အကြောင်း ချက်ချင်းပြောသည်။ သို့သော် သူ့စကားအား အလေးအနက်ထားသူမရှိ မည်သူကမျှ မယုံ။

ထို့ကြောင့် အိပ်မက်ထဲက ပုဂ္ဂိုလ်မှာကြားသကဲ့သို့ ရွာထဲ အော်ပြေးရန်သူတွန့်သွားသည်။ ထိုတွန့်ဆုတ်ခဲ့မှုက သူ့ကို ယခု နောင်တရစေခဲ့ပြီဟု သူက ဖွင့်ဟသည်။


ကိုမောင်မြင့်လွင်မှာ မြောက်ဦးမြို့နယ်၊ ဆင်းပေါ်ကိုင်းရွာဇာတိဖြစ်ပြီး၊ ပြင်ဝန်းရွာတွင် လာရောက်အလုပ်လုပ်နေခြင်းဖြစ်သည်။ သားသမီးငါးဦးရှိ၍ မိသားစုဝင်ခုနစ်ဦးရှိသော အိမ်ထောင်ဦးစီးတာဝန်ကို ငါးဖမ်းစက်လှေတွင်အလုပ်လုပ်ရင်း ဖြေရှင်းနေသူ။ တံငါသည်အဖြစ် အသက်မွေးသော်လည်း ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက်လည်းဖြစ်သည်။ ထို့ကြောင့် ညစဉ် ဝတ်ပြုခြင်းအမှုကို အမြဲလုပ်ဖြစ်ကြောင်း သူ၏မိတ်ဆွေများကထောက်ခံသည်။

ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် သူနှင့်အတူတူ အလုပ်လုပ်သော သူ၏မိတ်ဆွေသုံးဦး သေဆုံးခဲ့သော်လည်း လှိုင်းလုံးကြီးများကြား အသက်ရှင်ကျန်ရစ်ခြင်းမှာ ကံတရားဖေးမမှုကြောင့်ဟု သူယုံကြည်နေသည်။ ကိုမောင်မြင့်လွင်အပါအဝင် သူငယ်ချင်းခုနစ်ဦးမှာ စက်လှေလေးစီးမပျက်စီးအောင် စောင့်ရန် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ပြင်ဝန်းရွာ အရှေ့တောင်ဘက်မှ မီးလှချောင်သို့ အောက်တိုဘာ ၂၂ရက် ညနေပိုင်းတွင်သွားခဲ့သည်။ ဂီရိမုန်တိုင်းမှာ ညမှောင်လာသည်နှင့်အမျှ ပိုအားကြီးလာသည်တွင် စက်လှေများ လှိုင်းလုံးများအောက်ရောက်သွားသည်။ လှိုင်းဒဏ်နှင့်လေဒဏ်ကြောင့် ဆောက်တည်ရာမဲ့ဖြစ်နေသောလှေပေါ်မှ နောက်ဆုံး အသက်လုရန် ည ၁၁ ကျော်၌ ရေထဲခုန်ဆင်းပြေးရသည်။

မဲမဲမှောင်နေသော ညလယ် လှိုင်းလုံးများကြား အားကုန်ရုန်းသော်လည်း ပေါ်လိုက်၊ မြုပ်လိုက်ဖြစ်နေသောသူ့ကို ကယ်လိုက်သည်မှာ စက်လှေတစ်စီး၏ကိုယ်ထည်ပျဉ်ပြားတစ်ချပ်ဖြစ်သည်။ လှိုင်းလုံးကြားမှ ရသောလှေပျက်တစ်စီးမှ ပျဉ်ပြားချပ်ကို လက်လွှတ်မခံဘဲ လှိုင်းလုံးများကြား သုံးနာရီကျော်ကြာ အသက်လုတိုက်ပွဲဆင်နွှဲခဲ့ရသည်။ နောက်ဆုံးကမ်းခြေတစ်ခုမြင်၍ အားကုန်ကူးခပ်ခဲ့ရာ ရွာနှင့်အနည်းငယ်ဝေးသော ကျွန်းသနီကျွန်းပေါ်သို့ ရောက်ရှိကာ အသက်ဆက်နိုင်ခဲ့၏။

**တစ်ဖက်သို့**



7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# ရွှေလုပ်ငန်းဆိုင်ရာ အခမဲ့သင်တန်းဖွင့်မည်

သိမ့်သိမ့်စိုး
&efukdEBkdifrm-3

ရွှေလုပ်ငန်းဆိုင်ရာအကြောင်းများ သိလိုသူများအတွက် ရန်ကုန်တွင် ပထမဆုံးအကြိမ်အဖြစ် အောင် သမာဓိရွှေဆိုင်မှ အခမဲ့ သင်တန်းပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ရွှေဆိုင်မှ တာဝန်ရှိတစ်ဦးကပြောသည်။

၎င်းသင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ တော်ဝင်နှင်းဆီခန်းမအပေါ်ထပ်တွင် ပြုလုပ်မည်ဖြစ်ပြီး သင်တန်းချိန်နှစ်ချိန်ခွဲ၍ သင်ကြားပေးမည်ဖြစ်သည်။ နံနက် ၈ နာရီမှ ၁၂ နာရီထိ တန်းခွဲတစ်ခုနှင့် ၁ နာရီမှ ညနေ ၅ နာရီအထိ တစ်ချိန်ခွဲထားပြီး တစ်ချိန်လျှင် လူ ၁၅၀ သာ လက်ခံမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းတွင် ရွှေဆိုင်လုပ်ငန်း၊ ရွှေဝယ်ရောင်းလုပ်ငန်း၊ ရွှေလော်ဖိုလုပ်ငန်း၊ ရွှေမိုင်းထုတ်လုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ ရွှေတူးဖော်ထုတ်လုပ်သည့်စနစ်၊ ရွှေသန့်စင်နည်း၊ ရွှေနှင့်ပတ်သက်သော ဥပဒေရေးရာနှင့် လူမှုဆက်ဆံရေးနှင့်ပတ်သက်သော အကြောင်းများကို သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် မန္တလေးမြို့၌လည်း ဒီဇင်ဘာ ၁၄ ရက်မှ ၂၇ ရက်ထိ တန်းခွဲတစ်ခုလျှင် လူဦးရေ ၂၀၀ ထိ သင်ကြားပေးသွားမည်ဖြစ်၍ တက်ရောက်လိုသူများမှာ အောင်သမာဓိရွှေဆိုင်သို့ စာရင်းပေးနိုင်ကြောင်း သိရသည်။



## ကုသိုလ်ကောင်းမှု မမေ့မလျော့ခြင်း။ ။

ဝမှ
အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပုပ္ပန်ဆင်းရဲအဖန်တလဲလဲသေရခြင်း၏အကြောင်းဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူတို့သည် မသေရာ နိဗ္ဗာန်သို့ ရောက်ကြမည်ဖြစ်၍ မသေသောသူများဖြစ်ကြ၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့သောသူတို့သည် အသက်ရှင်လျက်ရှိကြသော်လည်း အဖန်တလဲလဲသေကြရဦးမည်ဖြစ်၍ သေသောသူနှင့်တူကုန်၏။ (ဓမ္မပဒ-၂၁)

ဤသို့မေ့လျော့သောသူနှင့် မမေ့မလျော့သောသူ၏ထူးခြားကြောင်းကို သိကြ၍၊ ပညာရှိတို့သည် မမေ့မလျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်စွာ ဘုရားအစရှိသောသူတော် ကောင်းတို့၏ ကျက်စားရာ၊ လောကမှ လွတ်မြောက်ကြောင်းတရား၌ မွေ့လျော်ကုန်၏။ (ဓမ္မပဒ-၂၂)

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသောအလုပ်ကိုလည်း ပြုလုပ်တတ်၊အမှုကိစ္စဟူသမျှကို ပညာဖြင့်ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးကိုလည်းစောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိသည့် မမေ့လျော့သောသူမှာ စည်းစိမ်ဥစ္စာ အရာအထူးကျေးဇူးသတင်းကျော်ဇောခြင်း အလွန်တိုးပွားလေ၏။ (ဓမ္မပဒ-၂၄)

&nf;a[;]"ry®}urÜmoemjyKoufawmfu&Sfq&mawmfuD;bD'EÅmo|dwbdú (1896-1997)

# ရက်တိုခရီးသွားသူ များပြားလာ

ဒဲနစ်
&efukdEBkdifrm-3

ယခုနှစ် ဘုရားဖူးရာသီတွင် ရက်ရှည်ခရီးစဉ်များအား လိုက်ပါသူ အလွန်နည်းပါးသဖြင့် ဘုရားဖူးဂိတ်အများစုမှာ ရက်တိုခရီးစဉ်များသာ ပြောင်းလဲပြေးဆွဲလာကြကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ ရက်ရှည်ခရီးသွားသူများ နည်းပါးလာရခြင်းမှာ သဘာဝဘေးအန္တရာယ်အတွက် စိုးရိမ်မကင်းဖြစ်လာခြင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်လာ၍ စီးပွားရေးမတောင့်တင်းတော့ခြင်းအပြင် ယခုနှစ်တွင် ကျင်းပသည့် ရွေးကောက်ပွဲရှိနေခြင်းကြောင့် ရပ်ဝေးသို့ ရက်ရှည်ကြာခရီးမထွက်လိုကြခြင်းများကြောင့်ဖြစ်ကြောင်း ဘုရားဖူးလုပ်ငန်းများမှ သုံးသပ်သည်။

"ရန်ကုန်နေ လူတွေကတော့ အရင်တည်းက သူတို့အလုပ်ကိစ္စတွေဘာတွေနဲ့ အဲဒီလို ရက်ရှည်ခရီးထွက်တာ နည်းပါတယ်။ ရက်ရှည်ခရီးစဉ်တွေက နယ်က ဘုရားဖူးတွေကို အားသားပြီးလုပ်တာ။ ဒီနှစ်တော့ နယ်ကလည်း ရက်ရှည်တွေ မလာကြတော့ ခရီးစဉ်အတော်များများကို ရက်လျှော့ပစ်လိုက်တယ်" ဟု ရွှေကြေးစည်ဘုရားဖူးဂိတ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရက်ရှည်ခရီးစဉ်တွေက သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ဒီဇင်ဘာ ကျောင်းပိတ်ရက်၊ မတ်လဆယ်တန်းအောင်စာရင်းထွက်ပြီးချိန်နဲ့ သင်္ကြန်တွေမှာ လူကျတယ်။ ခုလောလောဆယ်တော့ သီတင်းကျွတ်မှာလည်း မရှိခဲ့ဘူး။ လာမယ့် ဒီဇင်ဘာခရစ္စမတ်မှာလည်းရှိမှာ မဟုတ်သေးဘူး။ နယ်က ခရီးသွားတွေရဲ့ အခြေအနေကြည့်ပြီး လုပ်ရမှာပါ။ လောလောဆယ်တော့ ရက်တိုခရီးစဉ်တွေတောင် လူက မပြည့်ချင်ဘူးဖြစ်နေတယ်။ အခုလည်း မုန်တိုင်းရှိနေတယ်ပြောတယ်။ အဝါရောင်အဆင့်တဲ့" ဟု နန်းတော်ဘုရားဖူးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# ပြင်ဦးလွင်စာကြည့်တိုက်ကို ထူးကုမဏီ ဖွင့်လှစ်ပေးမည်

အေးသူစံ
jyifOD;vGifNrdK-2

ပြင်ဦးလွင်မြို့၏ သမိုင်းကြောင်းနှင့် မြို့ရှိ အထင်ကရသစ်ပင်၊ ပန်းပင်အကြောင်းများပါဝင်သော ရှားပါးစာအုပ်များကို စုဆောင်းပြီး ပြင်ဦးလွင်စာကြည့်တိုက်ကို ထူးကုမဏီအုပ်စုမှ တာဝန်ယူ ဖွင့်လှစ်ရန်စီစဉ်နေကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဖွင့်လှစ်ထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်ကို တွေ့ရစဉ်။ ဓာတ်ပုံ - အေးသူစံ

"ကျွန်တော်တို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို နောက်နှစ်ထဲမှာ ထပ်ပြီး အသစ်အနေနဲ့ တိုးချဲ့ဖို့အစီအစဉ်နှစ်ခုလောက်ရှိပါတယ်။ လောလောဆယ်တော့ ပြင်ဦးလွင်မြို့ရဲ့သမိုင်းကြောင်း၊ ပြင်ဦးလွင်မြို့မှာရှိတဲ့ ရှားပါးသစ်ပင်ပန်းပင်တွေနဲ့ပတ်သက်တဲ့ စာအုပ်တွေ၊ အထင်ကရနေရာတွေရဲ့ ဖြစ်တည်ပုံသမိုင်းတွေ စတဲ့ ရှားပါးစာအုပ်တွေကို စတင်စုစည်းနေပါပြီ။ စာကြည့်တိုက်ကို ကန်တော်ကြီးဥယျာဉ်ထဲမှာပဲ ဖွင့်မှာပါ။ 'ပြင်ဦးလွင်စာကြည့်တိုက်' လို့ နာမည်ပေးထားပါတယ်" ဟု အမျိုးသားကန်တော်ကြီးဥယျာဉ်၏ တာဝန်ခံကိုဝေမျိုးအောင်က ပြောသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ၂၀၀၈ ခုနှစ်တွင် ထူးကုမ္ပဏီက စတင်တာဝန်ယူခဲ့ပြီး နောက် အင်ကြင်းပြတိုက်၊ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်နှင့် လိပ်ပြာပြတိုက်တို့ကို ထပ်မံဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ပြင်ဦးလွင်စာကြည့်တိုက်ကို ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

# စာ-၁၀၊ သေရွာပြန်ခဲ့သော်လည်း နောင်တနှင့်လူ မှ

သူက ကံတရားနှင့် ဖွဲ့တို့ကြောင့် သေဘေးမှ လွတ်ခဲ့သော်လည်း အရင်းနှီးဆုံးသူငယ်ချင်းနှစ်ဦးနှင့်ယောက်ဖတစ်ဦးသေဆုံးခဲ့ခြင်းအတွက် သူ ယူကျုံးမရဖြစ်နေသည်။ "ညညဆို စဉ်းစားရင်း စဉ်းစားရင်း အိပ်မပျော်ဘူး။ ယူကျုံးမရဖြစ်တာ။ သူငယ်ချင်းတွေနဲ့ အရင်လုပ်ခဲ့၊ ကိုင်ခဲ့တာ တွေပြန်စဉ်းစားရင်းနဲ့"ဟု ကိုမောင်မြင့်လွင်က သူ၏သောကကိုပြောသည်။ သေဆုံးခဲ့သောသူငယ်ချင်းနှစ်ဦးတွင် တစ်ဦးမှာ မွေးဇာတိအတူ၊ ပြင်ဝန်းရွာသို့ အတူတူလာလုပ်သော ကိုမောင်မောင်လည်းပါသည်။ ကိုမောင်မောင်၏ဇနီးမဦးမြသန်းတစ်ယောက် ကိုယ်ဝန်နှင့်ကျန်ခဲ့သည်ကို မြင်တွေ့ရရာတွင် သူ ပိုစိတ်မကောင်းဖြစ်နေသည်။

အရှုံးဟု အပြောခံရမည်ကို မကြောက်ဘဲ အိပ်မက်ထဲက ပုဂ္ဂိုလ်ပြောခိုင်းသည့်အတိုင်း ရွာထဲလိုက်အော်ခဲ့လျှင် သူ့သူငယ်ချင်းများနှင့် ရွာသားများကို ကယ်တင်နိုင်လိမ့်မည်ဟု အတွေးကခေါင်းထဲ အလိုလိုရောက်လာသည်။ ဂီရိကြောင့် ပြင်ဝန်းရွာတစ်ရွာတည်းမှာပင် လူသုံးဆယ်ကျော်သေဆုံးခဲ့သည်။

ပင်လယ်ထဲနေ၍ ရေကူးကျွမ်းကျင်လှသည်ဆိုသော်လည်း ဂီရိကပေးသည့်သင်ခန်းစာအရ စက်လှေတိုင်း အသက်ကယ်အကျီနှင့်ရေဘူးဆောင်ထားသင့်သည်ဟု သူအကြံပြုသည်။ အလုပ်အကိုင် မဆိုးသော်လည်း မုန်တိုင်းကိုကြောက်၍ ရွာပြန်ရန် သူစဉ်းစားနေပြီ။ အရင်တုန်းကတော့ မုန်တိုင်းကိုမကြောက်ဘူး။ အခုတော့ ကြောက်သွားပြီ။ ။

# ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရမှုများမှာ မဆင်မခြင်မောင်းနှင်မှုကြောင့်ဖြစ်

မေဝင်းမွန်
&efukdEBkdifrm-2

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်ကြောင့် နှစ်စဉ်သေဆုံး၊ ဒဏ်ရာရမှုများမှာ မဆင်မခြင်ယာဉ်မောင်းနှင်မှုကြောင့်သာ ဖြစ်ပွားမှုများနေဆဲဖြစ်ကြောင်း ယာဉ်မတော်တဆမှုလျော့နည်းကျ ဆင်းရေးအလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

ရန်ကုန်မြို့တော်စည်ပင် သာယာရေးနယ်နိမိတ်အတွင်း နှစ်အလိုက်မတော်တဆမှုစာရင်းအရ စက်တင်ဘာလအထိ သေဆုံးသူ ၁၃၁ ဦး၊ ဒဏ်ရာရသူ ၉၅၄ ဦးရှိကြောင်းသိရသည်။ ယာဉ်မတော်တဆမှုမှာ အများဆုံးအဖြစ် မဆင်မခြင်မောင်းနှင်မှုကြောင့်ဖြစ်ပြီး လမ်းကူးသူပေါ့ဆမှု၊ လိုင်စင်မရှိဘဲ မောင်းနှင်မှု၊ အရှိန်ပြင်း မောင်းနှင်မှု၊ အနေးယာဉ်ကြောင့် ဖြစ်ပွားမှုများမှာအများဆုံးဖြစ်သည်ဟုသိရသည်။

ယာဉ်မတော်တဆမှုများမှာ ယာဉ်မှလူကိုတိုက်မှုအများဆုံးဖြစ်ပြီး ယာဉ်အချင်းချင်းတိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ ယာဉ်မှအရာဝတ္ထုတိုက်မှု၊ ယာဉ်မှစက်ဘီးတိုက်မှုစသည်တို့ဖြစ်ပြီး အများအားဖြင့် မီးပွိုင့်နှင့် ကားမှတ်တိုင်များတွင် ဖြစ်ပွားမှုများသည်ဟု သိရသည်။

ရန်ကုန်တိုင်းတွင် ၁၉၉၈ ခုနှစ်ယာဉ်မောင်းစာရင်းနှင့်နှိုင်းယှဉ်ပါက ၆၀ရာခိုင်နှုန်းကျော်များပြားလာကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယာဉ်တိုက်မှုများတွင်လည်း ခြေကျင်လျှောက်သူနှင့်တိုက်မိခြင်း၊ သွားနေသောယာဉ်နှင့်တိုက်မိခြင်း၊ အနေးယာဉ်နှင့်တိုက်မိခြင်း၊ ယာဉ်တိမ်းမှောက်ခြင်း၊ ယာဉ်ပေါ်မှ ခရီးသည်လိမ့်ကျခြင်းနှင့် တခြားအကြောင်းများလည်းရှိပြီး၊ ခြေကျင်လျှောက်သူနှင့်တိုက်မှုမှာ ယာဉ်တိုက်မှုများ၏ သုံးပုံတစ်ပုံခန့်ရှိပြီး ခြေကျင်လျှောက်သူ၊ အနေးယာဉ်တို့နှင့်တိုက်မှုစုစုပေါင်း၏ နှစ်ပုံတစ်ပုံနီးပါးရှိကြောင်း သိရသည်။



မြန်မာနိုင်ငံရှိတရားဝင်မှတ်ပုံတင်ထားသော ယာဉ်အမျိုးအစားများတွင် မော်တော်ဆိုင်ကယ်မှာ ၈၀ ရာခိုင်နှုန်းရှိပြီး၊ ဆိုင်ကယ်နှင့်ပတ်သက်သည့်ယာဉ်တိုက်မှုမှာလည်း အဖြစ်များသည့်ထဲတွင် ပါဝင်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# ဂက်စ်ပိုက်လိုင်းမှတစ်ဆင့် မီးလောင်ကျွမ်းမှု ကျပ်သိန်း ၁၂၀ထိ ဆုံးရှုံး

**သိမ့်သိမ့်စိုး**

&efukdfEDlifbm-8

ရွှေပြည်သာမြို့နယ် ဘုံရှည်ဘုံကျေးရွာအနီး အမှတ်(၄)လမ်းမဘေးတွင် ဂက်စ်ပိုက်လိုင်းဆက်ကြောင်း ပွင့်ထွက်၍ မီးလောင်မှုဖြစ်ပွားသောကြောင့် ကျပ်သိန်း ၁၂၀ ဖိုးထိ ဆုံးရှုံးမှုရှိခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မီးလောင်မှုမှာ နိုဝင်ဘာ ၈ ရက် နံနက် ၃ နာရီအချိန်၌ ရွာမမှ ရွှေပြည်သာ-လှော်ကားအထိ ပို့ပေးသော ၂၉ ပေအရှည်ရှိ ဂက်စ်ပိုက်လိုင်းပွင့်ထွက်ခြင်းဖြစ်ကြောင်း သိရသည်။

"အသံက လေယာဉ်ပျံမောင်းတဲ့ အသံကြီးလိုပဲ။ အရမ်းကျယ်တယ်။ မီးလင်းထိန်နေလို့ မီးလောင်တယ်ထင်ပြီး တစ်ရပ်ကွက်လုံး ဆူနေတာပဲ။ ဝေးပေမယ့် နီးနီးလေးက လောင်နေတာနဲ့တူတယ်" ဟု ရွှေပြည်သာမြို့နယ် ထန်းခြောက်ပင်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

မီးလောင်သည့် ပိုက်လိုင်းမှာ ၁၀ လက်မခန့်အကျယ်ရှိပြီး ၁၃ ပေအရှည်ရှိသည့် ဂက်စ်ပိုက်လိုင်းဆက်ကြောင်း ပွင့်ထွက်သွားခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးမှ တာဝန်ရှိသူက ပြောသည်။

"မနက် ၃ နာရီကျော်ကတည်းက ပြေးဟယ်လွှားဟယ်နဲ့ ဆူပြီး ပြန်အိပ်လို့ကို မရတော့ဘူး။ မီးတွေကလည်း တောက်လျှောက်ပျက်နေတယ်" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

မီးလောင်မှုကြောင့် ကောင်းကင်ကေဘယ်ကြိုး၊ ဓာတ်တိုင်များနှင့် ကုန်စုံဆိုင်တစ်ဆိုင် မီးလောင်ခဲ့၍ ၎င်းကုန်စုံဆိုင်မှ မိသားစုလေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ မီးလောင်မှုကို မီးသတ်ယာဉ် ၂၀ စီးအုပ်ချုပ်မှု ၈ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်နှင့် အရန် ၁၈၅ ဦးသွားရောက် ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုမှာ နံနက် ၃ နာရီတွင် စလောင်၍ လေးနာရီ၌ မီးငြိမ်းခဲ့ကာ ၁ နာရီကြာလောင်ကျွမ်းခဲ့ကြောင်း မီးသတ်ဦးစီးမှ တာဝန်ရှိသူက ပြောသည်။

မီးလောင်မှုမှာ အလိုအလျောက်လောင်ကျွမ်းသော မီးဖြစ်၍ ပန်းပါတ်ဖွင့်ထားခြင်းမရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## စာ-၄၊ ဆန်ဈေးများ ဆက်တိုက်မြင့်တက် မှ

လက်ကားသမားတွေအနေနဲ့ကတော့ တဖြည်းဖြည်းနဲ့တက်နေမယ် လက်လီဆိုင်တွေကတော့ တက်မယ့်တက်တော့လည်း ဝုန်းဆိုတက်သွားတာပါ" ဟု ဘုရင့်နောင်ရှိဆန်ပွဲရုံမှ ပိုင်ရှင်ကပြောသည်။

ဆန်ဈေးနှုန်း မြင့်တက်လာမှုနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးက 7Day Newsသို့ ပြောရာတွင် "ကြားရသလောက်တော့ အခုက မဲပေးကာလဖြစ်တာမို့ လူတွေက အရေးအခင်းဖြစ်မှာစိုးလို့ ဆန်ကို အလုအယက်ဝယ်ထားတာရယ်၊ မုန်တိုင်းလည်း တိုက်ခဲ့တော့ စပါးခင်းတွေလည်း ပျက်သွားတာရယ်၊ နောက်ပြီး အခုပေါ် ဆန်းမွှေးကို နိုင်ငံခြားပို့တော့မယ်ဆိုတော့ ဆန်ချောဈေးက တက်နေဦးမယ်"ဟု နိုဝင်ဘာ ၆ ရက်ကပြောသည်။

ယခုအခါ ဆန်သစ်များစတင်ဝင်ရောက်ချိန်ဖြစ်သည်နှင့်အညီ အချို့သောကုန်သည်များမှာ လက်ကျန်ဆန်ဟောင်းများကို ထုတ်မရောင်းဘဲ လှောင်ကြသူများလည်းရှိသောကြောင့် ဆန် ဈေးနှုန်းတက်ရခြင်းဖြစ်ကြောင်း၊ မကြာခင် ဆန်များလှိုင်လှိုင်ဝင် ရောက်လာတော့မည်ဖြစ်ကာ ဆန်ဈေးကျဆင်းလာနိုင်တော့မည်ဟု ဆန်ကုန်သည်များ အသင်းမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

## စာ-၇၊ အပြည်ပြည်ဆိုင်ရာနှင့်မြန်မာ့ကြက်ခြေနီအသင်းတို့၏ နာဂစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ၂၀၁၁ မေလတွင် အဆုံးသတ်မည်မှ

"လာမယ့် ၂၀၁၁ ဧပြီ မေလလောက်မှာ ကျွန်တော်တို့ရဲ့ အမိုးအကာနဲ့ အိမ်ဆောက်ပေးတဲ့ ဒုတိယအစီအစဉ်အဆုံးသတ်နိုင်မှာပါ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုတော့ ဒီနှစ်ဒီဇင်ဘာမှာ အဆုံးသတ်နိုင်ပါလိမ့်မယ်"မစ္စတာချန်းဟန်ချိုးကပြောသည်။ IFRC၏အကူအညီဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် အိမ်နှစ်သောင်းကျော် ဆောက်လုပ်ပေးခဲ့ကြောင်းသိရသည်။

နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအား အကူအညီပေးသကဲ့သို့ လတ်တလောတိုက်ခတ်ခဲ့သည့် ဂီရိမုန်တိုင်းတွင်လည်း ကျောက်ဖြူ၊ စစ်တွေနှင့် သံတွဲမြို့များတွင်ရှိသည့် ကြက်ခြေနီသိုလှောင်ရုံများမှ အိမ်ထောင်စုတစ်ထောင်ကျော်အတွက်အထောက်အပံ့ပစ္စည်းများကိုလည်း အောက်တိုဘာ ၂၅ရက်က ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

## စာ-၆၊ ရန်ကုန်မြို့ဆင်ခြေဖုံးက ရွေးကောက်ပွဲမြင်ကွင်းများ မှ

"ဘာမှ ကိုမစဉ်းစားချင်ဘူး။ မိသားစု အဆင်ပြေစေချင်တယ်။ ကုန်ဈေးနှုန်းတွေ ကျစေချင်တယ်။ အခြေအနေတွေတည်တည်ငြိမ်ငြိမ်ဖြစ်စေချင်တယ်။ ဆန်ဈေးတွေကျစေချင်တယ်။ ဒါပါပဲ" ဟု သူမက ဆက်လက်ပြောကြားသည်။

**သဃ်န်းကျွန်းမြို့နယ်**

သဃ်န်းကျွန်းမြို့နယ်တွင် မဲရုံပေါင်း ၁၂၀ ရှိသည့်အနက် နေ့လယ် ၁၂ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာရှိ မဲရုံ ၁ တည်ရှိရာ နေရာသည် အိမ်ရာကြီး၏ အနောက်ဘက်နားတွင် တည်ရှိပြီး ဆန္ဒမဲလာပေးသူများ အနည်း ငယ်ကျဲပါးစပြုနေပြီဖြစ်သည်။

"မဲပေးဖူးတဲ့အတွေ့အကြုံရချင်လို့ မဲပေးတာပါ။ မဲတစ်ခါမှမထည့်ထားသေးတော့ ဒီတစ်ခါလည်း မထည့်ဘူးဆိုရင် ဘာများဖြစ်မလဲ စိုးရိမ်လို့ မဲသွားပေး ဖြစ်တာပါ။ ဘယ်ပါတီရယ်မှမဟုတ်ပါဘူး။ ဘယ်ကိုပေးခဲ့လဲဆိုတာ မပြောပါရစေနဲ့" ဟု အသက် ၂၉ နှစ်အရွယ် အမျိုးသမီးက မဲရုံထဲမှ ပြန်အထွက်တွင်ပြောသည်။

မဲရုံ ၂ ရှိရာ လမ်းသွယ် ၄ နှင့် မျက်နှာချင်းဆိုင်ရှိ ဂျန်းရှင်းဇဝနရှော့ပင်းစင်တာကြီးတွင်တော့ ယခင်ပိတ်ရက်များတွင် စည်ကားနေသော်လည်း ယခုရက်တွင် ဈေးဝယ်သူများ နည်းပါးနေသည်ကို တွေ့ရသည်။ သာကေတ၊ ပန်းဘဲတန်း၊ ဒေါပုံ၊ သဃ်န်းကျွန်းမြို့နယ်များသို့ ကူးသန်းရာလမ်းတစ်လျှောက်ရှိ မဲရုံများမှာလည်း နေ့လယ် ၁၂နာရီမှစတင်ကာ မဲလာပေးသူ ကျဲပါးသွားခဲ့သည်ကိုလေ့လာတွေ့ရှိခဲ့ရသည်။


### ဝန်ထမ်းအလိုရှိသည်


[illegible] Myanmar People [illegible]

| | | |
|---|---|---|
| 1) Marketing Executive | M & F | (2) Posts |
| 2) External Relation | M | (2) Posts |
| 3) Distribution | M | (2) Posts |

အမှတ်စဉ် (၁) အတွက်
- [illegible]
- [illegible]
- [illegible]
- [illegible]
- [illegible]
- Motivation [illegible] Target [illegible]

အမှတ်စဉ် (၂)နှင့် (၃) အတွက်
- [illegible]
- [illegible]
- [illegible]

[illegible]

# Health

7DAY NEWS JOURNAL

Vol.9, No.34 · NOVEMBER 11, 2010


## ကမာပေါ်ရှိ မြို့ပြနေထိုင်သူ လူဦးရေ ဆယ်သန်းကျော်သည် အရည်အသွေးညံ့နေအိမ်များတွင် နေထိုင်နေရ

သီဟ

&efukEdifbm-1

urÇy;&Gdjur;wifaexkdonfvl;a&wpfuk#cefonfab;uifvkH&Gnft&nftao;nHifonf aetdrf;wifaexkdaeu&aumifodonf

ထို့အပြင် လူဦးရေငါးသောင်းကျော်သည် ငလျင်ဒဏ်ကြောင့်နှစ်စဉ်အသက်ဆုံးရှုံးနေကြရပြီး လူဦးရေသန်း ၁၀၀သည် ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေကြရသည်ဟု အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖယ်ဒရေးရှင်း IFRC မှ တာဝန်ရှိသူတစ်ဦးက ၂၀၁၀ခုနှစ် ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာအစီရင်ခံစာအားကိုးကား၍ ပြောကြားသည်။ ယခုနှစ်အတွက် IFRC မှတင်သွင်းသည့်ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာအစီရင်ခံစာတွင် မြို့ပြဘေးအန္တရာယ်များအား ဦးတည်တင်ပြထားကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာတွင် ကမ္ဘာပေါ်တွင် မြို့ပြနေသူများ ပိုမိုများပြားလာပြီး မြို့ပြနေလူဦးရေသည် ၃ဒသမ ၄၉၅ ဘီလီယံရှိပြီး ကျေးလက်နေလူဦးရေသည် ၃ဒသမ၄၁၂ဘီလီယံသာရှိကြောင်း ဖော်ပြထားသည်ဟုသိရသည်။

ထိုနေထိုင်သူများထဲတွင် နှစ် စဉ် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်နှင့်ရင်ဆိုင်နေရသူ ၂ဒသမ၅ ဘီလီယံရှိနေပြီး ဆင်းရဲနွမ်းပါးပြီး လူဦးရေ သိပ်သည်းစွာနေထိုင်ရသည့် မြို့ပြနေလူဦးရေမှာ ၁ ဘီလီယံရှိကြောင်း အစီရင်ခံစာအရသိရသည်။ အဆိုပါ အစီရင်ခံစာကို ယခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

---



## အဘိုးအဘွားများအတွက် နေ့စောင့်ရှောက်ရေး

ဝတ်ရည်

၁၁ဝ ၏ တတိယအရွယ်သို့ ရောက်လာကြသည့် အဘိုး၊ အဘွားသက်ကြီးဦးရေမှာ ကမ္ဘာတစ်ဝန်းလုံးတွင် လျင်မြန်စွာ တိုးတက်များပြားလာသော်လည်း ထိုသက်ကြီးဘိုးဘွားများမှာ လုပ်ငန်းခွင်၊ မိသားစု၊ လူမှုရေးကိစ္စများ၌ အရေးပါမှု လျော့နည်းလာပြီး အထီးကျန်ဆန်လာကြသည်။

ပြောင်းလဲတိုးတက်လာသည့် ကျန်းမာရေးစောင့်ရှောက်မှုများကြောင့် ရောဂါများအား ထိန်းချုပ်ကာကွယ်နိုင်သလို ကျန်းမာရေးကိစ္စများကို အလေးပေးဆောင်ရွက်လာခြင်းမှာ သက်ကြီးရွယ်အိုအရေအတွက် မြင့်မားစေခြင်း၏ အကြောင်းရင်းများဖြစ်ကြောင်း သိရသည်။

သက်ကြီးရွယ်အို များပြားလာသော်လည်း မိသားစုဝင်အများစုမှာ အချိန်ပြည့်အလုပ်လုပ်နေရခြင်း၊ ယခုနောက်ပိုင်းအမျိုးသမီးများပါ အပြင်ထွက်အလုပ်လုပ်လာကြခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်လာကြခြင်း စသည့်ပြောင်းလဲလာသည့် လူနေမှုစနစ်များက သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်မှု အားနည်းသွားစေကြောင်း ပန်းလှိုင်ဆေးရုံကြီးတွင် ပြုလုပ်ခဲ့သည့် သက်ကြီးပြုစုစောင့်ရှောက်စင်တာ ဖွင့်ပွဲတွင် ဒေါက်တာရဲမိုးမြင့်ကပြောသည်။

"စောင့်ရှောက်တယ်ဆိုတာကလည်း အချိန်ပေးပြီး အဖော်လုပ်တာ။ အာဟာရပြည့်ဝတဲ့အစားအစာ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စိတ်အပန်းဖြေမှု၊ ကျန်းမာရေး စတာတွေလေ။

စာ(၁၄)သို့

---



## သေဆုံးမှုနှုန်း တစ်ဆင့်တိုးလာသည့် လေဖြတ်ရောဂါ

သီဟ

ဦးနှောက်သည် ခန္ဓာကိုယ်အစိတ်အပိုင်းများ၏လှုပ်ရှားမှုကို ထိန်းချုပ်ထားရာ ဗဟိုချက်မနေရာတစ်ခုဖြစ်သည်။ထို့ကြောင့် ဦးနှောက်သည် ယင်း၏လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သောသွေး ပုံမှန်ရရှိရန်လိုအပ်သည်။

သွေးပုံမှန်မရရှိပါက ယင်းမှထိန်းချုပ်ထားသည့် ခန္ဓာကိုယ်မှလုပ်ငန်းများ ရပ်ဆိုင်းသွားပြီး လေဖြတ်ရောဂါလက္ခဏာများကိုဖြစ်ပေါ်စေခြင်းဖြစ်ကြောင်းသိရသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်လေဖြတ်သူ များပြားလျက်ရှိပြီး လေဖြတ်ခြင်းကြောင့် သေဆုံးသူလည်း များပြားလျက်ရှိကြောင်းသိရသည်။လေဖြတ်ရောဂါကြောင့် သေဆုံးမှုသည် ယခင်က တတိယနေရာတွင်ရှိနေရာမှ ယခုအခါတွင် ဒုတိယနေရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး၊ မြန်မာနိုင်ငံတွင်မူ လေဖြတ်ရောဂါကြောင့် သေဆုံးမှုသည် ဆဌမနေရာတွင်ရှိသည်ဟု ဦးနှောက်နှင့်အာရုံကြောဆိုင်ရာဆေးပညာအဖွဲ့ဥက္ကဌ ပါမောက္ခဒေါက်တာတင်ထားနွဲ့ကပြောသည်။

ကျွမ်းကျင်သူများ၏ အဆိုအရ လေဖြတ်ခြင်းသည် ဦးနှောက်အတွင်း သွေးကြောပိတ်၍လေဖြတ်ခြင်းနှင့် ဦးနှောက်အတွင်း သွေးကြောပေါက်၍လေဖြတ်ခြင်းဟူ၍ နှစ်မျိုးရှိကြောင်း သိရသည်။

လေဖြတ်ရောဂါသည် သတိထားကာကွယ်ရမည့် ရောဂါတစ်ခုဖြစ်လာနေပြီး လေဖြတ်ခြင်းကြောင့် အသက်ဆုံးရှုံးသူများရှိသကဲ့သို့ အသက်မဆုံးရှုံးသော်လည်း ဒုက္ခိတဘဝနှင့် ဘဝကိုဖြတ်သန်းရသူများလည်း အများအပြားရှိကြသည်။ထို့အပြင် ကိုယ်တိုင်လေဖြတ်သူသာမက လေဖြတ်သူ၏မိသားစုဝင်များသည်ပင်လျှင် အဆိုပါလူနာအား ပြုစုစောင့်ရှောက်ရသဖြင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများလည်းထိခိုက်ကြရသည်။

တစ်ကြိမ်လေဖြတ်ဖူးသူတစ်ဦးသည် ငါးနှစ်အတွင်း၌ နောက်တစ်ကြိမ်လေထပ်ဖြတ်ရန် အခွင့်အရေးရှိပြီး အများအားဖြင့် ပထမတစ်နှစ်အတွင်း၌ထပ်မံလေဖြတ်လေ့ရှိကြကြောင်း သိရသည်။

ထို့ကြောင့် တစ်ကြိမ်လေဖြတ်ပြီးပါက နောက်တစ်ကြိမ်ထပ်မံလေမဖြတ်ရန် အထူးသတိထားရမည်ဖြစ်ပြီး လေဖြတ်ခြင်းသည်သာမဟုတ် လေဖျန်းခြင်း အသေးစားလေဖြတ်ခြင်းများ ဖြစ်ဖူးလျှင်ပင် နောက်တစ်ကြိမ် ထပ်မံလေဖြတ်ရန် အခွင့်အရေးများပြားကြောင်း ပါမောက္ခဒေါက်တာတင်ထားနွဲ့ကပြောသည်။

လေဖြတ်ခြင်းသည် ဂရုပြုဖွယ်ရောဂါတစ်ခုဖြစ်သဖြင့် လူအများအနေဖြင့် မိမိတို့တွင်လေဖြတ်မည့်ရှေ့ပြေးလက္ခဏာများအား သိရှိထားရန်လိုအပ်သည်။ သို့မှသာ အဆိုပါလက္ခဏာများ မိမိတို့တွင်ဖြစ်ပေါ်လာပါက လေဖြတ်ခြင်းမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

လေဖြတ်ရောဂါ မဖြစ်ပွားမီ ရှေ့ပြေးလက္ခဏာများမှာ မျက်နှာ၊ လက်၊ခြေတစ်ဖက် စသည့် အင်္ဂါများ ရုတ်တရက်ထုံခြင်း လေးလံခြင်း၊ ရုတ်တရက်စကားပြော၍မရခြင်း၊ ပြောသောစကားကို နားမလည်ခြင်း၊ ဗလုံးဗထွေးဖြစ်ခြင်း၊ ရုတ်တရက် အမြင်အာရုံဝေဝါးခြင်း၊ နှစ်ထပ်မြင်ခြင်း၊ ရုတ်တရက် လမ်းမလျှောက်နိုင်တော့ခြင်း၊ ဒယီးဒယိုင်ဖြစ်ခြင်း၊ ရုတ်တရက်မူးဝေခြင်း

စာ(၁၄)သို့




7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

## စာ – ၁၃၊ အဘိုးအဘွားများအတွက် နေ့စောင့်ရှောက်ရေး မှ

ဒါပေမဲ့ အခု ခေတ်မှာတော့ အဲလိုလုပ်ပေးနိုင်ဖို့ဆိုတာ မလွယ်တော့ဘူး။ ဒီစင်တာကတော့ အဲဒီလို လိုအပ်ချက်တွေအားလုံးကို ဝန်ဆောင်မှုပေးနိုင်ဖို့စီစဉ်ထားပါတယ်”ဟု အဆိုပါဆရာဝန်ကပြောသည်။ ထိုကဲ့သို့ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ပေးနေသောနေရာများရှိသောလည်း သက်ကြီးဘိုးဘွားများမှာ သားသမီး၊ ဆွေမျိုးများ ထံတွင် မှီခိုနေရပြီး၊ မိမိဘာသာ နေ့စဉ်ဝင်ငွေရှာ၍ ရုန်းကန်စားသောက်နေရသူများလည်းရှိကြသည်။

“သားသမီးတွေတော့ရှိတယ်။ ဒါပေမဲ့ သူတို့က သူတို့ဘာသာ သူတို့တောင် မပြေလည်ကြတော့ အဘတို့ကိုလည်း လှည့်မကြည့်နိုင်ပါဘူး။ ဒါကြောင့် အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်စာကတော့ ကိုယ့်ဘာသာကိုယ်ပဲ ရာသီပေါ်အသီးအနှံလေးရောင်းပြီး ရှာစားရတာပေါ့”ဟု အသက် ၆၀ ကျော်ခန့်ရှိ ပြောင်းဖူးပြုတ်များ လိုက်လံရောင်းချနေသည့်အဘိုးတစ်ဦးကပြောသည်။

ငွေကြေးပြည့်စုံသော်လည်း မိသားစုဝင်အားလုံး အလုပ်တာဝန်များဖြင့် မအားလပ်သည့်အခါ နေအိမ်ထဲမှာပင် စကားပြောဖော် မရှိဘဲ အထီးကျန်စွာတစ်ယောက်တည်း ကျန်ခဲ့သည့်အဘိုးအဘွားများလည်းရှိကြသည်။

“မနက် မိုးလင်းတာနဲ့ အိမ်သားအားလုံးက အလုပ်သွားကြပြီလေ။ အဘွားတစ်ယောက်တည်းကျန်ခဲ့တာ၊ စကားပြောဖော်လည်း မရှိဘူးပေါ့။ ညနေဘက်ကျမှ အားလုံးပြန်လာကြတာ။ အဲဒီအခါကျတော့လည်း သူတို့အလုပ်တွေနဲ့သူတို့ဆိုတော့ စကားလည်း ကောင်းကောင်း မပြောဖြစ်ပါဘူး”ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သည့် အဘွားတစ်ဦးကပြောသည်။

ပန်းလှိုင်ဆေးရုံကြီးတွင် ဖွင့်လှစ်ထားသည့် သက်ကြီးနိုင်ငံသား ပြုစုစောင့်ရှောက်ရေးစင်တာတွင် အသက် ၆၀ကျော် အဘိုးအဘွားများအား လက်ခံပြီး အိပ်ရာထဲ လဲနေသူ လူမမာများနှင့် အထူးဆေးကုသမှုလိုအပ်သော လူမမာများ မပါဝင်နိုင်ကြောင်း အဆိုပါဆေးရုံမှသိရသည်။

“အိမ်တွင်းမှာ အထီးကျန်ဆန်ပြီး အဖော်လိုအပ်နေသူတွေ၊ တစ်ယောက်တည်း အိမ်မှာထားခဲ့ဖို့ စိတ်မချရတဲ့ အဘိုးအဘွားတွေ အချိန်ပြည့် အလုပ်လုပ်နေသူတွေနဲ့ အတူနေတဲ့အဘိုးအဘွားတွေအတွက် ရည်ရွယ်ပြီးဖွင့်တာပါ။ ဆေးရုံမှာ ဆေးကုသတဲ့ပုံစံမျိုးတော့ မဟုတ်ပါဘူး”ဟု ဒေါက်တာဦးရဲမိုးမြင့်ကပြောသည်။ စင်တာတွင် အဘိုးအဘွားများအား ၂၄ နာရီစောင့်ရှောက်မှု ပုံစံမျိုးမဟုတ်ဘဲ နေ့စဉ် နံနက် ၈နာရီခွဲမှ ညနေ ၅နာရီအထိ ဝန်ဆောင်မှု ပေးခြင်းဖြစ်ပြီး ညနေ ၅နာရီတွင် နေအိမ်သို့ ပြန်လည်ပို့ဆောင်ပေးကြောင်းသိရသည်။

ထိုဝန်ဆောင်မှုတွင် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အစားအသောက်၊ ကျန်းမာရေးလေ့ကျင့်ခန်းများ၊ ကျန်းမာရေးပညာပေး ဟောပြောပွဲများ စသည်တို့ပါဝင်မည်ဖြစ်ပြီး အသင်းဝင်နှင့်အသင်းဝင်မဟုတ်သူများဟူ၍ ခွဲခြားထားကြောင်းသိရသည်။

“မိခင်၊ ဖခင်နှစ်ယောက်က ကလေးတွေကို ပြုစုစောင့်ရှောက်နိုင်ပေမယ့် အခုခေတ်က မိဘနှစ်ယောက်ကို ပြန်မကျွေးနိုင်တော့တာများတယ်”ဟု အသက် ၅၀ကျော် အမျိုးသမီးတစ်ဦးကပြောသည်။ ပတ်ဝန်းကျင်တွင်လည်း လိုက်လံတောင်းရမ်းနေသည့် သက်ကြီးရွယ်အိုများ များပြားလာကြောင်း အသက် ၂၇နှစ်အရွယ်အမျိုးသမီးတစ်ဦးက သူ၏ထင်မြင်ချက်ကိုပြောသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၁ခုနှစ်မှစ၍ နှစ်စဉ် အောက်တိုဘာ ၁ရက်နေ့အား ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ပြီး ယနေ့အချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဖွံ့ဖြိုးပြီးနိုင်ငံများထက် အသက်၆၀ကျော် လူကြီးသူမများအရေအတွက် သိသိသာသာတိုးတက်လာကြောင်းသိရသည်။



## စာ-၁၃၊သေဆုံးမှုတစ်ဆင့် တိုးလာသည့် လေဖြတ်ရောဂါ မှ

ရုတ်တရက်ပြင်းထန်စွာ ခေါင်းကိုက်ခြင်း စသည်တို့ဖြစ်ပြီး အထက်ပါလက္ခဏာများသည် တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

လေဖြတ်ခြင်းကို ဖြစ်ပေါ်စေသည့် အကြောင်းတရားများစွာရှိပြီး လေဖြတ်ခြင်းသည် အခြားရောဂါများကဲ့သို့ အကြောင်းအရာတစ်ခုတည်းကြောင့် ဖြစ်ပွားခြင်းမဟုတ်ဘဲ အကြောင်းအရာများ ပေါင်းစုံ၍ဖြစ်ပွားခြင်းဖြစ်ကြောင်း ဦးနှောက်အာရုံကြောဆိုင်ရာ ဆေးပညာအဖွဲ့ အတွင်းရေးမှူး ပါမောက္ခဒေါက်တာဝင်းမင်းသစ်ကပြောသည်။

လေဖြတ်ခြင်းကို ဖြစ်ပေါ်စေသည့်အကြောင်းတရားများတွင် ပြုပြင်ပြောင်းလဲ၍ရသော အကြောင်းအရာများနှင့် ပြုပြင် ပြောင်းလဲ၍မရသော အကြောင်းအရာများဟူ၍ နှစ်မျိုးရှိကြောင်း သိရသည်။

ပြုပြင်ပြောင်းလဲ၍မရသော အကြောင်းအရမျာတွင် အသက်အရွယ်ကြီးရင့်ခြင်း၊ အမျိုးသားဖြစ်ခြင်း၊ လူမျိုးအရ လူမည်းနှင့် အာရှတိုက်သားများဖြစ်ခြင်း၊ မိဘမျိုးရိုးတွင် လေဖြတ်ရောဂါနှင့် နှလုံးရောဂါရှိခြင်း၊ ယခင်က လေဖြတ်၊ လေဖျန်းနှလုံးသွေးကြော ပိတ်ဖူးခြင်း စသည်တို့ဖြစ်ကြသည်။

ပြုပြင်ပြောင်းလဲ၍မရသော အကြောင်းအရာများထဲတွင် အသက်အရွယ်ကြီးလာခြင်းပါဝင်ပြီး လေဖြတ်ရောဂါသည် အသက်ငယ်သူများထက် အသက်ကြီးသူများတွင် ပို၍အဖြစ်များခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

သို့သော် လူငယ်များတွင်လည်း လေဖြတ်သူများရှိကြရာ လေးဘက်နာ နှလုံးရောဂါသည် များ၊ နှလုံးသွေးကြောကျဉ်းရောဂါသည်များ လေဖြတ်နိုင်ပြီး ဆောင်းတွင်းဘက်တွင် အရက်အလွန်အကျွံသောက်သူများ လေဖြတ်ရောဂါဖြစ်ပွားနိုင်ကြောင်း သိရသည်။

ထို့အပြင် ယောကျ်ားဖြစ်ခြင်းဟူသည့်အချက်တွင် ယောကျ်ား နှင့် မိန်းမတွင် ယောကျ်ားများသည် လေဖြတ်ရန် အခွင့်အရေးပိုများကြောင်း သိရသည်။ သို့သော် အမျိုးသမီးများသည် သွေးမဆုံးခင်အချိန်အထိသာ အဆိုပါအချက်မှန်ကန်ပြီး သွေးဆုံးပြီး အမျိုးသမီးများသည်လည်း အမျိုးသားများနှင့်တန်းတူ လေဖြတ်နိုင်ကြောင်းနှင့် တစ်ခါတစ်ရံတွင် အမျိုးသားများထက်ပင် အခွင့်အရေး ပိုမိုများပြားတတ်ကြောင်း ဒေါက်တာတင်ထားနွဲ့ကပြောသည်။

ပြုပြင်ပြောင်းလဲ၍ရနိုင်သောအကြောင်းတရားများတွင် သွေးတိုးရောဂါရှိခြင်း၊ နှလုံးရောဂါရှိခြင်း၊ ဆေးလိပ်သောက်ခြင်း၊ သွေးအတွင်းအဆီဓာတ်များခြင်း၊ ဆီးချိုသွေးချိုရောဂါရှိခြင်း၊ အဝလွန်ခြင်း၊ အရက်အလွန်အကျွံ သောက်ခြင်း၊ ခန္ဓာကိုယ်လှုပ်ရှားမှု နည်းခြင်း စသည်တို့ဖြစ်ကြောင်း သိရသည်။

အထက်ပါအချက်များတွင် ပြုပြင်ပြောင်းလဲရနိုင်သော အကြောင်းများမှာ သွေးတိုးရောဂါရှိသူများသည် သာမန်သူများထက် လေဖြတ်နိုင်ခြေများပြားသော်လည်း မိမိတို့၏သွေးပေါင်ချိန်အား ထိန်းထားနိုင်ပါက လေဖြတ်ရောဂါအား ကာကွယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

သွေးပေါင်ချိန် ၁၀တက်လျှင် လေဖြတ်ရန် အခွင့်အရေး ၂၅ ရာခိုင်နှုန်းပိုများပြီး အောက်သွေး ၅သို့မဟုတ် ၆ကျလျှင်လေဖြတ်နိုင်ခြေအား ၄၀ရာခိုင်နှုန်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ဒေါက်တာတင်ထားနွဲ့ကပြောသည်။

အလားတူ ဆီးချိုဝေဒနာရှင်များသည်လည်း လေဖြတ်နိုင်ရန် အခွင့်အရေးပိုများသည်ဆိုသော်လည်း ဆီးချိုထိန်းထားနိုင်ပါက လေဖြတ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

လေဖြတ်ရောဂါသည် မျိုးရိုးလိုက်သည့်ရောဂါတစ်မျိုးဖြစ်သော်လည်းကြိုတင်ကာကွယ်နိုင်သည့် ရောဂါဖြစ်ကြောင်း ပညာရှင်များကပြောသည်။ ကာကွယ်ရန် နည်းလမ်းများအနေဖြင့် ခန္ဓာကိုယ်အတွင်း၌ သွေးတိုး၊ ဆီးချိုသွေးချိုနှင့် သွေးအတွင်းအဆီဓာတ်များများပြားမှုမရှိစေရန် ထိန်းသိမ်းခြင်း၊ တစ်နေ့လျှင် အနည်းဆုံးနာရီဝက်ခန့်တစ်ပတ်ငါးကြိမ်ခန့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ မိမိအရပ်နှင့် ကိုယ်အလေးချိန် မျှတစေရန် ထိန်းသိမ်းခြင်း စသည်တို့ဖြင့်ကာကွယ်နိုင်သည်။

ထို့အပြင် လေဖြတ်ခြင်းကိုဖြစ်စေနိုင်သည့် ပြုပြင်ပြောင်းလဲ၍ရသော အကြောင်းအရာများထဲတွင် ဆေးလိပ်သောက်ခြင်းပါ ရှိရာ ဆေးလိပ်ဖြတ်ခြင်းဖြင့် လေဖြတ်ရောဂါအား အတိုင်းအတာ တစ်ခုအထိ ကာကွယ်နိုင်မည်ဖြစ်သည်။

အလားတူ နှလုံးသွေးကြောပိတ်ဖူးသူများ၊ နှလုံးရောဂါအခံရှိသူများနှင့် နှလုံးခုန်မမှန်သောသူများသည် လေဖြတ်ရောဂါ မဖြစ်ပွားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ခံယူရန် လိုအပ်ကြောင်း ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့အစည်းမှ အကြံပြုထားကြောင်းသိရသည်။

အောင်ချမ်းမြေ
http://www.acmnursingtraining.com
(I) 06:30 am to 08:30 am (IV) 01:30 pm to 03:30 pm
(II) 07:30 am to 09:30 am (V) 04:30 pm to 06:30 pm
(III) 09:30 am to 11:30 am (VII) 05:30 pm to 07:30 pm
(IV) 12:30 pm to 02:30 pm (VIII) 06:30 pm to 08:30 pm
09:30 am to 03:30 pm
09:30 am to 03:30 pm

LIANG SHI CO.,LTD
FUTURE NEW ENERGY DEVELOPMENT CO.,LTD
Solar Power

Regional

7 DAY NEWS JOURNAL

Vol.9, No.34 • NOVEMBER 11, 2010

# မန္တလေးမြို့လယ် ဘောလုံးအကယ်ဒမီကျောင်းအနီးတွင် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းတည်ဆောက်မည်

**စိုင်းသာအောင်**

**မန္တလေး၊ နိုဝင်ဘာ - ၆**

မြန်မာနိုင်ငံအထက်ပိုင်းမြို့တော် မန္တလေးတွင် နိုင်ငံတကာအဆင့်မီဘောလုံးကွင်းတစ်ကွင်းကို လာမည့် ၂၀၁၁ ခုနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်အမှုဆောင်တစ်ဦးက 7Day News သို့ပြောကြားသည်။



ဇွန်လ ၁ ရက်မှစတင်၍ သင်တန်းသားလက်ခံဆောင်ရွက်နေသော ချမ်းမြသာစည်မြို့နယ်မှ မြန်မာဘောလုံးအကယ်ဒမီကျောင်း။

နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းသည် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်၏ အားကစားအဆင့်အတန်းမြင့်မားအောင်မြင်ရေးအတွက် အထက်မြန်မာပြည် အမျိုးသားအားကစားဥယျာဉ်စီမံကိန်း(မန္တလေး) တည်ဆောက်ရေးစီမံကိန်းတွင်ပါဝင်ခဲ့သည့်မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်း တောင်ဘက် ၆၈ လမ်းနှင့် ၇၃ လမ်းကြား၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မြေဧက ၁၈၄ ဒသမ ၉၄ဧကတွင် တည်ဆောက်ရန်လျာထားပြီး၊ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းမှာ ၈၅ ဧကခန့် တည်ဆောက်ရန်လျာထားကြောင်း မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးကပြောကြားသည်။

အဆိုပါစီမံကိန်းတွင် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းတစ်ကွင်း၊ အားကစားခန်းမတစ်ခု၊ ရေကူးကန်တစ်ခု၊ စက်ဘီးအားကစားကွင်းတစ်ခု၊ ပိုက်ကျော်ခြင်းအားကစားရုံတစ်ခု၊ အလေးမအားကစားရုံတစ်ခု၊ ဘိုးလင်းအားကစားရုံတစ်ခု၊ သေနတ်ပစ်ကွင်းတစ်ခု၊ တင်းနစ်အားကစားကွင်းတို့ဆောက်လုပ်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

မန္တလေးတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်ကို (ရွှေညီညွှန့်ရွှေဆိုင်)က “မန္တလေးမှာ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းတည်ဆောက်ဖို့အတွက် နိုင်ငံတော်က တရားဝင်အတည်ပြုချက်ရရှိပြီးဖြစ်ပါတယ်။ ဘောလုံးကွင်းသစ်က မန္တလေးမြို့ဟောင်းနဲ့ မြို့သစ်အလယ် ဧရိယာမှာ ရှိတာကြောင့် ဘောလုံးချစ်တဲ့ မန္တလေးမြို့လူထုအတွက်သွားရေးလာရေး အဆင်ပြေပါတယ်။ မန္တလေးက ဘောလုံးချစ်တဲ့၊အားပေးတဲ့မြို့ဖြစ်တာကြောင့် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကြီး ဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် အရမ်းဝမ်းမြောက်ပါတယ်။ ဘောလုံးအဖွဲ့ချုပ်အနေနဲ့တိုင်းအတွင်း ကျေးလက်ဘောလုံးကွင်းတွေကျေးရွာတိုင်းမှာ ရှိရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ ဘောလုံးကွင်းတွေရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

အမျိုးသားအားကစားဥယျာဉ်(မန္တလေး) နယ်မြေတွင် တည်ဆောက်မည့် မိုးလုံလေလုံ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းသည် ပွဲကြည့်ပရိသတ်သုံးသောင်းအထိဝင်ဆံ့ပြီး၊ ဘောလုံးကွင်းအကျယ် ၂၉,၄၂၇ စတုရန်းမီတာ၊ အဆောက်အအုံအမြင့် ၂၃ ဒသမ ၅ မီတာရှိမည်ဖြစ်သည်။ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း၏ မြေညီထပ်တွင် ပြခန်း၊ ရုံးခန်း၊ အစည်းအဝေးခန်း၊ ဆေးခန်း၊ အဝတ်လဲခန်း၊ အထူးဧည့်သည်များအခန်း၊ စားသောက်ခန်း၊ မီဒီယာခန်း၊ ရေချိုးခန်း၊ အရောင်းဆိုင်ခန်းများ၊ လေ့ကျင့်ရေးခန်း၊ စာကြည့်တိုက်၊ ဒိုင်လူကြီးများနှင့် နည်းပြများရုံးခန်းတို့ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပနိုင်ရန်နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း နှစ်ကွင်း တည်ဆောက်လျက်ရှိပြီး၊ ယခု မန္တလေးမြို့တွင်တည်ဆောက်မည့် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းပါပေါင်းပါက နိုင်ငံတကာပြိုင်ပွဲများကို လက်ခံကျင်းပနိုင်မည့်ကွင်းသုံးကွင်းရှိပြီဖြစ်ကြောင်းသိရှိရသည်။ ရန်ကုန်မြို့ လှိုင်ယ်လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းကိုလည်း နိုင်ငံတကာအဆင့်မီဘောလုံးကွင်းအဖြစ် ပွဲကြည့်စင်များတိုးချဲ့တည်ဆောက်ရန်စီစဉ်ထားပြီး၊ နောင် အနာဂတ်ကာလတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများသာမက အာရှအားကစားပြိုင်ပွဲများကိုပါ အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်မျှော်မှန်းဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရသည်။

နေပြည်တော်ရှိ နိုင်ငံတကာအဆင့်မီ ဘောလုံးအားကစားကွင်းနှစ်ကွင်းကိုလည်း Max Myanmar Co., Ltd က တည်ဆောက်လျက်ရှိပြီး၊ ယခုမန္တလေးမြို့ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကိုလည်း Max Myanmar Co., Ltd ကပင်တာဝန်ယူတည် ဆောက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

မန္တလေးမြို့ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကို ၂၀၁၁ ခုနှစ် ဧပြီလအတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နီးစပ်သူတစ်ဦးက 7Day News သို့ ပြောကြားသည်။

# ရတနာပုံစူပါစင်တာ နေရာချထားပြီးပါက ယာယီဆိုင်ခန်းများ ဖျက်သိမ်းမည်

**ဖြိုး**

**မန္တလေး၊ နိုဝင်ဘာ - ၁**

မန္တလေးမြို့ ရတနာပုံစူပါစင်တာ၏မြေအောက်ထပ်တွင် ထားရှိမည့် အသား၊ ငါးနှင့်ဟင်းသီးဟင်းရွက်ဆိုင်ခန်းများ နေရာချထားပြီးစီးပါက တောင်ဘက်မျက်နှာစာတွင်ရှိသော ယာယီဈေးဆိုင်ခန်းများအားစတင်ဖျက်သိမ်းမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနမှဌာနမှူးက ပြောကြားသည်။

စင်တာ၏ တောင်ဘက်မျက်နှာစာသန့်ရှင်းရေးပြုလုပ်နိုင်ရန်နှ င့် လမ်းများပြန်လည်ပြုပြင်နိုင်ရန် ပထမဦးစားပေးအနေဖြင့် ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ၃၄ လမ်းပေါ်ရှိ ယာယီဆိုင်ခန်းများအား ဖျက်သိမ်းမည်ဖြစ်ပြီး၊ ၂၆ လမ်းနှင့်လမ်း ၃၀ ကြားတွင်ရှိသော ယာယီဆိုင်ခန်းများအားရတနာပုံစူပါစင်တာမြေညီထပ်ပေါ်သို့ရွှေ့ပြောင်းပြီးစီးချိန်တွင် ဆက်လက်ဖျက်သိမ်းသွားမည်ဟုဎင်းကပြောကြားသည်။ လက်ရှိအခြားဈေးများတွင်ပြောင်းရွှေ့ဆိုင်ခန်းဖွင့်ရောင်းချနေသူအနေဖြင့် ရတနာပုံစူပါစင်တာဖွင့်လှစ်ပြီးစီးချိန်တွင် စင်တာသို့ ချက်ချင်းပြောင်းရွှေ့ရန်အခက်အခဲရှိနေသည်ဟု ဆိုသည်။ ဈေးသူ၊ဈေးသားများအနေဖြင့်လည်း မဲနှိုက်ရရှိထားသော ဆိုင်ခန်းအား မိမိအစီအစဉ်ဖြင့် အဆင်ပြေသောအချိန်မှသာပြောင်းရွှေ့ဖွင့်လှစ်နိုင်ကြောင်းသိရှိရသည်။

ဆိုင်ခန်းအားလုံး၏ ငှားခမှာ ဆိုင်ခန်း၏တည်နေရာနှင့် သက်ဆိုင်ခြင်းမရှိဘဲ ၎င်းဆိုင်ခန်း၏ အကျဉ်း၊ အကျယ်ပေါ်တွင်သာ မူတည်သတ်မှတ်မည်ဖြစ်ပြီး ဆိုင်ခန်းအရေအတွက်မှာလည်းယခင် ရတနာပုံဈေးရှိဆိုင်ခန်းအရေအတွက်အတိုင်းဖြစ်သည်ဟုသိရှိရသည်။ “ဟိုဘက်မှာ ဖွင့်လို့ရလည်းဒီဘက်မှာလည်းနှစ်ဆိုင်ရှိတော့ အခြေအနေကြည့်ပြီးတော့မှ ပြောင်းဖို့စီစဉ်ရမှာပဲ”ဟု ဈေးချိုတွင်လက်ရှိဖွင့်လှစ်ရောင်းချနေသော ရတနာပုံဈေးမှဈေးသည်တစ်ဦးက ပြောသည်။

# ခရီးသည်တင်ယာဉ်ကို ဆဲဆို၍ ခဲနှင့်ပေါက်သူများကို အရေးယူ

**ညိုညိုဝင်း**

**နေပြည်တော်၊ နိုဝင်ဘာ-၃**

နေပြည်တော်ပျဉ်းမနားမြို့ ပေါင်းလောင်းရပ်ကွက်၌ အောက်တိုဘာ ၂၄ရက်က ခရီးသည်တင်ယာဉ်ကို ဆဲဆို၍ခဲနှင့်ပေါက်သည့်ဖြစ်ရပ်ဖြစ်ပွားခဲ့ပြီး အဆိုပါပြစ်မှုကျူးလွန်သူနှစ်ဦးကို နေပြည်တော်ပျဉ်းမနားရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း မထသအဝေးပြေးမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖြစ်စဉ်မှာအောက်တိုဘာ ၂၄ ရက်က ဖြူး-နေပြည်တော်-မိတ္ထီလာပြေးဆွဲသောရွှေပြည်စံမော်တော်ယာဉ်အသင်းမှ ယာဉ်အားပျဉ်းမနားမြို့ပေါင်းလောင်းရပ်ကွက် (၁၀) လမ်းထိပ်တွင် ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးက ဆဲဆို၍ခဲနှင့်ပစ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ပစ်ပေါက်ခဲ့သဖြင့် ကားနောက်မှန်ကြီးဘယ်ဘက်အခြမ်းကွဲကြေသွားကြောင်း သိရသည်။

ယခုဖြစ်ရပ်နှင့်ပတ်သက်ပြီး နေပြည်တော် ပျဉ်းမနားရဲစခန်းတွင် (ပ) ၅၁၄/၂၀၁၀ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄/၄၂၇/ ၁၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ နေပြည်တော်တွင်ယခင်ကလည်း မော်တော်ယာဉ်များကို အဖျက်သဘောပြစ်မှုကျူးလွန်သည့် ဖြစ်ရပ်များရှိခဲ့ဖူးကြောင်း၊ ၎င်းအပြင် ယာဉ်စည်းကမ်းအထောက်အကူပြု ဆိုင်းဘုတ်များကိုလည်း ပစ်ပေါက်ကျူးလွန်မှုများလည်းရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

# မိုးသည်းထန်စွာရွာသွန်းသော်လည်း မုံရွာကြက်သွန်ဈေးကွက် ထိခိုက်မှုမရှိဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ - ၃**

အောက်တိုဘာလကုန်ရက်ပိုင်းအတွင်း သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် မုံရွာမြို့နယ်၌မိုးကြက်သွန်(အမြိတ်ထောင်) စိုက်ခင်းအချို့ရေဝင်ပျက်စီးခဲ့သော်လည်း မုံရွာကြက်သွန်ဈေးကွက် ထိခိုက်နစ်နာမှုမရှိဟု အဆိုပါဒေသခံကြက်သွန်စိုက်တောင်သူများက ဆိုသည်။

“အမြိတ်ထောင်(မိုးကြက်သွန်)က စိုက်တဲ့သူနည်းတယ်ဆိုပေမယ့် မြေနဲ့ရွာမှာတော့ ဆောင်းကြက်သွန်စိုက်ဧကသုံးပုံတစ်ပုံလောက်တော့စိုက်တယ်။ ဒီနှစ်ဆောင်းကြက်သွန်လက်ကျန်တွေ တောင်သူလက်ထဲရှိသေးတော့ အမြိတ်ထောင်ကြက်သွန်တွေစိုက်တဲ့သူနည်းတယ်။ အမြိတ်ထောင်က မိုးတွင်းစိုက်ရတာဆိုတော့ ရာသီကြောင့်အပျက်များတာရော ဈေးကွက်မှာလှောင်မရဘဲ ဒေသတွင်းသုံးလောက်အောင် စိုက်ကြပျိုးကြတာပိုများတယ်။ ဒီနှစ်မိုးက သဲသဲမဲမဲရွာပေမယ့် မြေနဲ့ရွာကလယ်ကွက်တွေက သဲမြေဆိုတော့ရေမဝပ်ဘူး။ ချက်ချင်းရေဆင်းသွားတာဆိုတော့ အပျက်အစီးမရှိပါဘူး။ မိုးကြက်သွန်တွေအချို့နေရာတွေပျက်တယ်ဆိုပေမယ့် မုံရွာမှာဆောင်းကြက်သွန် အဓိကစိုက်ကြပျိုးကြတာဆိုတော့ ကြက်သွန်ဈေးတော့မထိခိုက်ပါဘူး။ လောလောဆယ်မိုးရွာတာကြောင့် ဆောင်းကြက်သွန်လှောင်လက်တွေ ပျက်စီးတာရှိလို့ဈေးနည်းနည်းတက်သွားတယ်”ဟု မုံရွာမြို့နယ်အတွင်း ကြက်သွန်အများဆုံးစိုက်ပျိုးရာမြေနဲ့ကျေးရွာမှ ကြက်သွန်စိုက် တောင်သူတစ်ဦးကပြောသည်။ “ကြက်သွန်ခင်းတွေက ရေဝပ်တဲ့နေရာတွေကတော့ ရေထဲမျောတာမျော၊ အပင်တွေအမြစ်ပုပ်တာပုပ်နဲ့ ပျက်ကုန်ပြီ၊ ကုန်းကျတဲ့နေရာတွေကတော့ရေဆင်းကောင်းတဲ့စိုက်ခင်းတွေကအပျက်အစီးနည်းတယ်။ နောက်ထပ် မိုးကြက်သွန်ပြန်စိုက်ဖို့လည်းမလွယ်ဘူးဆိုတော့ ဆောင်းကြက်သွန်အတွက် ပျိုးထောင်တဲ့သူတွေစထောင်နေပြီ။ ကြက်သွန်ဈေးက စောစောပိုင်းက တစ်ပိဿာနှစ်ရာဝန်းကျင်ကနေ ငါးရာဝန်းကျင်အထိ ဈေးတက်



ဓာတ်ပုံ- အားမာန်

သွားတယ်။ မုံရွာမှာ ဆောင်းကြက်သွန်တွေ အဓိကစိုက်ကြတာလေ။ ကြက်သွန်ဈေးတက်ပေမယ့် မိုးကြက်သွန်ပျက်တာနဲ့တော့မဆိုင်ဘူး။ လှောင်လက်ကြက်သွန်တွေမိုးကြောင့် ပျက်စီးလို့ထုတ်ရောင်းရတာမျိုးလည်းရှိတယ်” ဟု မုံရွာမြို့နယ်မင်းရွာကျေးရွာဒေသခံ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

## ရှေးဟောင်းဘုရားဆင်းတုတော်ခိုးမှုကြောင့် ညီအစ်ကိုနှစ်ဦး ထောင်ဒဏ်အသီးသီးကျ

**စောရန်နိုင်**

**ပခုက္ကူ အောက်တိုဘာ - ၂၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ရှေးဟောင်းဘုရား၊ ကျောက်ဆင်းတုတော်နှင့်သစ်သားဆင်းတုတော်တို့အား ခိုးယူသွားသည့်အမှုတစ်ခုဖြင့် လူငယ်နှစ်ဦးကို သက်ဆိုင်ရာမှစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အောက်တိုဘာ ၅ ရက်တွင် သက်ဆိုင်ရာတရားရုံးက ထောင်ဒဏ်ခုနစ်နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းသိရှိရသည်။

၂၀၀၉ အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီအချိန်ခန့်တွင် ပခုက္ကူမြို့နယ်၊ ကျပ်ပြည့်ရွာ၊ ရွှေမြင်တင်ကုန်းတော်ကြီး ကျောင်းဝင်းအတွင်း ရှင်မြင်ပွင့်လန်းစေတီလိုဏ်ဂူအတွင်းမှ ကျောက်ဆင်းတုတော်လေးဆူအနက် ဉာဏ်တော် ၁၄ လက်မရှိ တင်ပလ္လင်ခွေထိုင်တော်တစ်ဆူနှင့် ကျွန်းသစ်သားဆင်းတုတော်တစ်ဆူတို့ ပျောက်ဆုံးနေကြောင်းသိရသဖြင့် သက်ဆိုင်ရာရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ပခုက္ကူမြို့နယ်၊ ကမ္မရဲစခန်းက (ပ)၁၁၉/၀၉၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀/၂၉၅ ဖြင့် အမှုဖွင့်ထားရှိပြီး၊ အဆိုပါအမှုနှင့်ပတ်သက်၍ ကျော်လင်း (၂၆ နှစ်) ပခုက္ကူမြို့နှင့် ကျော်ဝင်း (၂၉နှစ်) တို့အား ဖမ်းဆီးစစ်ဆေးခဲ့သည်။

ယင်းနောက် ၎င်းအမှုအား ခိုင်မာစွာတည်ဆောက်၍ သက်ဆိုင်ရာပခုက္ကူမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှတ် ၁၄၃၉/၁၀ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး၊ အဆိုပါအမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့်၎င်းတို့နှစ်ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ ထောင်ဒဏ်ငါးနှစ်စီနှင့်ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ၃၈၀/၂၉၅အရ ထောင်ဒဏ် ၂ နှစ်စီ ပြစ်ဒဏ်များ တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

## ယာဉ်မတော်တဆမှုတိုင်ကြားရန် ဖုန်းနံပါတ်များ ထုတ်ပြန်ကြေညာမည်

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ - ၃**

နေပြည်တော် ဧရိယာအတွင်း ယာဉ်မတော်တဆမှုများဖြစ်ပွားပါက နီးစပ်ရာပြည်သူများမှ သတင်းပေးတိုင်ကြားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ၏ တယ်လီဖုန်းနံပါတ်များကို ဘုတ်များဖြင့် စိုက်ထူကြေညာသွားရန်ရှိကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သိရှိရသည်။

ထိုသို့ စိုက်ထူပေးခြင်းဖြင့် ယာဉ်မတော်တဆမှုများဖြစ်ပွားပါက သတင်းအချက်အလက်များ အလျင်အမြန်ရရှိနိုင်သည့်အတွက် လူနာကို အချိန်မီဆေးရုံသို့ ကုသနိုင်မည်ဖြစ်၍ သေဆုံးမှုလျော့ကျလာနိုင်ကြောင်း၊ ၎င်းအပြင် တိုက်ပြီး တာဝန်မဲ့ထွက်ပြေးတိမ်းရှောင်သူများကိုလည်း အလျင်မြန်ဆုံး ဖမ်းဆီးအရေးယူနိုင်မည်ဖြစ်ကြောင်း ကော်မတီဝင်တစ်ဦးကပြောကြားသည်။ နေပြည်တော်ခရိုင်အတွင်းရှိ မော်တော်ဆိုင်ကယ် စီးနင်းသူများအား အောက်တိုဘာလကုန်ပိုင်းကစတင်၍ ရောင်ပြန်စတေကာများ တပ်ဆင်ရန်သတိပေးနှိုးဖော်လျက်ရှိပြီး ဆိုင်ကယ်နောက်မြီးတွင် ကပ်ရသည့် ယင်းစတစ်ကာများကို နေပြည်တော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တစ်ခုလျှင် ကျပ်တစ်ထောင်နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်းလည်း ထပ်မံသိရှိရသည်။

### ပတ္တမြားအက်ဖ်အမ် ရေဒီယိုအစီအစဉ်တွင် မုံရွာသတင်းကဏ္ဍတိုးချဲ့ထုတ်လွှင့်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ - ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဒေသအတွင်း ထုတ်လွှင့်လျက်ရှိသော ပတ္တမြားအက်ဖ်အမ်ရေဒီယိုအသံလွှင့်အစီအစဉ်မှ မုံရွာသတင်းကဏ္ဍကို နိုဝင်ဘာ ၁ ရက်မှ စတင်တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ပတ္တမြားအက်ဖ်အမ်ရေဒီယိုအသံလွှင့်ဌာနကနေ မုံရွာသတင်းကဏ္ဍ တိုးချဲ့ထုတ်လွှင့်ဖို့အတွက် အောက်တိုဘာလအတွင်းက မုံရွာသတင်းထောက်တစ်ယောက်ကို ရှာဖွေခဲ့ပြီး နိုဝင်ဘာ ၁ ရက်ကစကာ မုံရွာသတင်းကဏ္ဍကို ထုတ်လွှင့်နေပါပြီ။ ဂျာနယ်တွေလို တစ်ပတ်အထိစောင့်ဆိုင်းစရာမလိုဘဲ ဒီနေ့သတင်း ဒီနေ့ကြားရတော့ ပတ္တမြားအက်ဖ်အမ်ရေဒီယိုက သတင်းတွေပိုဦးသွားတာပေါ့။ ဂျာနယ်တွေသာမက အက်ဖ်အမ်ရေဒီယိုတွေကပါသတင်းထောက်တွေစခေါ်နေပြီဆိုတော့ မုံရွာကလူငယ်အများစု မီဒီယာလုပ်ငန်းအပေါ် ပိုမိုစိတ်ဝင်စားလာကြတယ်" ဟု မုံရွာဒေသခံသတင်းမီဒီယာတစ်ဦးက ပြောကြားသည်။






7 DAY NEWS JOURNAL
Vol.9, No.34 • NOVEMBER 11, 2010

## အပင်ကြီးများတွင် သစ်ခွတွယ်ကပ်စိုက်ပျိုးခြင်း တောင်သူများ ပိုမိုစိတ်ဝင်စားလာ

**မင်းဒင်**

**မန္တလေး၊ နိုဝင်ဘာ - ၁**

ကော်ဖီခြံ အရိပ်ရအပင်ကြီးများတွင် တွယ်ကပ်စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားသော ပုဂ္ဂလိကသစ်ခွစိုက်ခင်းများမှာ ယခုနှစ် နှစ်ကုန်ပိုင်း၌ စတင်ခွာယူရိတ်သိမ်းကာ သစ်ခွခြောက်စုဆောင်းခြင်းဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ဒိုးကွင်စိုက်ပျိုးရေးခြံတာဝန်ရှိသူတစ်ဦးကပြောသည်။

သစ်ခွခြောက်တင်ပို့ရန် တရုတ်နိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး တင်ပို့ခြင်းအဆင့်ထိမရောက်ရှိသော်လည်း တောင်သူများ စိတ်ဝင်စားသော စိုက်ပျိုးရေးပစ္စည်းဖြစ်လာကြောင်း တင်ပို့ရောင်းချခြင်းအဆင့်ထိ ရောက်ရှိလာပါက ပိုမိုစိုက်ပျိုးလာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သစ်ခွခြောက် စုဆောင်းခြင်း လုပ်ငန်းတွင် အပင်သက်တမ်းတစ်နှစ်ပြည့်ပြီးမှ ခွာယူရိတ်သိမ်း အခြောက်ပြုလုပ်သိမ်းဆည်းရခြင်းဖြစ်ပြီး အပွင့်အတွက်စိုက်ပျိုးခြင်းမဟုတ်ဘဲ အရိုးနှင့် အခေါက်များသာ သုံးစွဲရယူမည်ဖြစ်သည်။ "အဓိကကတော့ စိတ်ဝင်စားတဲ့တောင်သူတွေကို စိုက်ပျိုးနည်းစနစ်တွေပေးတယ်။ ဒီလိုစိုက်ပျိုးတော့ အရင်ကလို သစ်တောထွက်ပစ္စည်းတွေ မဆုံးရှုံးတော့ဘူး။ ရှားပါးမျိုးတွေ ဆုံးရှုံးခြင်းကနေလည်း ကာကွယ်နိုင်တယ်"ဟု ဒိုးကွင်စိုက်ပျိုးရေးခြံတာဝန်ရှိသူတစ်ဦးကပြောသည်။

အပင်ကပ်စိုက်ပျိုးနည်းစနစ်သည် စိုက်ပျိုးစရိတ်သက်သာပြီး တောင်သူများ စိတ်ဝင်စားလာသောစိုက်ပျိုးနည်းတစ်ရပ်ဖြစ်လာသည်ဟုဆိုသည်။ အခြားသစ်ခွစိုက်ပျိုးနည်းများမှာ စင်၊ တိုင်ထောင်၊ အိုးစိုက်၊ ချိတ်ဆွဲ၊ တန်းစသည့်စနစ်များဖြစ်သည်။

သစ်ခွခြောက်ထုတ်ယူရန်အတွက် ဒေါင်းမီးသစ်ခွမျိုးအားစိုက်ပျိုးမှုများပြီး တရုတ်တိုင်းရင်းဆေးအတွက် ဖျားနာပျောက်ဆေး၊ အဆစ်အမြစ်ကိုက်ပျောက်ဆေး၊ ထိုးဆေး၊ အကြောဆေး၊ သွေးတိတ်ဆေးများအဖြစ် သုံးစွဲကြကြောင်းသိရှိရသည်။

ပြင်ဦးလွင်မြို့နယ် ဒိုးကွင်စိုက်ပျိုးရေးခြံအနေဖြင့် ၂၀၀၈ ခုနှစ်မှစတင်ကာ သစ်ခွခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ခဲ့ပြီး ပိဿာချိန် ၆၀၀ ခန့် စုဆောင်းနိုင်ခဲ့ကာ ဈေးကွက်များလည်း ရှာဖွေလျက်ရှိကြောင်း အဆိုပါခြံတာဝန်ရှိသူကပြောသည်။

## မှန်တိုင်းမိုးကြောင့် မိုးစပါး အထွက်နည်းနိုင်

**နန္ဒနွေ**

**စစ်တွေ၊ နိုဝင်ဘာ - ၃**

အောက်တိုဘာ ၂၂ရက်က တိုက်ခတ်ခဲ့သည့် ဂီရိမုန်တိုင်းကြောင့် စစ်တွေမြို့နယ်အတွင်း ကောက်ကြီးစပါးခင်းများမှာ လဲပြိုမှုများရှိခဲ့ရာစပါးခင်းများမှာ လုံးဝပျက်စီးခြင်းမရှိခဲ့သော်လည်း စပါးသီးနှံများ အထွက်နှုန်းလျော့ကျနိုင်ကြောင်း ဒေသခံတောင်သူတစ်ဦးကပြောသည်။

"စပါးပင်က လဲသွားတယ်။ ပြန်လည်ခေါင်းထောင်လာတယ်ဆိုပေမယ့် သီးနှုန်းကတော့ ပင်မတ်ထောင်နေသလို သီးတော့မှာမဟုတ်ဘူး။ အခု မှည့်ဝင်းနေတဲ့စပါးခင်းတွေလည်း ရေဝင်တာကို အမြန်ထုတ်ပစ်နိုင်မှ စပါးခင်းတွေ မပျက်ဘဲနေမှာ။ ရေကို အမြန်ထုတ်ပစ်ဖို့လိုတယ်" ဟု ၎င်းကပြောသည်။

ရခိုင်ပြည်နယ်တွင် မိုးဦးကောက်စောစပါးခင်းမှာ အောက်တိုဘာလဆန်းမှ စတင်မှည့်ဝင်းလာခဲ့ပြီဖြစ်သော်လည်း အချို့စပါးခင်းများမှာ ရိတ်သိမ်းနိုင်ခြင်းမရှိသေးကြောင်း သိရှိရသည်။

## မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ရောင်တော်ဖွင့်မည်



**ဖြိုး**

**မန္တလေး၊ နိုဝင်ဘာ - ၆**

ဆဋ္ဌမအကြိမ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ရောင်တော်ဖွင့်ခြင်းလုပ်ငန်းကို ယခုလ ၁၁ ရက်တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မဟာမုနိဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရောင်တော်ဖွင့်ခြင်းလုပ်ငန်းကို မဆောင်ရွက်နိုင်ခဲ့သည်မှာ ၁၁ နှစ်တာကာလ ကြာမြင့်ခဲ့သဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ သက်နန်းတော်အလွှာများမှာ မှေးမှိန်လာခဲ့သောကြောင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ရောင်တော်ဖွင့်ခြင်းလုပ်ငန်းအား တစ်ရက်တည်း နေ့ချင်းအပြီး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါနေ့တွင် ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်သည်။

ရောင်တော်ဖွင့်လုပ်ငန်းကို နာယကဆရာတော်ကြီးများ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြမည်ဖြစ်ပြီး မန္တလေးနှင့် စစ်ကိုင်းမှ ရွှေပန်းထိမ်ပညာရှင် ၂၀ ဦးမှ စီမံဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

မကိုဋ်တော်၊ စလွယ်တော်၊ ဘယက်တော်တွင်ရှိသော စိန်ရွှေရတနာများကို ဖြုတ်သိမ်းခြင်းမပြုဘဲ ရောင်တော်ဖွင့်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဟုသတင်းရရှိသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ရောင်တော်ဖွင့်ခြင်းလုပ်ငန်းအား ၁၉၈၉ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၂ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် တတိယအကြိမ်၊ ၁၉၉၆ ခုနှစ်တွင် စတုတ္ထအကြိမ်၊ ၁၉၉၉ ခုနှစ်တွင် ပဥ္စမအကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။

## အဝေးသင်တက္ကသိုလ် စာမေးပွဲကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုတင်းကျပ်ဆောင်ရွက်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ - ၁**

မုံရွာတက္ကသိုလ်တွင် အဝေးသင်တက္ကသိုလ်စာမေးပွဲကာလနှင့် မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးပွဲတော်ကာလအတွင်း နယ်ဒေသအသီးသီးမှ ယာဉ်များသွားလာမောင်းနှင်ချိန်ဖြစ်သဖြင့် ယာဉ်အစီးရေ ပိုမိုထူထပ်များပြားလာပြီး စည်းကမ်းမဲ့ယာဉ်မောင်းများကြောင့် ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် သက်ဆိုင်ရာမှ ယာဉ်စည်းကမ်းလမ်းစည်းကမ်းပိုမိုတင်းကျပ်စွာဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

"မုံရွာမြို့ပေါ်မှာ နယ်ဒေသစုံက အဝေးသင်စာမေးပွဲ လာရောက်ဖြေဆိုသူတွေရော မုံရွာဘုရားကြီးဈေးပွဲတော်လာတဲ့သူတွေရောကြောင့် ယာဉ်အစီးရေဟာ ပုံမှန်ထက် သုံးဆလောက်ပိုများလာတယ်။ သက်ဆိုင်ရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့တွေက ယာဉ်အသွားအလာ ထူထပ်တဲ့နေရာတွေမှာ ရှောင်တခင်စစ်ဆေးအရေးယူမှုတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စည်းကမ်းမဲ့ယာဉ်မောင်းတွေကိုတော့ ပညာပေးခြင်း၊ ဒဏ်ရိုက်အရေးယူဆောင်ရွက်ခြင်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မုံရွာမြို့ ယာဉ်စည်းကမ်းလမ်းစည်းကမ်းကြီးကြပ်မှုကော်မတီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။


"အဝေးသင်စာမေးပွဲရော ဘုရားကြီးဈေးပွဲတော် လာတဲ့သူတွေကို ယာဉ်စည်းကမ်းလမ်းစည်းကမ်း စစ်ဆေးတဲ့အခါမှာ စည်းကမ်းမဲ့ယာဉ်မောင်းတွေကို သတ်မှတ်ဒဏ်ကြေးပေးဆောင်ရပါတယ်။ တချို့ကျောင်းသားတွေနဲ့နယ်ကလူတွေက သတ်မှတ်ဒဏ်ကြေးမဆောင်နိုင်တဲ့အတွက် ယာဉ်မောင်းလိုင်စင်တွေ၊ မှတ်ပုံတင်တွေကို အာမခံအဖြစ်ပေးထားခဲ့ရတဲ့သူတွေများတယ်။ တချို့ယာဉ်မောင်းတွေက သတ်မှတ်ဒဏ်ကြေးမဆောင်နိုင်တဲ့အတွက် ယာဉ်မောင်းလိုင်စင်တွေ၊ မှတ်ပုံတင်တွေ လုံးဝလာမယူတာတွေလည်းရှိတယ်။ စည်းကမ်းမဲ့ယာဉ်မောင်းတွေကို သက်ဆိုင်ရာက အရေးယူဆောင်ရွက်လာတဲ့အတွက် မုံရွာမြို့ပေါ်က ယာဉ်မောင်းတွေ စည်းကမ်းတကျမောင်းနှင်ကြပေမယ့် နယ်က လာရောက်နေထိုင်သူတချို့ကြောင့် စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုကို တွေ့နေဆဲပါပဲ"ဟု မုံရွာမြို့ခံယာဉ်မောင်းတစ်ဦးက ကိုယ်တိုင်ယာဉ်စည်းကမ်းဖမ်းဆီးအရေးယူခံရချိန် ကြုံတွေ့ခဲ့ပုံကိုပြောသည်။

"အဝေးသင်ကာလရောက်ပြီဆိုရင် တက္ကသိုလ်အဓိပတိလမ်းမကြီးဖြစ်တဲ့ ကျောက္ကာလမ်းက ကြောက်စရာလမ်းကြီးကိုဖြစ်လို့။ စည်းကမ်းမရှိကွေ့ချင်သလိုကွေ့၊ မောင်းချင်သလိုမောင်းနဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေ ဖမ်းတုန်းခဏပဲ ဖြည်းဖြည်းမောင်းကြတာ။ နောက်ပိုင်း မောင်းချင်သလို မောင်းနေတဲ့ဆိုင်ကယ်တွေကြောင့် ယာဉ်တိုက်မှုတွေ မကြာခဏကြုံတွေ့နေရတာ။ ၂၀၀၉ ခုနှစ်ကစပြီး ကျောက္ကာလမ်းမကြီးကို ယာဉ်တိုက်မှုကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်းမှာတော့ ယာဉ်တိုက်မှုက သိသိသာသာ နည်းသွားတယ်"ဟု မုံရွာမြို့ ကျောက္ကာလမ်းမကြီးတွင် နေထိုင်သူတစ်ဦးက ပြောကြားသည်။

မုံရွာမြို့ပေါ်တွင် အဝေးသင်တက္ကသိုလ်စာမေးပွဲဖြေဆိုချိန်၊ မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးဈေးပွဲတော်ကျင်းပချိန်နှင့် ဇေယျာရွှေမြေဘောလုံးပြိုင်ပွဲ ကျင်းပချိန်များနှင့် ကြုံနေချိန်ဖြစ်သဖြင့် ယာဉ်အစီးရေသည် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်နှင့်အမျှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှယာဉ် စစ်ဆေးခြင်းလုပ်ငန်းများပိုမိုတင်းကျပ်စွာဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့ခံယာဉ်မောင်းများ၏ ပြောပြချက်အရ သိရှိရသည်။

## ချင်းတွင်းမြစ်ရေကြောင်းသွား ရေယာဉ်များ ညအချိန် ခုတ်မောင်းခြင်းရပ်နား

ဓာတ်ပုံ - မျိုးမင်းဦး



**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ - ၃**

ချင်းတွင်းရေကြောင်းခရီးစဉ်များတွင် ပြေးဆွဲလျက်ရှိသောရေယာဉ်များအားလုံး နိုဝင်ဘာလဆန်းပိုင်းမှစတင်၍ ချင်းတွင်းမြစ်ရိုးတစ်လျှောက် မြူများ၊ ရေခိုးရေငွေ့များအုံ့ဆိုင်းနေသဖြင့် ညအချိန်ရေယာဉ်သွားလာခြင်းကိုရပ်နားထားကြောင်း ချင်းတွင်းရေကြောင်းသွား ရေယာဉ်မောင်းများက ပြောသည်။

"ဒီလဆန်းမှာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေခိုးရေငွေ့ပျံ့တာ၊ မြူတွေ မှိုင်းတွေထတာစောလို့ ညပိုင်းရေယာဉ်တွေသွားလို့ မရတော့ဘူး။ ညနေ ၅နာရီလောက်ဆို မှိုင်းတွေထနေလို့ မြစ်ကြောင်းကို ကောင်းကောင်းမမြင်ရတော့ဘူး။ နောက်တစ်နေ့ နံနက် ၈နာရီ၊ ၉နာရီလောက်မှ မှိုင်းကွဲတာဆိုတော့ မှိုင်းကွဲပြီးမှ ရေယာဉ်တွေစထွက်ရတယ်။ နောက်မိုးကောင်းပြီး မှိုင်းထတာတစ်လလောက်စောလို့ ရေယာဉ်တွေ အန္တရာယ်ကင်းဝေးအောင် ညခရီးမထွက်ကြဖို့ သက်ဆိုင်ရာက နှိုးဆော်ထားတယ်"ဟု ချင်းတွင်းရေကြောင်းသွား ခရီးသည်တင်အမြန်ရေယာဉ်မှူးတစ်ဦးက ပြောသည်။"မုံရွာကနေဟုမ္မလင်းကိုဆန်တဲ့အခါ သုံးညအိပ်လောက်ပုံမှန်သွားနေရတာက ညခရီးမထွက်ရလို့ ငါးညအိပ်မှရောက်တယ်။ သင်္ဘောခရီးစဉ်တွေလည်း တစ်ရက်လောက်နောက်ကျပြီးမှ ဆိပ်ကမ်းဝင်နိုင်တယ်။ ညပိုင်းမှာ မြူတွေ၊ မှိုင်းတွေကြောင့် မြစ်ကြောင်းမသဲကွဲချိန် ရေယာဉ်ထွက်ရင် အချိန်မရွေးသောင်တင်နိုင်လို့ ရေအောက်မြုပ်နေတဲ့သစ်ငုတ်တွေလည်း ထိုးပြီး၊ ရေယာဉ်နစ်မြုပ်နိုင်တယ်"ဟု ချင်းတွင်းရေကြောင်းသွား ကုန်တင်အမြန်ရေယာဉ်မောင်းတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်အတွင်း မြူနှင်းမှိုင်းများအုံ့ဆိုင်းနေချိန် ညအချိန်မောင်းနှင်နေမှုကြောင့် ယခင်နှစ်များက ရေယာဉ်နစ်မြုပ်မှုများကြုံတွေ့ခဲ့ရပြီး၊ ခရီးသည်များ အသက်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း ရေယာဉ်မောင်းများက ပြောသည်။

7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# သီတဂူဆရာတော်ကြီး ဦးဆောင်လှူဒါန်းမှုဖြင့် အမြင့်မြို့ဟောင်း တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်

မျိုးမင်းဦး

**မုံရွာ၊ နိုဝင်ဘာ-၃**



သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိနာယကဆရာတော်ဒေါက်တာဉာဏိဿရ၏ ဦးဆောင်လှူဒါန်းမှုဖြင့် မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်မြို့ဟောင်း စံပြကျေးရွာတိုက်နယ်ဆေးရုံအား အရည်အသွေးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အောက်တိုဘာလအတွင်း စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

"သီတဂူဆရာတော်ကြီး ကိုယ်တိုင် အမြင့်တိုက်နယ်ဆေးရုံကို လာရောက်လေ့လာတဲ့အခါ တိုက်နယ်ဆေးရုံမှာ လိုအပ်ချက်တွေကိုကြည့်ပြီး ဆရာတော်က ဆေးရုံအရည်အသွေးမြှင့်တင်ဆောင်ရွက်ဖို့မိန့်ကြားပါတယ်။ ဆရာတော်ကြီး လှူဒါန်းပေးပို့လိုက်တဲ့ကြွေပြားတွေ ဆေးရုံနံရံတွေနဲ့ အောက်ခြေမှာ စတင်ခင်းခြင်းလုပ်ငန်းကို အောက်တိုဘာလလယ်က စတင်ဆောင်ရွက်ခဲ့ပါတယ်။ ခွဲစိတ်ခန်းသုံးပစ္စည်းတွေ၊ ဆေးရုံသုံးပစ္စည်းတွေ၊ ဆေးရုံလူနာခုတင်တွေကအစ သီတဂူဆရာတော်ကြီးက ထောက်ပံ့လှူဒါန်းသွားမယ်လို့ သိရပါတယ်" ဟု အမြင့်တိုက်နယ်ဆေးရုံတာဝန်ကျဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းကပြောကြားသည်။

"အမြင့်တိုက်နယ်ဆေးရုံမှာဆေးပဒေသာပင်အတွက်အလှူငွေကျပ်သိန်းခုနစ်ဆယ်ကျော်ရရှိနေပါပြီ။ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းတဲ့ငွေနဲ့ ချို့တဲ့လူနာတွေကိုဆေးဝါးကုသမှုအတွက် ထောက်ပံ့လှူဒါန်းပေးသွားမှာဖြစ်ပါတယ်။ အမြင့်တိုက်နယ်ဆေးရုံကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ကြိုးစားဆောင်ရွက်ခဲ့ပေမယ့်လုပ်ငန်းပိုင်းမှာ ထင်သလောက်အောင်မြင်မှုမရခဲ့ပါဘူး" ဟု အမြင့်တိုက်နယ်ဆေးရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးဇော်ဝိတ်က ပြောကြားသည်။ အမြင့်တိုက်နယ်ဆေးရုံ လျှပ်စစ်မီးရရှိရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် နေရောင်ခြည်စွမ်းအင်သုံး(ဆိုလာစနစ်) ဖြင့် ၁၉၉၀ ခုနှစ်တွင် လှူဒါန်းခဲ့ပြီး၊ ယခုအခါ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မီးသာမက ဒီဇယ်အင်ဂျင်သုံးလျှပ်စစ်မီးဖြင့် အရေးပေါ်လူနာများအား ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

## *စာ(၃၇) လည်ပတ်ရန်နေရာအသစ်၊ ပွဲတော်အသစ်တွေနဲ့ ခရီးသွားတွေကို ဆွဲဆောင်လာတဲ့ ပန်းမြို့တော်ပြင်ဦးလွင် မှ*

ဒါ့အပြင် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ သဘာဝကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်နဲ့ လိပ်ပြာပြတိုက်၊ သဘာဝဂူ၊ဉယျာဉ်တို့ကို လေ့လာနိုင်ပြီး၊ မြန်မာပြည်မှာ ရှားပါးစာရင်းဝင်ဖြစ်နေတဲ့ အောက်ချင်းငှက် ကိုးကောင်တိတိကို ငှက်ဉယျာဉ်မှာ နီးနီးကပ်ကပ်နဲ့ အစာကျွေးနိုင်သည်။ ဓာတ်ပုံအတူ တွဲရိုက်ရင်ပါတယ်။အန္တရာယ်မပြုတဲ့ ချစ်စဖွယ် အောက်ချင်းငှက်လေးတွေက ကြိုဆိုနေမှာပါ။ ငှက်ဉယျာဉ်မှာ ငှက်အမျိုးပေါင်းလေးရာနီးပါး မွေးမြူထားပြီး အချုပ်အနှောင်မထားရှိဘဲ လွတ်လပ်စွာ ရှင်သန်ကြီးပြင်းနေတာကို လေ့လာနိုင်ပါတယ်။

၂၀၀၆ ခုနှစ်နောက်ပိုင်း ပြင်ဦးလွင်မြို့မှာ ထပ်မံပေါ်ပေါက်လာတဲ့ လည်ပတ်စရာ နေရာအသစ်ကတော့ အမျိုးသားအထိမ်းအမှတ်ဉယျာဉ်ပဲဖြစ်ပါတယ်။ အမျိုးသားအထိမ်းအမှတ်ဉယျာဉ်ဟာအမျိုးသားကန်တော်ကြီးဉယျာဉ်နဲ့ တစ်ဆက်တည်းထိစပ်နေတဲ့ မြေဧရိယာမှာတည်ရှိပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုက အထင်ကရထင်ရှားတဲ့ နေရာတွေ၊ ဘုရားပုထိုးတွေ၊ အဆောက်အအုံတွေ၊ တောတောင်တွေကို ပုံစံငယ်လေးတွေ ဆောက်လုပ်ထားခြင်းဖြစ်ပါတယ်။

ရွှေတိဂုံစေတီတော် ပုံတူဆိုရင် ရန်ကုန်က ရွှေတိဂုံစေတီတော်ကြီးရဲ့ ၁၈ ဆတိတိချုံ့ပြီး ဆောက်လုပ်ပူဇော်ထားတာကို ဖူးမြော်နိုင်ပါတယ်။ ပန်းအလှပင်တွေထက်အရိပ်ရ သစ်ပင်ကြီးများကိုစိုက်ပျိုးထားပြီး ခဏတဖြုတ်အမောအပန်းဖြေစေနိုင်ဖို့ ကော်ဖီဆိုင်လေးတစ်ဆိုင်လည်း ထားရှိပေးထားပါတယ်။ ချောင်းသာကမ်းခြေ၊ ခါကာဘိုရာဇီရေခဲတောင်၊ အင်းလေးကန်၊ ပင်းတယဂူ၊ တောင်ကွဲစေတီ၊ ရိဒ်ရေကန်၊ ရန်ကုန်မြို့တော်ခန်းမ စတဲ့ထင်ရှားတဲ့နေရာဒေသတွေကိုလည်း လက်ရာမြောက် ဖန်တီးတည်ဆောက်ထားတာကို တွေ့မြင်ခံစားနိုင်ပါတယ်။ ဧက ၂၄၀ ကျော် ကျယ်ဝန်းတဲ့ အမျိုးသား အထိမ်းအမှတ် ဉယျာဉ်ကြီးရဲ့ ဝင်ကြေးကတော့ လူကြီးကျပ်တစ်ထောင်၊ ကလေးကျပ်ငါးရာဖြစ်ပါတယ်။ နောက်ထပ်ထွက်ပေါ်လာတဲ့ နေရာအသစ်တစ်ခုကတော့ ဓာတ်တော်ချိုင့်ရေတံခွန်ပဲ ဖြစ်ပါတယ်။ ဓာတ်တော်ချိုင့်ရေတံခွန်ဟာ မြို့တွင်းက ချမ်းမြေ့ရိပ်သာ တရားစခန်းတောင်မှာရှိတဲ့ ချမ်းမြေ့အေးစေတီကနေ လှမ်းကြည့်လိုက်ရင် အသည်းအေးဖွယ် ရေဖွေးဖွေးတွေကို တွေ့ရမှာဖြစ်ပါတယ်။ ဓာတ်တော်ချိုင့်ရေတံခွန်ကို သွားရောက်လည်ပတ်မယ်ဆိုရင် မြို့တွင်းကနေ ဆိုင်ကယ်၊ ကားတို့နဲ့ သွားရောက်နိုင်ပါတယ်။

ပြင်ဦးလွင်မြို့မှာ သုံးနှစ်အတွင်း ထပ်မံပေါ်ပေါက်လာတဲ့ နောက်ထပ်နေရာအသစ်ကတော့ ပြင်ဦးလွင်မြို့၊ နာရီဆိုင်အနီးက ညဈေးတန်းပဲဖြစ်ပါတယ်။ အဲဒီညဈေးတန်းမှာ ရှမ်းရိုးရာအစားအသောက်တွေကို သဘာဝအရသာအတိုင်း အရသာရှိရှိစားသုံးနိုင်ပြီး ဈေးနှုန်းတွေက အမြင့်ဆုံးကျပ်သုံးထောင်ကနေ အနိမ့်ဆုံးကျပ်ရှစ်ရာဖြစ်ပါတယ်။ ညဈေးတန်းဟာ ညနေ ၄ နာရီကနေ ည ၁၀ နာရီအထိ စည်ကားပြီး ခရီးသွားအထူးယာဉ်တွေအများစုလည်းလာရောက်စားသောက်ကြတဲ့ နေရာတစ်ခုဖြစ်လာပါတယ်။

ပြင်ဦးလွင်မြို့က ပြန်တော့မယ်ဆိုရင်တော့ အပြန်လမ်းတစ်လျှောက်မှာရှိတဲ့ ဆွယ်တာဆိုင်တွေမှာ ဈေးနှုန်းအနိမ့်ဆုံး ကျပ်သုံးထောင်ကနေ အမြင့်ဆုံး ကျပ်နှစ်သောင်းဝန်းကျင်ရှိတဲ့ ဆွယ်တာအမျိုးမျိုးကို အိမ်ပြန်လက်ဆောင် ဝယ်ယူသွားနိုင်ပါတယ်။ ဒါ့အပြင် တောင်ဆင်းလမ်းမှာရှိတဲ့ ၂၀ မိုင်ကွေ့မှာ ပြင်ဦးလွင်မြို့ရဲ့ နာမည်ကြီး ပဲကြွတ်ကြော်၊ မက်မန်းသီး၊ ဝိုင်အမျိုးမျိုးတို့ကိုလည်း ထပ်မံဝယ်ယူနိုင်ပါတယ်။ မကြာမီကာလမှာ ကျရောက်တော့မယ့် တန်ဆောင်တိုင်ပွဲတော်ကြီးမှာ မြန်မာပြည်ရဲ့ အထင်ကရ မြို့နှစ်မြို့ဖြစ်တဲ့ ပြင်ဦးလွင်မြို့နဲ့ တောင်ကြီး မြို့တို့မှာ မီးပုံးပျံပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲကျင်းပတော့မှာဖြစ်တာကြောင့် ခရီးသွားပြည်သူများအနေနဲ့ မိမိနှစ်သက်ရာမြို့ကို ရွေးချယ်နိုင်အောင်လို့ ပြင်ဦးလွင်မြို့ရဲ့ မီးပုံးပျံပွဲတော်နဲ့ လည်ပတ်စရာနေရာသစ်တွေကို ဖော်ပြလိုက်ပါတယ်။ ။

# ရာသီကူးပြောင်းမှု ပိုမိုပီပြင်လာသည့်နောက်ပိုင်း ဆောင်းအထည်ဈေးကွက်ပြန်သွက်လာဟုဆို

မျိုးမင်းဦး

**မုံရွာ၊ နိုဝင်ဘာ - ၃**

အောက်တိုဘာ လကုန်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် နိုဝင်ဘာလဆန်းပိုင်းတွင် ရာသီဥတုအေးစပြုလာသည့်အတွက် ဆောင်းအထည်ဈေးကွက် ပြန်လည်သွက်လက်လာခဲ့ကြောင်း အထည်ဆိုင်ပိုင်ရှင်များကပြောသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလကုန်ရက်ပိုင်းအထိ မိုးက အဆက်မပြတ်ရွာပေမယ့် ရာသီက မအေးခဲ့ဘူး။ နိုဝင်ဘာလဆန်းပိုင်းမှာ မိုးကတော့ နည်းနည်းခြားသွားပြီး ညပိုင်းမှာ အအေးဓာတ်ဝင်လာကာ ဆောင်းအထည်တွေဖြစ်တဲ့ စောင်နဲ့ အနွေးထည်တွေလည်း အရောင်းဒီဇိုင်းရော၊ ဈေးနှုန်းပါ သက်သာတဲ့အတွက် အဝယ်များလာတယ်။ မုံရွာစောင်အထည်နဲ့ ချင်းတွင်းမြစ် အနောက်ဘက်ကလာတဲ့ တံအနွေးထည်တွေကတော့ ကျေးရွာတွေက အဝယ်လိုက်သေးတဲ့အတွက် ဒီရက်ပိုင်းဆောင်းအထည်တွေ အပြိုင်အဆိုင်တင်နေရတယ်။ အောက်တိုဘာလအတွင်းတုန်းကတော့ မိုးကာအင်္ကျီတွေလည်း အရောင်းသွက်ခဲ့တယ်" ဟုချင်းတွင်းရတနာဈေးအထည်ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

"ပွဲဈေးတွေမှာ ဈေးသက်သာတဲ့ ပုံထည်ဈေးကွက်က သိသိသာသာရောင်းရသလို၊ ဈေးလျှော့ရောင်းတဲ့ စက်ရုံချုပ်ထည်တွေလည်းအဝယ်လိုက်တယ်။ ဆောင်းအထည်အများစုက ပုံထည်တွေဆီက အဝယ်များတယ်။ ဆောင်းတွင်း အလုပ်ဝတ်အတွက် ပုံထည်တွေရောင်းတဲ့ဆိုင်မှာ ဝင်ရွေးတဲ့သူတွေပုံနေတယ်။ မုံရွာဘုရားကြီးဈေးပွဲတော်မှာ မိုးသည်းထန်စွာရွာခဲ့လို့ ပွဲဈေးသမားတွေ စိတ်ပျက်ခဲ့ရပေမယ့် မိုးအတိတ်ဆောင်းဝင်တဲ့အအေးဓာတ်တွေကြောင့် ဆောင်းအထည်ရောင်းတဲ့သူတွေလည်း အရောင်းပိုသွက်လာပြီ။ ပွဲဈေးသမားတွေမှာ ချတဲ့နေရာမှာ ဆောင်းအထည်ဈေးကွက်အများစုကို ပြည်ပက ဝင်ရောက်လာတဲ့ ပုံထည်အဝတ်အထည်နဲ့ တရုတ်စောင်တွေ နေရာရလာပြီး မုံရွာဒေသထွက် စောင်ဈေးကွက်မှာ အရောင်းကျဆင်းလာတယ်"ဟု မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားပွဲတော်တွင် အဝတ်အထည် ရောင်းချသူတစ်ဦးကပြောသည်။

# မြန်မာစာနယ်ဇင်းသမားများ အိန္ဒိယသို့ စာနယ်ဇင်းသင်တန်းနှင့် လေ့လာရေးသွားရောက်ခဲ့

&efukfEGifbm-3

အဖွဲ့ဝင် ၂၅ ဦးပါဝင်သော မြန်မာစာနယ်ဇင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ အိန္ဒိယနိုင်ငံသို့ စာနယ်ဇင်းသင်တန်းနှင့် လေ့လာရေးခရီးသွားရောက်ခဲ့ကြသည်။

အဆိုပါခရီးစဉ်ကို မြန်မာတိုင်းမ်၊ New Light of Myanmar၊ MRTV၊ Weekly Eleven၊ 7Day News၊ Snap Shot၊ Popular၊ The Voice၊ ပြည်မြန်မာဂျာနယ်နှင့် အခြားသော မီဒီယာများ ပါဝင်သည်။မြန်မာ စာနယ်ဇင်းအဖွဲ့သည် Indian Institute of Mass Communication တွင် စာနယ်ဇင်းသင်တန်းများ တက်ရောက်ခဲ့ပြီး နာမည်ကျော် Indian Gate၊ တာ့ချ်မဟာ၊ ဗုဒ္ဓဂါယာ၊ အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်၊ Hindustan Times၊ Hero Honda ကုမ္ပဏီစသည့်နေရာများကိုလည်း လေ့လာရေးသွားရောက်ခဲ့ကြသည်။




**Vacancy Announcement**
**(Local Service Only)**

**Sales & Marketing** M/F (5) Posts

- Must have a minimum of Bachelor's Degree
- At least (3 to 5) years of relevant working experience
- Emphasize on professional practical marketing experience, presentation skills are essential traits for the job
- Fluent communication skill in English and knowledge of other Languages
- Pleasant Personality
- Able to travel anywhere
- Age between 30-35 years

Interested applicants may send their CV, (2) recent passport photos, copies of N.R.C, Education Recommendation, Previous Job Recommendation, Labour Registration Card, Testimonial letter of Local Authority, full contact address & telephone numbers and expected salary to the following address and email address within TWO WEEKS after this advertisement.

**REGENCY Material Trading Co., Ltd**
No.(6) Aung San Stadium (East Wing), Upper Pansodan Street,
Mingalar Taung Nyunt Township. Phone No: 01250434/01-73008077
**Email Address :** uemmarketing@gmail.com
regency@myanmar.com.mm
uemmarketing@myanmar.com.mm

Education

7DAY NEWS JOURNAL

Vol.9, No.34 · NOVEMBER 11, 2010

## တကသိုလ်များတွင် မျိုးဆက်ပွားကျန်းမာရေး ပညာပေးရန်စီစဉ်နေ

သီဟ

ရန်ကုန်၊နိုဝင်ဘာ-၁

တက္ကသိုလ်များတွင် မျိုးဆက်ပွား ကျန်းမာရေးပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ UNFPA နှင့်ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကျန်းမာရေးဌာနမှ ဒုတိယဌာနမှူးဒေါ်ခင်မျိုးမြင့်ကပြောသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အခြေခံပညာကျောင်းများတွင် အထက်တန်းအဆင့်အထိ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပညာပေးမှုများ ပုံမှန်ပြုလုပ်သော်လည်း တက္ကသိုလ်များတွင် ပညာပေးခြင်း မပြုလုပ်ရသေးသဖြင့် ယခုကဲ့သို့စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်များတွင် မျိုး ဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာနည်းပါးနေသေးသဖြင့် ယခုကဲ့သို့ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းပြုလုပ်ရခြင်းဖြစ်သည်ဟုသိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာနသည် ၁၉၉၄ခုနှစ်မှစ၍ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ကာကွယ်တားဆီးရေးစီမံချက်များ ဆောင်ရွက်ခဲ့ပြီး အသက် ၁၄နှစ်မှ ၂၅နှစ်ကြား လူငယ်များအား ဦးတည်၍ ပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယခုပြုလုပ်ရန်စီစဉ်နေသော တက္ကသိုလ်များတွင် မျိုးဆက်ပွား ကျန်းမာရေး ပညာပေးစီမံချက်သည် စီမံချက်အသစ်ဖြစ်ကြောင်း သိရသည်။



## ဂျပန်နိုင်ငံ Ritsumeikan Asia Pacific Universityတွင် ပညာသင်ဆုရမြန်မာကျောင်းသူတစ်ဦးနှင့်တွေ့ဆုံခြင်း

နေလင်းထွန်း

*yeEkdf&SRitsumeikan Asia Pacific University onEkdfWumrSumifom;rm; tm;&mcktEef;ft vkdfynmoifqkm;ay; tyfvsuf&Sm vuf&Scef;wifref mausmifom;700ausmfcef;Ynf ynmoifqkt pDtpOf;zifh *yeEkdfWif ynmoif, lvsuf&Sumifonf

¤if;wuúodkvfSumifvc65&mcktEef;ft wuf ynmoifqk&&SdxmufefuKfom;a&muf ynmoif, lvsuf&Som toulf19EpfSt&, ;fref mausmifolra&Tnf0if\ tawGUtuHk m; tefvkd;rSpfqifar;jrefxm;onfukdzmfyvkdyfonf

ဂျပန်ရောက်နေတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်ဘာသာရပ်ကိုလေ့လာနေပါသလဲ။

သုံးလလောက်ရှိပါပြီ။ Bachelor of Social Science (လူမှုရေးသိပ္ပံဘွဲ့)ပါ။

jynfwifrSwkduf ynma&;eY tvkdftukdftawGUtuHkawm jyay;yg/

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှာ အိုင်တီဒီပလိုမာတက်တယ်။ အင်္ဂလိပ်စာနဲ့ အဝေးသင်တက္ကသိုလ် တစ်နှစ်တက်ခဲ့ပါတယ်။ အချိန်အများစုကတော့ စေတနာ့ဝန်ထမ်းလုပ်ခဲ့တာပါ။

ynmoifqkzNkb, fvkdjyifqif aqmif&ufcJhygv/

ဒီပညာသင်ဆုသတင်းကို အင်တာနက်ကနေ့ ဂျပန်ဆရာကနေသိရတာပါ။ IELTS၊ ဂျပန်ဘာသာစကားတစ်ပိုင်းတစ်စနဲ့ စေတနာ့ဝန်ထမ်းအတွေ့အကြုံကို အင်တာဗျူးလုပ်တဲ့အချိန်မှာ အသုံးချလိုက်တာပါ။ IELTS အမှတ်က ၅ ဒသမ ၅ ပဲရထားတာပါ။

ynmoifqku 65&mcktEef;fy &w, fqkdwmhaiau;b, f



avmuft okyjcky v/

ကျောင်းလခက ကျပ်သိန်း ၁၅၀၊ Deposit (အပ်ငွေ)က ကျပ်သိန်း ၉၀ လောက်သွင်းရတယ်။ အဲဒါက ကျောင်းမှာနေရင် နေစရိတ်ဖြတ်ပြီး၊ ကျန်တာကို တစ်လချင်းပြန်အမ်းတယ်လေ။ တစ်လကို ကျပ်လေးသိန်းကျော်လောက်ရတယ်။

ausmifwuf&wmpmoif&wm b, fvkdaey v/

သမီးက ဂျပန်စာ သိပ်မရတော့ ဂျပန်စာပါရောသင်ရတယ်။ ဂျပန်စာက မသင်မနေရလေ။ ဒီမှာက ဘာလုပ်လုပ် ကျောင်းသားကို ဦးစားပေးတယ်။ ကျောင်းသားရဲ့ Opinion Feedback (အတွေးအမြင်တုံ့ပြန်မှု)ကိုရအောင်သင်တယ်။

a&mufaewm okv &SDqkdwmh t'Dvrlqufqkdf&eYawU tuHkdjymjyay;yg/

နွေးနွေးထွေးထွေးရှိပါတယ်။ သူများရဲ့အယူအဆကို ဦးစားပေးတယ်။ ဒါပေမဲ့ ပြဿနာက ဘာသာစကားပဲ။ သူတို့ဘာသာစကားကိုအပျောက်မခံဘူး။ နိုင်ငံတကာကျောင်းသားတိုင်း ဂျပန်လိုပြောတတ်ရတယ်။ ဘယ်တော့မှ ဂျပန်တွေက အင်္ဂလိပ်လိုရောမပြောဘူး။ သူတို့ရဲ့ယဉ်ကျေးမှုကို ဘာသာရပ်အနေနဲ့သင်ရတယ်။ ဂျပန်အိမ်သွားလည်ရင်လည်း သင်ပေးတယ်။

t'DSt"du tcuftcu bm jzpf v/

ဘာသာစကားပါပဲ။ မြန်မာပြည်ကနေ သင်လာတာတောင် တကယ့်ဂျပန်နဲ့တွေ့တော့ နားမလည်ဘူးလေ။ သင်လာရင်တောင် တော်ရုံလောက်နဲ့မရဘူး။ အလုပ်လုပ်မယ်ဆိုရင်လည်း ဂျပန်စာလိုတယ်လေ။

ynmoifqkeYausmifftwuf aumifeYoabmwpmcsyfx m; &wmr&dS m;/

ဘာမှတော့မရှိဘူး။ ကြိုက်သလိုလုပ်လို့ရတယ်။ ဂျပန်မှာလည်း အလုပ်လုပ်လို့ရတယ်။ ပြန်လို့လည်းရတယ်။ ဒါပေမဲ့ ကျောင်းပြီးတဲ့အချိန် ဂျပန်မှာ လုပ်ချင်ရင်တော့ ဂျပန်စာတော်တော်ကောင်းမှရမယ်။

b, fvkdnf, fx m; v/

အခုတော့ မပြောတတ်သေးပါဘူး။ ဂျပန်မှာ နည်းနည်းတော့ အလုပ်လုပ်ချင်တယ်။ နှစ်ရှည်ကြီးတော့ မလုပ်ချင်ဘူး။ ဒီမှာက စိတ် နည်းနည်းပိုပင်ပန်းတယ်။ ဒါပေမဲ့ Facility တွေက . . . .

*yefSaumifvmwufcifwh jrefmausmifom;awukb, f

vkduay;cify v/

ဂျပန်စာ ကောင်းကောင်းသင်လာခဲ့ဖို့နဲ့ ကျောင်းလျှောက်မယ်ဆို အချိန်တစ်ခုသတ်မှတ်ပြီး သေသေချာချာလုပ်ဖို့ပါပဲ။

tckvdajzlum;ay;wmaus;Zl wify w, f

### ပညာရေးသတင်းတိုများ

#### ပညာဒါန နိုင်ငံခြားဘာသာစကားသင်တန်းဖွင့်မည်

&efukefEdkifbm-5

သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီး၊ ဘဝမြင့်မှတ်တိုင်အနီးရှိ ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက်၌ ပညာဒါနနိုင်ငံခြား ဘာသာစကားသင်တန်းများကို နိုဝင်ဘာ ၁၃ရက်တွင်စတင်ဖွင့်လှစ်မည်ဟုသိရသည်။ ဂျပန်၊ တရုတ်နှင့် ကိုရီးယားဘာသာစကားများကို စနေနှင့် တနင်္ဂနွေနေ့များတွင် သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလ နှစ်လခွဲအတွက် သင်တန်းကြေးကျပ်လေးထောင်ဟုသိရသည်။

#### IELTSအကြောင်း ဟောပြောပွဲကျင်းပမည်

&efukefEdkifbm-5


အင်္ဂလိပ်ဘာသာစကား အရည်အချင်းစစ်စာမေးပွဲဖြစ်သည့် IELTS အကြောင်း ဟောပြောပွဲကို နိုဝင်ဘာလ ၂၆ရက် ညနေ ၅နာရီတွင် စတင်၍ ဗြိတိသျှကောင်စီ စာကြည့်တိုက်၌ကျင်းပမည်ဖြစ်သည်။ IELTS စာမေးပွဲဖြေဆိုမည့် ကျောင်းသားများ အနေဖြင့် ကြိုတင်စာရင်းပေးသွင်း တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

#### စီမံခန့်ခွဲမှုပညာအကြောင်း ဟောပြောပွဲကျင်းပမည်

&efukefEdkifbm-5

စီမံခန့်ခွဲမှုပညာကြောင်း 'Tomorrow Manager'ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို နိုဝင်ဘာ ၁၉ရက် ညနေ ၅နာရီခွဲမှစတင်၍ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ကျင်းပမည်ဖြစ်သည်။ PS သင်တန်းကျောင်းမှ စီအီးအိုဖြစ်သူဦးမျိုးမင်းဦးမှ ဟောပြောမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်းသိရသည်။



7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# တရုတ်နိုင်ငံရှိ နည်းပညာကောလိပ်တစ်ခုက မြန်မာကျောင်းသားငါးဦးကို ပညာသင်ဆုချီးမြှင့်မည်

&efukefEdkifom - 3

တရုတ်နိုင်ငံမှ နည်းပညာကောလိပ်တစ်ခုသည် မြန်မာကျောင်းသားငါးဦးအား ပညာသင်ဆုရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း အဆိုပါကျောင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဂျန်ကိုပညာရေးဝန်ဆောင်မှုကုမ္ပဏီတွင် ပြုလုပ်ခဲ့သော တရုတ်နိုင်ငံမှ နည်းပညာကောလိပ်ဖြစ်သည့် GEM Global College ၏ ကျောင်းမိတ်ဆက်ပွဲတွင် ၎င်းက သတင်းထောက်များအား ပြောကြားခြင်းဖြစ်သည်။

"တကယ်လိုအပ်တဲ့၊ တကယ် ထိုက်တန်တဲ့ ကျောင်းသားတွေကို ရွေးချယ်သွားမှာပါ။ ပညာသင်ဆုက ကျောင်းလခအတွက်ပါပဲ။ နေထိုင်စားသောက်စရိတ်အတွက်မပါပါဘူး။ ဂျန်ကိုကနေတစ်ဆင့် လျှောက်ထားနိုင်ပါတယ်"ဟု ကျောင်းအကြောင်း လာရောက် ရှင်းလင်းဟောပြောသည့်တာဝန်ရှိအမျိုးသမီးကဆိုသည်။

အဆိုပါနည်းပညာကောလိပ်သည် ဆူဆောင်(Suzhou) စက်မှုဇုန်မြို့တွင် တည်ရှိပြီး မြန်မာကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဆယ်ရာခိုင်နှုန်းရရှိထားပါက အခြေခံသင်တန်းမှ စတင် တက်ရောက်နိုင်မည်ဖြစ်သည်။

ကျောင်းလခများမှာ တစ်နှစ်လျှင် ကျပ်သိန်းငါးဆယ်ဝန်းကျင်ရှိပြီး နေထိုင်စားသောက်စရိတ်မှာ တစ်နှစ်လျှင် ပျမ်းမျှကျပ်သိန်း နှစ်ဆယ်ခန့်ရှိမည်ဖြစ်ကြောင်းသိရှိရသည်။

# ကာတင်းနည်းပညာတက္ကသိုလ် ဘွဲ့လွန်သုတေသနသင်တန်းအတွက် ပညာသင်ဆုလျှောက်နိုင်

&efukefEdkifom - 2

ဩစတြေးလျနိုင်ငံရှိ ကာတင်းနည်းပညာတက္ကသိုလ်တွင် ၂၀၁၂ ပညာသင်နှစ် ဘွဲ့လွန်သုတေသနသင်တန်းအတွက် ပညာသင်ဆုများ (CIPRS)လျှောက်ထားနိုင်ကြောင်းသိရှိရသည်။

၎င်းပညာသင်ဆုအစီအစဉ်အတွက် မည်သည့်ဘာသာရပ် နယ်ပယ်မှ ကျောင်းသားမဆို လျှောက်ထားနိုင်ပြီး သုတေသန မဟာဘွဲ့အတွက် ၂နှစ်နှင့် ပါရဂူဘွဲ့အတွက် သုံးနှစ်ခွဲကြာ သင်တန်းများအတွက် ကျောင်းလခနှင့် နေထိုင်စားသောက်စရိတ်များပံ့ပိုးပေးမည်ဟု သိရှိရသည်။

ပညာသင်ဆုအတွက် ၂၀၁၁ခုနှစ် ဇွန်လမှစတင်၍ ဩဂုတ်လကုန်နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို www.scholor ship.curtin.edu.au တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

# နန်ယန်းနည်းပညာတက္ကသိုလ် မဟာဘွဲ့ပညာသင်ဆုများလျှောက်ထားနိုင်

&efukefEdkifom - 3



စင်ကာပူနိုင်ငံရှိ အစိုးရတက္ကသိုလ်တစ်ခုဖြစ်သော နန်ယန်းနည်းပညာတက္ကသိုလ်(NTU)တွင် ၂၀၁၁ ခုနှစ် ဩဂုတ်လ ကျောင်းဝင်ခွင့်အတွက် မဟာဘွဲ့ပညာသင်ဆုများ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း OESC ပညာရေးဝန်ဆောင်မှုမှသိရှိရသည်။

မဟာဘွဲ့ပညာသင်ဆု လျှောက်ထားလိုသူများအနေဖြင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး နှစ်နှစ်ရှိထားရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာဘာသာရပ်များတွင် ဂုဏ်ထူးတန်း သို့မဟုတ် ဘွဲ့ရရှိထားသူများအနေဖြင့် ပညာသင်ဆုအစီအစဉ်အတွက် လျှောက်ထားနိုင်ကြောင်းသိရှိရသည်။

ကျောင်းသားများအနေဖြင့် အင်ဂျင်နီယာ၊ အိုင်တီ၊ ကွန်ပျူတာ၊ နည်းပညာ၊ စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်များကို လေ့လာသင်ယူနိုင်ကြောင်းသိရသည်။

အဆိုပါပညာသင်ဆုအစီအစဉ်အတွက် နိုဝင်ဘာလမှ စတင်လျှောက်ထားနိုင်ပြီး ဒီဇင်ဘာ ၅ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဟု အထက်ပါပညာရေးဝန်ဆောင်မှုမှ သိရှိရသည်။

# လေဒီဂါဂါအကြောင်း အမေရိကန်တက္ကသိုလ်တစ်ခုတွင် လေ့လာသင်ကြားမည်

e,la,mufEdkifom - 2

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားတက္ကသိုလ်တွင် ပေါ့ပ်အဆိုတော် လေဒီဂါဂါအကြောင်း လေ့လာသင်ကြားမည့် သင်တန်းတစ်ခုကို ဖွင့်လှစ်သင်ကြားတော့မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါသင်တန်းအမည်ကို "လေဒီဂါဂါနှင့် ကျော်ကြားမှုအကြောင်း လူမှုဗေဒ" Lady Gaga and the Sociology of Fame ဟုခေါ်ဆိုထားပြီး၊ တောင်ကယ်ရိုလိုင်းနားတက္ကသိုလ်မှ လူမှုဗေဒပညာရပ်ပါမောက္ခ မက်သီးယူးဒတ်ဖလင်မ်ကသင်ကြားမည်ဖြစ်သည်။

သင်တန်းအတွက် သင်ရိုးအကျဉ်းချုပ်တွင် "သင်ရိုး၏ အဓိကရည်မှန်းချက်မှာ လေဒီဂါဂါ၏ကျော်ကြားမှုနှင့် ပတ်သက်နေသော ရှုထောင့်များကို လူမှုဗေဒပညာရပ်အားဖြင့် ထုတ်ဖော်ရန်ရည်ရွယ်သည်" ဟု ဖော်ပြထားသည်။ ပါမောက္ခဒတ်ဖလင်မ်(၄၈ နှစ်)က "ကျွန်တော်တို့ဟာ လေဒီဂါဂါကို လူမှုဖြစ်ရပ်တစ်ခုအဖြစ် ရှုမြင်လေ့လာမှာပါ။ တချို့ကတော့ ဂါဂါဟာ မက်ဒေါနားလက်သစ်ပဲလို့ပြောကြပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ဟာကိုယ် သီးခြားဖြစ်တည်အောင်မြင်နေတဲ့လူတွေအဖြစ်ထက် လေဒီဂါဂါက ပိုတယ်လို့ မြင်ပါတယ်။ ဖရန့်ခ်ဇတ်ပါ၊ ပရင့်စ်၊ မိုင်းလ်စ်ဒေးဗစ်၊ ဂျင်မီ ဟန်းဒရစ်တို့လိုပါပဲ။ လေဒီဂါဂါမှာလည်း ဒီလိုဖြစ်တည်နေမှု ရှိပါတယ်"ဟုပြောသည်။

—Ref: Telegraph

# အိုင်တီဒီပလိုမာသင်တန်း နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်

&efukefEdkifom - 3

ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၌ အိုင်တီဒီပလိုမာသင်တန်းအား နိုဝင်ဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဟုသိရှိရသည်။

၎င်းသင်တန်းအား အထက်တန်းပညာရေး ပြီးဆုံးထားသူများ တက်ရောက်နိုင်ပြီး၊ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇ နာရီမှ ၁၀ နာရီနှင့် စနေ၊ တနင်္ဂနွေနေ့တို့တွင် နံနက် ၇နာရီမှ ညနေ ၃ နာရီအထိ သင်တန်းချိန် နှစ်ချိန် စီစဉ်ထားကြောင်းသိရှိရသည်။

"ကျောင်းဖွင့်တဲ့နေ့မှာပဲ ကျောင်းအပ်ပြီး တက်လို့ရပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါရင် တက်လို့ရပါတယ်။ လေးလတစ်ကြိမ်သင်တန်းဖွင့်လှစ်နေပါတယ်"ဟု ယင်းသင်တန်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အထက်ပါသင်တန်းကိုးလကြာအတွက် သင်တန်းကြေးမှာ ၁၄၃,၀၀၀ ကျပ်ဖြစ်ကြောင်းသိရှိရသည်။

Moon Bakery Caf'e(Tarmwe Junction) တွင်
(1) Office Staff - 2 post (Female)
(2) Sale Girl - 3 post (Female)
(3) Bakery - 5 post (Male)
CV Form

Perfect
Sale, Service & Fitness Centre

Technology
7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# ကွန်ပျူတာပစ္စည်းအရောင်းအဝယ်နှင့် ဈေးနှုန်း ကျဆင်း

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ - ၆**

ပြည်တွင်းကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အောက်တိုဘာတစ်လလုံးနှင့် ယခု နိုဝင်ဘာလဆန်းပိုင်းကာလများအထိ ဈေးနှုန်းများ ကျဆင်းနေပြီး တစ်ချိန်တည်းမှာပင် အရောင်းအဝယ်ဈေးကွက်လည်း ကျဆင်းနေကြောင်း ရန်ကုန်မြို့ ကွန်ပျူတာဈေးကွက်မှ စုံစမ်းသိရှိရသည်။

ယခုကဲ့သို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် ဈေးနှုန်းများ ကျဆင်းနေရခြင်းမှာ ယခုနှစ် အောက်တိုဘာလတစ်လလုံးနှင့် နိုဝင်ဘာလဆန်းပိုင်းအထိ နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျ ဆက်တိုက်ဖြစ်နေခြင်းကြောင့်ဖြစ်ကြောင်း MSI နှင့် Acer အမှတ်တံဆိပ်ကွန်ပျူတာပစ္စည်းများကို ရောင်းချပေးနေသည့် Royal Smart Co.,Ltd မှ ဈေးကွက်မန်နေဂျာဦးကောင်းမြတ် ကပြောသည်။

ပြည်တွင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျဆက်တိုက်ဖြစ်နေခြင်းကြောင့် ဈေးနှုန်းများကျဆင်းနေသော်လည်း အရောင်းအဝယ်ပိုင်းကျဆင်းနေရသည့်အကြောင်းမှာမူ နိုဝင်ဘာ ၇ ရက်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရန်ရှိနေခြင်းကြောင့်ဟု Perfect Computer Sale &Service မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့်ဦးဝေဠုက ပြောသည်။

"ဈေးနှုန်းတွေက အရင်ထက်ကို ကျသထက် ကျလာတာ။ အောက်တိုဘာလကုန်က ကွန်ပျူတာပြပွဲလုပ်လိုက်တာလည်း ပါတယ်။ ဈေးနှုန်းကတော့ ဒီကာလအတွင်းမှာ မငြိမ်ဘူး။ ဒါပေမဲ့ ဈေးနှုန်းတွေက ကျနေပေမယ့်လို့ အရောင်းအဝယ်ပိုင်းကျတော့ အေးနေတယ်။ ဘာလို့လဲဆိုရင် လူတွေက ဒီကာလမှာ ရွေးကောက်ပွဲအကြောင်းကို ပိုပြီးအာရုံစိုက်လာတာကြောင့်လည်းပါတယ်။ မဲပေးရမယ့် ကိစ္စတွေနဲ့ပတ်သတ်ပြီး ဒီလိုကွန်ပျူတာပစ္စည်းတွေ ဝယ်မယ့်ကိစ္စကို စိတ်မဝင်စားနိုင်ကြတော့ဘူးဖြစ်နေတယ်"ဟု လက်ရှိကွန်ပျူတာဈေးကွက်နှင့်ပတ်သက်ပြီး ဦးကောင်းမြတ်က ဆက်လက်ပြောသည်။

ယင်းကဲ့သို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် ကျဆင်းနေသော ဈေးနှုန်းများ ကွာဟချက်မှာ ကျပ်နှစ်သောင်းမှ သုံးသောင်းဝန်းကျင်အထိရှိကြောင်း အထက်ပါကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်မှ စုံစမ်းသိရှိရသည်။

ဈေးနှုန်းများ ကျဆင်းနေသော်လည်း အရောင်းအဝယ်ပိုင်းတွင် တိုးတက်ရခြင်းမရှိခြင်းနှင့်ပတ်သက်ပြီး Winter Root Computer မှ မန်နေဂျာမနန်းချောစုစုငွေးက"အခု ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေ အကုန်ဈေးကျနေတယ်။ ကျွန်မ အထင် ရွေးကောက်ပွဲကာလက နီးနေတော့ လူတွေက ဒီဘက်ကို အာရုံသိပ်မစိုက်နိုင်ကြဘူးဖြစ်နေတာလို့ထင်တယ်။ ဈေးကျတာကတော့ အတက်အကျ ကွာဟချက်က နှစ်သောင်းနီးပါးရှိမယ်။ ဈေးကျတာကတော့ ဒေါ်လာဈေးက ဒီကာလမှာ နည်းနည်းလှုပ်တာကြောင့်ပါ"ဟုဆိုသည်။

အောက်တိုဘာလ တစ်လလုံးနှင့် ယခုအချိန်ထိ ဈေးနှုန်းနှင့် အရောင်းအဝယ်များ ကျဆင်းနေသော ပြည်တွင်းကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်သည် ရွေးကောက်အပြီးကာလများတွင် ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ရန်ကုန်မြို့တွင်း ဖွင့်လှစ်လုပ်ကိုင်နေကြသော ကွန်ပျူတာလုပ်ငန်းရှင်များက သုံးသပ်ပြောကြားကြသည်။

ပြည်တွင်း၏ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် ပြီးခဲ့သည့် ဩဂုတ်လ ဝန်းကျင်ခန့်က ဈေးနှုန်းများလည်း ကောင်းမွန်ခဲ့ပြီး အရောင်းအဝယ်ကောင်းခဲ့ကြောင်း သိရသည်။

စာ(၂၂)သို့

# ဂျီအက်စ်အမ်ဖုန်းများ ပြည်ပသို့သယ်ယူသုံးစွဲနိုင်ရန် ဆွေးနွေးမှုများပြုလုပ်နေဟုဆို



**ယုဇနကိုကို၊ဇာဇာနီ**

**ရန်ကုန်၊ နိုဝင်ဘာ - ၆**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဂျီအက်စ်အမ်ဖုန်းလိုင်းများကို ပြည်ပနိုင်ငံများသို့ သယ်ဆောင်အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများရှိ တယ်လီဖုန်းအော်ပရေတာကုမ္ပဏီများနှင့် ဆွေးနွေးမှုများပြုလုပ်နေပြီဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တစ်နိုင်ငံလုံးနီးပါး အသုံးပြုနိုင်နေသည့် အဆိုပါဂျီအက်စ်အမ်ဖုန်းများကို ပြည်ပနိုင်ငံများအထိ သယ်ဆောင်အသုံးပြုနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စမ်းသပ်မှုများလည်း စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရှိရသည်။


ယင်းကဲ့သို့ ပြည်တွင်းတွင် သုံးစွဲနေသည့် မြန်မာ့ဆက်သွယ်ရေး၏ ဂျီအက်စ်အမ်ဖုန်းများကို ပြည်ပနိုင်ငံများသို့ သယ်ဆောင်အသုံးပြုနိုင်မည့်စနစ်တွင် မည်ကဲ့သို့သောစနစ်မျိုးဖြင့် အသုံးပြုနိုင်ရန်ကိုမူ စမ်းသပ်နေဆဲဖြစ်ကြောင်း သိရှိရသည်။

ဂျီအက်စ်အမ်ဖုန်းလိုင်းများကို ယင်းကဲ့သို့ စနစ်တစ်မျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ သယ်ဆောင်အသုံးပြုနိုင်သည့်စနစ် အမှန်တကယ်ဖြစ်လာမည်ဆိုလျှင် ပြည်တွင်း၏ ဂျီအက်စ်အမ်ဖုန်းဈေးကွက် ပြန်လည်တက်လာနိုင်ကြောင်း ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသော မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်များမှ သိရှိရသည်။

လတ်တလောကာလတွင် လက်တွေ့အသုံးပြုနိုင်သေးခြင်းမရှိသည့် အဆိုပါစနစ်နှင့်ပတ်သက်ပြီး ရန်ကုန်မြို့တွင်း နေထိုင်သည့် ဂျီအက်စ်အမ်ဖုန်းကိုင်ဆောင်သူအမျိုးသားတစ်ဦးက "ဂျီအက်စ်အမ်ဖုန်းတွေ ပြည်ပနိုင်ငံကို သယ်သွားလို့ရမယ်ဆိုရင် ဘယ်လိုစနစ်နဲ့ ပြည်ပမှာသုံးလို့ရမှာလဲ။ မြန်မာ့ဆက်သွယ်ရေးက ချထားပေးတဲ့နံပါတ်ကို ပြည်ပကနေအသုံးပြုလို့ရမှာလား။ အဲလိုဆိုပိုက်ဆံကုန်ကျမှုကဘယ်လိုလဲ။ အဲ့ဒီလို ပြည်ပကိုသယ်သွားလို့ရနိုင်တဲ့စနစ်ဆိုတာကရော တကယ်ဖြစ်လာနိုင်မှာလား။ တကယ်ဖြစ်လာခဲ့ရင်တော့ ကောင်းပါတယ်။ ဂျီအက်စ်အမ်ဖုန်းတွေကိုလည်း ဒီထက်သက်သာတဲ့နှုန်းထားတွေ၊ ဒီထက်ပိုကောင်းတဲ့စနစ်တွေဖြစ်အောင် လုပ်ပေးစေချင်ပါတယ်"ဟု ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ်ဖုန်းများကိုလည်း စီဒီအမ်အေစနစ်အသုံးပြုသည့် နိုင်ငံများအထိ သယ်ဆောင်အသုံးပြုနိုင်ရန် စတင်ဆောင်ရွက်နေပြီဟု သိရှိရသည်။

# ပြည်တွင်းအင်တာနက် လုံခြုံရေးအတွက် ကန်ဒေါ်လာရှစ်သန်းခန့် ရင်းနှီးမြှုပ်နှံထားရဟုဆို




**ယုဇနကိုကို**

**ရန်ကုန်၊ အောက်တိုဘာ-၃၀**

ပြည်တွင်း၏အင်တာနက်ဆက်သွယ်မှုကွန်ရက်လုံခြုံရေး (Cyber Security) ကဏ္ဍအားလုံးအတွက် အမေရိကန်ဒေါ်လာရှစ်သန်းခန့်အကုန်ကျခံရင်းနှီးမြှုပ်နှံထားရကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ သတင်းအချက်အလက်နှင့် အွန်လိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ ပြောသည်။

ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုများကို ဆိုက်ဘာတိုက်ခိုက်မှု (Cyber Attack) များကို ကြိုတင်ကာကွယ်ထားရန်အတွက်နှင့် ပြည်တွင်း၏ အင်တာနက်လုံခြုံရေးကဏ္ဍအားလုံးတွင် ယခုထက် ပိုမိုလုံခြုံမှုများရှိစေရန်အတွက် အမေရိကန်ဒေါ်လာရှစ်သန်းခန့်အထိ ရင်းနှီးမြှုပ်နှံထားရခြင်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

ပြည်တွင်း၏အင်တာနက်ဆက်သွယ်မှုစနစ်လုံခြုံရေးကဏ္ဍနှင့်ပတ်သတ်ပြီး ၎င်းကဆက်လက်၍ "အခုပြည်တွင်းရဲ့ အင်တာနက်ဆက်သွယ်မှုစနစ် လုံခြုံရေးအတွက် ကာကွယ်ဖို့ အမေရိကန်ဒေါ်လာ ရှစ်သန်းလောက်အကုန်ကျခံထားရတယ်။အဓိကကတော့ DDOS (Distributed Denial-of-Service) စနစ်အတွက်ရယ်လို့ အကုန်ကျခံထားတာမဟုတ်ပါဘူး။ ပြည်တွင်းရဲ့ အင်တာနက်ဆက်သွယ်မှု စနစ်အားလုံးလုံခြုံမှုအတွက် အကုန်ကျခံထားရတာပါ"ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ အင်တာနက်ဆက်သွယ်မှုစနစ်များသည် ယခုနှစ် ဖေဖော်ဝါရီလက တစ်ကြိမ်၊ အောက်တိုဘာလက တစ်ကြိမ် ပြည်ပနိုင်ငံများမှ ဆိုက်ဘာတိုက်ခိုက်မှုပုံစံများဖြင့် တိုက်ခိုက်ခြင်းကိုခံခဲ့ရပြီး ယင်းကဲ့သို့ဆိုက်ဘာတိုက်ခိုက်မှုများနှင့် အခြား

စာ(၂၂)သို့






7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

## နှစ်သက်ရာ ဖုန်းဝင်သံ ထည့်သွင်းနိုင်သည့်ဝန်ဆောင်မှု စီဒီအမ်အေ ၄၅၀ ဖုန်းများတွင် အသုံးပြုနိုင်မည်

**ယုဇနကိုကို၊ ဇာဇာနီ**

**ရန်ကုန်၊ နိုဝင်ဘာ - ၆**
မိမိကြိုက်နှစ်သက်ရာ ဖုန်းဝင်သံကို ထည့်သွင်းနိုင်သည့်စနစ်ဖြစ်သော My Ring Tune ဝန်ဆောင်မှုအား ယခုလအတွင်း ကျပ်ငါးသိန်းတန် CDMA 450 MHz ဖုန်းများတွင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းသိရှိရသည်။

ဖုန်းခေါ်ဆိုလိုက်သည့်အခါတွင် ဖုန်းဝင်သွားသည့် ပုံမှန်အသံနေရာတွင် ကြိုက်နှစ်သက်ရာသီချင်းသံကို ထည့်သွင်းအသုံးပြုနိုင်မည့် အဆိုပါ My Ring Tune စနစ်အား ယခုလက်ရှိအချိန်တွင် ဂျီအက်စ်အမ်ဖုန်းများနှင့် ဒဗလျူစီဒီအမ်အေဖုန်းများတွင် ထည့်သွင်းအသုံးပြုနေပြီး CDMA 800 MHz ဖုန်းများတွင်ပါ အသုံးပြုနိုင်ရန်စီစဉ်နေကြောင်း သိရှိရသည်။

ဖော်ကျွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် အဆိုပါ My Ring Tune ဝန်ဆောင်မှုအား ယခုအချိန်တွင် သုံးစွဲသူဦးရေ ၁၂,၀၀၀ ဝန်းကျင်ရှိပြီဖြစ်ကြောင်းသိရသည်။

## ရတနာပုံဝက်ဘ်ပေါ်တယ်လ်အား ပုံသေမှတ်ပုံတင်လုပ်ကာ သုံးစွဲနိုင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ - ၁**
ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ အမျိုးသားအဆင့်ဝက်ဘ်ပေါ်တယ်လ်ဖြစ်သည့် ရတနာပုံဝက်ဘ်ပေါ်တယ်လ်အား ယခုလလယ်ခန့်မှစတင်ပြီး ပုံသေမှတ်ပုံတင်(Register) ပြုလုပ်ပြီး သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါပေါ်တယ်လ်၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၁၇ ရက်မှစတင်ပြီး တရားဝင်လွှင့်တင်ခဲ့သည့် အဆိုပါရတနာပုံဝက်ဘ်ပေါ်တယ်အား အဆိုပါလတွင်ပင် စတင်သုံးစွဲနိုင်ခဲ့သော်လည်း ယင်းကာလအတွင်း (အောက်တိုဘာမှ နိုဝင်ဘာလဒုတိယပတ်ခန့်အထိ) သုံးစွဲရာ၌ ပုံသေမှတ်ပုံတင်ခြင်း (Register) ပြုလုပ်နိုင်မည်မဟုတ်ဘဲ ယခုလလယ်မှသာစတင်ပြီး ပုံသေမှတ်ပုံတင်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလကစပြီး သုံးလို့ရခဲ့တယ်ဆိုပေမယ့် အဲဒီအချိန်တုန်းက သုံးလို့ရီဂျစ်စတာ(မှတ်ပုံတင်)လုပ်ရင် အခုလလယ်လောက်ကျရင် နောက်တစ်ခေါက် ရီဂျစ်စတာ ပြန်လုပ်ရမှာ။ နောက်တစ်ခေါက် ပြန်လုပ်ရတဲ့ ရီဂျစ်စတာကမှ ပုံသေဖြစ်မှာ။ အသုံးပြုသူရဲ့ နာမည်တွေ (user name)၊ လျှို့ဝှက်နံပါတ်တွေ (Password) တွေကို အကုန်ပြန်ပြောင်းရမှာ"ဟု အထက်ပါတာဝန်ရှိသူကဆက်လက်ပြောသည်။

ယခုလလယ် (နိုဝင်ဘာတတိယပတ်)မှစတင်ပြီး ပုံသေ



သုံးစွဲနိုင်တော့မည့် အဆိုပါ အမျိုးသားအဆင့် ဝက်ဘ်ပေါ်တယ်လ်အား ယခုလွှင့်တင်ထားသောတင်ဆက်မှုပုံစံထက် ပိုမိုအဆင့်မြင့်စေရန် နောက်ဆုံးအဆင့်မြှင့်တင်မှုများ ပြုလုပ်နေခြင်းအတွက် ယခုကဲ့သို့ ဝက်ဘ်ဆိုက်မှတ်ပုံတင်ပုံသေ မလုပ်နိုင်သေးခြင်းဖြစ်ကြောင်း သိရသည်။

ဝက်ဘ်ဆိုက်တွင် မှတ်ပုံတင်ပုံသေ မပြုလုပ်နိုင်သေးသော်လည်း တရားဝင်လွှင့်တင်ထားပြီး စတင်စမ်းသပ် သုံးစွဲနိုင်နေပြီဖြစ်သည့် အဆိုပါ ရတနာပုံဝက်ဘ်ပေါ်တယ်လ်တွင် ပြည်တွင်း၊ ပြည်ပသတင်းများအပြင် အွန်လိုင်းစီးပွားရေးစနစ်များဖြစ်သော e-Banking, e-Commerce, Online Billing System နှင့် အွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းလိုင်းများလျှောက်ထားနိုင်သည့်စနစ်များပါ ပါဝင်လာမည်ဖြစ်သည်။

### စာ(၂၁) - ပြည်တွင်းအင်တာနက် လုံခြုံရေးအတွက် ကန်ဒေါ်လာရှစ်သန်းခန့် ရင်းနှီးမြုပ်နှံထားရဟုဆို မှ

သောဆိုက်ဘာလုံခြုံရေးများအား ကာကွယ်ရန်နှင့် ပြန်လည်ပြုပြင်ရန်အတွက် သုံးစွဲခဲ့ရသောငွေကြေးပမာဏဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယင်းကဲ့သို့ ပြည်တွင်း၏ အင်တာနက်စနစ်လုံခြုံရေးအတွက် ငွေကြေးပမာဏများပြားစွာ သုံးစွဲထားပြီး ဆောင်ရွက်မှုများပြုလုပ်ထားခြင်းဖြင့် နောက်ထပ်ဆိုက်ဘာ တိုက်ခိုက်ခံရမှုများကို ပိုမိုကြိုတင် ကာကွယ်နိုင်မှုများရှိလာမည်ဖြစ်ပြီး၊ ပြည်တွင်းအင်တာနက် ဆက်သွယ်မှုစနစ်သည်လည်း ပိုမိုလုံခြုံမှုရှိလာနိုင်သည်ဟုလည်း ၎င်းကဆိုသည်။

သို့သော် ယခုကဲ့သို့ပြည်ပနိုင်ငံများမှ ဆိုက်ဘာတိုက်ခိုက်မှုများလည်း ထပ်မံပြီးပေါ်ပေါက်လာနိုင်ကြောင်း ၎င်းက ဆက်လက်ဆိုသည်။

ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုလိုင်းများသည် ပြည်ပမှ ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် ယခုနှစ် အောက်တိုဘာတတိယပတ်မှစတင်၍ သိသာစွာကျဆင်းခဲ့ပြီး အင်တာနက်အပေါ်မှီခိုပြီး လုပ်ကိုင်နေရသည့် စီးပွားရေးလုပ်ငန်းများအားလုံးလည်း ယင်းအချိန်အတွင်း လုပ်ငန်းနှောင့်နှေးမှုများဖြစ်ခဲ့ရကြောင်း စုံစမ်းသိရှိရသည်။

### စာ(၂၁) - ကွန်ပျူတာပစ္စည်းအရောင်းအဝယ်နှင့် ဈေးနှုန်း ကျဆင်း မှ

ယခုလက်ရှိတွင် ပြည်တွင်းသို့ ဝင်ရောက်လျက်ရှိသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်အတွင်းရှိ ကွန်ပျူတာပစ္စည်းများမှာ ကွန်တိန်နာသင်္ဘောကြီးများဖြင့် ပင်လယ်ရေကြောင်းဘက်မှ အများဆုံးဖြစ်ကြောင်းနှင့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းမှ ဝင်ရောက်မှုမှာ လတ်တလောကာလတွင် နည်းပါးလျက်ရှိကြောင်း နေပြည်တော်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနနှင့် လုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရသည်။






7DAY NEWS JOURNAL
Vol.9, No.34 • NOVEMBER 11, 2010

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) Processor | 72,500 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 106,000 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775)Processor | 183,200 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 101,400 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 272,500 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 58,600 |
| MSI G41 TM-P33 (775) Motherboard | 55,800 |
| MSI P43- C51 (775) Motherboard | 73,500 |
| MSI P55A-GD65 (1156) Motherboard | 170,200 |
| ASUS P7H55D-USB3 (775) Motherboard | 112,500 |
| ASUS P7P55-LX (1156) Motherboard | 107,900 |
| ASUS P5P41T-LE (775) Motherboard | 77,200 |
| ASUS P5G41T-MLX (775) Motherboard | 58,600 |
| Gigabyte H57M-USB3 (1156) Motherboard | 129,300 |
| Gigabyte H55M-USB3 (1156) Motherboard | 120,000 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 22,300 |
| 2 GB DDR2 (800) Kingston Memory | 39,000 |
| 2 GB DDR3 (1333) Kingston Memory | 35,300 |
| **Harddisk** | |
| 500 GB Seagate SATA | 40,900 |
| 1TB Seagate SATA | 63,200 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 90,200 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 78,100 |
| MSI R5750-PM-2D 1GB PCI Express Card | 146,000 |
| ASUS EAH 5450 1GB PCI Express Card | 64,200 |
| ASUS ENGT 210 1GB PCI Express Card | 67,000 |
| ASUS EAH 4350 512 MB PCI Express Card | 41,900 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 134,900 |
| Gigabyte Geforce 220OC 1GI 1GB PCI Express Card | 84,600 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 102,300 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 8,000 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Toshiba 16GB | 31,500 |
| Memory Stick HP 8GB | 20,000 |
| Memory Stick Sony 4GB | 14,500 |
| Memory Stick Trandscend 8GB | 19,500 |
| Memory Stick Apacer 4GB | 13,000 |
| Memory Stick SanDick 2GB | 8,500 |
| **UPS** | |
| SVC (600VA) | 28,400 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 29,800 |
| STAR (650 VA) LCD Display | 35,300 |
| Orient (650 VA) | 35,300 |
| Orient (1.2KVA) | 61,400 |
| **DVD Writer** | |
| Sony (SATA) | 27,900 |
| ASUS (SATA) | 30,700 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 150,000 |

Technoland ဆိုင်မှ အောက်တိုဘာ(၂၉) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (Insee) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၇ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၆) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀-၁၁,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၅,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၄၀၀-၃,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၂၀၀-၂,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ နိုဝင်ဘာ (၅) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၁၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၅၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၃၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀-၁,၂၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၄,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၀၀၀-၂,၂၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၅၀၀-၅,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၂,၇၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၁၄,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၂၀၀-၂,၅၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁၂၀၀-၁,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၆,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

နိုဝင်ဘာ(၄) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ


| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ | ၁၅၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၂၂၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတိ | ၂၇၀ |
| စူဇူကီးR (2 Way) | - | စတိ | ၁၃၀ |
| ဟိုင်းလပ်ဆဖ် | ၉၇ | ၄ဂ | ၈၅၀ |
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၀၀-၃၁၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၇ | ၄ဂ | ၅၀၀ |
| ရွှေငါး | ၂၀၀၄ | ၄ဂ | ၈၅၀ |
| | ၂၀၀၄ | ၄ဂ | ၁,၀၀၀ စွန်းစွန်း |
| တိုယိုတာလီမိတက် | ၉၂ | ၄ဂ | ၂၀၀ ကျော် |
| ပါဂျဲရို | ၉၇ (ရိုးရိုး) | ၄ဂ | ၈၀၀ |

နိုဝင်ဘာ(၆) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Oct(31) | Nov(1) | Nov(2) | Nov(3) | Nov(4) | Nov(5) | Nov(6) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Octane ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |

7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010



# လန်ဒန်မြို့က ရုပ်တုများနှင့် ဓားတစ်လက် မြင်းတစ်စီး

မောင်သာချို

**၂၀၀၂ ခုနှစ်တွင် အိန္ဒိယ၏ ၁၁ ဆက်မြောက်သမ္မတအဖြစ် အရွေးချယ်ခံခဲ့ရကာ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် သမ္မတတာဝန်ဝတ္တရားများ သက်တမ်းကုန်သဖြင့်နောက်တစ်နေ့ ၂၅ ရက်မှာပင် သူ့သမ္မတအိမ်တော်ပေါ်သို့ တက်စဉ်က ပါလာသည့်သေတ္တာကလေးနှစ်လုံး ဆွဲကိုင်ကာ ပြန်ဆင်းသွားသူ၊ ဘာလက်ဆောင်ကိုမှ လက်မခံခဲ့ပါဟုဆိုလေသူ၊ အိန္ဒိယသမ္မတကြီး အဗ္ဗဒူကလာမ်・・ စပရင်းဖီးလ်မြို့က 'ငါရှေ့နေဆိုင်းဘုတ်ကလေးကို မဖြုတ်နဲ့၊ အဲသည့် ရှေ့နေအလုပ်က မြဲတယ်။ အခု သမ္မတအလုပ်က မြဲတာမဟုတ်ဘူး' ဟု ဆိုလေသူ အမေရိကန်သမ္မတကြီး အေဗရာဟင်လင်ကွန်း・・・**

(တစ်)

တစ်ခါက ဆရာမောင်စူးစမ်း၏ ဆောင်းပါးတစ်ပုဒ်ထဲမှာ ဟီးရိုး (Hero)နှင့် ပတ်သက်ရာရာ အတွေးအခေါ် အယူအဆတို့ကို တော်တော်ကလေး စုံစုံစေ့စေ့ဆွေးနွေးရေးသားထားတာ ကျွန်တော်ဖတ်ခဲ့ဖူးပါသည်။ ဆရာက ဟီးရိုးဆိုတာ မယဉ်ကျေးသေးတဲ့လူ့အဖွဲ့အစည်းနဲ့ ခေတ်မမီသေးတဲ့ မြို့ပြနိုင်ငံတွေမှာ ပေါ်ထွန်းတတ်တာဟုဆိုပါသည်။ Uncivilized situation and absence of modern state ဟု ဖော်ပြထားပါသည်။

သည်အဆိုက ရောမကိုအာခံခဲ့သောစပါတာကပ် (Spartacus) နှင့်တော့ ကွက်တိပဲဖြစ်ပါသည်။ BC 73 ဝန်းကျင် ကျွန်စံနစ်ထွန်းကားသော ရောမ၌ လူလူချင်းသတ်ပုတ်ခိုင်းကာအပျင်းပြေထိုင်ကြည့်သော လောက၊ လူနှင့် တိရစ္ဆာန်ရိုင်းများသတ်ပုတ်ခိုင်းကာ အနိုင်၊ အရှုံးလောင်းကြေးထပ်ကြသောလောကကိုမခံနိုင်သူ စပါတာကပ်(Spartacus)က ထကြွပုန်ကန်လေသောအခါ ထိုကျွန်အညတရ ကျွန်တစ်ယောက်က ဟီးရိုးဖြစ်သွားခဲ့ရပါလေသည်။ ဒါကို ရည်ရွယ်ကာ မယဉ်ကျေးသေးတဲ့ လူ့အဖွဲ့အစည်းနဲ့ ခေတ်သစ်ကမ္ဘာကို မရောက်သေးတဲ့ မြို့ပြနိုင်ငံတွေမှာ ဟီးရိုးတွေပေါ်ထွန်းတတ်တာပါဟု ဆိုလိုခြင်းဖြစ်ပါလိမ့်မည်။

အခုက ခေတ်သစ်ကမ္ဘာ။ ယဉ်ကျေးသောကမ္ဘာ။ ဒ့ါကြောင့် သူရဲကောင်းမလိုတော့ဟု ယူဆပုံရပါသည်။ To Banish Heroies from Human Life တဲ့။ လူသားရဲ့ဘဝထဲက သူရဲကောင်းတွေကို နှင်ထုတ်ပါလေတဲ့။ ဆရာကသည်စာသားကို ကိုးကားဖော်ပြထားပါသည်။ အမှန်တကယ်ကိုပဲ ကမ္ဘာလောကမှာ သူရဲကောင်းတွေမလိုအပ်တော့ဘူးတဲ့လား။ စဉ်းစားစရာဖြစ်ပါသည်။

(နှစ်)

ကျွန်တော်တို့က သူရဲကောင်းဟု ဆိုလိုက်သည်နှင့် ဓားတစ်လက်၊ မြင်းတစ်စီး သို့မဟုတ် သေနတ်တစ်လက်မော်တော်ဆိုင်ကယ်တစ်စီးဖြင့် မကောင်းသူပယ်၊ ကောင်းသူကယ်သော ပုံရိပ်ကိုပြေးမြင်ကြစမြဲ ဖြစ်ပါသည်။ သူရဲကောင်းတို့၊ Hero တို့ စသောစကားလုံး၏ ပုံရိပ်ကသည်ပုံရိပ်အတိုင်းပဲမဟုတ်လား။

ခုတော့ Hero နှင့်အပြိုင် စကားလုံးတွေက အများအပြားပဲ ဖြစ်ပါသည်။ Ideal character တဲ့။ Role model တဲ့။ Ego ideal တဲ့။ Self image တဲ့။ သည်စကားလုံးအားလုံးအတွက် ခြုံငုံအဓိပ္ပာယ်က စံပြဇာတ်ရုပ်၊ စံပြလူသားပဲဖြစ်ပါသည်။ ဓားတစ်လက်၊ မြင်းတစ်စီး၊ သေနတ်တစ်လက်၊ မော်တော်ဆိုင်ကယ်တစ်စီးပုံရိပ်ကိုဘေးဖယ်ပြီး စဉ်းစားလိုက်လျှင်သည်စံပြဇာတ်ရုပ်၊ စံပြလူသားဆိုသည်ကဖြင့် လိုအပ်နေမြဲ အထူးသဖြင့် လူငယ်လူရွယ်တို့အတွက် ပိုမို၍လိုအပ်နေမြဲဟုကျွန်တော်ထင်မိပါသည်။

လူငယ်၊ လူရွယ်တွေဟာ ဘယ်သူ့ကိုမှ အားကျစရာမလိုဘူးလား။ ဘယ်သူ့ကိုမှ စံပြုစရာမလိုဘူးလား။ ဘယ်သူ့ကိုမှ နမူနာယူစရာမလိုဘူးလား။ အတွေးပွားချင်စရာပင်ဖြစ်ပါသည်။

(သုံး)

နည်းပညာနှင့် ပရဟိတလုပ်ငန်းများအတွက် အားကျစရာပုဂ္ဂိုလ်တစ်ယောက်ကို ရည်ညွှန်းပါဟုဆိုလျှင် ကျွန်တော်ကတော့ ဘီလ်ဂိတ်ကို ဖော်ပြလိုပါသည်။ Bill Gates။ Microsoft ကွန်ပျူတာသူဌေးကြီးဘီလ်ဂိတ်။ ဒုတိယနှစ်တက္ကသိုလ်ကျောင်းသားဘဝကို ခေတ္တစွန့်ခွာခဲ့ကာ မိုက်ကရိုဆော့ဖ်ကွန်ပျူတာဖြင့် ကမ္ဘာ့နံပါတ်တစ်သူဌေးဘဝရောက်အောင် လုပ်ဆောင်ခဲ့သည်သာမက ချမ်းသာသမျှ နေဥစ္စာတို့ကို ပရဟိတလုပ်ငန်းတွေထဲ ထည့်ဝင်ဖို့ ဆုံးဖြတ်ကြေညာထားခဲ့သည့် သည်လိုလူတစ်ယောက်ကို လူငယ်တွေ အားကျမိတာမကောင်းဘူးလား။

၂၀ ရာစု၏ Man of the Century ဟု အသတ်မှတ်ခံခဲ့ရသော ရူပဗေဒဆိုင်ရာ နိုဗယ်ဆုရှင်အဲလဘတ်အိုင်းစတိုင်း(Albert Einstein) ၏ ဉာဏ်ပညာကြီးမားပုံ၊ အနေရိုး၊ အစားရိုး၊ မာန်မာနမရှိ ပကတိဖြူစင်ပုံကြီးကိုကြည့်ကာ သည်လူအိုင်းစတိုင်းကို လူငယ်တွေအားကျနေမိရင်ရော မကောင်းဘူးလား။

၂၀၀၂ ခုနှစ်တွင် အိန္ဒိယ၏ ၁၁ ဆက်မြောက် သမ္မတအဖြစ် အရွေးချယ်ခံခဲ့ရကာ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် သမ္မတတာဝန်ဝတ္တရားများ သက်တမ်းကုန်သဖြင့် နောက်တစ်နေ့ ၂၅ ရက်မှာပင် သူ့သမ္မတအိမ်တော်ပေါ်သို့တက်စဉ်က ပါလာသည့် သေတ္တာကလေးနှစ်လုံးဆွဲကိုင်ကာ ပြန်ဆင်းသွားသူ၊ ဘာလက်ဆောင်ကိုမှ လက်မခံခဲ့ပါဟုဆိုလေသူ၊ အိန္ဒိယသမ္မတကြီးအဗ္ဗဒူကလာမ် (Abdul Kalam)ကို လူငယ်တွေ အားကျနေတာရောမကောင်းဘူးလား။

ထို့အတူ စပရင်းဖီးလ်မြို့က 'ငါရှေ့နေဆိုင်းဘုတ်ကလေးကို မဖြုတ်နဲ့၊ အဲသည့်ရှေ့နေအလုပ်ကမြဲတယ်။ အခု သမ္မတအလုပ်က မြဲတာမဟုတ်ဘူး' ဟုဆိုလေသူ အမေရိကန်သမ္မတကြီး အေဗရာဟင်လင်ကွန်း (Abaraham Lincoln)၊ ကမ္ဘာပေါ်မှာ ဘုမသိ၊ ဘမသိ မျက်ရည်ကျနေသူတွေ အများကြီးရှိတယ်ဟုဆိုကာ ပရိဟိတအလုပ်များထဲမှာ နောက်ဆုံးထွက်သက်ကို ရှူထုတ်သွားသူကရုဏာရှင်မကြီးမာသာထရီဆာ၊ လူတစ်ယောက်တစ်လတစ်ယွမ်ထည့်ရုံနဲ့ ကမ္ဘာကိုကယ်လို့ရပါတယ်ဟုဆိုကာ The one foundation ထောင်လေသူ ကမ္ဘာကျော်ကွန်ဖူးစတား ဂျက်လီ(Jet Li) စသည်စသည်ဖြင့် လူငယ်တို့အားကျစရာပုဂ္ဂိုလ်တွေနယ်ပယ်အသီးသီးမှာ ရှိပါသည်။ဘောလုံးသမားတွေ၊ တေးဂီတပညာရှင်တွေ၊ စာရေးဆရာတွေ၊ ပန်းချီဆရာတွေ၊ စာနယ်ဇင်းသမားတွေ၊ ပညာရှင်တွေ၊ ဘယ်သူဘယ်ဝါ၊ ဘယ်နယ်ပယ်ကမှ ရယ်လို့မဟုတ်။ တစ်ဦးဦးကို အားကျတာ ကိုယ့်လမ်းကို ကိုယ်ရှာဖြစ်နေတာက အဓိပ္ပာယ်ကလေးများ ရှိလေမလားဟု ကျွန်တော်စဉ်းစားမိပါသည်။ ကိုယ်အားကျမိသူသည် ဓားတစ်လက်၊ မြင်းတစ်စီးနှင့်တော့လည်း ဟုတ်ချင်မှဟုတ်ပေမပေ့ါ။

(လေး)

"ခရီးသည်"စာအုပ်ထဲမှာဆရာဇော်ဂျီက သူ့လန်ဒန် အတွေ့အကြုံများကို တော်တော်များများထည့်ရေးထားခဲ့ရာ "လန်ဒန်မြို့က ရုပ်တုများ" ဆိုသည့် စာတစ်ပုဒ်လည်း ပါဝင်ပါသည်။ ဆရာက လန်ဒန်မြို့တွင် ကြေးသွန်းရုပ်တမော့ရုပ်များကို မျက်စိနှင့်မလွတ်အောင်မြင်နေရကြောင်း ဖော်ပြပါသည်။ ဥပမာ-ရှိတ်စပီးယားအရုပ်တဲ့။ သမ္မတလင်ကွန်းအရုပ်တဲ့။ ဗိုလ်ချုပ်ကြီး အော်လီဗာကရွန်ဝဲအရုပ်တဲ့။

ဆရာဇော်ဂျီက ထိုအရုပ်များကိုကြည့်ကာ ရှုမြင်သူတို့ စိတ်ဓာတ်တွေ အပြောင်းအလဲဖြစ်နိုင်ကြောင်း၊ အထူးသဖြင့် လူငယ်တွေအားကျအတုယူကာ စိတ်နေသဘာဝတို့ မြင့်မားလာနိုင်ကြောင်း ကောက်ချက်ချထားခဲ့ပါသည်။ ဘယ်သူ့ကိုမှ အားမကျဘယ်သူ့လိုမှလည်း မဖြစ်ချင်ဘူးဆိုတာကတော့ သိပ်မကောင်းလှဟုထင်ပါသည်။

Hero ပဲခေါ်ခေါ်၊ Ideal Character ပဲခေါ်ခေါ်၊ Role Model ပဲခေါ်ခေါ် Ego Ideal ၊ Self Image ကြိုက်ရာခေါ် အိုင်းစတိုင်းကို Great personality ဟု ခေါ်သလို ခေါ်ချင်လည်းခေါ် လူကောင်းသူကောင်းတစ်ယောက်ယောက်ကို အားကျမိတာကတော့ ကောင်းသောစိတ်အခြေအနေဟု ယူဆပါသည်။

ကဲ . . . ဘယ်သူ့ကိုများ အားကျနေမိကြပါလိမ့်။ ။

## ပဲအချို့နှင့်ဆီထွက်သီးနှံများဈေးမြောက်

ဖြိုး

**မန္တလေး၊ နိုဝင်ဘာ - ၄**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယခုတစ်ပတ်၌ ပဲတီစိမ်း၊ နှမ်းနက်(စမုံ)၊ နှမ်းဖြူ၊ ပြည်တွင်းသုံးကုလားပဲဖြူလုံးကြီး(ဘီတူး)၊ ကုလားပဲဖြူလုံးကြီး(ထိုင်ဝမ်)၊ မြေပဲဆီဆန်(လုံးဆန်နှင့်ဆီဆန်) ဈေးများတက်သွားကြောင်းသိရှိရသည်။ "ရာသီဥတုကလည်းဖောက်တယ်။ သီးနှံကလည်း ပျက်တော့ ပစ္စည်းကရှားသွားတယ်။ ဝယ်လိုအားကလည်း များတော့ဈေးတက်တာပါ။ အခုပဲတီစိမ်းကို တရုတ်ကပစ္စည်းကောင်းဝယ်ပြီး အောက်စကိုတော့ အိန္ဒိယဘက်ကဝယ်နေတယ်" ဟု ပဲ၊ နှမ်းပွဲရုံတစ်ခုက ပြောသည်။

ပဲတီစိမ်းသည် သုံးတင်းဝင်တစ်အိတ်လျှင် နိုဝင်ဘာ ၁ ရက်တွင် ထိပ်စမှာ ၈၂,၀၀၀ မှ ၈၃,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိပြီး နိုဝင်ဘာ ၄ ရက်တွင် ထိပ်စမှာ ၈၈,၀၀၀ ကျပ်ဝန်းကျင်၊ အလတ်စမှာ ၇၈,၀၀၀ ကျပ်ဝန်းကျင်နှင့် အနိမ့်ဆုံးမှာ ၄၅,၀၀၀ ကျပ်ဝန်းကျင်အထိ တက်သွားခဲ့သည်။ ပဲတီစိမ်းသည် မိုးများ၍ ပစ္စည်းပျက်သွားသော်လည်း ယခုအချိန်တွင် ပြည်တွင်းလှောင်လက်များ လက်ထဲတွင်ရှိနေပြီး ပြည်ပမှ ဝယ်လိုအားလည်း ကောင်းလျက်ရှိသည်။ တစ်ပတ်အတွင်း မြေပဲဆန်ဈေးမှာ တစ်ပိဿာလျှင် ၁,၆၂၅ ကျပ်မှ ၁,၇၀၀ ကျပ်အထိ တက်သွားခဲ့သည်။ မြင်းခြံ၊ တောင်သာနှင့် နွားထိုးကြီးဘက်မှလာသော မြေပဲဆန်များမှာ မိုးကြောင့်အပျက်အစီးများ၍ ဈေးတက်သွားခြင်းဖြစ်သည်ဟု သိရှိရသည်။

"လတ်တလောမှာ ပဲထွက်အားနည်းနေတယ်။ မိုးကြောင့် အပျက်အစီးနည်းနည်းရှိသွားတယ်။ လုံးဆန်အနီဆို ပျောက်ကိုသွားတာ။ အဲဒါကြောင့် အဆန်အဖြူကိုပြန်သုံးနေရတာ" ဟု မန္တလေးမြို့ရှိ ပဲနှမ်းပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။ အောက်တိုဘာလကုန်တွင် ဈေးကွက်၌ပြန်အေးလျက်ရှိသောနှမ်းဈေးမှာ ယခုတစ်ပတ်အတွင်း ပြန်တက်သွားကြောင်း မန္တလေးကုန်စည်ဒိုင်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မန္တလေးနှမ်းဈေးကွက်သည် ယခုတစ်ပတ်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ခြုံကျော်ထိပ်စ ၉၀,၀၀၀ ကျပ်ဝန်းကျင်၊ အလတ်စ ၈၂,၀၀၀ ကျပ်၊ ၈၃,၀၀၀ ကျပ်ဝန်းကျင်နှင့် အောက်စ ၇၃,၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

မြေပဲအဓိကစိုက်ပျိုးထွက်ရှိသည့် ဒေသတစ်ခုဖြစ်သော မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ် မြေပဲစိုက်ပျိုးမှုမှာ လျာထားချက်ထက် အနည်းငယ်လျော့ကျခဲ့ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ၂၀၁၁ တွင် ငှက်ပျောဈေးကွက် ကောင်းနိုင်ဟုဆို

မျိုးမင်းဦး

**မုံရွာ၊ နိုဝင်ဘာ - ၃**

စစ်ကိုင်းတိုင်းအတွင်း ငှက်ပျောအဓိကစိုက်ပျိုးရာ မူးမြစ်ရိုးတစ်လျှောက် ကနီမြို့နယ်၊ ဘုတလင်မြို့နယ်အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့်ငှက်ပျောစိုက်ဧက သိသိသာသာလျော့နည်းသွားသဖြင့် လာမည့်နှစ် ငှက်ပျောဈေးကွက်မြင့်တက်လာနိုင်ကြောင်း မုံရွာဒေသခံငှက်ပျောရောင်းဝယ်သူတစ်ဦးက ပြောသည်။"ပြီးခဲ့တဲ့နွေတုန်းက အပူချိန်ပိုများလို့ ငှက်ပျောစိုက်ခင်းတွေ ညှိုးခြောက်ပြီး သေကုန်တယ်။ ငှက်ပျောခင်းတချို့က ပဲ၊ စင်းငုံ၊ ပြောင်းစတဲ့သီးနှံတွေ ပြောင်းလဲစိုက်ပျိုးတယ်။ အများစုက ဖီးကြမ်းငှက်ပျောတွေဖြစ်ပြီး၊ သီးမွှေးနဲ့ရခိုင်ငှက်ပျောတွေ အနည်းအကျဉ်းလည်း စိုက်တယ်" ဟု ကနီမြို့နယ် ငှက်ပျောစိုက် တောင်သူတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလတုန်းက မူးမြစ်ရေလျှံပြီး မူးမြစ်ရိုးတစ်လျှောက် ငှက်ပျောခင်းတွေ ရေနစ်ပျက်ကုန်တယ်။ လာမယ့်နှစ်တော့ ငှက်ပျောအထွက်မရှိရင် ဈေးတက်တော့မယ်။ ငှက်ပျောဈေးတက်ရိပ်ရှိပေမယ့် မူးမြစ်အထက်ပိုင်းက ငှက်ပျော်တွေ ဆင်းလာနိုင်တယ်"ဟု ညောင်ပင်ဝန်းကျေးရွာ ငှက်ပျောစိုက်တောင်သူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် သီတင်းကျွတ်လပြည့်နေ့ ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငှက်ပျောဈေးကွက်မြင့်တက်ခြင်းမရှိသော်လည်း အုန်းသီးဈေးကွက်မှာ ပုံမှန်ဈေးထက် လေးဆခန့်မြင့်တက်လာကြောင်းသိရသည်။

# ELECTION REPORT

## ရခိုင်ပြည်နယ်တွင်ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီအရှိန်အဟုန်ကောင်း

**မြတ်စုမွန်**

"ပြုံးနေတယ်ဗျ၊လူတွေအားလုံးရဲ့ မျက်နှာမှာ အပြုံးတွေအပြည့်ပဲ၊ သူတို့တွေ အရမ်းပျော်နေကြတယ်"

နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲအပြီး ပထမဆုံး မနက်ခင်းတွင် မြင်ရသည့် မြင်ကွင်းကို မြောက်ဦးမြို့မှ ဒေသခံရခိုင်အမျိုးသားတစ်ဦးက အပျော်တစ်ဝက် ဖြင့် ဖွင့်ဟပုံဖော်သည်။

"လူတွေအားလုံးက မနေ့က အောင်မြင်မှုအကြောင်းကို ပြန်ပြောနေရတာကို အရမ်းစိတ်ကျေနပ်နေကြတယ်။ လူတွေရဲ့ မျက်နှာတွေဟာ ဒီမနက်ခင်းမှာ ပြုံးနေကြတယ်။ အရင်တုန်းက ရှိခဲ့တဲ့ အကြောင်းတရားတွေ အားလုံးဟာ ပြောင်းပြန်ဖြစ်သွားပြီ။ ကျွန်တော်တို့အားလုံး အမျိုးသားရေး တာဝန်တစ်ရပ်ကျေပြီဆိုပြီး အရမ်းဂုဏ်ယူနေမိတယ်" ဟု ရခိုင်အမျိုးသားဦးရွှေတင်ကပြောသည်။

ရခိုင်ပြည်နယ်တွင် နိုင်ငံရေးပါတီစုစုပေါင်း ၈ ခု ပါဝင်ယှဉ်ပြိုင်သည့်အနက် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင်ရွေးကောက်ပွဲအကြိုကာလကပင် အင်အားအကောင်းဆုံး ပါတီအဖြစ် ဦးဆောင်လျက်ရှိသည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက နိုဝင်ဘာ ၇ ရက်ရွေးကောက် ပွဲနေ့ညပိုင်းတွင် ရရှိသည့် နောက်ဆုံးသတင်းအရ ၈၀ ရာခိုင်နှုန်းအနိုင်ရထားပြီဖြစ်ကြောင်း ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က အတည်ပြုပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၂၀ ကာလအတွင်း ပထမဆုံးပြုလုပ်သည့်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို နိုဝင်ဘာ ၇ ရက်တွင် ကျင်းပရာ၌ ရခိုင်ပြည်နယ်တွင်လည်း ဂီရိမုန်တိုင်းသင့်ဒေသများ အပါအဝင် မြို့နယ်ပေါင်း ၁၇ မြို့နယ်လုံးတွင် တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

စစ်တွေမြို့နယ်တွင် အခြေစိုက်ပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီသည် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် ရရှိသော မဲရလဒ်များအရ အနိုင်ရနေပြီဖြစ်သော်လည်း ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများရှိ မဲရလဒ်များကို အတည်မပြုနိုင်သေးကြောင်း သိရသည်။

"အခု နောက်ဆုံးရထားတဲ့ ရလဒ်တွေအရ ယေဘုယျကို ခြုံကြည့်မယ်ဆိုရင် ကျွန်တော်တို့ဘက်က နိုင်မှာပါ။ စစ်တွေမှာဆိုရင် နိုင်ဖို့ ရာခိုင်နှုန်း ၉၀ ရှိတယ်။



KNDP ကိုအားပေးနေသည့် စစ်တွေမြို့ခံများ။
ဓာတ်ပုံ - မြင့်မြတ်ဖြူ

ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်ပြားနဲ့ ကျောက်ဖြူမှာ အောင်မြင်တယ်။ မာန်အောင်ကလည်း သေချာသလောက်ရှိတယ်။ သံတွဲကတော့ သတင်းမရသေးဘူး။ အားလုံးကို ခြုံကြည့်မယ်ဆိုရင်တော့ ၈၀ ရာခိုင်နှုန်းနိုင်ခြေက ကျွန်တော်တို့မှာရှိတယ်" ဟု ဒေါက်တာအေးမောင်က ရွေးကောက်ပွဲနေ့ ည ၉ နာရီတွင်ပြောသည်။

ရခိုင်ပြည်နယ်တွင် မြို(ခေါ်) ခမီ အမျိုးသားညီညွတ်ရေးပါတီ၊ ခမီပါတီ၊ ကမန်အမျိုးသားများ တိုးတက်ရေးပါတီ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့်ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ရခိုင်တိုင်းရင်းသားများ ယုံကြည်အားကိုးမှု အရရှိဆုံးနှင့် အားသာချက်အများဆုံးပါတီတစ်ခုဖြစ်ကြောင်း စစ်တွေနှင့် မြောက်ဦးဒေသများမှ ရခိုင်တိုင်းရင်းသားများက တညီတညွတ်တည်းပြောကြသည်။

"ကျွန်တော်က ရခိုင်သားတစ်ယောက်ဖြစ်နေလို့ ရခိုင်ပါတီကို မဲထည့်တာ။ တန်းတူညီမျှ အခွင့်အရေးတွေ လိုချင်တယ်။ ကျွန်တော်တို့ရဲ့ ဒုက္ခတွေ၊ အခက်အခဲတွေကို ကျွန်တော်တို့ကိုယ်စား ပြောပေးဖို့အတွက် ရခိုင်ပါတီကို မဲထည့်ခဲ့တယ်။ ရခိုင်လူမျိုးတွေရဲ့ ဘဝနဲ့ခံစားချက်တွေကို ရခိုင်လူမျိုးတွေကပဲ နားလည်တယ်"

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရှိ ရခိုင်လူမျိုးအများစုမှာ မဲရုံသို့တက်ကြွစွာပင် လာရောက်မဲပေးကြကြောင်း ဒေသခံများထံမှ သိရသည်။

"ကျေးတောရွာအုပ်စုထဲ က ရွှေပြည်သာရွာက မှတ်ပုံတင်မရှိတဲ့လူတွေကို မှတ်ပုံတင်လုပ်ပေးဖို့ဆိုပြီး အိမ်ထောင်စုဇယားပေးထားတာ။ မဲထည့်တဲ့နေ့အထိ မှတ်ပုံတင်လည်း ပြန်မရ၊ အိမ်ထောင်စုစာရင်းလည်း ပြန်မရတော့ မဲမထည့်လိုက်ရတဲ့သူတွေ များတယ်"ဟု ကျေးတောရွာမှ ဒေသခံအမျိုးသားတစ်ဦးကပြောသည်။

"ကျွန်တော်တို့မှာ ရွေးချယ်စရာရှိတယ်။ ဒါကြောင့်ပြတ်ပြတ်သားသားပဲ မဲလာပေးတာ။ တကယ်လို့များ ရွေးချယ်စရာရှိမနေဘူးဆိုရင် မဲရုံကိုလာချင်မှ လာထည့်ဖြစ်မှာပဲ" ဟု စစ်တွေမြို့၊ ရွှေပြားရပ်ကွက် မဲဆန္ဒနယ် (၁)၊ မဲရုံအမှတ်(၁)တွင် လာရောက်မဲပေးသည့် ရခိုင်အမျိုးသားတစ်ဦးက ပြောသည်။

ရခိုင်လူမျိုးအများစု၏ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီကို ထောက်ခံမဲပေးကြရသည့် အကြောင်းအရင်းမှာ ရခိုင်လူမျိုးတို့၏ အမျိုးသားရေးစိတ်ဓာတ်ထက်သန်မှု၊ အမျိုးကိုချစ်သော စိတ်ဓာတ်နှင့် ပါတီအပေါ် ယုံကြည်အားကိုးမှုများကြောင့်ဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်များအရသိရသည်။

"ကျွန်တော်တို့ ကိုယ့်လူမျိုးကိုယ်ချစ်တယ်ဆိုတာ သူများလူမျိုးကို မုန်းဖို့အတွက် မဟုတ်ဘူး။ ကျွန်တော်တို့ ရခိုင်လူမျိုးတွေအတွက် ရခိုင်ပါတီကပဲ လုပ်ပေးနိုင်မယ်လို့ ယူဆတယ်။ ကရင်ကလည်း မလုပ်ပေးနိုင်ဘူး။ ကိုယ့်အိမ်ကို ကိုယ်ဆောက်ကြရမယ့် သဘောပဲ။ ရခိုင်ပြည်နယ်အတွက် ရခိုင်သားတွေရဲ့အသံကို ဒီပါတီက ကိုယ်စားပြောပေးနိုင်မယ်လို့ ယုံကြည်လို့ပေးတာ။ ပြီးတော့ ဒီပါတီဟာ အခြားတိုင်းရင်းသားတွေရဲ့ အပေါ်မှာ နေဖို့အတွက် လုပ်နေတာမဟုတ်ဘူး။ တန်တူညီမျှ အခွင့်အရေးရဖို့ လုပ်နေတာ" ဟု အဝေးရောက်နေသော ဇနီးနှင့်သမီးများအတွက် နိုဝင်ဘာ ၆ ရက်က ကြိုတင်မဲသွားရောက်ပေးခဲ့သည် ဦးရွှေမောင်က ပြောသည်။

"ဒီရွေးကောက်ပွဲမှာ ရခိုင်ပါတီနိုင်ဖို့လို့ ရာနှုန်းပြည့်ယုံကြည်တယ်။ ပါတီမှာ ဦးဆောင်နေသူတွေရဲ့ စိတ်ဓာတ်နဲ့ လုပ်ဆောင်မှုတွေက ကောင်းတယ်။ သူတို့မိဘတွေကလည်း သမိုင်းကောင်းခဲ့တယ်။ ဒီပါတီဟာ ကျွန်တော်တို့ ရခိုင်အမျိုးသားအားလုံးကို ကိုယ်စားပြုတယ်လို့ ခံယူပါတယ်။ ရခိုင်တစ်မျိုးသားလုံးရဲ့ စားဝတ်နေရေး၊ စီးပွားရေးနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးမယ်ဆိုတဲ့ သူတို့ပေးထားတဲ့ ကတိကိုလည်း ရာနှုန်းပြည့်ယုံတယ်" ဟု မြောက်ဦးမြို့နယ်မှ ဦးမောင်သန်းက ပြော သည်။

"ကျွန်တော်က မြောက်ဦးမြို့ ဆင်ချဆိပ်ရပ်ကွက်မှာ မဲပေးရမယ်။ ကျွန်တော်က ရခိုင်သားဆိုတော့ ရခိုင်ပါတီကိုပေးမယ်။ ရွေးကောက်ပွဲပြီးလို့ အခြေအနေတွေကောင်းလာရင် ဒီထက်တိုးတက်တဲ့ အလုပ်တစ်ခု လုပ်ချင်ပါတယ်" ဟု မြောက်ဦးမြို့ မင်းသားကျွန်းသင်္ချိုင်းမှ သုဘရာဇာဦးစောမောင်က သူ၏ခံယူချက်ကို ပြောသည်။

စာ(၂၈)သို့

## ရှမ်းမြောက်က ရွေးကောက်ပွဲ

**အိဖြူလွင်၊ ဝတ်ရည်**

နှင်းမကွဲသေးသော လားရှိုးမြို့၏ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ရဲစခန်းရှေ့ရှိ ရပ်ကွက် ၂မဲရုံသို့ ဘောင်းဘီရှည်နှင့် အနွေးထည်ထူထူဝတ်ထားသော အသက် ၅၅နှစ်အရွယ်ခန့် စုံတွဲတစ်တွဲရောက်ရှိလာခဲ့သည်။ မဲရုံတာဝန်ကျ ဆရာမကအစောကြီး လမ်းလျှောက်ထွက်ကြတာလား မဲတစ်ခါတည်းထည့်သွားမလားဟု မေးလိုက်သည်နှင့် အမျိုးသမီးကြီးက တစ်ခါတည်း ထည့်သွားမယ်ဟုသွက်လက်စွာ ပြန်ဖြေရင်း မဲပေးရန်အတွက် အ. လ. က(၅)ကျောင်းဝင်းထဲသို့ ဝင်သွားခဲ့ကြသည်။

နောက်တစ်နေရာတွင်တော့ ဆိုင်ကယ်များ၊ ကားများ စက်ဘီးများဖြင့် အနွေးထည်ကိုယ်စီဝတ်ထားကြသော အသက် ၃၅ နှစ်ခန့်မှ ၆၅ နှစ်ခန့်အထိ အရွယ်များသာပါဝင်သည့် လူများသည် သိပ္ပံလမ်းကိုဖြတ်၍ အ. ထ. က-၁ ကျောင်းဝင်းရှိ နယ်မြေ ၂ ရပ်ကွက် ၁မဲရုံသို့ တဖွဲဖွဲသွားနေကြသည်။

သူတို့အားလုံးသည် မနက်စောစောလမ်းလျှောက်ထွက်ရင်း ဈေးသွားရင်းဖြင့် အုပ်စုလိုက်မဲလာထည့်ကြခြင်းဖြစ်ပြီး သူတို့မျက်နှာတွင်တော့ သူတို့ထည့်ခဲ့သည့် မဲကို လျှို့ဝှက်စွာထည့်ခဲ့ရခြင်းနှင့် မည်သူကိုမှ မည်သည့်ပါတီကို မဲထည့်ခဲ့ခြင်းဆိုသည်ကို မပြောလိုဟန်များက ပေါ်လွင်နေသည်။

ကိုးကန့်၊ ရှမ်း၊ တရုတ်နှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး အခြားတိုင်းရင်းသားမျိုးနွယ်စု အများအပြားလည်း စုစည်းနေထိုင်ကြသော ရှမ်းပြည်နယ်တွင် ပြည်နယ်တစ်ခုလုံး၌စုစုပေါင်း နိုင်ငံရေးပါတီ ၁၀ခုဝင်ရောက်ယှဉ်ပြိုင်ပြီး တိုင်းရင်းသား လူမျိုးစုပါတီ ၈ခုထိရှိနေသည်။

တိုင်းရင်းသားပါတီများများ ပြားနေခြင်းက တစ်နိုင်ငံလုံးတွင် မဲဆန္ဒနယ်အပြည့်နီးပါးဝင်ရောက်ယှဉ်ပြိုင်ပြီး အင်အားအကောင်းဆုံးပါတီဖြစ်သည့် ပြည်ခိုင်ဖြိုးပါတီအတွက် ရှမ်းပြည်နယ်သည် ယှဉ်ပြိုင်မှုခက်ခဲသောနေရာတစ်နေရာဖြစ်နေသည်။

"နိုင်မယ်လို့မျှော်လင့်ထားလားဆိုတော့ လူမျိုးရေးနဲ့ယှဉ်လာတဲ့အတွက် လူမျိုးစုပါတီတွေအားကောင်းတဲ့နေရာလို့ပဲယေဘုယျပြောချင်ပါတယ်။ နေရာကျဉ်းလားကျပ်လားဆိုတာကတော့ ပြည်သူကပဲဆုံးဖြတ်ပါလိမ့်မယ်" ပြည်ခိုင်ဖြိုး၏ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်အတွင်းရေးမှူးက 7Day News သို့ပြောသည်။ တိုင်းရင်းသား လူမျိုးစုပါတီ ၆ခုရှိနေသော ရှမ်းပြည်နယ် မြောက်ပိုင်းတွင်မူ မဲဆန္ဒနယ်အများစုတွင် တိုင်းရင်းသားပါတီများထဲတွင် အင်အားအကောင်းဆုံးဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)နှင့် ပြည်ခိုင်ဖြိုးပါတီများမှာ အဓိကယှဉ်ပြိုင်ဘက်များဖြစ်ကြသည်။

တိုင်းရင်းသားပါတီများသည် မိမိတို့လူမျိုးအများဆုံး နေထိုင်သော မြို့နယ်အချို့တွင်သာ ယှဉ်ပြိုင်ကြပြီး ပြည်နယ်တစ်ခုလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မဟုတ်သည့်အတွက် ရှမ်းပြည်နယ်အတွင်းကိုယ်စားလှယ်လောင်းတစ်ရာကျော်ယှဉ်ပြိုင်သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့နှစ်ခုသာ အဓိကယှဉ်ပြိုင်ဘက်ပါတီများဖြစ်နေခြင်းဖြစ်သည်။

"အဓိကယှဉ်ပြိုင်ရမှာကတော့ ပြည်ခိုင်ဖြိုးပဲ။ ရှမ်းပြည်နယ်မှာက တိုင်းရင်းသားပါတီတွေများပေမယ့် ပါတီတွေက ကိုယ့်လမ်းကြောင်းနဲ့ကိုယ်ပဲသွားတယ်။ ဘယ်သူ့ကိုမှ တိုက်ခိုက်စော်ကားတာတွေလည်း မရှိကြဘူး"ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ လားရှိုးမြို့နယ်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ ဦးစိုင်းစံမင်းကပြောသည်။

ထိုဒေသတွင် နေထိုင်သည့် တိုင်းရင်းသားများအနေဖြင့် လူမျိုးအလိုက် လူမျိုးစွဲကြီးကြခြင်းကလည်း တိုင်းရင်းသားပါတီများအတွက် အင်အားကောင်းစေသည့်အချက်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့တွေက လူမျိုးလိုက်ဆိုတော့ သိပ်စဉ်းစားစရာမလိုဘူး။ ရွေးစရာလည်းမလိုဘူး။ ကိုယ်ကရှမ်းဆိုရင် ရှမ်းပါတီဖြစ်တဲ့ ကျားဖြူကိုထည့်မယ်။ ကိုးကန့်တွေကလည်း သူတို့ကိုးကန့်ပဲထည့်မှာ။ ဝန်ထမ်းတွေကလည်း ပြည်ခိုင်ဖြိုးပဲထည့်ကြတာ။

စာ(၂၈)သို့

7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# တောင်ဥက္ကလာပ မြင်ကွင်း

ငြိမ်းငြိမ်းနိုင်

tvif;a&mifcyfaz;azmhwb0ifpwdwfvdwfqdwfqdwf&Som Edkif bm7&ufeHUcif/vyfppf;Dwvif;xdeeonftaqmuft tkH u;Dua0vaD0vif;feHUcif;0efu;ifwpfck/kHk tvif;a&mifay; ae\/xdkaqmuft tkHawmif0uúmyrdU, ftwifu r½kH trSf-1wn&S"r®kH;Dpfonf

တိတ်ဆိတ်နေသည့် ၅ နာရီခွဲဝန်းကျင် နံနက်ခင်းကို ထိုအဆောက်အအုံဆီမှလော်စပီကာသံက ဖောက်ထွင်းသွားသည်။

မဲရုံများတွင် မဲလာပေးနိုင်ကြောင်းနှင့် မဲရုံနေရာများကို လော်စပီကာမှတစ်ဆင့် မဲဆန္ဒရှင်များသို့အော်ဟစ်အသိပေးနေခြင်းပင်။

ခဏကြာတော့ စပီကာသံ ရပ်သွားသည်။ ပတ်ဝန်းကျင်လည်း ပြန်လည်တိတ်ဆိတ်သွား၏။ အဆောက်အအုံအတွင်းသွားလာလှုပ်ရှားနေသူများကတော့ ရှုပ်ယှက်ခတ်နေသည်။ ဓမ္မာရုံရှေ့ ဖြတ်သွားဖြတ်လာတို့နှင့် အနီးနားဝန်းကျင်ကလူအချို့ကတော့ အဆောက်အအုံတွင်းသို့ ကဲကြည့်၍ စပ်စုကြသည်။



နိုဝင်ဘာ၇ရက်က မြင်တွေ့ရသည့် ကိုယ်စားလှယ်လောင်း ဒေါ်ကန်းခန့်ဒိမ်း၊ ဦးအောင်သိန်းလင်းနှင့် ဦးကောင်းမြင့်ထွန်း။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မဲရုံဖွင့်ဖို့ ၁၅ မိနစ်အလို (၆ နာရီထိုးရန် ၁၅ မိနစ်အလို)တွင် အသက် ၅၀ ကျော်အဘိုးအဘွားစုံတွဲတစ်တွဲက မဲပေးလို့ရပြီလားဟု မေးရင်းပင် အဆောက်အအုံ ညာဘက်ခြမ်းက မဲရုံအမှတ် ၁ သို့ ဝင်သွားလေသည်။

ထိုနေရာက ၂၀၁၀ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မှုပြင်းထန်ဆုံးသော မဲဆန္ဒနယ်များထဲက တစ်ခုဖြစ်ပြီး၊ လက်ရှိ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)မှအမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ကန်းခန့်ဒိမ်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးကောင်းမြင့်ထွန်း၊ ဒီမိုကရက်တစ်ပါတီမှ အမျိုးသမီးကိုယ်စားလှယ် ဒေါ်တင်တင်မြနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်လောင်းတို့၏ ပြည်သူ့လွှတ်တော်အမတ် နေရာလုပွဲပင်။

၆ နာရီထိုးရန် ၃ မိနစ်အလိုတွင် မဲရုံရှေ့သို့ ငွေရောင် ဆော့ဖ်ကားတစ်စီးရှေ့ဆုံးက ဦးဆောင်သည့်ဆလွန်းကားသုံးစီး ရှေ့နောက်ဆင့်ကာ ဓမ္မာရုံရှေ့ထိုးဆိုက်လာသည်။။

ဆော့ဖ် ကားထဲမှ ရွှေဖလားရောင်ရခိုင်ပုဆိုးနှင့် နို့သာရောင်တိုက်ပုံဝတ်ထားသည့် အသက်အမျိုးသားတစ်ဦးဆင်းလာသည်။

သူက တောင်ဥက္ကလာမြို့နယ်မဲဆန္ဒရှင်များ ဆုံးဖြတ်ပေးရမည့် ကျော်ကြားသော ပါတီကိုယ်စားလှယ်လောင်းတစ်ဦး ဖြစ်သော မြို့တော်ဝန်ဦးအောင်သိန်းလင်းပင်။

ဇနီးသည်နှင့်အတူ မဲရုံသို့ မဲပေးရန် ရောက်လာသော ဦးအောင်သိန်းလင်းက ၆ နာရီခပ်စွန်းစွန်းမှာပင် မဲရုံအတွင်း လွှတ်တော်တစ်ရပ်ချင်းစီကိုမဲထည့်ပြီး မဲရုံအပြင် ဓမ္မာရုံဝန်းထဲတွင် မိတ်ဆွေများနဲ့ရပ်ကြည့်စကားပြောကာ ကားများဖြင့် မဲရုံမှ ပြန်ထွက်ခွာရန်ပြင်သည်။ ကားပေါ်တက်လုဆဲဆဲတွင် 7Day News ၏ မေးမြန်းမှုကို "ဒီမြို့နယ်က မဲရုံတွေသွားဖို့ရှိပါတယ်။ ဘယ်သွားမလဲဆိုတာတော့ စီစဉ်နေတုန်းပါပဲ" ဟု ခပ်မြန်မြန်ဖြေကြားကာ ကားမှန်အနက်ပြန်တင်လိုက်ပြီး ချက်ချင်းထွက်ခွာသွားသည်။

ဦးအောင်သိန်းလင်းမဲထည့်သွားသည့် မဲရုံက တောင်ဥက္ကလာမြို့နယ်တွင်းက စုစုပေါင်း ၂၀၃ ရုံသော မဲရုံများအနက်မှ တစ်ခုဖြစ်သည်။

တောင်ဥက္ကလာက မဲရုံတွေတစ်ဝိုက်မှာတော့ မဲဆန္ဒရှင်တွေ တက်တက်ကြွကြွနှင့် မဲရုံဖွင့်ပြီး နာရီပိုင်းအတွင်းမှာကို မဲပေးသူက အနည်းဆုံး ၅၀ ခန့်ဝင်နေပြီဆိုသည်ကို မဲရုံ ၂၀ ခန့်ကို လိုက်လံကြည့်ရှုသိရှိရသည်။

"မဲရုံဖွင့်ဖွင့်ချင်းကို သွားပေးခဲ့တာ။ အလုပ်ရှိသေးတော့လေ။ မြန်မြန်ပြီး ပြီးတာပေါ့။ ကိုယ့်တောင်ဥက္ကလာသားပဲ ပေးခဲ့ပါတယ်"ဟု ခြင်္သေ့ပါတီကိုမဲပေးခဲ့သည့် ဆိုက်ကားသမားမဲဆန္ဒရှင်တစ်ဦးကပြောသည်။

အသက် ၈၀ အရွယ် မဲဆန္ဒရှင် ရခိုင်အဘွားအိုတစ်ဦးကတော့ "အဘွားကတော့ ခမောက်ပဲပေးခဲ့တယ်။ ရခိုင်မဲပုံးကတော့ ပေးလို့မရခဲ့ဘူး။ စာရင်းကြောင့်လို့ပြောတယ်"ဟု ရခိုင်သံမပီမသဖြင့်ပြောဆိုသည်။

အဘွားနှင့်အတူပါလာသည့် မြေးမလေးနှစ်ဦးကလည်းခမောက်ပါတီကိုပဲပေးခဲ့ကြောင်း တက်တက်ကြွကြွစကားဆိုသည်။

တောင်ဥက္ကလာရပ်ကွက်ကလမ်းတွေထဲမှာတော့ မဲရုံသွားသူတွေကိုခပ်စိပ်စိပ်ကိုမှတ်ပုံတင်လေးတွေကိုင်ကာသွားလာနေကြတာ အဆက်မပြတ်တွေ့ရသည်။ အသက်ကြီးပိုင်းများအများစုဖြစ်ပြီး လူငယ်များကိုလည်း တွေ့ရသည်။ မဲဆန္ဒရှင်အများစုကတော့ နံနက်စောစောပေးဖို့ကို အားသန်နေတာတွေ့ရသည်။

မနက်စောစော မဲရုံဖွင့်ဖွင့်ချင်းမှာ တက်တက်ကြွကြွနှင့် မဲလာထည့်သွားသော မြို့တော်ဝန်ကြီး၏ ယှဉ်ပြိုင်ဘက် NDF ပါတီမှ ဒေါ်ကန်းခန့်ဒိမ်းကတော့ နံနက်၇ နာရီတွင် သူမ မဲပေးရမည့် တာမွေမြို့နယ် မအူကုန်းရှိ မဲရုံတစ်ရုံတွင် ရောက်ရှိနေသည်။

မဲရုံတွင် မဲထည့်ခဲ့ပြီးမှ သူမ ဝင်ရောက်ယှဉ်ပြိုင်ရမည့် တောင်ဥက္ကလာမြို့နယ်သို့ ပန်းရောင်ချိတ်လုံချည်၊ အင်္ကျီလက်ရှည်အဖြူပေါ်တွင် အနီရောင်ခမောက်တံဆိပ် ရင်ထိုးထိုးလျက် နံနက် ၉ နာရီခွဲခန့်တွင် တက္ကစီတစ်စီးနှင့် ရောက်ရှိလာသည်။

"တာမွေဘက်မှာ မဲထည့်တဲ့လူတွေသိပ်မရှိလို့စိတ်ပူနေတာ။ လူတွေမဲလာပေးပါစေလို့ဆုတောင်းနေပါတယ်"ဟု သူမက စိုးရိမ်စကားဆိုသည်။

မဲရုံတော်တော်များများကို လိုက်လံကြည့်ရှုမည်ဖြစ်ပြီး သူမပါတီဝင်လူငယ်များကို ၆ ရပ်ကွက်နေအိမ်တစ်ခုတွင် ထိုင်စောင့်နေရင်း ကြိုတင်မဲကိစ္စများ၊ မဲရုံအခြေအနေများကိုဖုန်းတစ်လုံးနှင့် ဆက်သွယ်ပြောဆိုမေးမြန်းနေသည်။ "ပြီးရင် ဆိုက်ကားနဲ့ ပတ်ကြည့်မယ်။ ကားကဝင်လို့အဆင်မပြေမှာစိုးလို့လေ။ ရင်တော့မခုန်ပါဘူး။ လူတွေမလာမှာတော့ခုထိစိတ်ပူနေတုန်းပဲ"ဟု နံနက် ၁၀ နာရီခွဲခန့်ကပြောဆိုသည်။ သူမ မျက်နှာက စိတ်ရှုပ်ထွေးမှုတွေ တစ်ခါတစ်ရံ မြင်နေရတတ်သော်လည်း ပြုံးရွှင်ရယ်မောမှုကိုတော့ မကြာခဏဆိုသလို တွေ့နေရသည်။

ထိုအချိန်တွင်တော့ မြို့တော်




ဝန်ကြီးက မဲရုံအချို့ကို စတင်လိုက်လံကြည့်ရှုနေပြီဖြစ်သည်။ "ကျွန်တော်နဲ့ ဦးအောင်သိန်းလင်းက မဲရုံနှစ်ခုမှာတွေ့ပါတယ်။ သူလည်း သူ့ဟာသူကြည့်၊ ကိုယ်လည်း ကိုယ့်ဟာကိုယ်ကြည့်ပေါ့" ဟု NDFအမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ပြောသည်။

တစ်သီးပုဂ္ဂလ ဦးကောင်းမြင့်ထွဋ်ကတော့ ဗဟန်းမြို့နယ်က မဲရုံတစ်ရုံတွင် မဲပေးအပြီး တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းပေါ်က မဲရုံအမှတ် ၂၀ သို့ နံနက် ၁၀ နာရီခွဲဝန်းကျင်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံထောင်ထားသော ဂျစ်ကားတစ်စီးနှင့် ရောက်လာပြန်သည်။

"ကျွန်တော် မဲရုံတွေလိုက်ကြည့်မှာပါ။ ခုတော့မဲတွေက NDF ကြောင့်ဒီမိုကရေစီအင်အားစုတွေရဲ့ မဲတွေက ပြားကုန်တယ်လို့ထင်တယ်။ ဒီကြားထဲ ကြံ့ခိုင်မဲကိစ္စတွေကအတော်ရှုပ်နေတယ်။ ကျွန်တော်ကတော့ ကြိုမှန်းလို့ရနေပါတယ်"ဟု ပြောသည့် သူ့အသံက ပုံမှန်လောက်မမာတော့တာသေချာသည်။

နေနည်းနည်းမြင့်လာချိန် ၁၁ နာရီဝန်းကျင်လောက်တွင်တော့ မဲရုံများတွင် မဲပေးသူနည်းနည်းကျဲလာသလိုရှိသည်။ အမကကျောင်းတစ်ခုထဲကနေ ထီးဆောင်းလျက်မဲရုံအကူဝန်ထမ်းအကူအညီဖြင့် တွဲထွက်လာသောမဲလာပေးသည့် အသက် ၈၅ နှစ်အရွယ်ကျောင်းအုပ်ဆရာဟောင်းကြီးတစ်ဦးကတော့ "တောင်ဥက္ကလာသားလည်းပါတယ်။ တစည လည်းပါတယ်။ ခမောက်လည်းပါတယ်။ ပြီးတော့ ဟိုအဝါရောင်ကဒေါင်းနဲ့ဟာလည်း ပါတယ်။ ဘယ်ဟာပေးခဲ့လဲတော့ နားလည်ပေးပါ၊ ဘာဘမပြောချင်ဘူး။ တစ်ခုတော့ရွေးခဲ့ပါတယ်" ဟု နောက်တစ်ကြိမ် ရွေးကောက်ပွဲတွင် မဲပေးရန် အခွင့်ရေးမသေချာတော့သည့်အတွက် မဲပေးရန်ထွက်ခဲ့သည်ဆိုသော အဆိုပါကျောင်းအုပ်ဆရာဟောင်းကြီးက ပြောသည်။

အသက်အရွယ် မတိမ်းမယိမ်း လူလတ်ပိုင်းအမျိုးသားအမျိုးသမီးတစ်ဖွဲ့ကလည်း အဖွဲ့လိုက်ဝင်လာကာ ထိုအဖွဲ့ထဲမှ အမျိုးသားတစ်ယောက်က "ကျွန်တော်က စည်ပင်ဝန်ထမ်းပါ။ ခြင်္သေ့ကို မဲပေးမှာပါ"ဟု မဲရုံအဝင်ဝတွင် ဖြေကြားသွားသည်။

နေ့ခင်းပိုင်းတွင်တော့ မနက်ကလို အုပ်လိုက်အဖွဲ့လိုက်မဟုတ်တော့ဘဲ မဲပေးသူတစ်ယောက်နှစ်ယောက်စသာတွေ့ရသည်။ နေ့လယ် သုံးနာရီလောက်တွင် တောင်ဥက္ကလာပမြို့နယ် ကော်မရှင်ရုံးသို့ ဦးအောင်သိန်းလင်း၊ ဒေါ်ကန်းခန့်ဒိမ်းတို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုရောက်လာသည်။ တစည နှင့် ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်နှစ်ဦးလည်း ရောက်လာသည်။ ရရှိထားသော ကြိုတင်မဲများ ရေတွက်ရန် စုံညီခေါ်ထားခြင်းဖြစ်သည်။

ညနေ ၅ နာရီခန့်တွင် မြို့တော်ဝန်က ကော်မရှင်ရုံးထဲမှ ထွက်လာကာ ရုံးရှေ့တွင် သူ့ကိုစောင့်နေသူများကို နှုတ်ဆက်စကားပြောပြီး ပြုံးရွှင်စွာပင် ကားများဖြင့် ထွက်သွားကြတော့သည်။

ခဏကြာလျှင် NDF နှင့် တစည ကိုယ်စားလှယ်လောင်းတွေထွက်လာကြသည်။ ဒေါ်ကန်းခန့်ဒိမ်းက "သူတို့ပဲ နိုင်သွားကြတာပေါ့။ နှစ်ဆယ်ကျော်ပဲရတယ်" ဟု မျက်နှာရှုံ့မဲ့ကာ ဖြေကြားသွားပြီး ကော်မရှင်ရုံးရှေ့က လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် သူ့မိတ်ဆွေများနှင့် ဝင်ထိုင်စကား ပြောနေသည်။

ကြိုတင်မဲထုတ်ပြန်ချက် အရ ဦးအောင်သိန်းက ၂၁၁ မဲ၊ ဒေါ်ကန်းခန့်ဒိမ်းက ၂၉ မဲ၊ တစညက ၂၀၊ ဒီမိုကရက်တစ်က ၈မဲ၊ ဦးကောင်းမြင့်ထွဋ်က ၄ မဲနှင့် ပယ်မဲ ၅ မဲဖြစ်ကြောင်းသိရသည်။

ဦးကောင်းမြင့်ထွဋ်ကတော့ မဲရေတွက်ရာသို့ ရောက်ရှိမလာ။ ညနေပိုင်းတွင် ဦးအောင်သိန်းလင်းနိုင်ပြီဟူသော သတင်းများ ထွက်ပေါ်လာသည်။

သို့သော် ညနေပိုင်း ကြိုတင်မဲများ ရေတွက်ပြီး ပြုံးရွှင်စွာထွက်ခွာသွားသော မြို့တော်ဝန်ကြီး နိုင်၊ မနိုင်က ယနေ့နေ့လယ်(နိုဝင်ဘာ ၈ရက်)အထိ မသိရသေး။






7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

## စာ - ၂၅၊ ရှမ်းမြောက်က ရွေးကောက်ပွဲ မှ

မဲလာ ထည့်တဲ့သူတွေထဲမှာလည်း ၄၅ နှစ်အထက်က အများဆုံးပဲ။ လူငယ်တွေကတော့ လုံးဝကိုမရှိတာ။ သူတို့စိတ်လည်းမဝင်စားကြဘူး”ဟု လားရှိုးမြို့ရှိ ကိုကျော်သာက သူ၏ မဲရွေးချယ်ပုံကိုပြောကြားခဲ့သည်။

“ကျားဖြူကိုပဲ မဲပေးမှာ။ သူတို့က ရွာမှာလာပြောတုန်းက ရှမ်းလိုပြောတဲ့အတွက် ပိုနားလည် လို့သဘောကျတာ။ တခြားပါတီတွေက ဗမာလိုပြောတော့ သိပ်နားမလည်ဘူး”ဟု လားရှိုးလွိုင်လင်လမ်းပေါ်ရှိ နမ့်ကန်ကျေးရွာမှ ဗမာစကားရေလည်စွာ မပြောနိုင်သော မမိုးမိုးအေးကပြောသည်။

“ကွန်တော်တို့ဆီမှာ ဒေသခံတွေအပေါ် သြဇာညောင်းတဲ့လူတွေရှိတယ်။ ကျေးရွာက လူတွေက ဘာမှမသိကြဘူး။ သူတို့ကို ဒါလုပ်လို့ပြောရင် သူတို့က လေးစားကြည်ညိုတဲ့သူဖြစ်တော့ အားလုံးနားထောင်ကြတယ်။ မြို့က စည်းရုံးရေးသွားတဲ့သူတွေက ဘာမှလည်းပြောစရာမလိုဘူး။ ဘယ်အဖွဲ့အစည်းတွေဘာတွေ သိပ်မသိကြဘူး”ဟု ရွာသို့ကော်မရှင်မှ သရုပ်ပြပွဲပြုလုပ်ရာတွင် လိုက်ပါသွားခဲ့သူတစ်ဦးက သူ့အတွေ့အကြုံကိုပြောပြသည်။

ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများသည် ပြည်မမှာကဲ့သို့မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအထိမ်းအမှတ်ရုပ်ပုံများအား ပါတီအမှတ်တံဆိပ်အဖြစ် အသုံးပြုထားခြင်းကြောင့် စည်းရုံးမှုမရောက်ရှိသောနေရာ ဒေသမှသူများသည်ပင် ပါတီအကြောင်းကြိုတင်မသိရှိထားသော်လည်း မဲပေးချိန်တွင် တွေ့ရသော ကိုယ့်လူမျိုး၏အမှတ်တံဆိပ်တွင် အမှန်ခြစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။“အားလုံးဘယ်ပါတီတွေရှိလည်းဆိုတာမသိကြဘူး။ ဒါပေမဲ့ မဲရုံရောက်တော့ပါတီရဲ့ တံဆိပ်ကိုကြည့်ပြီး ရှမ်းကလည်း ကျားဖြူကိုတွေ့တာနဲ့ ရှမ်းပါတီဆိုတာသိပြီး အမှန်ခြစ်ခဲ့ကြတယ်။ ကိုးကန့်ကလည်း မယ်ဒလင်လေးတွေ့တာနဲ့ အဲဒီဘေးမှာ အမှန်ခြစ်ခဲ့ကြတာ။ ကွန်တော်တို့လည်း အဲလိုလုပ်ခဲ့ရတာ”ဟု ရှမ်းအမျိုးသားကိုကျော်သာက ပြောသည်။ စည်းရုံးမှု မရောက်ရှိသောနေရာမှ မဲဆန္ဒရှင်များကလည်း ထိုသို့တိုင်းရင်းသားအလိုက် မဲပေးခြင်းကြောင့် ရှမ်းပြည်နယ်တွင် နေထိုင်သူတိုင်းရင်းသား ကိုယ်စားလှယ်များနှင့်ပင် ဝင်ရောက်ယှဉ်ပြိုင်သော ပြည်ခိုင်ဖြိုးပါတီမှာ မဲလျော့နည်းခဲ့ခြင်းဖြစ်သည်ဟု ပြည်ခိုင်ဖြိုးပါတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ကိုယ်က ရှမ်းဖြစ်နေလို့ ရှမ်းအင်အားတောင့်တင်းအောင် ရှမ်းပါတီကိုမဲပေးတာ”ဟုဆိုသော နမ့်ကန်ရွာမှ သားဖွားဆရာမ မနန်းစိုးစိုးရီကပြောသည်။ ရှမ်းလူမျိုးများ များပြားခြင်းကြောင့် စည်းရုံးရေး ဆင်းရာ၌ မည်သည့်ကတိမျိုးမှ ပေးစရာမလိုဘဲ ရှမ်းပြည်နယ်မှာ နေထိုင်တဲ့ တိုင်းရင်းသားတွေ အားလုံးအတွက် လိုအပ်တာတွေကို ဖြည့်ဆည်းပေးနိုင်မယ့် ကိုယ့်ပြည်နယ်မှာ ကိုယ့်အစိုးရပေါ်လာပြီး ကိုယ့်မင်းကိုယ့်ချင်းနဲ့ ကိုယ့်လူမျိုးအချင်းချင်းအုပ်ချုပ်ရတာ ပိုလွယ်ကူကောင်းမွန်တယ်ဆိုတာကို သူတို့နားလည်အောင် ရှင်းပြရုံဘဲ။ ဒီလိုမျိုးမဖြစ်တာကြာပြီဆိုတော့ သူတို့က စိတ်ဝင်စားကြတယ် အများကြီးပြောနေစရာမလိုဘူး”ဟု ဦးစိုင်းစံမင်းဆိုသူကပြောသည်။

နိုဝင်ဘာ ၈ ရက် နံနက်ထိသိရသော ရွေးကောက်ပွဲမဲရေတွက်မှုစာရင်းများအရ ရှမ်းများသော ရှမ်းရွာများတွင် ရှမ်းပါတီ ဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ မဲအပြတ်အသတ်ဖြင့်နိုင်သကဲ့သို့ ကိုးကန့်၊ တအောင်း(ပလောင်)များ နေထိုင်သောနေရာများတွင်လည်း အဆိုပါပါတီများမှ မဲအရေအတွက်များနေသည်ဟု ပါတီများမှဖြေကြားခဲ့သည်။

မဲရေတွက်မှုများမပြီးဆုံးသေး၍ ကျေးရွာများမှ ရလဒ်များကို မသိရသေးသော်လည်း လားရှိုးမြို့ပေါ်တွင်မူ ပြည်ခိုင်ဖြိုးပါတီမှ မဲအသာရရှိနေကြောင်း သတင်းရရှိသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရှမ်းလူမျိုးများ အများဆုံးစုဝေးနေထိုင်ရာ သိန္နီ၊ သီပေါ၊ ကျောက်မဲ၊ နမ့်ခမ်း၊ မိုင်းရယ် စသော ဒေသများတွင်ရှမ်းပါတီအင်အားကောင်းသောကြောင့် ပြည်ခိုင်ဖြိုးပါတီမှာ အရေးနိမ့်နိုင်ကြောင်း ပြည်ခိုင်ဖြိုးပါတီမှ ရှမ်းမြောက်ပြည်နယ်အတွင်းရေးမှူးဦးစိုင်းနော်ခမ်းဦးက 7Day News သို့ပြောသည်။

သီပေါမြို့နယ်တွင် ယခုချိန်ထိ သိရသော ရလဒ်များအရ မဲဆန္ဒနယ်ထက်ဝက်ကျော်ခန့်တွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှအနိုင်ရရှိနေသည်ဟု သီပေါမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်သူဦးရဲထွန်းကပြောသည်။



ရွေးကောက်ပွဲမတိုင်ခင်ညက မြင်တွေ့ရသည့် ပြည်ခိုင်ဖြိုးပါတီ၏မဲဆွယ်အလှပြယာဉ်ကား။
ဓာတ်ပုံ - ဝေယံ

# ကချင်ပြည်နယ်က ရွေးကောက်ပွဲ

သီဟ

t vifa&mifaumifpmr&&ofnftcefuScfav;xwifvaumifcyfao;ao; tom;nmufnufjzifh vlwpfa,mufxkwfvuf&ofnfol\ rufSwifpdwfuftm;i,frwN t&yfta,mifrm;jzifh jynfSifaeaomfvnfrufvkHawmufvuf&ofnfuhawUZ,&ofnf{kdhtay:wif pdwfuaeaomfvnfravmbonfZwfjyifaemufvpfufdaemufvpfufd[bonftaw;rm;acifx jynfSifae[ef&ofnf

အဆိုပါ ပုဂ္ဂိုလ်မှာ ယခုကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအင်အားစုမှ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမာခါးပင်ဖြစ်သည်။

သူ၏ ငယ်ရွယ်မှု၊ တက်ကြွမှုနှင့် သူဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်တွင် သူနှင့်ယှဉ်ပြိုင်ရမည့် လွှတ်တော်အမတ်များပေါ်တွင် ကချင်လူမျိုးတို့၏ ယုံကြည်မှုတို့အပေါ်တွင် ပေါင်းစပ်ကြည့်ပါက ပြည်သူအများက သူ့အား ကချင်ပြည်နယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆန္ဒမဲပေးကြဖွယ်ရှိသည်။

သို့သော် တကယ်တမ်း ရွေးကောက်ပွဲရလဒ်များ အနည်းငယ်ထွက်ရှိလာချိန်တွင်မူ သူ ရှုံးနိမ့်ရန် အလားအလာများ များပြားခဲ့ပြီကို သူကိုယ်တိုင်ပင် သိရှိခဲ့ပြီဖြစ်သည်။

သို့သော် မလျှော့သောဇွဲတို့ဖြင့် ရွေးကောက်ပွဲအား သူဆက်လက်ယှဉ်ပြိုင်နေဆဲ၊ ရွေးကောက်ပွဲရလဒ်များအား စောင့်စားနေဆဲပင်ဖြစ်သည်။

မြစ်ကြီးနားမြို့နယ် မြစ်ဆုံတွင်နေထိုင်၍ စားသောက်ဆိုင်ဖွင့်လှစ်ထားသူ အသက် ၄၀နှစ်အရွယ်ရှိမဂျာခေါင်က “ရွေးကောက်ပွဲလုပ်မယ်ဆိုတာတော့သိတယ်။ မဲထည့်ရမယ်ဆိုတာလည်းသိတယ်။ ဒါပေမဲ့ ဘယ်ပါတီကို မဲထည့်ရမယ်ဆိုတာတော့ နားမလည်သေးဘူး။ မနေ့ကတော့ စပါးနှံနဲ့ ကျားဖြူပါတီတွေက ဒီမှာထည့်ရမယ်လို့ လာပြောတာတွေရှိတယ်”ဟုပြောသည်။

ယခု ကျင်းပသည့် ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ၊ အမျိုးသား ဒီမိုကရေစီအင်အားစု စသည့်ပါတီများမှရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ကြပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်ခုနစ်ဦးအပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၁၆၈ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ကချင်လူထုအများစုသည် လက်ရှိရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ပါတီများမှ ကိုယ်စားလှယ်များအား မိမိတို့၏အရေးအား အကောင်းဆုံးဆောင်ရွက်ပေးနိုင်မည်ဟု ယူဆရသည့်ပုဂ္ဂိုလ်ပါဝင်သောပါတီကိုသာ မဲပေးကြရဖွယ်ရှိသည်။

ပါတီတည်ထောင်ခွင့်မရသော်လည်း ဒေါက်တာတူးဂျာကမူ ရွေးကောက်ပွဲတွင် အများစုပါဝင်ဆင်နွှဲကြရန်၊ မဲပေးကြရန် တိုက်တွန်းပြောဆိုထားပြီး ကချင်ပြည်သူများအားလည်း တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေသည့်အပြောင်းအလဲကို လုပ်ဆောင်ပေးနိုင်မည့်ပါတီများနှင့် ပုဂ္ဂိုလ်များအား ဝိုင်းဝန်းထောက်ခံအားပေးကြရန် တိုက်တွန်းပြောဆိုထားသည်။

“ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမပါဘဲနဲ့ ကချင်ပြည်နယ်တိုးတက်ရေးပါတီပေါ်ပေါက်လာဖို့ကို စောင့်စားပြီးနေတဲ့သူတွေကို မပေါ်ပေါက်လာတာနဲ့ အားလုံး လက်မှိုင်ချပြီး ဘေးရှောင်နေမယ်ဆို ဒါလည်း မှန်ကန်တယ်လို့မထင်ပါဘူး”ဟု ဒေါက်တာတူးဂျာက ရွေးကောက်ပွဲမကျင်းပမီ နှစ်ရက်အလို နိုဝင်ဘာ ၅ရက်ကပြောကြားသည်။

လက်လုပ် လက်စားအသိုင်းအဝိုင်းအတွင်း၌မူ အချို့မှာ လက်လှမ်းမီသရွေ့ တွက်ကိန်းချထားသူများလည်းရှိသည်။ “ကွန်တော်ဘောလုံးပွဲဝါသနာပါတော့ ဘောလုံးစကားနဲ့ပြောရရင် အသင်းတစ်သင်းတည်းကပဲ ဂိုးအပြတ်နိုင်သွားတာမျိုးမဖြစ်စေချင်ပါဘူး။ ဒါကြောင့် အသင်းတစ်သင်းတည်း ဂိုးအပြတ်မနိုင်ရ အောင် ကွန်တော်ကတော့ ကျန်တဲ့အတိုက်အခံပါတီကိုပဲ မဲပေးဖို့ ဆန္ဒရှိပါတယ်”ဟု မြစ်ကြီးနားမြို့နယ် ကရိန်နောင်အပန်းဖြေစခန်းရှိ စားသောက်ဆိုင်ဝန်ထမ်းကိုဝင်းမောင်(အမည်ပြောင်း)ကပြောသည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့်ပါတီများထဲတွင် ကချင်လူမျိုးများ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြသော်လည်း ဒေသခံများ၏သဘောတွင်မူ ကချင်လူမျိုးများ အားကိုးလောက်သည့်ပါတီမရှိဟု ယူဆနေကြကြောင်းသိရသည်။

“အဆင်ပြေတာ တစ်ခုပေးလိုက်တော့မယ်။ ဘယ် ပါတီကိုပေးမယ်ဆိုတာတော့ ကြိုတင်ရည်ရွယ်ထားတာမရှိပါဘူး” ဟု မြစ်ကြီးနားမြို့နယ် စီတာပူရပ်ကွက်၌ နေထိုင်သူကိုနော်အုံကပြောသည်။

“ရွေးကောက်ပွဲမှာ အနိုင်ရရှိသွားလို့ လွှတ်တော်ထဲရောက်သွားရင်ပဲဖြစ်ဖြစ်၊ အစိုးရအဖွဲ့ထဲ ပါသွားရင်ပဲဖြစ်ဖြစ်၊ အဲဒီပုဂ္ဂိုလ်တွေ တကယ်အလုပ်လုပ်ပါ။ အလုပ်လုပ်တဲ့အစိုးရပဲ လိုချင်ပါတယ်။ တိုင်းပြည်တိုးတက်ဖို့၊ ပြည်သူတွေ အကျိုးလုပ်ဖို့ဆိုပြီးတော့မှ ဖွဲ့စည်းထားတဲ့ပါတီတွေပဲလို့ အားလုံးကတော့ ပြောကြတာပဲ။ လက်တွေ့ မှာလည်း အဲဒီလိုပဲလိုချင်ပါတယ်”ဟု ဒေါက်တာတူးဂျာက ပြောသည်။

ရွေးကောက်ပွဲအနိုင်ရသွားသည့် ပြည်နယ်အစိုးရ တကယ်အလုပ်မလုပ်ကို မသိရသေးသော်လည်း မဲပေးသည့်ပြည်သူများသည် ယင်းသို့ ပေးထားသည့်ပါတီပေါ်တွင် မျှော်လင့်ချက်များ ထားရှိလျက်ရှိကြသည်။

ရွေးကောက်ပွဲတွင် မဲပေးကြသူများနှင့် ယင်းတို့ မျှော်လင့်ချက်များနှင့်ပတ်သက်၍လည်း “ကချင်လူမျိုးပါတဲ့ပါတီကိုတော့ မဲပေးခဲ့တယ်။ ပြည်နယ်အစိုးရကိုလည်း ဖြစ်နိုင်ရင် ကချင်လူမျိုးပဲ တက်စေချင်တယ်။ အဲဒီလိုမှမဟုတ်ရင်လည်း ကောင်းကောင်းမွန်မွန်အုပ်ချုပ်တဲ့အစိုးရကို လိုချင်တယ်”ဟု မြစ်ကြီးနားမြို့နယ် အင်ဂျန်ဒုံရပ်ကွက်တွင် နေထိုင်သည့် အသက် ၄၀ ကျော်အရွယ် ဒေါ်ကော့ဂျာကပြောသည်။

“နောက်အစိုးရတက်လာရင်လည်း တောင်သူလယ်သမားတွေ အေးအေးဆေးဆေးလယ်လုပ်ခွင့်ရဖို့ကို လိုချင်ပါတယ်။ ကိုယ့်လယ်ကို ကိုယ်ပိုင်ဆိုင်ပြီး အေးအေးဆေးဆေး အလုပ်လုပ်ချင်ပါတယ်။ တော်ကြာနေရင်း သိမ်းသွားတာမျိုးတွေ မဖြစ်စေချင်ပါဘူး။ နောက်အစိုးရက အဲဒါတွေ အာမခံပေးနိုင်ရင်တော့ ကောင်းပါတယ်”ဟု ဒေါ်ကော့ဂျာက သူ၏မျှော်လင့်ချက်ကို ဆက်လက်ပြောပြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း၌မူ ယခင်က ကြေညာထားသည့်အတိုင်း လွတ်လပ်စွာမဲပေးခွင့်ရှိကြောင်းနှင့် မည်သူ၊ မည်သည့်ပါတီကမျှ ဖိအားပေး မဲဆွယ်မှုများ ပြုလုပ်ခြင်းမရှိဟု ကိုယ်တိုင်မဲပေးခဲ့သူများကပြောသည်။

သို့သော် နေရာအကျယ်အဝန်း အခက်အခဲအနည်းငယ်နှင့် ရင်ဆိုင်ရကြောင်း ကိုယ်တိုင်မဲထည့်သူတစ်ဦးကပြောသည်။

“ဒီနေ့ မဲပေးရတာတော့ ဘာမှ တင်းကျပ်မှုတော့မရှိပါဘူး။ ပထမဆုံး ပေးရတာဆိုတော့ တက်ကြွမှုတော့ရှိပါတယ်။ မဲပေးတာကတော့ ပြည်နယ်မှာ ဒေသဖွံ့ဖြိုးရေး အဓိကဦးစားပေးလုပ်မယ့်သူကိုပဲ မဲပေးခဲ့တာပါ။ ရွေးချယ်စရာရှိတဲ့အတိုင်းအတာထဲက အကောင်းဆုံးလို့ ထင်တာကို ပေးခဲ့တာပဲ။ ပြည်နယ်ဝန်ကြီးချုပ်ကိုတော့ တိုင်းရင်းသားအခွင့်အရေးကို ဦးစားပေးလုပ်မယ့်သူကိုပဲ လိုချင်ပါတယ်။ မဟုတ်ရင်တော့ တစ်နည်းနည်းနဲ့လုပ်အောင် တွန်းအားပေးရမှာပဲ”ဟု အသက် ၃၃ နှစ်အရွယ် ပထမဆုံး မဲပေးဖူးသူ ကိုခေါင်လွမ်းကပြောသည်။

ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီများကိုသာ တိုင်းရင်းသားများအနေဖြင့် မျှော်လင့်ချက်များ၊ ယုံကြည်ချက်များနှင့် မဲပေးခဲ့ကြပြီး ရွေးကောက်ပွဲပြီး အနိုင်ရပါတီ၏လုပ်ဆောင်ချက်များကိုလည်း တိုင်းရင်းသားများက ဆက်လက်စောင့်ကြည့်အကဲဖြတ်နေဦးမည်သာဖြစ်သည်။

## စာ-၂၅၊ ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ အရှိန်အဟုန်ကောင်း မှ

“အရမ်းအောင်မြင်တဲ့အတွက် ကွန်ပလိန်းမလုပ်တော့ဘူး။ ဒီမှာ အရမ်းအောင်မြင်တယ်။ မဲလာပေးသူ ၁၀၀၀မှာ ၉၀၀လောက်က ရခိုင်ပါတီကိုပေးကြတယ်။ ကျန်တဲ့ ၁၀၀မှာ ပယ်မဲတွေနဲ့ အခြားပါတီကိုပေးတဲ့ မဲတွေပါတယ်ပေ့ါ။ အခုအချိန်မှာ တစ်မြို့ကလူကလူတွေဟာ All People, All Smile ပါပဲ”ဟု မြောက်ဦးမြို့မှ စီးပွားရေးလုပ်ငန်းရှင်ဦးရွှေတင်က ပြောသည်။

ရခိုင်ပြည်နယ်ရှိ ရခိုင်တိုင်းရင်းသားများသည် ၂၀၁၀ ရွေးကောက်ပွဲအတွင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၏ အရှုံးအနိုင်ကိုပါ အဆုံးအဖြတ်ပေးခဲ့သည့် နည်းတူ၊ မိမိတို့၏ ယုံကြည်မှုနှင့် မျှော်လင့်ချက်များအတွက် ကိုယ်တိုင်ပါဝင်မဲပေးခဲ့ကြပြီးပြီဖြစ်သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# အိမ်ဦးခန်းက ပန်းကလေး

( ရ သ စ ာ တ မ်း )

ချမ်းငြိမ်း

> "သတိတမံဉာဏ်မြေကတုတ်" ကိုင်စွဲကာ သည်လမ်းကို ဆက်လျှောက်ခဲ့တယ်။ အရေပြားတွေ လျော့ရဲလာတာ၊ ဆံပင်ဖြူတွေ တစ်ချောင်းပြီး တစ်ချောင်း ထိုးထွက်လာတာ ဇရာရဲ့ပြယုဂ်တွေပဲမဟုတ်လား။ ဒါပေမဲ့ နုပျိုနေဆဲနလုံးသားထဲက ထွန်းညှိခဲ့တဲ့ယုံကြည်မှုကိုတော့ ဘာနဲ့မှ တိုက်စားလို့မရပါဘူး။ ကြုံးဝါးသံ၊ ငိုကြွေးသံ၊ တက်ခေါက်သံ၊ လက်ခုပ်ဩဘာသံ၊ ကူညီအားပေးသံ၊ တညီတညွတ်တည်း သံပြိုင်ရွတ်ဆိုလိုက်တဲ့ အသံတွေ နောက်ဘက်မှာချန်ထားလို့ လျှောက်ခဲ့တဲ့လမ်းဟာ အရဏ်ကျင်းရောင်နီပျို့ခဲ့ပြီ။ အစကအဆုံးကိုသွားနေတဲ့လမ်းဟာ အဆုံးမှာ အစဖြစ်ခဲ့ပြီ။




(၁)

အိမ်ဦးခန်း၌
ပန်းကလေးတစ်ပွင့်စိုက်ခဲ့၏။

နှင်းရည်တွေစိုစွတ်နေတဲ့ တစ်မနက်ခင်းမှာ ခရီးမထွက်ခင် အိမ်ဦးခန်းက မြေဆီလွှာထဲ ရနံ့မွှေးရီတဲ့ပန်းကလေးစိုက်ခဲ့တယ်။ သွားရမယ့်ခရီးက ဘယ်အချိန်ပြန် ရောက်မယ်မသိဘူးလေ။ ပြန်ရောက်ချင်မှလည်း ရောက်မှာပါ။ ဒါပေမဲ့ မဖြစ်မနေသွားရမယ့်ခရီးမို့ ဆောင်းမနက်ခင်းမှာ အထုပ်အပိုးတွေပြင်လို့ ထွက်လာခဲ့ပါတယ်။ မနက်အစောကြီး အရုဏ်မကျင်းသေးတာမို့ ဟောသည့်လမ်းမကြီးပေါ်မှာ တစ်ယောက်တည်းပေမယ့်နွေးထွေးမှုရှိပါတယ်။ နှင်းတွေနှင်းတွေရွှဲရွှဲစိုအောင် ကျနေပေမယ့် သည်ခရီးသည်လမ်းကို တစ်ဦးတည်းလျှောက်လှမ်းရပေမယ့် အထီးကျန်မဆန်ခဲ့ပါဘူး။ အရာရာအားလုံးဟာ အနီးအနားမှာပဲရှိတယ် ခံစားရပြီး နွေးထွေးလှိုက်ခုန်စွာနဲ့ နှင်းတွေပိန်းပိတ်အောင်ကျနေတဲ့ အမှောင်လမ်းထဲ တိုးဝင်လျှောက်ခဲ့တယ်။

အိမ်ဦးခန်းမှာ ပန်းကလေးစိုက်ခဲ့တယ်ဆိုတဲ့အသိနဲ့ပဲ အရာရာကို မကြောက်မရွံ့ အဖော်မလိုတစ်ယောက်တည်း လျှောက်ရဲခဲ့ပါတယ်။

(၂)

ငှါမှာမူကား မုန်တိုင်းကြား၌
သွားကာလာကာ ဆင်းရဲကာတည့်
သွားမိလာမိ လှည့်လည်ဘိလည်း
သတိသည်သာ အဖော်ပါ၏။

အသက်ကို ဖြည်းဖြည်းချင်းရှူနေတယ်။ ခြေလှမ်းကို တစ်လှမ်းချင်းလှမ်းနေတယ်။ သွားရမယ့်လမ်း ဘယ်တော့ဆုံးမလဲမသိပေမယ့် ခြေလှမ်းတိုင်းဟာ ခရီးအတွက်မဟုတ်လား၊ မိသားစုရဲ့ တားမြစ်သံတွေ၊ ချစ်ခင်သူတွေရဲ့ ငိုကြွေးသံတွေ၊ ယုံကြည်အားကိုးတဲ့ မျက်ဝန်းအကြည့်တွေ၊ ပြီးတော့ . . မကျေမနပ်တက်ခေါက်သံတွေ အားလုံးအားလုံးကို ကျောခိုင်းလို့စွန့်လွှတ်လို့ ဥပေက္ခာပြုလို့ သည်ခရီးသည်လမ်းကို ထွက်ခဲ့ရခြင်းပါ။ လူအများစုဟာ ပစ္စုပ္ပန်ကနေ အနာဂတ်ကိုသွားနေစဉ်မှာ အတိတ်ထဲကနေ အနာဂတ်ကိုပြန်သွားဖို့ သည်ခရီးကိုထွက်ခဲ့ရခြင်းပါ။ ပြက္ခဒိန်ချင်းတော့ မတူနိုင်ပါဘူး။ ကိုယ်ပိုင်ပြက္ခဒိန်တစ်ခု ကိုယ်တိုင်ပြဌာန်းလို့ အနောက်ကနေ အရှေ့ကို တစ်ရွက်ချင်းပြန်လှန်ခဲ့ပါတယ်။ ကြည့်ဖူးကြမှာပါ။ ဘရက်ပစ်ပါဝင်တဲ့ Benjamin Button ဇာတ်ကားထဲကလို အဆုံးကနေ ပြန်စဖို့ ကြိုးစားခဲ့ခြင်းပါ။ Benjamin Button ဇာတ်ကားထဲမှာပါတဲ့ မင်းသမီး အက်ဆီးဒင့်ဖြစ်တဲ့အခန်းလို တိုက်ဆိုင်မှုတွေမဆုံစည်းခဲ့ဘူးဆိုရင် ဘဝဟာ ဘာတစ်ခုမှဖြစ်လာစရာမရှိပါဘူး။ ဒါကြောင့်ပဲ သည်ခရီးသည်လမ်းကို လျှောက်ခဲ့ရခြင်းပါ။ နှင်းတောထဲမှာပဲ မုန်တိုင်းနဲ့ကြုံချင်ကြုံမယ်။ နှင်းတောထဲမှာပဲ ဝဋ်ပါလိုအထွက်ရခက်ချင်ခက်လိမ့်မယ်။ နှင်းတောထဲကနေ ကန္တာရကို ရုတ်တရက်ရောက်ချင်ရောက်မယ်။ ဒါပေမဲ့ ခြေလှမ်းတွေကတော့ ရပ်မသွားပါဘူး။ တစ်လှမ်းချင်းတစ်လှမ်းချင်း လျှောက်လှမ်းနေဆဲပါ။

(၃)

ပြင်းဘိထန်ဘိ မုန်တိုင်းမိလည်း
သတိဝင်ကာ စိတ်ကြည်သာ၏။
အိမ်ဦးခန်းက ပန်းကလေးကား
လန်းသေးသလော ကြွေပြီလောဟု
စောကြောမိလည်း ငါမသိ။

နှလုံးသားကို ဖြန့်ခင်းလို့၊ ဦးနှောက်ကို စစ်ထုတ်လို့ လျှောက်ခဲ့တဲ့လမ်းဟာ အရုဏ်မကျင်းခင်မှာဘဲ မုန်တိုင်းနဲ့ကြုံခဲ့ပြန်တယ်။ မိုးသက်လေပြင်း တဝေါဝေါနဲ့ဝန်းကျင်မှာဝုန်းဒိုင်းကြဲ ကျရောက်နေပေမယ့် 'သတိတမံဉာဏ်မြေကတုတ်' ကိုင်စွဲကာ သည်လမ်းကို ဆက်လျှောက်ခဲ့တယ်။ အရေပြားတွေ လျော့ရဲလာတာ၊ ဆံပင်ဖြူတွေ တစ်ချောင်းပြီးတစ်ချောင်းထိုးထွက်လာတာ ဇရာရဲ့ပြယုဂ်တွေပဲမဟုတ်လား။ ဒါပေမဲ့ နုပျိုနေဆဲနှလုံးသားထဲက ထွန်းညှိခဲ့တဲ့ယုံကြည်မှုကိုတော့ ဘာနဲ့မှတိုက်စားလို့မရပါဘူး။ မီးကျည်မီးခဲရဲရဲနဲ့ လျှောက်လှမ်းရစဉ်မှာလည်း 'ပြင်းပြတဲ့ဆန္ဒရှိရင် လိုရာပန်းတိုင်ရောက်နိုင်တယ်' ဆိုတဲ့ ဘုရားရှင်ရဲ့ ဟောကြားချက်အတိုင်း အနာဂတ်ကိုပြန်သွားဖို့၊ အနာဂတ်ကို မွမ်းမံဖို့အတိတ်ထဲက ထွက်လျှောက်ခဲ့တဲ့လမ်းပါ။ တစ်ချိန်ချိန်မှာ ကျိန်းသေရောက်ရမယ့်ခရီး၊ တစ်ချိန်ချိန်မှာ ကျိန်းသေခရီးဆုံးမယ့်လမ်းမပေါ် လျှောက်လှမ်းရင်း စိုက်ခဲ့တဲ့ပန်းကလေးကို သတိရမိရဲ့၊ ညှိုးရော်ကြွေနွမ်းနေပြီလား၊ စိမ်းလန်းမွှေးပျံ့နေဆဲလား သတိရမိရဲ့၊ သည်လိုသတိရမိပေမယ့် ခြေလှမ်းတွေကတော့ ရှေ့ကိုလျှောက်လှမ်းနေဆဲပါ။ သတိရမိရုံမှတစ်ပါး ဘာကိုမျှမသိနိုင်ခဲ့ပါဘူး။

(၄)

အချိန်မြင့်ကြာ
သောအခါ၌ ငါပြန်လာပြီ
သီကာရီတည့် မိုးရေစွတ်စို
နှုတ်ခမ်းညိုနှင့် တစ်ကိုယ်လုံးခိုက်
မုန်တိုင်းရိုက်၍ ခေါင်းငိုက်စိုက်လျှင်
ဖျားသွေးဝင်၏။
အိမ်ဦးခန်းက ပန်းကလေးကား
လန်းသေးလျက်ပင်
မွှေးလျက်ပင်တည့်။ ။

ကြုံးဝါးသံ၊ ငိုကြွေးသံ၊ တက် ခေါက်သံ၊ လက်ခုပ်ဩဘာသံ၊ ကူညီအားပေးသံ၊ တညီတညွတ်တည်း သံပြိုင်ရွတ်ဆိုလိုက်တဲ့အသံတွေ နောက်ဘက်မှာချန်ထားလို့ လျှောက်ခဲ့တဲ့လမ်းဟာ အရုဏ်ကျင်းရောင်နီပျို့ခဲ့ပြီ။ အစက အဆုံးကိုသွားနေတဲ့လမ်းဟာ အဆုံးမှာ အစဖြစ်ခဲ့ပြီ။ လမ်းခရီးမှာ ပင်ပန်းခဲ့သမျှ ကိုယ်တိုင်လည်းနွမ်းနယ်လွန်းလို့ ပျော့ခွေသွားမတတ်ပါပဲ။ ရောက်ခါနီးမှ ခြေလှမ်းတွေ လေးလံလွန်းလှရဲ့၊ ဒါပေမဲ့ လမ်းပေါ်မှာ မေးတင်နေတဲ့ စကြဝဠာထဲ ချောင်းကြည့်လိုက်တော့ အနာဂတ်ဟာ လှပစွာဖူးပွင့်နေဆဲပါ။ ခွေညွှတ်နေတဲ့ခြေထောက်တွေ ခရီးလမ်းဆုံးခါနီးမှ ဘာကြောင့် ခွေကျသွားရမှာလဲ။ မုန်တိုင်းမိလာတဲ့ အရှိန်ကြောင့် ကိုယ့်နှုတ်ခမ်းတွေဟာ ပြာနှမ်းလို့၊ တစ်ကိုယ်လုံးချမ်းချမ်းထလို့ တုန်ယင်နေတဲ့ခြေလှမ်းတွေနဲ့ အိမ်ပေါ်ကို လှမ်းတက်လိုက်ပါတယ်။ အို. . ပန်းကလေးကား မနွမ်းသေး၊ မွှေးလျက်ကြူလျက် ရနံ့သင်းပျံ့လျက်. . . ။

နောက်ကို ပြန်သွားခဲ့တဲ့ အနာဂတ်မှာ ပန်းကလေးဟာ သစ္စာရှိရှိနဲ့ စောင့်ကြိုနေပါတယ်။ အဖြူရောင်သစ္စာပန်းကလေးပါ။ ။

*(မှတ်ချက်။ ။ ကိုရင်ဂျမ်း၏ 'ပုဂံကျောင်းက ခေါင်းလောင်းသံ' ကဗျာစာအုပ်မှ ကဗျာတစ်ပုဒ်အား ခံစားရေးဖွဲ့ပါ၏။)*

## နေပြည်တော်တွင် အုတ်သဲကျောက်ဈေးကွက် အေးစက်နေ

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ - ၃**

ဆောက်လုပ်ရေးလုပ်ငန်းသုံးအခြေခံကုန်ကြမ်းများဖြစ်သော အုတ်၊ သဲ၊ ကျောက်လုပ်ငန်းရှင်များအနေဖြင့် ပစ္စည်းပေးသွင်းရာတွင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အခြေအနေကိုစောင့်ကြည့်လျက်ရှိကြောင်း နေပြည်တော်ဒေသခံလုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရသည်။

ယခုကဲ့သို့ ပွင့်လင်းရာသီအရောက်တွင် ပစ္စည်းထုတ်လုပ်ပေးသွင်းမှုနှင့်ဝယ်လိုအားများ လှုပ်ရှားလေ့ရှိခဲ့သော်လည်း ယခုနှစ်တွင် မူနှစ်ဖက်စလုံးမှ အေးတိအေးစက်သာဖြစ်နေကြောင်း၊ ကုန်ပစ္စည်းဈေးနှုန်းများလည်း သိသိသာသာပြောင်းလဲမှုမရှိသေးကြောင်း နေပြည်တော် ပျဉ်းမနားမြို့မှ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ဒီနှစ်တော့ အေးအေးဆေးဆေးပါပဲ။ ကုမ္ပဏီတွေကလည်း ၁၅ ရက်တစ်ကြိမ် ငွေထုတ်ပေးနေကျကို အခုတစ်ပတ်ကျော်ပြီ မပေးသေးဘူး။ ကျွန်တော်တို့ဘက်ကလည်း လည်ပတ်ငွေအင်အားနည်းတော့ နောက်ထပ်မပေးသွင်းနိုင်ဘူးပေါ့ဗျာ။ ကျွန်တော်တို့က အဟောင်းပေး၊အသစ်ယူနိုင်မှ အဆင်ပြေတယ်။ အခုတော့ စောင့်ကြည့်ဆဲပါပဲ" ဟူ၍ အဆိုပါလုပ်ငန်းရှင်ကပြောသည်။

ကိုယ်တိုင်ထုတ်လုပ်သည့်လုပ်ငန်းရှင်တစ်ဦးကလည်း "အရင်နှစ်ကတော့ အမှာတွေအများကြီးရတယ်။ဒီနှစ်တော့ အဲဒီလိုမဖြစ်သေးဘူး။ ဒီနှစ်ထူးတာကတော့ ကုမ္ပဏီတချို့ကလက်ငင်းမှာတာတွေရှိတယ်။ များတော့မများပါဘူး။ လက်ငင်းရောင်းတာက အကြွေးထက်တော့ တစ်လုံးကို ငါးကျပ်သက်သာပါတယ်" ဟုဆိုခဲ့ပြီး၊ လက်ငင်းရောင်းရငွေဖြင့် လုပ်ငန်းလည်ပတ်နေရကြောင်းလည်း ထပ်မံပြောသည်။ လောလောဆယ်တွင် သဲထုတ်လုပ်သူများလည်းလုပ်ငန်း လည်ပတ်ရုံသာရှိနေပြီး အပြောင်းအလဲမရှိကြောင်း၊ သဲတစ်ကျင်းလျှင် နေရာအနီးအဝေးပေါ်မူတည်ပြီး ကွာခြားမှုရှိကြောင်း၊ ချစ်ပင်ကျောက်တစ်ကျင်းလျှင် ၆၂,၀၀၀ကျပ်မှ ၆၅,၀၀၀ ကျပ်အထိ၊ အားထူးကျောက်တစ်ကျင်း ၃၈,၀၀၀ ကျပ်ခန့်၊ အားထူးလက်ခွဲ ၄၅၀၀၀ ကျပ်၊ အားထူး စက်ခွဲသန့် ၅၀,၀၀၀ ကျပ်နှင့် ၆ × ၉ ကျောက်မှာလည်း တစ်ကျင်းလျှင် ၃၅,၀၀၀ ကျပ်မှ ၄၈,၀၀၀ ကျပ်အထိရှိကြောင်း သိရှိရသည်။

7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# ပါးစပ်အရသာ၊ နားအရသာနှင့် နှလုံးသားအာဟာရ

အခရာ

(၁)

တစ်နေ့။ အထူးကားစီးပြီး မြို့ထဲက ပြန်လာစဉ် ဂက်စ်ဆိုင် တစ်ဆိုင်နားအရောက် လိုင်းချင်း တူကားတစ်စီးမှာ ဂက်စ်ဝင်ဖြည့် ရန်အတွက် ခရီးသည်များကို ကားပေါ်မှ အဆင်းခိုင်းနေသည်နှင့် သွားဆုံသည်။ ကျွန်တော်တို့ စီးလာသည့်ကားမှ ယာဉ်အကူလူငယ်လေးက ဂက်စ်ဖြည့်မည့်ကားပေါ်မှ ဆင်းလာသည့်ခရီးသည်များကို ကားပြောင်းစီးဖို့အော်ခေါ်နေသည်။ ပါးစပ်ကလည်း "ကားချိန်းပေးတာပါ။ ယာဉ်စီးခ ထပ်ပေးစရာမလိုပါဘူး"ဆိုလေတော့ တော်တော်များများက ကျွန်တော်တို့ကားပေါ် ပြေးတက်လာကြသည်။ ယာဉ်စီးခနှစ်ရာ ထပ်မပေးရဘဲ နောက်ကားတစ်စီးကိုပြောင်းစီးရသည့်အတွက် ခရီးသည်များ စိတ်ချမ်းသာရ၏။ ယာဉ်အကူလူငယ်လေးကို အားလုံးက ကျေးဇူးတင်စကားဆိုကြသည်။ သီလရှင်တစ်ပါးဆိုလျှင် ယာဉ်အကူလူငယ်လေးကိုကြည့်ကာ "သာဓု"ခေါ်ပြီး မေတ္တာပို့လိုက်သေးသည်။ ကျွန်တော်လည်း ယာဉ်အကူလူငယ်လေး၏စိတ်ဓာတ်ကို တကယ်ပင်လေးစားသွားမိသည်။ သူ၏အသိတရားနှင့် သူ၏စိတ်နှလုံးသားမှာ ဘဝတူယာဉ်မောင်း၊ ယာဉ်အကူများ အတုယူစရာကောင်းလှသည်ဟု . . ။ သို့သော် ကြိတ်ပြီးချီးကျူးနေသည့်အတွေးလေး ခဏအတွင်း ပျောက်ကွယ်သွားသည်။ ကားပေါ်မှ ခရီးသည်အချို့လည်း တအံ့တသြနှင့် ယာဉ်အကူလူငယ်ကိုလှည့်ကြည့်လို့၊ အချို့လည်း ထိုလူငယ်လေးအပေါ် တိုးတိုးတိတ်တိတ်မှတ်ချက်ပေးကြသည်။ အကြောင်းမှာ ဂက်စ်ဆိုင်ရှေ့မှ ကားစအထွက် ယာဉ်အကူလူငယ်လေး၏ ခပ်စွာစွာအော်ပြောလိုက်သံကြောင့်ဖြစ်သည်။ "တင်ချင်လို့တင်တာမဟုတ်ဘူး။ ဒီကောင်တွေကားလည်း ကိုယ်တွေ ဆီဝင်ဖြည့်တုန်းက တင်ပေးထားလို့ . ကိုယ်ချင်းနားလည်ပေးရတာ" တဲ့ . ။

(၂)

နောက် ကြုံရတာလေးရှိပါသေးသည်။ ဆယ်တန်းကျောင်းသား၏ မိဘနှစ်ပါးက သားတော်မောင်အတွက် စာစီစာကုံးတစ်ပုဒ်ကူတွေးပြီး ကူရေးပေးဖို့အကူအညီလာတောင်းသည်။ လေ့လာဖို့သာဓကတစ်ပုဒ်ရေးပေးခိုင်းခြင်းဖြစ်သည်မို့ စေတနာပါပါနှင့်ပင်ရေးပေးလိုက်ပါသည်။ စာစီစာကုံးလာယူသော ညနေပိုင်းတွင် ကျောင်းသားလေး၏ ဖခင်ဖြစ်သူက ခေါက်ဆွဲကြော်ပါဆယ်တစ်ထုပ်ကို လက်ဆောင်အဖြစ် အတင်းထိုးပေးသည်။ လူချင်းရင်းနှီးနေသည်တစ်ကြောင်း၊ ကျွန်တော့်တူလေးကို ကျွေးလိုက်ချင်သည်ကတစ်ကြောင်း မငြင်းဘဲ လက်ခံလိုက်ပါသည်။ ပါးစပ်မှလည်း ကျေးဇူးတင်စကားပြောလိုက်ပါသည်။ ထိုမိဘနှစ်ပါးကတော့ ကျွန်တော့်ကျေးဇူးတင်စကားကို ဘာတစ်ခွန်းမှ မတုံ့ပြန်ဘဲလှလှပပြုံးပြကြသည်။ အတန်ကြာမှ ဖခင်ဖြစ်သူက ကလေးတစ်ယောက်လေသံနှင့် စကားနိုင်လုသလိုမျိုးပြောပါသည်။ သူ့စကားကိုကြားကြားချင်းတော့ အလကားရသည့်ခေါက်ဆွဲကို အလကားဖြစ်သွားအောင် လွှင့်ပစ်လိုက်ချင်သည်။ စိတ်ထဲမှလည်း ဒေါသအရှိန်ကို မနည်းထိန်းထားရသည်။ ခေါင်းအေးအေးထားပြီး တွေးကြည့်မှ သူ့စကားက ရယ်စရာကောင်းနေသည်။ "ယူထားလိုက်ပါ၊ ငါတို့အိမ်မှာ ခေါက်ဆွဲကြော်က နေ့တိုင်းလို ဝယ်စားနေတာ" တဲ့။

(၃)

လူတစ်ယောက်နှင့် တစ်ယောက် ဆက်ဆံရေးတွင် အဓိကမပါမဖြစ်မှာ ပါးစပ်ပင်ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် နှစ်သိမ့်ခြင်း၊ အားပေးခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကို ပါးစပ်လေးနှင့်လုပ်နိုင်သည်။ နှိမ့်ချခြင်း၊ မြှောက်ပင့်ခြင်းကိုလည်း ပါးစပ်ကလေးနှင့်ပင်လုပ်နိုင်သည်။ ချစ်ခြင်း၊ မုန်းခြင်းလည်း ဒီပါးစပ်ကြောင့် ဖြစ်လာနိုင်သည်။ ယုတ်စွအဆုံး အာလာပသလ္လာပ ပဋိသန္ထာရစကားဆိုကြရင်း၊ တစ်ယောက်နှင့်တစ်ယောက်အကြား ပေါင်းသင်းဆက်ဆံရေးတွင် ခင်မင်မှုကို တိုးပွားစေပါသည်။ ပါးစပ်တစ်ပေါက်တည်းကပင် ယဉ်ကျေးသိမ်မွေ့ခြင်း၊ ရိုင်းစိုင်းခက်ထန်ခြင်းကို လိုသလိုလုပ်နိုင်သည်။ ပါးစပ်ကို ပဲ့ကိုင်ထိန်းချုပ်နိုင်ဖို့ အရေးကြီးလှသည်။ ပါးစပ်လွယ်လွန်းသည့်အတွက် ဒုက္ခဖြစ်ရတတ်သလို၊ပါးစပ်ခက်လွန်းသည့်အတွက်လည်း ဒုက္ခတွေ့ရတတ်သည်။ ကိုယ့်ပါးစပ်ကပဲကိုယ့်ကို အရည်အချင်းသတ်မှတ်ပြီး ကိုယ့်ပါးစပ်ကပဲ ကိုယ့်ကို အခြေအနေတစ်ခုအထိ တွန်းပို့နိုင်ပါသည်။

"ပါးစပ်တွေဟာ အစားကားရွေးတတ်ပေမယ့် စကားကောင်းမရွေးတတ်ဘူးကွ"ဟု ဆရာသမားတစ်ယောက်ကဆိုဖူးသည်။ မှန်ပါသည်။ အချို့မှာ အစားအတွက် ဇီဇာကြောင်လှသော်လည်း၊ စကားပြောဖို့အတွက်ဆိုလျှင် အလွယ်တကူကြုံသလိုပြောတတ်လွန်းသည်။ ပါးစပ်အလိုလိုက်ပြောကြသည်က များသည်။ အကျိုးဆက်ကို သိပ်မစဉ်းစားတတ်ကြပါ။ ထင်ရာကိုပြောပြီး မှားသွားပြန်လျှင်လည်း ပြောမိသည့်အမှားအတွက် တောင်းပန်ခြင်း၊ ဆင်ခြေပေးခြင်းရှိသော်ငြား နောင်တရ သင်ခန်းစာယူမည်မဟုတ်ပြန်။ ကိုယ့်ပါးစပ်က ပြောလိုက်သည့်စကားမှာ တစ်ဖက်လူ၏နားဝမှာတင် အဆုံးသတ်သွားလိမ့်မည်ဟု ယူဆနေရော့သလား။ ပြီးစလွယ်နိုင်လွန်းကြသည်။

"ရွှေပါးစပ်" ဟု တင်စားကင်ပွန်းတတ်ခေါ်ခြင်းမှာ အတ္တရှေ့တင်ပြီး ကိုယ်လိုရာပြော ကိုယ့်အတွက်ချည်း တစ်ဖက်သတ်အနိုင်ယူနိုင်ခြင်းသက်သက်မဟုတ်ပါ။ တစ်ဖက်လူကိုမေတ္တာ၊ ကရုဏာထားပြီး ကိုယ်ချင်းစာပြောဆိုတတ်ဖို့တော့ လိုပါသည်။ ဒါကိုတော့ လူတိုင်း သိကြပါသည်။ သို့သော်သတိထားလိုက်နာဖို့ ခက်နေပြန်သည်။ နှုတ်ထွက်စကားသည် လူတစ်ယောက်၏စိတ်နေသဘောထားကို နိမိတ်ဖတ်ပြမြဲဖြစ်သည်။ ဟန်ဆောင်ခြင်းကင်းဖို့တော့လိုပါသည်။ သို့သော်လည်း တစ်ဖက်သားအတွက် အကျိုးတစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိလျှင်တော့ ဟန်ဆောင်ရသည့်အခါလည်း ရှိတတ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုတွင် အားနာတတ်သူ၊သဘောထားကြီးသူတို့ ပြုမူတတ်သည်ကိုလည်း တွေ့ရတတ်သည်။ စကားမဆင်ခြင်သူများအဖို့ ကိုယ့်ပါးစပ်ကြောင့် အများသူအပေါ် အနှောင့်အယှက်ဖြစ်စေသလို နောက်ဆုံးတွင် ကာယကံရှင်ကိုထိခိုက်မြဲဖြစ်သည်။

(၄)

ကြုံခဲ့ရသည့် ယာဉ်အကူလူငယ်လေးအဖြစ်မှာ ခရီးသည်တွေလေးစားသွားလောက်သည့် ကြုံတောင့်ကြုံခဲအပြုအမူဖြစ်နေပါသည်။ စိတ်အရင်းခံကြောင့်မဟုတ်ဘဲ အလုပ်သဘောအရ ပြုမူလိုက်သည်ဆိုဦး သူ့လုပ်ရပ်ကလေးမှာ တကယ်ပင် အထက်တန်းစားကျပါသည်။ တာဝန်ယူတတ်သူ၊ ဝတ္တရားနားလည်သူဟုယူဆရပါမည်။ သို့သော် သူ့ပါးစပ်ကိုသူ မထိန်းတတ်လေတော့ လှလှပပကပြနေသည့် ဥဒေါင်းမလေး အပြီးသတ်မှ နောက်လှည့်ပြလိုက်သလိုဖြစ်သွားရှာသည်။ ကျောင်းသားဖခင်ခများတော့ ပါးစပ်အရသာခံလွန်းသည့်အတွက် စေတနာတုံ့ပြန်မှုက အတုဖြစ်ပြီး ပါးစပ်ကပဲ မှတ်ကျောက်တင်ပြသွားသည်။ သဒ္ဓါစိတ်ကို ဘဝင်ဟပ်ပြီး မဏ္ဍပ်တိုင်တက်ပြလေတော့ တစ်ဖက်လူအတွက် စိတ်ကသိကအောက်ဖြစ်ရသလို ကိုယ်တိုင်လည်း သူငယ်နာမစင်နိုင်သေးသည့်အဖြစ်မျိုးပင်။

တကယ်တမ်းဆိုလျှင် မုသားအထပ်ထပ်နှင့် အမှတ်ယူနေကြသည့်လောကကြီးထဲတွင် မထင်မှတ်ဘဲ အကူအညီပေးကြ၊ နားလည်မှုပေးကြရင်း တစ်ဖက်လူ၏ ကျေးဇူးအတင်ခံရပြီးကာမှ မုသားမပါသည့် အပြောမတတ်သည့် စကားတစ်ခွန်းကြောင့် စေတနာအလဟဿဖြစ်သွားရသည်မှာ အကြီးမားဆုံး ဆုံးရှုံးမှုပင်ဖြစ်ပါသည်။ ကိုယ့်ပါးစပ်အရသာကိုချည်း မကြည့်ဘဲ၊ တစ်ဖက်လူအတွက် နားအရသာကိုလည်း ထည့်တွက်သင့်ပါသည်။ နောက် နှစ်ဦးနှစ်ဖက်လုံး၏ နှလုံးသားကိုယ်စီအရသာရှိရှိ အာဟာရဖြစ်ဖို့လည်း သတိထားရပါလိမ့်မည်။ မဟုတ်လျှင်တော့ "အကုသိုလ်ကိုမုန်းပါ၊ အကုသိုလ်ပြုသူကိုသနားပါ"ဆိုသည့် မဟတ္တမဂန္ဒီကြီး၏သြဝါဒကို နှလုံးမူပြီး "နိမ့်ကျသိမ်ဖျင်းသည့်စကားကိုမုန်းပါ။ နိမ့်ကျသိမ်ဖျင်းသည့်စကားပြောသူကိုတော့ သနားပါ"ဟုပင်ဆိုရတော့မည်လား. . . .။ ။



## JOKE

### လမ်းညွှန်စာအုပ်

ကျွန်မသမီး မင်္ဂလာဆောင်၌ ရရှိလာသော လက်ဖွဲ့ပစ္စည်းများတွင် မုန့်ဖုတ်စက်ကလေးလည်း ပါဝင်သည်။

လက်ဖွဲ့ပစ္စည်းများ ဖောက်နေချိန်မှာပင် သမီး၏အမျိုးသားက မုန့်ဖုတ်စက်ကို စတင်အသုံးပြုရန်ဆုံးဖြတ်လိုက်သည်။

မုန့်ဖုတ်စက်ကို မီးခလုတ်နှိပ်လိုက်ချိန်မှာပင် စက်ထဲမှမီးခိုးများ ထွက်လာသည်။

"ဟယ် ဘယ်လိုဖြစ်တာလဲ။ စက်နဲ့အတူပါတဲ့ လမ်းညွှန်စာအုပ်ကို ရှာကြစမ်း"

"ပုံးထဲမှာလည်း ရှာမတွေ့ဘူးအမေ" ဟု ကျွန်မသမီးက လှမ်းပြောသည်။

ထိုအချိန်မှာပင် မီးဖိုချောင်ထဲမှ အသံတစ်သံထွက်လာသည်။

"မုန့်က ကျက်သွားပြီ။ လမ်းညွှန်စာအုပ်ကတော့ ပြာဖြစ်သွားတယ်"

### လက်ထပ်လိုသူ

မင်္ဂလာအခမ်းအနားတစ်ခုတွင် တရားဟောဆရာမှာ သူလက်ထပ်ပေးရမည့် စုံတွဲအမည်ကို မေ့နေသည်။ အမျိုးမျိုးစဉ်းစားသော်လည်း အမည်ဖော်မရ။ မင်္ဂလာစုံတွဲကိုခေါ်ယူရန် အချိန်ကျရောက်လာပြီဖြစ်၍ အခုလိုဆိုလိုက်ပါသည်။

"ကဲ လက်ထပ်ပွဲနွဲလိုသူတွေ ဒီရှေ့ကိုထွက်လာပါ"

ချက်ချင်းဆိုသလို အမျိုးသမီးငယ်ငါးဦး၊ မုဆိုးမသုံးဦး၊ မုဆိုးဖိုငါးဦးနှင့် လူပျိုသုံးဦး တရားဟောဆရာရှေ့သို့ ရောက်လာပါ၏။




အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမို။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွင့်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၈၄၂၈

# Business

Vol.9, No.34 · NOVEMBER 11, 2010


## အမြင့်ကားများ အမျိုးအစားအလိုက် ကျပ်သိန်းတစ်ရာကျော်ခန့်အထိကျဆင်း

ဇာဇာနီ

ရန်ကုန်၊ နိုဝင်ဘာ - ၃



ကားရောင်းဝယ်ရေးဈေးကွက်တွင် အမြင့်ကားဈေးနှုန်းများမှာ ကား အမျိုးအစားပေါ်မူတည်၍ အနည်းဆုံး ကျပ်သိန်းတစ်ရာကျော်ခန့်အထိ ကျဆင်းနေပြီး အရောင်းအဝယ်လည်း မဖြစ်ကြောင်း ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ဝယ်ရောင်းများကပြောသည်။

"လိုင်စင်မဲ့ကားတွေ အခွန်ဆောင်တာရပ်ပြီးကတည်းက ကားဈေးတွေ ကျလာတာ။ အခုဆိုရင် မတ်ခ်တူး ရွှေငါးကားအမျိုးအစား ၂၀၀၄ မော်ဒယ် အကွာရာ ၄(ဂ) တွေဆို ကျပ်သိန်းတစ်ထောင်ကျော်ကနေ အခု ကျပ်သိန်းခြောက်ရာကျော်လောက်ပဲရှိတော့တယ်"ဟု ကားပွဲစားတစ်ဦးက 7Day News သို့ပြောသည်။

ထို့အပြင် ယခင်က အရောင်းအဝယ်ဖြစ်ခဲ့သည့် ပါရာဒိုကားအမျိုးအစား ၂၀၀၀ မော်ဒယ် အကွာရာ ၄(ခ)မှာ ကျပ်သိန်း ၂,၀၀၀ကျော်မှ ကျပ်သိန်း ၁,၂၀၀ နှင့် မတ်ခ်တူးကားအမျိုးအစား ၉၇ မော်ဒယ် အကွာရာ ၄(ဂ)မှာ ကျပ်သိန်း ၆၀၀ ကျော်မှ ကျပ်သိန်း ၄၅၀ ခန့်ထိ ကျဆင်းနေသည်။

ကားအရောင်းအဝယ်မဖြစ်သလို ပြီးခဲ့သည့်လက နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် လေလံပွဲမှာလည်း လေလံကြမ်းခင်းဈေးမြင့်သောကြောင့် ကားဝယ်ရောင်းသမား အများစု အဝယ်ဖြစ်ကြောင်းသိရှိရသည်။


"လေလံကြမ်းခင်းဈေးက မြင့်တယ်။ ဒါကြောင့် ဆွဲပြီးရင် ဆယ့်ငါးရာခိုင်နှုန်း အခွန်ဆောင်နောက် အလုံးချိန်းတော့လည်း အရင်က ကျပ်ဆယ်သိန်းခွဲကနေ အခု ကျပ်သိန်းနှစ်ဆယ်ကျော်ဖြစ်လာတော့ လေလံကမကိုက်တော့ဘူး။ ရှုံးတယ်"ဟု ပွဲစားတစ်ဦးက ပြောသည်။

ယင်းလေလံပွဲတွင် ကော်ရိုလာပုစဉ်းခေါင်းတံဆိပ် ကားအမျိုးအစား၏ လေလံကြမ်းခင်းဈေးမှာ ကျပ်သိန်း ၂၆၀ ခန့်၊ တိုရိုတာလီမိတက်ဖင်ပြတ် ၉၂ မော်ဒယ်မှာ ကျပ်သိန်း ၂၀၀ ကျော်၊ ဟိုင်းလပ်ဆဖ်မှာ ကျပ်သိန်း ၆၅၀ တို့ဖြစ်သည်။

## တစ်ရက်အတွင်း ရွှေဈေး ကျပ်တစ်သောင်းကျော် မြင့်တက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ နိုဝင်ဘာ-၃



ကမ္ဘာ့ရွှေဈေးနှင့် အမေရိကန်ငွေဈေးတစ်ပြိုင်တည်း မြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာ တစ်ရက်အတွင်း ကျပ် ၁၀၀၀၀ ဝန်းကျင်ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ကမ္ဘာ့ရွှေဈေးကလည်း တက်တယ်။ ဒေါ်လာဈေးက တော်တော်တက်လာတာကြောင့် ဈေးက အတက်မြန်လာတာပါ" ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ နိုဝင်ဘာ ၃ ရက်နံနက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၃,၀၀၀ ကျပ်ရှိနေရာမှ နေ့လယ်ပိုင်းတွင် ၆၆၂,၀၀၀ ကျပ်ထိ မြင့်တက်လာခဲ့သည်။

ယင်းသို့မြင့်တက်ရခြင်းမှာ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၃၄၀ ဒေါ်လာဝန်းကျင်ရှိနေရာမှ ၁၃၅၄ ဒေါ်လာထိ မြင့်တက်လာသကဲ့သို့ အမေရိကန်ငွေဈေးမှာလည်း ၈၉၂ ကျပ်မှ ၉၁၄ ကျပ်ထိ မြင့်တက်လာခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။

ရွှေဈေးနှုန်းမှာ အတက်ဘက်သို့ဦးတည်ပြီး ဈေးနှုန်းအတက်အကျမြန်နေသော်လည်း ရွှေဝယ်လိုအားမှာ ကောင်းနေကြောင်း ရွှေဆိုင်ပိုင်ရှင်များကပြောသည်။

"အရောင်းအဝယ်က တော်တော်တက်တယ်။ အပိုင်းတို၊ ဖြတ်စတိုက ပိုရောင်းအားသွက်နေတယ်။ ဒီလိုအချိန်က ငွေမထားချင်လို့ ဝယ်တဲ့သူတွေကြောင့်လည်း ရောင်းအားကောင်းတာပါတယ်" ဟု အထက်ပါရွှေဆိုင်ပိုင်ရှင်ကပြောသည်။

"ဈေးတက်ပေမယ့် ဒီအပတ်ထဲမှာ ရောင်းအားကောင်းတယ်။ သီတင်းကျွတ်ကာလမို့ ရောင်းအားကောင်းတာလည်းပါတယ်"ဟု ၁၅ လမ်းထိပ်ရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

## ပို့ကုန်သွင်းကုန်လုပ်ငန်းများ နေးကွေးနေခြင်းကြောင့် ကွန်တိန်နာအငှားဈေးကွက်ကျဆင်း

ပြည်သိမ်း

ရန်ကုန်၊ နိုဝင်ဘာ - ၅



ပို့ကုန်သွင်းကုန်လုပ်ငန်းများ နေးကွေးနေသည့်အတွက် ကွန်တိန်နာငှားရမ်းမှုတွင် သတ်မှတ်ဈေးကွက်ထက် အလုပ်ဖြစ်ရေးကိုသာ ဦးစားပေးရသဖြင့် အငှားဈေးနှုန်းများကျဆင်းနေကြောင်း ကွန်တိန်နာလုပ်ငန်းလုပ်ကိုင်သူများထံမှ သတင်းရရှိသည်။

လက်ရှိအခြေအနေတွင် ပြည်တွင်းမှ ထုတ်ကုန်မရှိခြင်း၊ ပြည်ပမှ တင်သွင်းသူများကလည်း ပြည်တွင်း နိုင်ငံရေးအခြေအနေကို စောင့်ကြည့်နေသဖြင့် ကွန်တိန်နာငှားရမ်းမှုမရှိခြင်းတို့ကြောင့် ညှိနှိုင်းဈေးနှုန်းများဖြင့်သာ ဆောင်ရွက်နေရသည်ဟုသိရှိရသည်။ ယင်းကြောင့် ကွန်တိန်နာငှားရမ်းမှုတွင် ပေ ၂၀ တစ်လုံးလျှင် ကန်ဒေါ်လာ ၁၀၀ ဝန်းကျင်၊ ပေ ၄၀ တစ်လုံးလျှင် ကန်ဒေါ်လာ ၂၀၀ ဝန်း ကျင်ဈေးကျလာကြောင်း ကွန်တိန်နာငှားရမ်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကရှင်းပြသည်။

"လုပ်ငန်းမကောင်းတော့ တစ်ဖက်ကုမ္ပဏီက ကွန်တိန်နာအခွံကို ပြန်တောင်းရင် သင်္ဘောခ သက်သာအောင် အဆင်ပြေတဲ့ကုန်ကို ဈေးလျှော့ပြီး ထည့်ပေးလိုက်တယ်။ ဒီလိုမှမလုပ်ရင် သင်္ဘောခ ရှုံးတယ်။ ဈေးကွက်တော့ ပျက်တာပေါ့။ ဒီမှာ ကွန်တိန်နာအခွံတွေက ပုံထားတာကြာတော့ တစ်ဖက်က ပြန်တောင်းရင် ဒီလိုပဲလုပ်နေရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အပြင် ရာသီဥတုကြောင့် ယခုနှစ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်လျော့ကျနိုင်သဖြင့် ကွန်တိန်နာလုပ်ငန်းများသည် ပြန်လည်မကောင်းနိုင်သေးကြောင်း၊ ပြည်တွင်းစီးပွားရေးကောင်းပြီး ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းဖွံ့ဖြိုးမှသာ လုပ်ငန်းများပြန်လည်ကောင်းမွန်လာနိုင်ကြောင်းလည်း ကျောက်တံတားမြို့နယ် ၃၆ လမ်းရှိ ကွန်တိန်နာငှားရမ်းမှုလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကရှင်းပြသည်။

လက်ရှိ ကွန်တိန်နာငှားရမ်းခနှုန်းထားများသည် ရန်ကုန်မှ ဟောင်ကောင်သို့ ပေ ၂၀ ကွန်တိန်နာတစ်လုံးလျှင် ကန်ဒေါ်လာ ၁,၁၀၀၊ ပေ ၄၀ ကွန်တိန်နာတစ်လုံးလျှင် ကန်ဒေါ်လာ ၁,၉၀၀ ဈေးရှိပြီး၊ တရုတ်နိုင်ငံ ဝှမ်ဒေါင်းပြည်နယ် ဆိပ်ကမ်းများသို့ ရန်ကုန်မှ ပေ ၂၀ ကွန်တိန်နာတစ်လုံးလျှင် ကန်ဒေါ်လာ ၁,၀၀၀၊ ပေ ၄၀ ကွန်တိန်နာတစ်လုံးလျှင် ကန်ဒေါ်လာ ၁,၇၀၀ ဈေးရှိကြောင်းသိရသည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၁၂၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၂၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၅၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၃. ၉၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၄၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၀၇. ၁၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၈၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၆၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၀၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၀၀၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၅၅၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၃၈ | ဒေါ်လာ | (ဩစတြေးလျ) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၈၆. ၇၀၀ |
| ရေနံ | စည် | ၈၇. ၉၈၀ |
| ငွေ | ၁ အောင်စ | ၂၆. ၃၇၁ |
| ကြေးနီ | ပေါင် | ၃၉၇. ၇၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂၆. ၃၇၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ နိုဝင်ဘာ ၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## အော်ဂဲနစ်ပေါ်ဆန်းဈေးကွက်အတွင်း ရောင်းချနေသော်လည်း ထုတ်လုပ်နိုင်မှုမရှိသေး

ပြည်သိမ်း

ရန်ကုန်၊ နိုဝင်ဘာ-၃

ဈေးကွက်တွင်း၌ အော်ဂဲနစ်ပေါ်ဆန်းများ ရောင်းချနေသော်လည်း မြန်မာနိုင်ငံတွင် အဆိုပါ ဆန်မျိုးကို ထုတ်လုပ်နိုင်မှု မရှိသေးကြောင်း မြန်မာနိုင်ငံ အော်ဂဲနစ်အစုအဖွဲ့မှ အတွင်းရေးမှူးဦးနှင်းဦးက ပြောသည်။

အော်ဂဲနစ်စပါးကို စိုက်ပျိုးထုတ်လုပ်ရာတွင် သာမန်ဆန်စပါးများ စိုက်ပျိုးထုတ်လုပ်မှုကဲ့သို့ မဟုတ်ဘဲ ပထမတစ်နှစ်တွင် မြေနှင့် ရေ၏ အရည်အသွေးကို စစ်ဆေးရမည်။ ထို့နောက် တစ်နှစ် ထပ်မံစောင့်ဆိုင်းပြီးမှသာ အဖွဲ့မှ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

စာ(၃၂)သို့

7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

## ဆိုင်ကလုန်းဂီရိကြောင့် ပုစွန်ကန်များပျက်စီးကာ ပုစွန်များ ပင်လယ်ထဲသို့ရောက်

သန်းဌေး

ရန်ကုန်၊ နိုဝင်ဘာ - ၅

ဆိုင်ကလုန်းဂီရိမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပုစွန်မွေးကန်များပျက်စီးပြီး ပုစွန်များပင်လယ်ပြင်သို့ရောက်ရှိသွားသောကြောင့် ယခုရက်ပိုင်းအတွင်း ပင်လယ်ပြင်တွင် ပုစွန်ဖမ်းဆီးရရှိမှုများစွာတိုးလာခဲ့ကြောင်း ရွှေယမုံကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဦးထွန်းအေးက ပြောသည်။

“ကန်တွေ ရေလျှံလို့ ပင်လယ်ထဲလွတ်ထွက်သွားတော့ ကန်သမားတွေဆုံးရှုံးကုန်ပြီး ဖမ်းဆီးတဲ့အခါ ပုစွန်အထိအမိ ဆယ်ဆတက်လာတယ်”ဟု ၎င်းကပြောကြားသည်။

ပုစွန်မွေးကန်အများစုသည် သဘာဝမှဖမ်းဆီးရမိသောပုစွန် မျိုးမကြီးများမှ ပေါက်ပွားလာသောသားပေါက်များကို အသားတိုးစေရန် မွေးမြူကြခြင်းဖြစ်သည်။ အောက်တိုဘာလဆန်းတွင် မိုးများ၍ ရေကြီးရေလျှံခြင်းနှင့် လကုန်တွင် ဆိုင်ကလုန်းဂီရိမုန်တိုင်းတိုက်ခတ်ခဲ့ခြင်းကြောင့် အဆိုပါပုစွန်မွေးကန်များ ပျက်စီးခဲ့ရကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းအတွင်းရေးမှူးဖြစ်သူဦးထွန်းအေးကပြောကြားသည်။

“ပုစွန်သားပေါက် ၆၂ သိန်းဖိုး ဆုံးရှုံးခဲ့ရတယ်”ဟု ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက နိုဝင်ဘာ ၅ ရက်တွင် ကျင်းပသော သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ၌ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ပုစွန်မွေးကန်များမှာ ပေါက်တောမြို့နယ်တွင် ၁၃,၃၇၂ ဧက၊ မြေပုံမြို့နယ်တွင် ၁၀,၈၇၂ ဧကနှင့် ကျောက်ဖြူမြို့နယ်တွင် ၁၁,၅၈၀ ဧက အသီးသီးရှိကြပြီး ဂီရိမုန်တိုင်းကြောင့် ရေလုပ်သား ၄၇ ဦး၊ ပုစွန် ဗိုင် ၉၀ ရာခိုင်နှုန်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးရုံး ၁၀၀ ရာခိုင်နှုန်းပျက်စီးခဲ့ကြောင်း ၎င်းကပြောကြားသည်။




## ကထိန်နီးလာသဖြင့် သင်္ကန်းပရိက္ခရာ ပစ္စည်းများ ရောင်းအားတက်

ဇာဇာနီ

ရန်ကုန်၊ နိုဝင်ဘာ - ၄

ကထိန်ကာလနီးလာသဖြင့် သင်္ကန်းပရိက္ခရာပစ္စည်းများ ပြီးခဲ့သည့်လများထက် ငါးဆယ်ရာခိုင်နှုန်းပိုရောင်းလာရကြောင်း အဆိုပါပစ္စည်းအရောင်းဆိုင်ရှင်များကပြောသည်။

“နယ်တွေက အခုကတည်းကစပြီးဝယ်နေကြပြီ။ အဲဒါကြောင့်လည်း အရောင်းက အခုလို တက်လာတာ။ ရန်ကုန်က လူတွေကတော့ နီးမှ ဝယ်ကြတာများတယ်” ဟု ဇောတိကသင်္ကန်းပရိက္ခရာအရောင်းဆိုင်မှ တာဝန်ရှိသူက 7Day News သို့ပြောသည်။

သင်္ကန်းပရိက္ခရာ အစရှိသည့် လှူဖွယ်ပစ္စည်းများအား သီတင်းကျွတ်လပြည့်မတိုင်ခင်ကတည်းက နယ်ဒေသပေါင်းစုံတို့မှ လာရောက်၍ဝယ်ယူကြကြောင်းနှင့် အများစုမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြောင်း ထိုပုဂ္ဂိုလ်ကဆက်လက်ပြောသည်။

ယခုနောက်ပိုင်းတွင် သင်္ကန်းပရိက္ခရာဝယ်သူများမှာ ချုပ်ထည်အသစ်အဆန်းများကို ပို၍စိတ်ဝင်စားသဖြင့် ၎င်းပစ္စည်းသစ်များမှာ ဦးစားပေးပိုရောင်းရကြောင်း ကရဝိက် သင်္ကန်းပရိက္ခရာအရောင်းဆိုင်မှ တာဝန်ရှိသူက ပြောသည်။

“သင်္ကန်းချုပ်ဖို့ ပိတ်စတွေကို ထိုင်းနဲ့တရုတ်ကနေ မှာယူပြီး ပြည်တွင်းမှာ ပြန်ရက်တယ်။ ရိုးရိုးချည်ထည်ကို ဝယ်သူကနည်းသွားပြီ။ ပိုးထည်ကိုပိုကြိုက်ကြတယ်” ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

လှူဒါန်းသူများမှာ သင်္ကန်းပရိက္ခရာဒွိစုံတစ်စုံလျှင် ကျပ် ၅,၀၀၀ မှ သင်္ကန်းအမျိုးအစားပေါ်မူတည်၍ ကျပ် ၃၀,၀၀၀ ကျော်အထိရှိကာ ကြာသင်္ကန်းများမှာလည်း ကျပ်ဆယ့်ငါးသိန်းအထိရှိသော်လည်း လှူဒါန်းသူအများစုမှာ ကျပ် ၅,၀၀၀ မှ ကျပ် ၃၀,၀၀၀ အတွင်း သင်္ကန်းပရိက္ခရာပစ္စည်းများကိုဝယ်ယူကြကြောင်း သိရှိရသည်။

## စာ(၃၁) - အော်ဂဲနစ်ပေါ်ဆန်းဈေးကွက်အတွင်း ရောင်းချနေသော်လည်း ထုတ်လုပ်နိုင်မှုမရှိသေး မှ


“အော်ဂဲနစ်က စားသုံးသူကမေးရင် ရှင်းပြနိုင်ဖို့လိုတယ်။ ကိုယ်ထုတ်ထားတဲ့ပစ္စည်းက အမှန်တကယ် စစ်မှန်တယ်ဆိုတာကို တတိယအဖွဲ့ (Third Party)က အသိအမှတ်ပြုလက်မှတ်ရှိရမယ်” ဟု ဦးနှင်းဦးကပြောသည်။

အော်ဂဲနစ်ဆန်အဖြစ် ဈေးကွက်အတွင်း၌ရောင်းချနေသော ဆန်များသည် သာမန်ဆန်ထက် ဈေးပိုကြီးသည်။ ဈေးကွက်တွင် ပေါ်ဆန်းမွှေးအမျိုးအစားသည် တစ်အိတ်လျှင် ၃၅,၀၀၀ ကျပ်မှ ၃၆,၀၀၀ ကျပ်ကြားသာရှိသော်လည်း အော်ဂဲနစ်ပေါ်ဆန်းမှာ ၃၈,၀၀၀ ကျပ်ထိဈေးရှိကြောင်း စုံစမ်းသိရသည်။



# 7DAY BOOK REVIEW

## ကာတွန်းဖေသိန်းရဲ့ စာပဒေသာ



စာရေးသူတစ်ဦးတစ်ယောက်ရေးသားခဲ့သော ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို၊ ကဗျာ စသည်တို့အားစုစည်း၍ တစ်ပေါင်းတစ်စည်းတည်း စာအုပ်အဖြစ်ထုတ်ဝေခြင်းကို စာပဒေသာဟု ဆိုနိုင်ပါသည်။ မြန်မာစာရေးဆရာကြီးများထဲတွင် ဇေယျနှင့် ဒေါက်တာမောင်ဖြူးတို့၏ စာများကို စာပဒေသာအဖြစ် မြင်တွေ့နိုင်ပြီး ထိုစာပဒေသာများသည် အကြောင်းအရာအမျိုးမျိုး၊ အဖြစ်အပျက်အဖုံဖုံတို့ကို စိတ်ကူးသင့်ရာ စာပေပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့် ရေးဖွဲ့လေ့ရှိသဖြင့် စာဖတ်သူအဖို့ ဆေးရောင်စုံမြင်ကွင်းကျယ် မြင်ရသလိုမျိုး စိတ်ကိုကြည်နူးချမ်းမြေ့စေပါသည်။

ယခုထွက်ရှိလာသော ကွယ်လွန်သူကာတွန်းဆရာကြီးဦးဖေသိန်း၏ စာပဒေသာစာအုပ်တွင်လည်း ၁၉၅၈ မှ ၁၉၉၈ နှစ်ပေါင်းလေးဆယ်အတွင်း မြန်မာကာတွန်းဆရာတစ်ဦး၏ စာနယ်ဇင်းလောကဖြတ်သန်းမှုအတွေ့အကြုံများကို တစ်ပေါင်းတစ်စည်းတည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။ ကာတွန်းဦးဖေသိန်းသည် စာနယ်ဇင်းကာတွန်းသမိုင်းပြုစုခဲ့သူတစ်ဦးပီပီ ၎င်းကြုံတွေ့ခဲ့ရသော မြန်မာ့နိုင်ငံရေးနှင့် စာနယ်ဇင်းသမိုင်းကားချပ်များကို ယခုစာအုပ်တွင် မြင်တွေ့နိုင်မည်ဖြစ်သည်။ စာအုပ်တွင် စုစုပေါင်း ဆောင်းပါး ၄၄ ပုဒ်ပါဝင်ပြီး၊ နှစ်လေးဆယ်အတွင်း မဂ္ဂဇင်းအသီးသီး၌ ရေးသားခဲ့သော ဆောင်းပါးများ ဖြစ်ကြသည်။ ‘ကျွန်တော်နှင့် ဦးညိုမြ’၊ ‘ကျွန်တော်နှင့်ဗိုလ်ချုပ်’ဆောင်းပါးများ၌ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝ ကျောင်းသားသမဂ္ဂခေါင်းဆောင်တစ်ဦးအဖြစ် လှုပ်ရှားခဲ့ပုံ၊ အိုးဝေမဂ္ဂဇင်းထုတ်ဝေခဲ့ပုံနှင့် အိုးဝေသတင်းစာထုတ်ဝေသောအခါ ဦးဖေသိန်းက အိုးဝေစာလုံး ရေးပေးခဲ့ပုံတို့ကို သိရှိနိုင်မည် ဖြစ်သည်။ ထို့ပြင် ‘ကျွန်တော့်စာလုံးဒီဇိုင်းများ’ဆောင်းပါး၌ ကြေးမုံစာလုံးသာမက စာနယ်ဇင်း ခေတ်တစ်လျှောက်သတင်းဂျာနယ်၊ ချင်းတွင်းဂျာနယ်၊ အားသစ်ဂျာနယ်၊ လုပ်သားဂျာနယ်၊ မှန်ပြောင်းဂျာနယ် အစရှိသည့်ဂျာနယ်များ၏စာလုံးများတီထွင်ရေးသားခဲ့ခြင်းအတွေ့အကြုံကို ဂဃနဏသိရှိနိုင်မည်ဖြစ်ပါသည်။‘ကျွန်တော့်နေ့စဉ်ကာတွန်းများ’ ဆောင်းပါး၌ မြန်မာ့စာနယ်ဇင်းသမိုင်းတစ်စိတ်တစ်ပိုင်းနှင့် ထိုစဉ်က နေ့စဉ်ထုတ် သတင်းစာများဖြစ်သော ဟံသာဝတီ၌ ပြည်သူ့ကြေးမုံ၊ မြန်မာ့ခေတ်၌ လောကနီတိ အစရှိသော တစ်ကွက်နိုင်ငံရေးကာတွန်းများ ထိထိမိမိ ရေးဆွဲခဲ့ခြင်းကို အဆိုပါကာတွန်းကွက်များနှင့်အတူ ဖော်ပြထားသည်ကို ဖတ်ရှုရမည်ဖြစ်သည်။

ထို့ပြင် တောင်တန်းဆရာတော်ဘုရားကြီးဦးဥတ္တမသာရ၏ မှတ်ဉာဏ်၊ တန်ဆောင်တိုင် ကာတွန်းမီးထွန်းပွဲတော်နှင့် အခြားသိမှတ်ဖွယ်ရာ စာပဒေသာကို အများအမြင်နှင့် မတူညီသော ကာတွန်းဆရာတစ်ဦး၏ရှုထောင့်မှကြည့်ကာ ဟာသရသမြောက်အောင် ရေးဖွဲ့ထားသည်ကိုဖတ်ရှုရမည်ဖြစ်ပါသည်။ ဆောင်းပါးများနှင့်အတူ သက်ဆိုင်ရာကာတွန်းများကိုလည်း သေသပ်ကျနစွာ ပူးတွဲဖော်ပြထားသည်ဖြစ်၍ ကာတွန်းဦးဖေသိန်း၏ စာများကို ဖတ်ရှုရသည်မှာ မပျင်းမရိစေဘဲ သွက်သွက်လက်လက်နှင့် သမိုင်းအသိအမြင်ကို ရရှိနိုင်မည်ဖြစ်ပါသည်။

‘ကျွန်တော်၏ နေ့စဉ်ကာတွန်းများ’ဆောင်းပါး၌ ကာတွန်းဆရာများနှင့်ပတ်သက်၍ ကာတွန်းဦးဖေသိန်းက . . . . ‘ကာတွန်းဆရာအမျိုးမျိုးတွင် အကြမ်းအားဖြင့် သုံးမျိုးသုံးစားရှိသည်။ ပထမ သတင်းစာခေါင်းကြီး(နိုင်ငံရေး) ကာတွန်းဆရာ၊ ဒုတိယ ရိုးရိုးလူမှုရေးဟာသကာတွန်းဆရာ၊ တတိယ ကော်မစ်(ကလေးကာတွန်း) ရုပ်ပြကာတွန်းဆရာ။ ထိုသုံးမျိုးအနက် သတင်းစာခေါင်းကြီးရေးကာတွန်းဆရာမှာ နာမည်ကြီးသော်လည်း ထင်သလောက် ဝင်ငွေမရသည့်အပြင် အန္တရာယ်များသည်။ ရိုးရိုးလူမှုရေးဟာသကာတွန်းဆရာမှာ အလယ်အလတ်မျှသာဖြစ်သည်။ ကော်မစ်ရုပ်ပြရေးကာတွန်းဆရာကား ဝင်ငွေအကောင်းဆုံး။ သူ ရေးဆွဲသည့် ဇာတ်ကောင်ကို ကြိုက်နှစ်သက်ကြသလို၊ သူ့ကိုလည်း ချစ်ခင်ကြသည်’ဟုရေးသားထားသည်။ ပြောဖွယ်ရှိသည်မှာ ဤသို့သမိုင်းတန်ဖိုးရှိသောစာများကို သေသပ်ကျနစွာ ရိုက်နှိပ်ထုတ်ဝေထားသော်လည်း စာရေးသူဦးဖေသိန်း၏ ကိုယ်ရေးအကျဉ်းမပါရှိခြင်းသည် စာအုပ်၏အားနည်းချက်တစ်ရပ် ဖြစ်နေပါသည်။ ရုပ်ပြောင်စာပေမှ တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကော်ဖီသောက်ရင်း စက်ချုပ်ကြမလား

မိမိဘောင်းဘီကို အောက်နားလည်းလုံးချင်၊ ကော်ဖီသောက်ချင်စိတ်ကလည်း တစ်ပြိုင်နက်တည်းဖြစ်မည်ဆိုလျှင်နှစ်ခုစလုံးကို အဆင်ပြေအောင်ပြုလုပ်နိုင်မည့် စက်ချုပ်နိုင်သည့် ကော်ဖီဆိုင်များကို ပါရီမြို့ခံများက ဒီဇိုင်းထွင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ ပထမဆုံးလက်မှုပညာကော်ဖီဆိုင်ကို ပါရီမြို့တွင်ယခုနှစ်အစောပိုင်းက ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဆင်းဂါးအပ်ချုပ်စက်သစ် ၁၀ လုံးကို ငှားရမ်းပေးထားပြီး အများသုံးစားပွဲတစ်လုံးလည်းထားရှိပေးထားသည်။ ကော်ဖီဆိုင်၏ဆောင်ပုဒ်မှာ “ဈေးဝယ်တာလျှော့၊ များများတီထွင်ချုပ်လုပ်” ဟူ၍ဖြစ်ပြီး ကော်ဖီဆိုင်ကိုလာရောက်သူသည် ကော်ဖီတစ်ခွက်၊ မုန့်အနည်းငယ်စားရမည်ဖြစ်ကာ စက်ချုပ်ခအတွက်တစ်နာရီလျှင် ၇ ဒသမ ၅၀ ဒေါ်လာပေးရမည်ဖြစ်ပြီး၊ ၁၀ နာရီစာအတွက် ၆၉ ဒေါ်လာ ကျသင့်မည်ဖြစ်သည်။ ကော်ဖီဆိုင်ပိုင်ရှင်များကလည်း ဝါရင့်ဒီဇိုင်နာများ ပြုလုပ်ပေးထားသည့် တစ်ပတ်လျှင်ကွဲပြားသည့် အစီအစဉ်ငါးမျိုးခန့်ကို ချုပ်လုပ်နိုင်ရန်လည်းတီထွင်ပေးထားပြီး သိုးမွေးထိုးခြင်း၊ စက်ချုပ်ခြင်းနှင့် ခေတ်ပေါ်ပန်းထိုးနည်းဆိုင်ရာနည်းပညာများပါဝင်သည်ဟု သိရသည်။

—Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

နို ဝင် ဘာ ၁၀ ရက် မှ ၁၆ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အတတ်ပညာနှင့်ပတ်သက်သောကံကောင်းမည်။ ရည်မှန်းချက်များ အလုံးစုံအောင်မြင်မှုများရမည်။ ရင်းနှီးသောသူများနှင့်စကားများရမည်။ အရပ်ဝေးနှင့် တိုက်ရိုက်ဆက်ဆံပြီး လုပ်သောကိစ္စများ အထူးအောင်မြင်မည်။ သူတစ်ပါးထက်သာအောင် ဆောင်ရွက်နိုင်သောအရည်အချင်းများရှိလျက် တွေဝေဒွိဟဖြစ်ခြင်းကြောင့် အခွင့်ကောင်းအချို့လက်လွတ်ဆုံးရှုံးမည်။ ပစ္စည်းပျောက်တတ်သည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အရာရာအဆင်ပြေမည်။ ကံမြင့်သောအနေအထားရှိသည်။ မိမိအပေါ် ယှဉ်လာသူအားလုံးကို အသာစီးမှ အနိုင်ယူနိုင်သည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း စိတ်ချမ်းမြေ့စရာများပေါ်ပေါက်မည်။ လူမျိုးခြားအကျိုးပေးမည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်အဆင့်တိုးတက်မည်။ မိမိအပေါ် အနှောင့်အယှက်ပြုသူ၊ ဒုက္ခပေးသူများကို ရှင်းလင်းဖယ်ရှားနိုင်မည်။

### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

အရာရာသတိရှိရမည်။ ပဋိပက္ခရှိတတ်သည်။ အထင်လွဲမှုများ ဖြေရှင်းရတတ်သည်။ မူလစိတ်ကူးထားသည်များကို လက်တွေ့အကောင်အထည်ဖော်ရာ၌ တလွဲတချော်ဖြစ်မှုကြုံမည်။ တွေဝေဒွိဟဖြစ်စရာအကြောင်းများ၊ အရွေးရခက်အောင် အခွင့်အရေးတစ်ပြိုင်တည်းပေါ်ပေါက်မည်။ မိဘအကြီးအကဲ ကျန်းမာရေးအညံ့ရှိမည်။ အိုးအိမ်ခြံမြေကိစ္စအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

မေတ္တာရေးကံကောင်းမည်။ အလိုရှိရာပြည့်စုံမည်။ ငွေကြေးကံကောင်းမည်။ မိမိစိတ်ထဲမှ တွေးဆလိုက်တိုင်း မှန်းဆလိုက်တိုင်း တိတိကျကျဖြစ်ပေါ်မည်။ လုပ်ငန်းလုပ်သူများ ကိုယ်ပိုင်အရည်အသွေးထက်မြက်၍ မှန်းဆသလောက် ထွန်းပေါက်မည်။ဝင်ငွေတိုးပွားခြင်း၊ မှန်းသလောက် အကျိုးခံစားခွင့်ရှိခြင်းကြုံမည်။ ကိုယ်ပိုင်လုပ်ငန်း၊ ငွေကြေးမြှုပ်နှံမှုများတွင် ထင်မှတ်မထားသောဆောင်ရွက်မှုနှင့် တက်လမ်းကောင်းရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ငွေကြေးအကုန်အကျများမည်။ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။ အတတ်ပညာပိုင်းတွင် အောင်မြင်မှုရလင့်ကစား လူမှုရေး၊ မေတ္တာရေးရာပိုင်းတွင် စိတ်အနှောင့်အယှက်ရှိမည်။ ထဲထဲဝင်ဝင်ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံသူများ၏ မိုက်မိုက်မဲမဲလုပ်ကိုင်မှုကြောင့် မိမိတွင် ပြဿနာကြုံမည်။ ကိုယ့်ပစ္စည်းနှင့်ကိုယ် သူတစ်ပါး၏အမြင်စောင်းခြင်း၊ မုန်းတီးခြင်းများ ကြုံရတတ်သည်။ မိဘကျန်းမာရေးအတွက် စိတ်ရှုပ်ရမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အဖက်ဖက်မှ ကောင်းခြင်း၊ တိုးတက်ခြင်းရှိမည်။ လူမျိုးခြားအကျိုးပေးမည်။ မိဘအကြီးအကဲကျန်းမာရေးအတွက် စိတ်ပူပင်ရမည်။ ပေါ်ပေါက်လာသောအခွင့်အလမ်းများကို စနစ်တကျအသုံးပြုနိုင်မည်။ သူတစ်ပါးပြဿနာများ ငွေကြေးကိစ္စများကို မိုက်မိုက်မဲမဲအမုန်းခံပြီး ဝင်ရောက်ပြောဆိုရကိန်းကြုံမည်။ အရေးကြီးသောစာရွက်စာတမ်းများ လက်မှတ်ရေးထိုးရမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ဆောင်ရွက်သမျှထွန်းပေါက်မည်။ အနှောင့်အယှက်အတိုက်အခံမည်မျှရှိစေ တိုးတက်မှုများဖန်တီးနိုင်မည်။ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်ဖြစ်နေသည်များကို မူလအခြေအနေမှ ပြန်လည်စတင်၍ အသစ်တစ်ဖန် ဆောင်ရွက်ခြင်းများအဆင်ပြေမည်။ တန်ဖိုးနည်းပါးသောပစ္စည်းမှအစ တန်ဖိုးများသောပစ္စည်းဝယ်မည်ဆိုပါက စစ်ဆေးပြီးမှဝယ်ယူပါ။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

မူလဦးတည်ထားသည့်လုပ်ငန်းများမှ လမ်းကြောင်းပြောင်း ဆောင်ရွက်၍ တိုးတက်မှုအဆင့်ဆင့်ရမည်။ စကားမတည်သောသူများနှင့်တွေ့တတ်သည်။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့ မွေးသောသူများနှင့်တိုက်ရိုက်ဆက်စပ်ပြီး အလုံးစုံအဆင်ပြေသွားမည်။ အိမ်တွင် ပစ္စည်းအပျောက်အရှများမည်။ အထားအသိုဂရုစိုက်ပါ။ အမျိုးသမီးအကြီးအကဲကျန်းမာရေးအညံ့ရှိမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ငွေကြေးအပေးအယူဂရုစိုက်ရမည်။ ပစ္စည်းလက်လွှဲ၊ လက်ပြောင်းများတွင် သတိနှင့်ဆောင်ရွက်ပါ။ နှစ်ကုန်ခါနီးတွင် မိမိအတွက် အကျိုးရှိသောလုပ်ငန်း အခွင့်အရေးသစ်များရရှိမည်။ အမြတ်အစွန်းရလိမ့်မည်ဟု လုံးဝထင်မှတ်မထားသည့်ကိစ္စမှ ထူးထူးခြားခြားအကျိုးကောင်းရမည်။ ခရီးသွားခြင်းနှင့်ပတ်သက်သောကံကောင်းသည်။ ရပ်တန့်ထားသည်များ ပြန်လည်ဆောင်ရွက်နိုင်မည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် အနှောင့်အယှက်များရှိမည်။ မနာလို အပြိုင်အတိုက်အခံများနှင့်တွေ့တတ်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စပြောဆိုဆောင်ရွက်မှုတွင် သတိရှိရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စပြောဆိုဆောင်ရွက်မှုတွင်သတိရှိရမည်။ သူတစ်ပါးကတိ ယုံစား၍မရ။ မိမိအပေါ် အနှောင့်အယှက်ပေးသူများနှင့်တွေ့တတ်သည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ထူးခြားသောအပြောင်းအလဲနှင့်တိုးတက်မည်။ လူမျိုးခြား ကောင်းကျိုးပေးမည်။ လုပ်ငန်းခွင်ရှိသူများ လူသစ်၊ နေရာသစ်များတွင် အဆင်ပြေမည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သောသူများတွင်လည်း အရပ်ဝေးနိုင်ငံရပ်ခြားမှသူများနှင့် ပူးပေါင်းလုပ်ကိုင်သောကိစ္စများ ဆောင်ရွက်အောင်မြင်သောအခြေအနေရှိမည်။ မစီစဉ်ဘဲခရီးသွားရသော အနေအထားရှိသည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ငွေကုန်များမည်။ အပြိုင်အတိုက်အခံများကြားမှ တိုးတက်မည်။ လုပ်ငန်းလုပ်သူများတွင် ထူးခြားသောတိုးတက်မှုများရရှိမည်။ အမည်အတွင်း (အ၊ ဉ၊ ရ၊ လ၊ ဝ)ပါသောသူများအား သတိနှင့်ဆက်ဆံရမည်။ မိသားစုတွင် မူလလုပ်ငန်း စီးပွားအပြင် ဝင်ငွေသစ်နှင့် စီးပွားတိုးတက်မည်။ အရှေ့အရပ်၊ အရှေ့မြောက်အရပ်များသို့ ခရီးသွားစဉ်ပစ္စည်းပျောက်တတ်သည်။ လူလိမ်လူကောက်သတိရှိရမည်။

7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

(၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲနှင့် အခြားဆက်စပ်ထိပ်သီးအစည်းအဝေးများ အောက်တိုဘာ ၃၀ ရက်တွင် အဆုံးသတ်ခဲ့ပြီဖြစ်သည်။ ယင်းထိပ်သီးဆွေးနွေးပွဲများကို လက်ရှိအာဆီယံ၏ဥက္ကဋ္ဌနေရာရယူထားသည့် ဗီယက်နမ်နိုင်ငံ၏မြို့တော် ဟနွိုင်းမြို့တွင်ပြုလုပ်ခြင်းဖြစ်ပြီး သုံးရက်အတွင်းမှာပင် ထိပ်သီးဆွေးနွေးပွဲပေါင်း ၁၄ ကြိမ်ကျင်းပခဲ့သည်။ နာရီ ၆၀ အတွင်း ထိပ်သီးဆွေးနွေးပွဲ ၁၄ ကြိမ်ကျင်းပနိုင်ခြင်းမှာ အာဆီယံမှတ်တမ်းတွင် စံချိန်ချိုးသောအရေအတွက်ဖြစ်ပြီး ယင်းအတွက် ဗီယက်နမ်နိုင်ငံက အထစ်အငေါ့မရှိ ကိုင်တွယ်ဆောင်ရွက်ခဲ့ခြင်းကို ချီးကျူးဩဘာပေးကြသည်။

# ကျယ်ပြန့်လာသည့် အာဆီယံထိပ်သီးဆွေးနွေးပွဲများ

ကြည်နေဝင်းမင်း




ယင်းထိပ်သီးဆွေးနွေးပွဲများတွင်အာဆီယံခေါင်းဆောင်များအချင်းချင်းပြုလုပ်သည့် ထိပ်သီးဆွေးနွေးပွဲအပြင် အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားတို့နှင့် နှစ်စဉ်ပြုလုပ်သည့် အစည်းအဝေးများပါဝင်သလို ဩစတြေးလျ၊ နယူးဇီလန်၊ ရုရှား၊ အိန္ဒိယတို့နှင့်လည်းသီးခြားဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ်မြောက်အာဆီယံ-အမေရိကန် ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာလအတွင်း နယူးယောက်မြို့တွင်ကျင်းပခဲ့ပါသည်။ ဟနွိုင်းတွင်ပထမဦးဆုံးသော အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးဖြစ်ပေါ်ခဲ့သလို အရှေ့အာရှထိပ်သီးဆွေးနွေးပွဲကိုလည်း ကျင်းပနိုင်ခဲ့သည်။

အဖွဲ့ဝင်နိုင်ငံ အချင်းချင်း နီးကပ်သော ဆက်ဆံရေးရှိမှု၊ ပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံရေး သံန္နိဋ္ဌာန်ရှိမှု၊ အနာဂတ်အတွက် ရည်မှန်းချက်မျှော်မှန်းချက်များထားရှိမှု၊ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိမှု၊ အရှိန်ရနေသော စီးပွားရေးအင်အားများ ရှိနေခြင်းတို့ကြောင့် ကမ္ဘာ့အဓိက ကစားသမားများက အာဆီယံနှင့် ဆက်စပ်ပတ်သက်လိုကြခြင်းဖြစ်သည်။ အခြားနိုင်ငံ အများအပြားကလည်း အာဆီယံခေါင်းဆောင်များနှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရန် စိတ်အားထက်သန်နေကြရာ နောင်ဆိုလျှင် အာဆီယံအဖွဲ့အနေဖြင့် ယင်း၏ ပြင်ပဆက်ဆံရေးကိုဦးစားပေး အဆင့်များသတ်မှတ်သင့်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟိုနမ်ဟောင်ကတိုက်တွန်းခဲ့သည်။

အာဆီယံခေါင်းဆောင်များအကြားပြုလုပ်သည့် ဆွေးနွေးပွဲများတွင် အဖွဲ့ဝင်နိုင်ငံ အချင်းချင်းပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသလို ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာရေးလုပ်ငန်းစဉ်အတွက် လက်တွေ့အကောင်အထည်ဖော်ရေး အစီအစဉ်များကို အရှိန်မြှင့်တင်ခဲ့သည်။ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြသည်။

ထို့အပြင် အာဆီယံနှင့် ယင်း၏မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးတိုးမြှင့်နိုင်ရန်နှင့် ဒေသတွင်း ဦရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကိုင်တွယ်နိုင်ရန် တန်ဆာပလာများ ဖော်ထုတ်ရေး၊ လက်ရှိယန္တရားများကို အကောင်းဆုံး



လည်ပတ်စေရေး ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အာဆီယံပဋိညာဉ်အား အကောင်အထည်ဖော်ရေးနှင့် အာဆီယံအသိုက်အဝန်းပေါ်ထွက်လာရေး လမ်းကြောင်းပြ အစီအစဉ်များကိုလည်း ဆွေးနွေးကြသည်။ အထူးသဖြင့် ယခု (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံအချင်းချင်း ချိတ်ဆက်ရေး၊ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးဆွေးနွေးခဲ့သည်။ အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးမှာ အာဆီယံအဖွဲ့အတွက် ဗဟိုကျကျလွှမ်းမိုးနေသော အရေးကိစ္စဖြစ်ကြောင်း အိမ်ရှင် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုရင်တန်ဒန်းက ယင်းအစည်းအဝေးအပိတ်မိန့်ခွန်းတွင် ပြောကြားပါသည်။

တောင်တရုတ်ပင်လယ် အငြင်းပွားမှုတွင် မကြာမီက ဖြစ်ပျက်ခဲ့သော အခြေအနေများကိုထောက်ရှုပါက မကြာသေးမီက တရုတ်နိုင်ငံ၏ ပြောဆိုမှုများအပေါ် စိန်ခေါ်ရာတွင် ဗီယက်နမ်ခေါင်းဆောင်များ၏ သံတမန်ရေးရာစွမ်းရည်ကို ချီးကျူးရမည်ဖြစ်သည်။ သက်ဆိုင်သူများ လိုက်နာရေးဟူသော ကြေညာချက်ထွက်ပေါ်ပြီး ရှစ်နှစ်ကြာ ငြိမ်သက်နေခဲ့သော တောင်တရုတ်ပင်လယ်အရေးမှာ လွန်ခဲ့သော သုံးလအတွင်း အဖြစ်အပျက်များကြောင့် ပိုမိုလူသိများလာခဲ့သလို နိုင်ငံတကာတွင်အာဆီယံ၏ ရပ်တည်ချက်သမိုင်းကြောင်းကို ပိုမိုသတိပြုမိလာစေခဲ့သည်။ နိုင်ငံစုံကစားသမားများအတွက်လည်း ရေကြောင်းသွားလာမှုလုံခြုံရေး၊ လွတ်လပ်မှုရှိရေးတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် မဟာဗျူဟာမြောက် မြင်ကွင်းသစ်ကိုဖော်ထုတ်ပေးနိုင်ခဲ့သည်။

အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားတို့၏ နှစ်စဉ်ဆွေးနွေးပွဲသို့လည်း ဂျပန်ဝန်ကြီးချုပ် နာအိုတိုကန်နှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့ တက်ရောက်ခဲ့သည်။ အရှေ့တရုတ်ပင်လယ်ကျွန်းများနှင့် ငါးဖမ်းလှေကိစ္စများကြောင့် အရှေ့အာရှနိုင်ငံကြီးနှစ်နိုင်ငံဆက်ဆံရေးမှာ ငါးနှစ်အတွင်း အဆိုးဝါးဆုံးအနေအထားရှိနေခဲ့ရာမှ နိုင်ငံခေါင်းဆောင်နှစ်ဦးသည် အာဆီယံအဖွဲ့နှင့် မဆွေးနွေးမီ ပထမတစ်ရက်တွင် အလွတ်သဘော ခေတ္တခဏဆွေးနွေးခဲ့သည်။ အင်အားကြီးနိုင်ငံများ ဆက်ဆံရေးပြေလည်စေရေး အဖြေရှာတွေ့ပြီး ရှေ့သို့ဆက်လက်ချီတက်ရန် သဘောတူညီခဲ့ခြင်းအတွက် အလွန်ကျေနပ်မိကြောင်း အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်က ပြောကြားပါသည်။

အာဆီယံအဖွဲ့ဝင် ဆယ်နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ နယူးဇီလန်၊ ဩစတြေးလျတို့ ပါဝင်ပြီး ယခုနှစ်တွင်မှ ပါဝင်လာသော အမေရိကန်၊ ရုရှားတို့နှင့်ပြုလုပ်သည့် ငါးကြိမ်မြောက် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲမှာလည်း ချောမွေ့ခဲ့ပြီး အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက ပေါ်လစီကြေညာချက်များထုတ်ပြန်ခြင်းအပြင် လက်ငင်းစိန်ခေါ်မှုများအား ကိုင်တွယ်ဆောင်ရွက်ရေး လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးအတွက် တိုက်တွန်းပြောကြားခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာများတွင် ပို၍ကျယ်ပြန့်သော အာရှအသိုက်အဝန်း ဖြစ်ပေါ်လာရေး ရည်မှန်းချက်ထားရန် အိန္ဒိယဝန်ကြီးချုပ်က တိုက်တွန်းထားသည်။

အရှေ့အာရှ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိလာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန်ကမူ အရှေ့တရုတ်ပင်လယ် သူပိုင်၊ ကိုယ်ပိုင် အငြင်းပွားနေသော ကျွန်းစုများနှင့်ပတ်သက်၍ တရုတ်၊ ဂျပန်နှင့် အမေရိကန်သုံးနိုင်ငံဆွေးနွေးပွဲ လက်ခံကျင်းပရန် ကမ်းလှမ်းခဲ့သည်။ သို့သော် တရုတ်နိုင်ငံခြားရေး ဝန်ကြီးယန်ဂျေးချီက သူမ၏ မှတ်ချက်များတွင်သတိရှိရန်နှင့် တာဝန်မဲ့သော မှတ်ချက်များ မပေးရန်သတိပေးပြောကြားခဲ့သည်။ နောက်ပိုင်းတရားဝင်တွေ့ဆုံမှုတွင်မူ အမေရိကန်နှင့် တရုတ်အကြား စကားလုံးစစ်ပွဲ မဖြစ်ပေါ်ခဲ့ပေ။

ရုရှား သမ္မတ ဒီမီထရီမက်ဗီဒက်သည်လည်း အာဆီယံ-ရုရှား ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရာ၌ သမ္မတမက်ဗီဒက်က လျှပ်စစ်စွမ်းအင်၊ နျူကလီးယား၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍများတွင် အာဆီယံ-ရုရှားပူးပေါင်းဆောင်ရွက်မှုများကို ချီးကျူးပြောဆိုပြီး အခြား အဆင့်မြင့်နည်းပညာကဏ္ဍ၊ ဆေးပညာနှင့် အာကာသရေးရာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး မျှော်မှန်းချက်ကို ဖော်ထုတ်ပြောဆိုခဲ့သည်။

ဧည့်ဝတ်ကျေသော အိမ်ရှင်နိုင်ငံက လက်ခံကျင်းပခဲ့သော အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံ၏ အခန်းကဏ္ဍမြင့်တက်လာခဲ့သော်လည်း နိုင်ငံစုံ ကစားသမားအင်အားကြီးနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း တိုးချဲ့လာခဲ့သော အာဆီယံအဖွဲ့၏ရှေ့ခရီးမှာ စိန်ခေါ်မှုများလည်း ဆက်လက်ကြုံတွေ့ရမည် ဖြစ်ပါသည်။

*—Ref: Agencies*

7 DAY NEWS JOURNAL
Vol.9, No.34 • NOVEMBER 11, 2010

## သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် YUH FA 9 အမည်ရှိ ကျူနာငါးများတန်းငါးဖမ်းရေယာဉ်အား တပ်မတော်(ရေ)စစ်ရေယာဉ်မှရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့မှုသတင်း

၁။ ၂၃-၁၀-၂၀၁၀ ရက်နေ့၊ နံနက်ပိုင်းတွင် နိုင်ငံခြားရေယာဉ်(၁)စီးသည် ကော့ကပ်ဖြူမြို့၏ အနောက်ဘက် ၅ ဒသမ ၅ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၉ ဒသမ ၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ်၉၃ ဒီဂရီ၂၉ မိနစ် တွင် အန္တရာယ်ဖြင့် ကြုံတွေ့နေရကြောင်း အချက်ပြသတင်းထုတ်လွှင့်မှုကို လေကြောင်းရှာဖွေကယ်ဆယ်ရေးဂြိုဟ်တုဆက်သွယ်ရေးစနစ်မှတစ်ဆင့် ဖမ်းယူရရှိကာ အဆိုပါအချက်အလက်များအား တပ်မတော်(ရေ)၏ ရေပြင်ပိုင်းဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးပေါင်းစပ်ညှိနှိုင်းကွပ်ကဲမှုဌာနချုပ်ဖွင့်လှစ်ထားရှိသည့် ဇရာဝတီရေတပ်စခန်းဌာနချုပ်မှလက်ခံရရှိပြီး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဧရာဝတီရေတပ်စခန်းဌာနချုပ်သို့ ဆက်လက်သတင်းပေးပို့ခဲ့ပါသည်။

၂။ သတင်းရရှိလျှင်ရရှိခြင်း ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ရေတပ်အမှတ်(၃)ဘိုင်တွင် အခြေပြုလျက်ရှိသော စစ်ရေယာဉ်-၅၅၄ အား မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ ဒသမ ၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် (ကော့ကပ်ဖြူမြို့၏ အနောက်မြောက်ဘက် ၅ ဒသမ ၅ မိုင်ခန့်အကွာ) ထုတ်လွှင့်ချက်ရရှိသည့် နေရာသို့စေလွှတ်ခဲ့ပါသည်။

၃။ စစ်ရေယာဉ်-၅၅၄ သည် ထုတ်လွှင့်ချက်သတင်းရရှိရာနေရာအနီးသို့ ၁၀၅၀ ချိန်တွင် ရောက်ရှိရှာဖွေခဲ့ရာ ၁၁၀၀ ချိန်ခန့်တွင် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ ဒသမ၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ ဒသမ၇ မိနစ် (ကော့ကပ်ဖြူမြို့၏ အနောက်မြောက်ဘက် ၄ ဒသမ ၅ မိုင်ခန့်အကွာ) ဆင်ပေါက်ချိန်ကျွန်း၏ အနောက်မြောက်ဘက် ကျောက်တန်းပေါ်တင်၍ ခါးကျိုးလျက်ရှိသော YUH FA 9 အမည်ရှိ နိုင်ငံခြားကျူနာငါးများတန်းငါးဖမ်းရေယာဉ် (သစ်သားကိုယ်ထည်)(၁)စီးအား တွေ့ရှိခဲ့ပြီး ၎င်းရေယာဉ်ပေါ်ရှိ ရေယာဉ်အမှုထမ်း(၁၁)ဦးအား ၂၄-၁၀-၂၀၁၀ ရက်နေ့ ၀၀၁၀ ချိန်တွင် စစ်ရေယာဉ်-၅၅၄ ပေါ်သို့ ကယ်တင်နိုင်ခဲ့ပါသည်။ ၎င်းရေယာဉ်အမှုထမ်း(၁၁)ဦးအား ၂၄-၁၀-၂၀၁၀ ရက်နေ့ ၁၅၀၀ ချိန်တွင် ကော့ကပ်ဖြူမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်မြင့် ဦးစီးသည့်လွှဲပြောင်းလက်ခံရေးအဖွဲ့သို့ စနစ်တကျလွှဲပြောင်းပေးခဲ့ပါသည်။ ရေယာဉ်၏ ရေယာဉ်ဆိုင်ရာအချက်အလက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။





| | | | |
|---|---|---|---|
| (က) | ရေယာဉ်အမည် | - | YUH FA 9 |
| (ခ) | ကုမ္ပဏီအမည်နှင့် နိုင်ငံ | - | MTO ကုမ္ပဏီလီမိတက်၊ မလေးရှားနိုင်ငံ |
| (ဂ) | ရေယာဉ်အတိုင်းအတာ | - | အလျား ၂၂. ၄ မီတာ၊ အနံ ၄. ၈ မီတာ၊ ရေစူး ၂ မီတာ |
| (ဃ) | ရေယာဉ်တန်ချိန် | - | ၄၉. ၆၉ တန် |
| (င) | ရေယာဉ်အမျိုးအစား | - | ကျူနာငါးများတန်းရေယာဉ် |
| (စ) | ရေယာဉ်အမှုထမ်း | - | ၁၁ ဦး (ထိုင်ဝမ် ၁ ဦး + ဖိလစ်ပိုင် ၁၀ ဦး) |
| (ဆ) | ကပ္ပတိန်အမည် | - | Hong Chin - Hsien (ထိုင်ဝမ်) |

၄။ ရေယာဉ်ပေါ်ပါ အမှုထမ်း ၁၁ ဦး၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အမည် | ရာထူး | နိုင်ငံကူးလက်မှတ်အမှတ် |
|---|---|---|---|
| (က) | HONG,CHIN-HSIEN | CAPTAIN | TAIWAN 132134738 |
| (ခ) | BOTON,RAYMUNDO BONDOCOY | CREW | PHILLIPIN UU 0342684 |
| (ဂ) | JOLONGBAYAN, DEMETRIO BAUTISTA | CREW | PHILLIPIN SS 0935002 |
| (ဃ) | MENDIZABAL,JESUS PANGANIBAN | CREW | PHILLIPIN WW 0378302 |
| (င) | CASTILLO,MANOLITO ESPANO | CREW | PHILLIPIN XX 2141794 |
| (စ) | ABALOS,ROGER DATO | CREW | PHILLIPIN XX 1462182 |
| (ဆ) | RIVERA,DANTE ABALOS | CREW | PHILLIPIN XX 3634158 |
| (ဇ) | RIOFLORIDO, RYAN RIVERA | CREW | PHILLIPIN XX 1399980 |
| (ဈ) | CALAPITRAMIL | CREW | PHILLIPIN TT 0086774 |
| (ည) | FORMANEST AQUTTO | CREW | PHILLIPIN XX 1665002 |
| (ဋ) | VERGARA CEDRINO | CREW | PHILLIPIN XX 4406008 |

၅။ ရေယာဉ်ပေါ်ရှိရေယာဉ်အမှုထမ်းများအားမေးမြန်းစုံစမ်းချက်အရ၎င်းငါးဖမ်းရေယာဉ်သည်မလေးရှားနိုင်ငံတွင်အခြေစိုက်၍မြန်မာနိုင်ငံနှင့်ဖက်စပ်ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေသောMTOကုမ္ပဏီလီမိတက်မှရေယာဉ်ဖြစ်ကြောင်း၊ ၂၅-၉-၂၀၁၀ရက်နေ့ခန့်တွင် မလေးရှားနိုင်ငံ၊ပီနန်ဆိပ်ကမ်းမှထွက်ခွာခဲ့ပြီး၃၀-၉-၂၀၁၀ရက်နေ့တွင်မြိတ်မြို့သို့ရောက်ရှိ၍ စစ်ဆေးရေးအဖွဲ့၏စစ်ဆေးမှုခံယူခဲ့ကြောင်း၊၎င်းမှငါးဖမ်းကွက်သို့ဆက်လက်ထွက်ခွာခဲ့ပြီးဂွမြို့အနောက်တောင်ဘက်(၉၈)မိုင်ခန့်အကွာပင်လယ်ပြင်တွင်ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်မုန်တိုင်းတိုက်ခတ်မှုကြောင့် စက်မကြီးများ၊ မီးစက်များရေဝင်ချို့ယွင်း၍ ၂၀-၁၀-၂၀၁၀ ရက်နေ့မှ စတင်မျောပါခဲ့ပြီး ၂၂-၁၀-၂၀၁၀ ရက်နေ့ညပိုင်းတွင် ဆင်ပေါက်ချိန်ကျွန်း၏အနောက်မြောက်ဘက်ကျောက်တန်းပေါ်သို့တင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## "ဒီမို" မွေးနေ့ ဇာတ်လမ်းတိုတွင် ပါဝင်ခဲ့သော အနုပညာရှင်များအား တွေ့ဆုံဂုဏ်ပြုသည့် အခမ်းအနားကျင်းပ





ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရိုက်ကူးခဲ့သည့် လှုံ့ဆော်ပေး "ဒီမိုမွေးနေ့" ဇာတ်လမ်းတိုတွင် ပါဝင်ခဲ့ကြသော အနုပညာရှင်များအား တွေ့ဆုံဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ ၅၀ မိနစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ တွေ့ဆုံဂုဏ်ပြုပွဲ အခမ်းအနားသို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ခေတ္တဥက္ကဋ္ဌ ဦးဇော်မင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် "ဒီမိုမွေးနေ့" ဇာတ်လမ်းတိုတွင် ပါဝင်ခဲ့ကြသော အနုပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်မျိုးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင်

ယနေ့အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အနုပညာရှင် အတတ်ပညာရှင်များကို ဂုဏ်ပြုပွဲကျင်းပပြုလုပ်ပေးခြင်း ဖြစ်ကြောင်း

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် အလွန်နီးကပ်လာပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲနီးကပ်လာသကဲ့သို့ ဝင်ရောက်အရွေးချယ်ခံမည့် နိုင်ငံရေးပါတီအသီးသီးမှ ၎င်းတို့၏ မူဝါဒသဘောထားများလုပ်ငန်းစဉ်စသည်တို့ကိုလည်း ပြည်သူလူထုကို တင်ပြစည်းရုံးနေသည်ကိုလည်း တွေ့မြင်နေရမှာ ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း မည်သူ့ကိုရွေးချယ်မဲပေးမည်။ မည့်သည့်ပါတီကို ထောက်ခံမည်ဟု ဝေဖန်သုံးသပ်သံများကိုလည်း ကြားသိနေကြမှာဖြစ်သကဲ့သို့ ဆန္ဒမပြုရန် ပြည်သူလူထုအကြား သံသယပွားထင်ယောင်ထင်မှား ဖြစ်စေရန် ပြောကြားနေသည်ကိုလည်း ကြားသိကြမှာဖြစ်ကြောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ပြည်သူတစ်ရပ်လုံး မျှော်မှန်းတမ်းတနေသည်မှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်ရေးပင် ဖြစ်ကြောင်း၊ ယင်းသို့တည်ဆောက်နိုင်ရန် မရှိမဖြစ် လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုလည်း ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ကြပြီဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး အေးချမ်းသာယာကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်မည့်သူများ ကိုပြည်သူလူထုမှ မှန်မှန်ကန်ကန် ရွေးချယ်ပေးနိုင်ရေးပင်ဖြစ်ကြောင်း၊

ယခုရိုက်ကူးခဲ့သော "ဒီမိုမွေးနေ့" ရုပ်မြင်သံကြားဇာတ်လမ်းတိုသည် အမျိုးသားအကျိုးစီးပွားကို ပြည်သူလုထုကိုယ်စား ဖော်ဆောင်ပေးမည့် ကိုယ်စားလှယ်လောင်းများကို မိမိစိတ်တိုင်းကျရွေးချယ် မဲပေးဆန္ဒပြုခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ကြောင်းနှင့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကိုအားလုံး စုံညီစွာ မဲပေးခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်မော်ကွန်းသစ်ကို ထုဆစ်ပုံဖော်ရာတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး မျှော်မှန်းသည့် ကောင်းမွန်သောအပြောင်းအလဲ ဆောင်ရွက်ပေးနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် မဲရုံကို သွားပြီး မဲပေးကြရန် လှုံ့ဆော်ပေးနိုင်သည့် ဇာတ်လမ်းတို တစ်ခုဖြစ်သည်ကို ပြည်သူအများ လက်ခံအားပေးကြသောကြောင့် ၎င်း ဇာတ်လမ်းတိုရိုက်ကူးမှုသည် အောင်မြင်သည့်အတွက် ပါဝင်သည့် အနုပညာရှင်များကို အသိပေးရင်းကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုပြောကြားလိုသည့်အတွက် ယနေ့အခမ်းအနားကို ကျင်းပရခြင်းပင်ဖြစ်ကြောင်း၊

ယင်းသို့အောင်မြင်သည့်အတွက် ပါဝင်သည့် အနုပညာရှင်များသည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက သတ်မှတ်ထားသောမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဆောင်ရွက်ရမည့် ရည်ရွယ်ချက် ၅ ရပ်ပါ နိုင်ငံတော်၏ အမျိုးသားရေး တာဝန်များကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းထမ်းဆောင်ကြရန်ဆိုသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းဇာတ်ကားဖြစ်မြောက်ရေးအတွက် ပါဝင်ခဲ့သည့် အနုပညာရှင် အတတ်ပညာရှင်များ၊ ပံ့ပိုးကူညီခဲ့သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စားပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်မျိုးမြင့်က 'ဒီမိုမွေးနေ့' ဇာတ်လမ်းတိုတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသော အနုပညာရှင်များအား တစ်ဦးချင်းဂုဏ်ပြုဆုငွေများကိုပေးအပ် သည်။

ယင်းနောက် "ဒီမိုမွေးနေ့" ဇာတ်လမ်းတိုတွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များကိုယ်စား ဇာတ်လမ်းတိုကို ဖန်တီးရေးသားရိုက်ကူးခဲ့သည့်ဒါရိုက်တာ ဦးဇော်မြင့်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

Environment
7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# မြန်မာနိုင်ငံ၏ ပထမဆုံးလိပ်ပြာပြတိုက်တွင် ရှားပါးလိပ်ပြာ အပါအဝင် လိပ်ပြာပေါင်း ၁၅၀၀ ခန့် ပြသထားဟုဆို

အေးသူစံ

**ပြင်ဦးလွင်၊ နိုဝင်ဘာ ၂**

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဖွင့်လှစ်ထားသော လိပ်ပြာပြတိုက်၌ မြန်မာပြည်ရှိ လူသူအရောက်အပေါက်နည်းသော ဒေသများမှ ရှားပါးလိပ်ပြာများအပါအဝင်အိမ်နီးချင်းနိုင်ငံအချို့မှ လိပ်ပြာများ အမျိုးပေါင်း ၁၅၀၀ ပြသထားကြောင်း လိပ်ပြာပြတိုက် တာဝန်ခံ ဒေါ်နန်းသိဂီကြ 7 Day News နှင့် တွေ့ဆုံစဉ်ပြောကြားသည်။

"ပြတိုက်မှာ တောင်အမေရိက၊ အာဖရိက၊ အင်ဒိုနီးရှား၊ ထိုင်း၊ တရုတ်၊ ဂျပန်နဲ့ တရုတ် (တိုင်ပေ) နိုင်ငံတွေက လိပ်ပြာတွေပြသထားပါတယ်။ မြန်မာနိုင်ငံက ကချင်ပြည်နယ်ပူတာအိုဒေသက လိပ်ပြာတွေကို အများဆုံး ပြသထားပါတယ်။ ကမ္ဘာပေါ်မှာ အရမ်းကိုရှားနေပြီဖြစ်တဲ့ Parnassius Imperator မျိုးစိတ်နဲ့ Phutantis Lidderdalii မျိုးစိတ်နှစ်မျိုးကို ဒီပြတိုက်မှာ ပြသထားပါတယ်" ဟု ၎င်းကပြောကြားသည်။

ယင်းပြတိုက်ကို ထူးဖောင်ဒေးရှင်းက ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးအတွင်း အလျားပေ ၅၀ နှင့်အကျယ် ၁၅၇ ပေ၊ စုစုပေါင်း ၇၈၅၀ ပေရှိသည့် အဆောက်အအုံဖြင့် ဖွင့်လှစ်ခဲ့သည်။ ယင်းပြတိုက်ကို နိုင်ငံတကာမှ လိပ်ပြာပညာရှင်များ မြန်မာ့လိပ်ပြာမျိုးစိတ်များကို တစ်နေရာတည်းတွင် လေ့လာသုတေသနပြုလုပ်နိုင်ရန်၊ လိပ်ပြာပညာရှင်များပေါ်ထွန်းလာစေရန်နှင့် သုတေသနပြုရာနေရာတစ်ခုအဖြစ် အထောက်အပံ့ရစေရန်ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြတိုက်အတွင်းဓာတ်ပုံရိုက်ကူးခြင်းကိုကန့်သတ်ထားပြီး ရိုက်ကူးရန်လိုအပ်ပါက လိပ်ပြာများမှာမီးရောင်ကြောင့် အရောင်ပြောင်းနိုင်သဖြင့် ဖလက်ရှ်မီးကိုပိတ်၍ရိုက်ရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဖွင့်လှစ်ထားသည့် လိပ်ပြာပြတိုက်အတွင်းရှိရှားပါးလိပ်ပြာများကိုတွေ့ရစဉ်။
ဓာတ်ပုံ– အေးသူစံ

## ဂွမြို့နယ်တွင်ဧကခုနစ်ထောင်ခန့်ရှိ ရေကျော် ဒီရေတော ထိန်းသိမ်းခြင်းလုပ်ငန်း စတင်မည်

**ရန်ကုန်၊ နိုဝင်ဘာ-၃**

ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ဧက ၇,၀၀၀ ခန့်ရှိသော ရေကျော်ဒီရေတောထိန်းသိမ်းရေးကို ယခုလလယ်ပိုင်းတွင် စတင်ပြုလုပ်မည်ဖြစ်ကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်သိန်းဖေက ပြောသည်။

ဒီရေတောထိန်းသိမ်းခြင်းကို အခုအဖွဲ့ပိုင် သစ်တောအနေဖြင့် ထိန်းသိမ်းမည်ဖြစ်ကြောင်း ထို့အပြင်တောအတွင်းလစ်လပ်သော နေရာများတွင် ဒီရေတောအပင် ပြန်လည် စိုက်ပျိုးမည်ဖြစ်ကြောင်းဒေသခံပြည်သူများအတွက်အသက်မွေးဝမ်းကျောင်း ထောက်ပံ့ခြင်းများနှင့် ဒီရေတောအတွင်း ဂဏန်းမွေးမြူခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ယင်းရေကျော်ဒီရေတောသည် ထိန်းသိမ်းခြင်းလုပ်ငန်း၏ ရှေ့ပြေးစီမံကိန်း တစ်ခုဖြစ်ပြီး အသင်းအနေဖြင့် ဂွမြို့နယ်တစ်ခုလုံးတွင်ရှိသော ဒီရေတော ၃,၀၀၀ ခန့်အား ထိန်းသိမ်းရန် မျှော်မှန်းထားကြောင်း၊ အသင်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိကြောင်းအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းအသင်းအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို ဂွမြို့နယ် ကျိန္တလီ ဒီရေတောရှိ ဧက ၁၀,၀၀၀ ခန့်ကို ထိန်းသိမ်းထားရှိပြီး ယခုရေကျော်ဒီရေတောသည် ဒီရေတောထိန်းသိမ်းခြင်း၏ ဒုတိယစီမံကိန်းတစ်ခုလည်းဖြစ်သည်။ ယင်းဒီရေတောနှစ်ခုသည် သုံးမိုင်ခန့်သာဝေးကွာပြီး ဒီရေတောမျိုးကွဲပေါင်း ၅၀ ကျော်ရှိကြောင်း သိရသည်။

အသင်းအနေဖြင့် ဂျာမနီနိုင်ငံမှ လူမှုရေးအဖွဲ့အစည်းနှင့် ပူးပေါင်း၍ မေယုတောင်တန်းများတွင် ဆင်အကောင်ရေ ထိန်းသိမ်းခြင်းနှင့် ဒေသခံများအား အသက်မွေးဝမ်းကျောင်းထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည်။

# ရန်ကုန်တိုင်းဒေသကြီးသည် မြေအောက်ရေထုတ်ယူသုံးစွဲမှု ဒုတိယအမြင့်ဆုံးဒေသဖြစ်၍ ရေချိုတွင်းများ ရေငန်ပြောင်းလဲလာ

အိဖြူမွန်

**ရန်ကုန်၊ နိုဝင်ဘာ-၂**

ရန်ကုန်တိုင်းဒေသကြီးသည် မြေအောက်ရေထုတ်ယူသုံးစွဲမှုဒုတိယမြောက်အများဆုံးတိုင်းဒေသကြီးတစ်ခုဖြစ်ခြင်းကြောင့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့တွင် ရေချိုရေတွင်းများ ရေငန်အဖြစ်ပြောင်းလဲလာကြောင်း ရေအရင်းအမြစ်နှင့်ပတ်သက်၍ သုတေသနစာရင်းပြုစုခဲ့သူ (Ecov)လူမှုရေးအဖွဲ့အစည်းမှ ဒေါက်တာဦးဝင်းမျိုးသူကပြောသည်။

ရေငန်ရေတွင်းအဖြစ် ပြောင်းလဲလာသောမြို့နယ်များမှာ လှိုင်မြစ်အနီးရှိ မြို့နယ်များဖြစ်ကြောင်း ရေငန်အဖြစ်ပြောင်းလဲလာခြင်းကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင် ကြုံတွေ့ရကြောင်း လှိုင်မြစ်ကမ်းအနီး၌ နေထိုင်ကြသူများက ပြောသည်။ အလုံမြို့နယ် အောင်ဇေယျလမ်းတွင် နေထိုင်သူတစ်ဦးက ယင်းတို့နေထိုင်ရာလမ်းရှိ ရေချိုတွင်းများသည် ရေငန်တွင်းအဖြစ်ပြောင်းလဲလာပြီး၊ အသစ်တူးဖော်သော ရေတွင်းများသည်လည်း နောက်တစ်လခန့်တွင် ရေငန်အဖြစ်သို့ ပြောင်းလဲလာကြောင်း ယင်းရေကို သောက်သုံးရေအဖြစ်သုံးရာတွင် ကိုယ်ခန္ဓာ၌ ယားပိန့်များထွက်ခြင်းနှင့် အဝတ်အထည်များ ဝါကျင်ကျင်အရောင်ဖြစ်ခြင်းများ ကြုံရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခုလက်ရှိ ရေချိုတွင်းရေများရေငန်အဖြစ်ပြောင်းလဲလာရခြင်းကို ကြည့်မြင်တိုင်မြို့နယ်၊ အလုံမြို့နယ်၊ လှိုင်သာယာမြို့နယ်တို့တွင် အဖြစ်များကြောင်းသိရသည်။ "ရေချိုတွေ ဘာကြောင့်ငန်တယ်ဆိုတာ သေချာတိုင်းတာမှုမရှိပေမယ့် ရန်ကုန်မြို့ဟာ ရေအရင်းအမြစ် ထုတ်ယူသုံးစွဲမှုမှာ မန္တလေးမြို့ပြီးရင် ဒုတိယလိုက်တော့ ထုတ်သုံးတာများတော့ လစ်ဟာနေတဲ့ရေချိုနေရာတွေအစား ရေငန်တွေတိုးဝင်လာတာဖြစ်မယ်" ဟု Ecov လူမှုရေးအဖွဲ့အစည်းမှ အထက်ပါပုဂ္ဂိုလ်ကပြောသည်။

သောက်သုံးရေ ပြည့်ဝစွာရရှိရေးသည် ယခုနှစ်နောက်ပိုင်းရာသီဥတုပြောင်းလဲလာခြင်းနှင့် ရေချိုသိုလှောင်ထိန်းသိမ်းထားနိုင်သည့် သစ်တောများ ပြုန်းတီးမှုများနှင့် ဆက်စပ်နေသောကြောင့် အမျိုးသားအဆင့်အနေဖြင့်ပြုလုပ်ရန်လိုအပ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ယခုလက်ရှိ မြန်မာနိုင်ငံတွင်မြေအောက်ရေချိုထုတ်ယူ သုံးစွဲရာတွင်အလွန်အကျွံသုံးစွဲရန်မသင့်သော ဒေသကြီးသုံးခုရှိပြီး ယင်းတို့မှာ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်သည်။

ယခုနှစ် နွေရာသီတွင် ရာသီဥတုပူပြင်းမှုနှင့် ယမန်နှစ် မိုးရာသီက မိုးရွာသွန်းမှုရက်လျော့နည်းခဲ့ခြင်းကြောင့် မြန်မာပြည်အလယ်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအချို့တွင် ရေချိုရရှိရန်ခက်ခဲခဲ့သည်။

Environment cartoon






# လည်ပတ်ရန်နေရာအသစ်၊ ပွဲတော်အသစ်တွေနဲ့ ခရီးသွားတွေကို ဆွဲဆောင်လာတဲ့ ပန်းမြို့တော်ပြင်ဦးလွင်

**ပန်း**မြို့တော်လို့ နာမည်ကြီးလှတဲ့ ပြင်ဦးလွင်မြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၅၁၀ ပေမြင့်တဲ့ ကုန်းမြင့်ပေါ်မှာတည်ရှိပြီး သမပိုင်းရာသီဥတုဖြစ်လို့ ခရီးသွားပြည်သူတွေ အကြိုက်လည်ပတ်စရာ အထင်ကရနေရာတွေပေါများတဲ့အပြင် ထပ်မံထွက်ပေါ်လာတဲ့လည်ပတ်စရာနေရာဒေသအသစ်တွေနဲ့ ပွဲတော်တွေက ပွင့်လင်းရာသီအားလပ်ရက်တွေအတွက် ခရီးသွားတွေထည့်သွင်းစဉ်းစားစရာပါပဲ။

ပြင်ဦးလွင်မြို့မှာ လည်ပတ်စရာနာမည်ကြီးနေရာတွေ အများကြီးရှိပါတယ်။ အချိန်လုလာရတဲ့ အဝေးကဧည့်သည်တွေအတွက်အချိန်ကုန်သက်သာစေဖို့ လမ်းညွှန်ရမယ်ဆိုရင် အရင်ဆုံးမန္တလေး-လားရှိုးလမ်းဘေးမှာရှိတဲ့ မဟာအံ့ထူးကံသာ(ပြည်ချစ်ဘုရား) စေတီတော်ကြီးကို ပထမဆုံးဦးခိုက်ပူဇော်ပြီးတာနဲ့ ဘုရားကြီးတည်ရှိရာ ဓမ္မရတ္တိကုန်းမြေနဲ့ လမ်းတစ်ဖက်သာခြားတဲ့ ပွေးကောက်ရေတံခွန် (အများက ဘီအီးဖောလ်လို့လည်း ခေါ်ကြပါတယ်) ကိုတစ်ဆက်တည်း သွားရောက်အပန်းဖြေနိုင်ပါတယ်။ ဒေသထွက်စားသောက်ကုန်တွေဖြစ်တဲ့ မျှစ်ချဉ်၊ ပဲလုံးအကြွတ်ကြော်၊ ရှမ်းချဉ်၊ မက်မန်းသီး၊ မက်မွန်သီး၊ ဝိုင်မျိုးစုံ၊ ငှက်သိုက်မုန့်စတဲ့ အိမ်ပြန် လက်ဆောင်တွေကိုလည်း ရေတံခွန်မျက်နှာစာက စျေးဆိုင်တွေမှာ စိတ်ကြိုက်ဝယ်ယူနိုင်ပါတယ်။ ရေတံခွန်မှာအပန်းဖြေပြီးရင် မရောက်မဖြစ် ရောက်ရမယ့်နေရာကတော့ အမျိုးသားကန်တော်ကြီးဥယျာဉ်ပဲဖြစ်ပါတယ်။ ယခင်က ရုက္ခဗေဒဥယျာဉ်လို့နာမည်တွင်ခဲ့ပြီးပုဂ္ဂလိကကုမ္ပဏီဖြစ်တဲ့ ထူးကုမ္ပဏီအုပ်စုကလွှဲပြောင်းလုပ်ကိုင်ချိန်မှာတော့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရယ်လို့ဖြစ်လာခဲ့ပါတယ်။ ပိတ်ချင်းမြောင်ရေတံခွန်ကတော့ မြို့ပြင်ဘက်အနည်းငယ်ထွက်ရပေမယ့် မြို့တွင်းနဲ့လည်း သိပ်မဝေးလှဘဲ အေးမြတဲ့ကျောက်စက်ရေ ကျောက်လိုဏ်ဂူအရသာကြောင့် ခရီးအပန်းပြေသွားစေမှာ အမှန်ပါ။



ဓာတ်ပုံ - အေးသူစံ

အေးသူစံ

ယခုအချိန်ကာလဟာ ပွင့်လင်းရာသီဖြစ်ပြီး တန်ဆောင်တိုင်ကာလနဲ့ တိုက်ဆိုင်နေတာကြောင့် ခရီးသွားပြည်သူတွေအတွက် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲသဲဆင်နွှဲဖို့ ပြင်ဦးလွင်မြို့ရဲ့ မြို့မိမြို့ဖတွေနဲ့ အနုပညာရှင်တွေ အားတက်သရော ပြင်ဆင်နေကြပါပြီ။

မီးပုံးပျံပွဲတော်ဆိုတဲ့ခေါင်းစဉ်အောက်မှာ ပြင်ဦးလွင်မြို့ ပါဝင်လာတာ ခြောက်နှစ်နီးပါး ရှိပြီဖြစ်ပေမယ့်ပွဲတော်ကိုဒီထက်ပိုစည်ကားလာဖို့ မြို့ခံတွေက ဝိုင်းဝန်းကြိုးစားနေတဲ့ အစီအစဉ်တွေထဲမှာ အထူးခြားဆုံးကတော့ ပွဲတော်ရက်အတွင်း ရန်ကုန်မြို့နဲ့ နာမည်ကျော်တီးဝိုင်း အိုင်းရင်းခရော့စ်က နှစ်ရက်တိုင်တိုင်သီဆိုဖျော်ဖြေမှာဖြစ်ပါတယ်။ အိုင်စီဆိုတာ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နဲ့ ခွဲခြားလို့ မရခဲ့တဲ့ပုံရိပ်တစ်ခုဖြစ်ပေမယ့် ပြင်ဦးလွင်မြို့ရဲ့ ထပ်မံပေါ်ပေါက်လာတဲ့ ပြင်ဦးလွင်မီးပုံးပျံပွဲတော်ကြီးကို မြန်မာတစ်ပြည်လုံးက အသိအမှတ်ပြုလာအောင်လို့ အိုင်စီတီးဝိုင်းကို ရအောင်ခေါ်နိုင်ခဲ့တဲ့ ပြင်ဦးလွင်မြို့မိမြို့ဖတွေရဲ့ ကြိုးစားမှုဟာ ဘယ်လောက်အတိုင်းအတာအထိ အောင်မြင်မလဲဆိုတာ ခရီးသွားပြည်သူတွေအနေနဲ့ သွားရောက်လေ့လာကြည့်ရင် သိရှိနိုင်မှာဖြစ်ပါတယ်။ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဆိုရင် တောင်ကြီးကိုသာ သတိရကြတဲ့ ခရီးသွားတွေအတွက် ဆွဲဆောင်မှုတစ်မျိုးအဖြစ် ပြင်ဦးလွင်မြို့က မီးပုံးပျံပွဲတော်ယဉ်ကျေးမှုကို စတင်နေပြီဖြစ်ပါတယ်။ ယခုနှစ်မီးပုံးပျံပွဲကို အထူးစည်ကားစေဖို့ခာတ်ပုံပြိုင်ပွဲ၊ ဇာတ်သဘင်ပွဲ၊ စတိတ်ရှိုးပွဲတွေကို ထည့်သွင်းကျင်းပမှာဖြစ်ပြီး မီးပုံးပျံပွဲတော်မှာ နေ့အရုပ်ပြိုင်ပွဲ (အုပ်စုလိုက်ပြိုင်ပွဲ)နဲ့ ညပိုင်းမှာ ညမီးကျည်၊ စိန်နားပန်တို့ကို လွှတ်တင်မှာဖြစ်ပါတယ်။ နေ့အရုပ်လှပြိုင်ပွဲမှာ ဆင်ရုပ်၊ နွားရုပ် စတဲ့ တိရစ္ဆာန်အရုပ်တွေကို ခြေလေးချောင်းပြိုင်ပွဲနဲ့ ခြေနှစ်ချောင်းပြိုင်ပွဲလို့ သတ်မှတ်ထားပြီး သုံးရုပ်အထက် လွှတ်တင်ခြင်းကို အုပ်စုလိုက်ပြိုင်ပွဲလို့ သတ်မှတ်မှာဖြစ်ပါတယ်။ ညပြိုင်ပွဲမှာတော့ မီးကျည်ရဲ့အောက်ဆွဲယမ်းအားဟာ ၃၅ ပိဿာရှိပြီး ပေ ၅၀၀ အမြင့်ရောက်ချိန်မှာ မီးရှူးမီးပန်းတွေ လွှတ်တင်တာဟာ ညမီးကျည်အမျိုးအစားဖြစ်ပြီး စိန်နားပန်ကတော့ မီးပုံးပျံကြီးရဲ့ပတ်ပတ်လည်မှာ လွှတ်တင်သူ လိုချင်တဲ့ ပုံစံ၊ အရွယ်အစားနဲ့ ပုံသဏ္ဍာန်ရအောင် မီးပုံးငယ်လေးတွေနဲ့ အလှဆင်ပြီး လွှတ်တင်ရတဲ့ မီးပုံးပျံ အမျိုးအစားဖြစ်ပါတယ်။ မီးပုံးပျံလွှတ်တင်ကွင်းဟာ မဟာအံ့ထူးကံသာ ဘုရားကြီးရဲ့ အရှေ့နဲ့ အရှေ့မြောက်အရပ်မှာရှိတဲ့ ဧက လေးဆယ်ကျော်ရှိတဲ့ ကွင်းပြင်ကြီးဖြစ်ပြီး ပွဲခင်းတစ်ခုလုံးမှာ စျေးဆိုင်ခန်းတွေ၊ သန့်စင်ခန်းတွေ၊ယာဉ်ရပ်နားစခန်းတွေကို ယခုနှစ် ပွဲတော်အတွက် တစ်ကွင်းလုံးစာ ကန်ထရိုက်ရရှိတဲ့ စုပေါင်းမိသားစုလုပ်ငန်းက တာဝန်ယူတည်ဆောက်နေပါပြီ။

မီးပုံးပျံပွဲတော်ကြီးကို ငါးရက်ငါးညတိုင်တိုင် ပြုလုပ်မှာဖြစ်ပြီး ယခုနှစ် ပွဲတော်မှာ ညမီးကျည် ၁၇ လုံး၊ နေ့အရုပ်လှပြိုင်ပွဲမှာ အရုပ် ၄၅ ရုပ်နဲ့ စိန်နားပန် ၂၄ လုံးလွှတ်တင်မှာဖြစ်တယ်လို့ ပွဲကျင်းပရေးကော်မတီထံမှ သိရပါတယ်။ မီးပုံးပျံကွင်းနဲ့ ပြင်ဦးလွင်မြို့ဟာ ရှစ်မိုင်ဝေးတာကြောင့် မြို့တွင်းက လူတွေရော၊ အနီးအနားမြို့တွေက ခရီးသွားတွေ အဆင်ပြေစေဖို့ ယာဉ်လိုင်းတွေကို အသေးစိတ်စီစဉ်ထားမှာဖြစ်လို့ အသွားအပြန်အတွက် စိတ်ပူနေစရာလည်းမလိုတော့ပါဘူး။

ပွဲတော်ကျင်းပချိန်ဟာ ပြင်ဦးလွင်မြို့မှာ ပန်းတွေဝေနေအောင်ပွင့်မယ့်အချိန်ကာလနဲ့ တိုက်ဆိုင်နေပြီး အမျိုးသားကန်တော်ကြီးဥယျာဉ်ထဲက ပန်းပွင့်ပေါင်း တစ်သိန်းကျော်နဲ့ပြင်ဆင်ထားတဲ့ ပန်းကမ္ဘာကြီးကို ရင်သပ်ရှုမောလေ့လာကြည့်ရှုနိုင်ကြမှာပါ။ဒါ့ပြင် ၂၀၀၆ ခုနှစ်ကမှ စတင်တည်ဆောက်ခဲ့တဲ့ အဆင့်မြင့်သစ်ခွဥယျာဉ်ထဲက ရှားပါးသစ်ခွပင်တွေကိုလည်း လေ့လာနိုင်ပါတယ်။ ပျိုးပင်လိုချင်သူတွေကို သီးသန့်ရောင်းချပေးခြင်းမျိုးကို လတ်တလောမှာ စီစဉ်မထားသေးဘဲ မျိုးပွားဖို့နဲ့ အပင်အပွင့်တာရှည်ခံဖို့ကို ဦးစားပေးလုပ်ဆောင်နေပါတယ်လို့ သစ်ခွဥယျာဉ်တာဝန်ခံ မဝါဝါလွင်က ပြောပါတယ်။ တိုင်းနဲ့ပြည်နယ်များက ပြည်တွင်းသစ်ခွမျိုးစိတ် ၃၀၀ ကျော်နဲ့ ပြည်ပမျိုးစပ်သစ်ခွ ခြောက်မျိုးကို စိုက်ပျိုးပြသထားပါတယ်။ စာ(၁၈) သို့

## ဘုရားပွဲရက်များဖြစ်သော်လည်း ခရီးသွားနှုန်းနည်းနေ

ဒဲနစ်

ရန်ကုန်၊ နိုဝင်ဘာ-၃

ရွေးကောက်ပွဲ အခြေအနေများစောင့်ကြည့်လိုသူများသဖြင့် ဘုရားဖူးခရီးစဉ်များ ဘုရားပွဲရက်နီးလာသော်လည်းရောင်းအားမရှိသလောက် နည်းပါးနေကြောင်း ပြည်တွင်းဘုရားဖူးဂိတ်များထံမှသိရသည်။ ယခုကာလမှာ ခရီးသည်အများဆုံး စိတ်ဝင်စားသည့် ကျိုက်ထီးရိုးဘုရားပွဲနှင့် ယခုလကုန်ပိုင်းအတွင်း ကျင်းပမည့် နာမည်ကျော်တောင်ကြီးမီးပုံးပျံပွဲခရီးစဉ်များရှိသော်လည်း ယခင်နှစ်များနှင့်ခြားနားစွာ ခရီးစဉ်လက်မှတ်များ အရောင်းထိုင်းလျက်ရှိကြောင်း ဘုရားဖူးဂိတ်များကပြောသည်။

"သည်အချိန်က ခါတိုင်းနှစ်တွေဆို ကျိုက်ထီးရိုးတက်တဲ့သူတွေအများကြီး။ ပြီးတော့ တောင်ကြီးမီးပုံးပျံပွဲဆိုလည်း လက်မှတ်မရမှာတောင် စိုးရိမ်ပြီးကြိုဖြတ်ကြတဲ့သူတွေအများကြီး။ သည်နှစ်က ရွေးကောက်ပွဲရှိနေတော့လူတွေကလည်း သို့လောသို့လောနဲ့ စောင့်ကြည့်နေကြတော့ သည်ခရီးသွားဘက်ကို မလှည့်ကြဘူးဖြစ်နေတယ်။ ရွေးကောက်ပွဲပြီးရင်တောင် ချက်ချင်းတော့ကောင်းလာမှာမဟုတ်သေးဘူး။ နည်းနည်းတော့ စောင့်ကြည့်နေကြဦးမှာ"ဟု ရွှေကြေးစည်ဘုရားဖူးဂိတ်မှ ပိုင်ရှင်ဦးတင်ထွေးကပြောသည်။ ရွေးကောက်ပွဲအရှိန်ကြောင့် ယခင်နှစ်များက အထူးစည်ကားခဲ့သော အင်းလေးဖောင်တော်ဦးဘုရားပွဲမှာလည်း ဘုရားဖူးခရီးသည် လျော့နည်းခဲ့ကြောင်း အင်းလေးဒေသခံတစ်ဦးကပြောသည်။ ပြည်တွင်းဘုရားဖူးဂိတ်များမှ ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်များအား နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး တောင်ကြီးမီးပုံးပျံပွဲခရီးစဉ်အား ယခုလ ၁၉ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ကြောင်း စုံစမ်းသိရသည်။"ကျွန်မတို့ရပ်ကွက်ထဲကနေလူစုပြီး နှစ်တိုင်းတစ်နေရာကို တော့ ဘုရားဖူးထွက်တယ်။ အင်းလေးဖောင်တော်ဦးပွဲနဲ့ တောင်ကြီးမီးပုံးပျံပွဲတော့ ပိုသွားဖြစ်ကြတယ်။ ဒီနှစ်ကတောင်ကြီးပွဲသွားမလို့ စီစဉ်ထားတာ။ ဒါပေမဲ့ ရွေးကောက်ပွဲရှိနေတော့ လက်မှတ်တွေဘာတွေတော့ မဖြတ်သေးဘူး။ သကြၤန်လောက်မှ ရက်ရှည်သွားဖို့ရှိတယ်" ဟု ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်မှဘုရားဖူးခရီးထွက်လေ့ရှိသူ ဒေါ်လှလှကြည်ကပြောသည်။







7 DAY NEWS JOURNAL
Vol.9, No.34 • NOVEMBER 11, 2010




The Cartoon Logo





















7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# မာအာပီမီးတောင်ပေါက်ကွဲမှု လနှင့်ချီ ကြာမြင့်နိုင်ကြောင်း အင်ဒိုနီးရှား သတိပေး

**ဂျကာတာ၊ နိုဝင်ဘာ - ၃**

အင်ဒိုနီးရှားနိုင်ငံ၏ လှုပ်ရှားမှုအများဆုံး မီးတောင်ပေါက်ကွဲ၍ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရခြင်းနှင့် လူပေါင်းငါးသောင်းမှာ ယာယီအိမ်ရာများတွင် တိမ်းရှောင်နေရစဉ်မှာပင် မာအာပီမီးတောင်ပေါက်ကွဲမှုသည် လနှင့်ချီ၍ကြာမြင့်နိုင်ကြောင်း အင်ဒိုနီးရှားနိုင်ငံက သတိပေးပြောကြားသည်။



နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် မီးတောင်မှ ပြာမှုန်များ ၆ ကြိမ်တိုင်တိုင် မှုတ်ထုတ်ခဲ့၍လည်း စိုးရိမ်ထိတ်လန့်မှုများ ကျယ်ပြန့်လာခဲ့သည်။ အင်ဒိုနီးရှားအစိုးရကလည်း ဂျာဗားကျွန်းအလယ်ပိုင်းကောင်းကင်ယံတွင် လေယာဉ်များ ပျံသန်းရာ၌ သတိပေးချက်ထုတ်ပြန်ထားသည်။

“ဒါဟာ ရက်သတ္တပတ်ပေါင်းများစွာ ဒါမှမဟုတ် လနဲ့ ချီပြီးကြာနိုင်ပါတယ်” ဟုအစိုးရမီးတောင်ပညာရှင် ဆူဘန်ဒရီရိုက အေအက်ဖ်ပီသို့ ပြောကြားသည်။ ယခင် ရက်သတ္တပတ်အတွင်း မီးတောင်ပေါက်ကွဲပြီးနောက် သေဆုံးသူ ၄၀ ဦးခန့်ရှိလာပြီဖြစ်သည်။

အင်ဒိုနီးရှား သမ္မတမစ္စတာယူဒိုယူနိုသည်လည်း ဒုက္ခသည်များ တိမ်းရှောင်ရာ ယာယီစခန်းများသို့ သွားရောက်ကြည့်ရှုမည်ဖြစ်ကြောင်း သမ္မတ၏ ပြောခွင့်ရပုဂ္ဂိုလ်ဂျူလီယန်အက်ဒရင်က ပြောကြားသည်။

လူဦးရေထူထပ်သိပ်သည်းသည့်ဂျာဗားကျွန်းပေါ်ရှိ မာအာပီမီးတောင်သည် ယခင်ရက်သတ္တပတ်အတွင်း မြေငလျင်ဆိုင်ရာလှုပ်ရှားမှုအများအပြား ဖြစ်ပေါ်ခဲ့ပြီး မီးတောင်နှင့် ဆက်စပ်၍ မြေငလျင်အကြိမ် ၅၀၀ ခန့်ဆင့်ကဲဆင့်ကဲ လှုတ်ခတ်ခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုမဖြစ်မီက တိမ်းရှောင်ရေးအမိန့်များကို လူပေါင်းများစွာက ဆန့်ကျင်ခဲ့ပြီး ၎င်းတို့နေအိမ်များတွင် ဆက်လက်နေထိုင်၍ စိုက်ပျိုးမြေများ၊ တိရစ္ဆာန်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ သို့သော် အန္တရာယ်ရှိရာဒေသမှ လူအားလုံး ယခုအခါ ဘေးကင်းရာသို့ တိမ်းရှောင်နေပြီဖြစ်ကြောင်း သိရသည်။ —*Ref: AFP*

# စင်ကာပူသည် စီးပွားရေးလုပ်ရန် အကောင်းဆုံးနေရာဟု ကမ္ဘာ့ဘဏ်အစီရင်ခံစာ ဖော်ပြ

**လန်ဒန်၊ နိုဝင်ဘာ - ၄**

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့်အစီရင်ခံစာအရ စင်ကာပူနိုင်ငံသည် စီးပွားရေးလုပ်ရန် အကောင်းဆုံးနေရာဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီများ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူမှုအပေါ် နိုင်ငံပေါင်း ၁၈၃ နိုင်ငံအား ကမ္ဘာ့ဘဏ်က အဆင့်သတ်မှတ်ထားသည့် Doing Business 2011 ထုတ်ပြန်ချက်တွင် စင်ကာပူက ထိပ်ဆုံးနေရာရရှိခဲ့သည်။

စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ရန် လွယ်ကူမှုနှင့် ချေးငွေရရှိနိုင်ခြင်း လွယ်ကူမှုစသော သတ်မှတ်ချက်များဖြင့် ကမ္ဘာ့နိုင်ငံများအား ကမ္ဘာ့ဘဏ်က အကဲဖြတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ်မှ စတင်ထုတ်ပြန်ခဲ့သော ယင်းအစီရင်ခံစာအရ ယခုနှစ်တွင် စင်ကာပူက ပထမ၊ ဟောင်ကောင်က ဒုတိယ၊ နယူးဇီလန်က တတိယ၊ ဗြိတိန်က စတုတ္ထနှင့် အမေရိကန်က ပဉ္စမနေရာ အသီးသီးရရှိခဲ့သည်။

၁၈၃ နိုင်ငံတွင် ချက်ဒ်နိုင်ငံမှာ အဆိုးဝါးဆုံးဖြစ်ပြီး ကာဇက်စတန်မှာ လွန်ခဲ့သည့်တစ်နှစ်အတွင်း အတိုးတက်ဆုံးနိုင်ငံဖြစ်လာသည်။ ငါးနှစ်အတွင်း တိုးတက်မှုအရှိဆုံးနိုင်ငံမှာ ဂျော်ဂျီယာဟု ကမ္ဘာ့ဘဏ်အစီရင်ခံစာကဖော်ပြသည်။

နိုင်ငံပေါင်း ၁၈၃ နိုင်ငံအား အကဲဖြတ်လေ့လာခဲ့ရာတွင် ၂၀၀၉ ဇွန်လနှင့် ၂၀၁၀ မေလ အကြားကာလတွင် နိုင်ငံပေါင်း ၁၁၇ နိုင်ငံက စီးပွားရေးလုပ်ရန်လွယ်ကူစေသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ခဲ့ကြောင်း သိရသည်။

—*Ref: BBC*

# ထိုင်းတောင်ပိုင်း မြို့ကြီးတွင် ရေဘေးသင့်ပြည်သူများကို ကယ်တင်နေရ

**ဘန်ကောက်၊ နိုဝင်ဘာ - ၂**

ထိုင်းနိုင်ငံ တောင်ပိုင်း ဟတ်ယိုင်မြို့တွင် ရုတ်တရက် ရေကြီးမှုများဖြစ်ပေါ်ခဲ့၍ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ပြတ်တောက်ခဲ့ရပြီး ထောင်ပေါင်းများစွာသော လူများမှာလည်း ၎င်းတို့၏ အိမ်များတွင် ပိတ်မိနေရာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြကြောင်းသိရသည်။



ရေလွှမ်းမိုးမှုများ အကြီးအကျယ် ဖြစ်ပေါ်ခဲ့၍ ထိုင်းနိုင်ငံတစ်ဝန်းတွင် အောက်တိုဘာလ ၁၀ ရက်မှစ၍ လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည်။ ရေဘေးသင့်ဒေသများ ကျယ်ပြန့်လာ၍ လူအသေအပျောက်စာရင်းမြင့်တက်လာမည်ကို စိုးရိမ်နေကြသည်။

လူပေါင်း တစ်သိန်းခွဲကျော်နေထိုင်သော ဆွန်ခလာပြည်နယ် ဟတ်ယိုင်မြို့တွင် ရေလွှမ်းမိုးမှု ပိုမိုဆိုးဝါးလာပြီး နိုင်ငံခြားသားကမ္ဘာလှည့်များ အပါအဝင် လူထောင်ပေါင်းများစွာ ရေဘေးဒဏ်ကို ခံစားနေရသည်။

“လူပေါင်းထောင်ပေါင်းများစွာသူတို့အိမ်ထဲမှာ ပိတ်မိနေတယ်လို့ ကျွန်တော်ယူဆတယ်” ဟု ၎င်းဒေသရှိ အစိုးရ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနအကြီးအကဲ ဗီရိုပွန်ချိုင်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ““ဟတ်ယိုင်မြို့က ဟိုတယ်တွေကိုလည်း ကျွန်တော် ဆက်သွယ်ကြည့်တယ်။ ဒါပေမဲ့ ဆက်သွယ်ရေးလိုင်းတွေ ပျက်နေတယ်။ နိုင်ငံခြားခရီးသွားတွေလည်း သောင်တင်နေတယ်ထင်တယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဟတ်ယိုင်မြို့တွင် အချို့အဆောက်အအုံများမှာ ခေါင်မိုးအထိ ရေနစ်မြုပ်နေသည်ကို တယ်လီဗေးရှင်းပုံရိပ်များတွင် တွေ့ရသည်။ လွန်ခဲ့သော ရက်သတ္တပတ်သုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီး၊ ရေလွှမ်းမိုးမှုများကြောင့် ထိုင်းနိုင်ငံတစ်ဝန်း လူပေါင်းခြောက်သန်းခန့် ရေဘေးသင့်ဒဏ်ခံစားခဲ့ရပြီး စိုက်ပျိုးမြေများနှင့် ကျွဲ၊ နွား ပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့ကြောင်းသိရသည်။ —*Ref: AFP*

# နယ်နိမိတ်သဘောတူညီချက်အပေါ် ထိုင်း ရှပ်ဝါများ ဆန္ဒပြ

**ဘန်ကောက်၊ နိုဝင်ဘာ - ၂**

ကမ္ဘောဒီးယားနိုင်ငံ၏ အခြေအမြစ်မရှိသော နယ်မြေတောင်းဆိုမှုကို အသိအမှတ်ပြုရာရောက်သည်ဟု ၎င်းတို့က ပြောကြားသည့် သဘောတူညီချက်တစ်ရပ်အပေါ် ကန့်ကွက်သည့်အနေဖြင့် ထိုင်း ‘ရှပ်ဝါ’နှစ်ထောင်ခန့်သည် ထိုင်းပါလီမန်ရှေ့တွင် ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

ဒီမိုကရေစီအတွက် ပြည်သူ့မဟာမိတ် (PAD) အဖွဲ့မှ ရှပ်ဝါများသည် ‘သစ္စာဖောက်များ’ ဟု အော်ဟစ်ပြောဆိုကြကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၇၅၀ ကလည်း ၎င်းတို့စောင့်ကြည့်နေခဲ့ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။ ပါလီမန်အတွင်း၌ ပါလီမန်အမတ်များသည် ကမ္ဘောဒီးယားနိုင်ငံနှင့်နားလည်မှုစာချွန်လွှာရေးထိုးရေးငြင်းခုံဆွေးနွေးစဉ် ယင်းရှပ်ဝါတို့၏ ဆန္ဒပြမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

၁၁ ရာစု ကမ္ဘောဒီးယား ဘုရားကျောင်းအား ကမ္ဘာ့အမွေအနှစ်အဖြစ် ကုလသမဂ္ဂက သတ်မှတ်ခဲ့ပြီးနောက်ပိုင်း ၂၀၀၇ ဇူလိုင်လမှစ၍ အရှေ့တောင်အာရှအိမ်နီးချင်းနှစ်နိုင်ငံကြား ဆက်ဆံရေးထိခိုက်ခဲ့ပြီး နယ်ခြားဒေသတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်မှုများဖြစ်ပေါ်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံက ပိုင်ဆိုင်သည်ဟု ၁၉၆၂ ခုနှစ်တွင် ကမ္ဘာ့တရားရုံးက ဆုံးဖြတ်ပေးခဲ့သော ပရီဗီဟာဘုရားကျောင်းကိုလည်း ထိုင်းနိုင်ငံက ပြန်လည်ထိန်းချုပ်သည်ကို ရှပ်ဝါများက မြင်တွေ့လိုကြသည်။

နယ်နိမိတ်သဘောတူညီချက်များနှင့်ပတ်သက်၍ ပူးတွဲကော်မတီတစ်ရပ်ကို ထိုင်းပါလီမန်အဖွဲ့ဝင်များက ဖွဲ့စည်းခဲ့သည်။ ထိုင်းနှင့် ကမ္ဘောဒီးယားနယ်နိမိတ်များကို အပြည့်အစုံ မသတ်မှတ်ရသေးကြောင်းသိရသည်။ အရောင်များဖြင့် သတ်မှတ်သော ထိုင်းနိုင်ငံရေးရှုခင်းတွင် ရှပ်ဝါများမှာ ဘုရင်စနစ်ကို ထောက်ခံလိုလားသူများဖြစ်သည်။ —*Ref: AFP*

# အိန္ဒိယတောင်ပိုင်းတွင် မုန်တိုင်းကြောင့် လူ ၂၂ ဦးသေဆုံး

**ဟိုက်ဒရာဘတ်၊ နိုဝင်ဘာ - ၃**

အပူပိုင်းမုန်တိုင်း တစ်ခုချဉ်းကပ်လာနေသဖြင့် အိန္ဒိယကမ်းရိုးတန်းတောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် စစ်ဘက်တပ်ဖွဲ့များအား အသင့်ပြင်ဆင်ထားကြောင်း သိရသည်။ နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်လည်း ၎င်းဒေသတွင်လူ ၂၂ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၃၀,၀၀၀ ခန့်မှာ ၎င်းတို့နေအိမ်များမှ ရွှေ့ပြောင်း နေထိုင်နေရသည်။

အစိုးရက တည်ထောင်ထားသော ကယ်ဆယ်ရေးစခန်း ၁၀၀ ခန့်တွင် ရေဘေးဒုက္ခသည်များ ဆက်လက်နေထိုင်နေရကြောင်း အန်ဒါရာပရာဒက်ရှ် ပြည်နယ်အကောက်ခွန်ဝန်ကြီး ဒါမာနာက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းနေခဲ့ခြင်းကြောင့် ရေကြီး၍ နေအိမ်များ ပြိုကျခြင်းနှင့် ရေနစ်မှုများဖြစ်ပေါ်၍ လူများ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ကမ်းရိုးတန်း ဒေသများတွင် နောက်ထပ် နှစ်ရက်အတွင်း ပြင်းထန်သော မုန်တိုင်းတိုက်ခတ်နိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထား၍လည်း ရွာသားများအား ကယ်ဆယ်ရေးအတွက် ကြည်းတပ်နှင့် ရေတပ် တပ်ဖွဲ့ဝင်များ အဆင်သင့်ဖြစ်ရန် ညွှန်ကြားထားကြောင်း သိရသည်။

ငါးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ကမ်းရိုးတန်းဒေသခရိုင် ၆ ခရိုင်တွင် သီးနှံများ အကြီးအကျယ်ပျက်စီး၍ လမ်းနှင့် တံတားများ ပျက်စီးခဲ့ကြောင်း၊ မြေစိုက်အိမ်၊ တဲများလည်း ရေထဲမျောပါသွားကြောင်း သိရပြီး အသက်ရှင်ကျန်သူများကို ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ခဲ့ရသည်။ ပြည်နယ်ဝန်ကြီးချုပ် ကေရိုစီယားကလည်း ရေဘေးသင့်မှုအခြေအနေကို ကြည့်ရှု၍ ကယ်ဆယ်ရေးနှင့် ဆေးဝါးထောက်ပံ့ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ပြည်နယ်အုပ်ချုပ်ရေးအရာရှိများအား ညွှန်ကြားထားကြောင်းသိရသည်။

—*Ref: AP*

7 DAY NEWS JOURNAL
Vol.9, No.34 • NOVEMBER 11, 2010



## Leader's Profile

# ဘရာဇီးနိုင်ငံ၏ ရွေးကောက်ခံသမတ မစ္စဒီလ်မာရူးဆက်ဖ်

ရဲမင်း

မစ္စဒီလ်မာဗာနာရူးဆက်ဖ်သည် စီးပွားရေးပညာရှင် နိုင်ငံရေးသမားနှင့် ဘရာဇီးနိုင်ငံ၏ ရွေးကောက်ခံ သမ္မတဖြစ်သည်။ ၂၀၀၅ ခုနှစ် ဇွန်လတွင် ဘရာဇီးအစိုးရအရာရှိချုပ်အဖြစ် ဘရာဇီးသမ္မတလူးဝစ်အင်နာစီယာ လူလာဒါဆေးလ်ဗားက ခန့်အပ်ခဲ့သည်။ ၂၀၁၀ သမ္မတရွေးကောက်ပွဲတွင် ၎င်းအားဆက်ခံရန် သမ္မတလောင်းအဖြစ် သမ္မတလူလာဒါဆေးလ်ဗားက မစ္စဒီလ်မာရူးဆက်ဖ်အားရွေးချယ်ခဲ့သည်။ ဘရာဇီးနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသမီးသမ္မတဖြစ်သည်။

**ငယ်စဉ်ဘဝ**

မစ္စရူးဆက်ဖ်အား ဘူဂေးရီးယားနိုင်ငံမှ ပြောင်းရွှေ့နေထိုင်သူဖခင်နှင့် ကျောင်းဆရာမ မိခင်တို့က ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် မွေးဖွားခဲ့သည်။ ဘီလိုဟိုရင်ဇွန်တေး ဒေသအလယ်အလတ်တန်းစား မိသားစုတွင် ကြီးပြင်းခဲ့သည်။ ဖခင်၏ အားပေးမှုအရ ငယ်စဉ်ကပင် စာပေဖတ်ရှုမှုဝါသနာ ပါလာခဲ့သော မစ္စရူးဆက်ဖ်သည် အသက် ၁၅ နှစ်တွင်ခရစ်ယာန် မယ်သီလရှင်များဖွင့်လှစ်သော မစ်ရှင်ကျောင်းမှ ရိုးရိုးအထက်တန်းကျောင်းသို့ ပြောင်းတက်ခဲ့ရာမှ တိုင်းပြည်၏ နိုင်ငံရေးတွင် စိတ်ဝင်စားလာခဲ့သည်။ အသက် ၁၇ နှစ်အရွယ်တွင် မစ္စရူးဆက်ဖ်သည် ပြည်သူ့နိုင်ငံရေးဟူသော အဖွဲ့အစည်းသို့ ဝင်ရောက်ခဲ့သည်။ 'တော်လှန်ရေးအတွင်းမှ တော်လှန်ရေး" ဟူသော စာအုပ်ကို ဖတ်ရှုပြီးနောက် လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်လာခဲ့သည်။

ပြောက်ကျားနည်းပရိယာယ်များကို သုံး၍ တိုက်ပွဲဝင်ရင်းတစ် ဖက်တွင် အစိုးရ စီးပွားရေးတက္ကသိုလ်၌လည်း တက်ရောက်နေသော မစ္စရူးဆက်ဖ်သည် အသက် ၂၁ နှစ်အရွယ်တွင် သူမ၏ စတုတ္ထနှစ်ဝက် စာသင်နှစ်ပြီးမြောက်ခဲ့သည်။ လက်နက်ကိုင်လှုပ်ရှားမှုများတွင် မပါဝင်ခဲ့ဟုဆိုသော်လည်း မစ္စရူးဆက်ဖ်သည် ၁၉၇၀ပြည့်နှစ်တွင် ထောင်သုံးနှစ်ကျခံခဲ့ရပြီး နှိပ်စက်ခံခဲ့ရသည်။

**နိုင်ငံရေးသမားဘဝ**

မစ္စဒီလ်မာရူးဆက်ဖ်သည် ၁၉၇၂ ခုနှစ်ကုန်ပိုင်းတွင် ထောင်မှ ထွက်လာသော်လည်း သူမ၏ ပညာရေးကို ဆက်လက်မသင်ကြားနိုင်တော့ပေ။ သူမအား တက္ကသိုလ်မှ ထုတ်ပယ်လိုက်သည်။ သို့သော် မစ္စရူးဆက်ဖ်သည်အခြား ဖယ်ဒရယ်တက္ကသိုလ်တစ်ခုသို့ ဝင်ရောက်နိုင်ရန် အဆင့်မြင့်ပညာရေးလည်း အစမှပြန်၍လိုက်စားခဲ့ရာ ၁၉၇၇ ခုနှစ်တွင် တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။ ကျောင်းသားလှုပ်ရှားမှုများတွင်လည်း မပါဝင်တော့ပေ။ ဘွဲ့ရပြီးနောက်တစ်နှစ်မှာပင် စီးပွားရေးနှင့်ဝါဏိဇ္ဇဖောင်ဒေးရှင်းတွင် သူမ၏ ပထမဆုံးအလုပ်ရရှိခဲ့သည်။ မစ္စရူးဆက်ဖ်သည် ယင်းနှစ်မှာပင် ကန်ပီနတ်စ် တက္ကသိုလ်တွင် စီးပွားရေးပညာ မဟာဘွဲ့ဆက်လက်တက်ရောက်ခဲ့သလို အယူအဆတူညီမှုများ သုံးလတစ်ကြိမ်တွေ့ဆုံ၍ ကားလ်မာ့စ်က်၊ နီးကိုးစ်၊ ပိုလန်းတက်စ်၊ လူးဝစ်အယ်သူဆာတို့၏ စာအုပ်များကို ဖတ်ရှုဆွေးနွေးခဲ့သည်။

မစ္စရူးဆက်ဖ်သည် ၁၉၈၀ လွန်နှစ်များတွင် ဘရာဇီးလေဘာပါတီ၌ ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ပေါ်တိုအလီဂရာမြို့တွင် မြူနီစပယ်ဌာန ဘဏ္ဍာရေးအတွင်းဝန် ဖြစ်လာသည်။ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ရင်း အုပ်ချုပ်ရေးရာထူးအမျိုးမျိုး၌ ခန့်အပ်ခံရသော မစ္စရူးဆက်ဖ်သည် ၂၀၀၃ ခုနှစ်တွင်သမ္မတလူလာဒါဆေးလ်ဗား၏ အစိုးရအဖွဲ့တွင် ပါဝင်လာကာ စွမ်းအင်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၂၀၀၅ ခုနှစ်တွင် အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံကြောင့် အစိုးရတွင်းမှ အရေးပါသူအများအပြား အလုပ်ပြုတ်သွားခဲ့ပြီးနောက် မစ္စရူးဆက်ဖ်သည် အစိုးရအဖွဲ့၏ အရာရှိချုပ်ဖြစ်လာသည်။

မစ္စရူးဆက်ဖ်သည် အစိုးရ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုစီမံကိန်းများတွင် အဓိကနေရာမှပါ ဝင်လှုပ်ရှားခဲ့သူ ဖြစ်ကြောင်း သမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားရင်း ၂၀၁၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ၎င်းအားဆက်ခံမည့်သူအဖြစ် ထောက်ခံပေးခဲ့ရာမှ မစ္စဒီလ်မာရူးဆက်ဖ်သည် ဘရာဇီးနိုင်ငံ၏ ပထမဦးဆုံးအမျိုးသမီးသမ္မတအဖြစ် ရွေးချယ်ခံရသည်။

သို့သော် လွယ်လွယ်ကူကူ ရွေးကောက်ခံရခြင်း မဟုတ်ဘဲ အဓိကပြိုင်ဘက်ဟိုဆေးဆယ်ရာနှင့် အကြိတ်အနယ်ယှဉ်ပြိုင်၍ နှစ်ကြိမ်နှစ်ခါ ပြည်သူ၏ မဲခွဲဆုံးဖြတ်မှုခံယူပြီးမှသာ နိုင်ငံ၏ သမ္မတဖြစ်လာခဲ့ခြင်းဖြစ်သည်။

မစ္စဒီလ်မာရူးဆက်ဖ်သည် ရိုမန်ကက်သလစ် ဘာသာဝင်တစ်ဦးဖြစ်ပြီး အိမ်ထောင်နှစ်ဆက်ကျခဲ့ကာ တစ်ဦးတည်းသော သမီးပေါလ်သည် မကြာသေးမီကကလေးမီးဖွားခဲ့ရာမှ အဘွားတစ်ဦးဖြစ်လာသည်။

—*Ref: Wikipedia*

## ဇဝရက်တောင်ပေါ်တွင် အင်တာနက်ဆက်သွယ်မှု ပြုလုပ်နိုင်တော့မည်

**ခတ္တမန္ဒူ၊ နိုဝင်ဘာ - ၁**

နီပေါဆက်သွယ်ရေး ကုမ္ပဏီတစ်ခုသည် ဧဝရက်တောင်ခြေရှိ အခြေစိုက်စခန်းတစ်ခုတွင် နိုင်ငံ၏ ပထမဆုံးသော သရီးဂျီကွန်ရက်စနစ်ကို စတင်တပ်ဆင်လိုက်ရာ ကမ္ဘာ့အမြင့်ဆုံး တောင်ပေါ်၌ မြန်နှုန်းမြင့် အင်တာနက်ဆက်သွယ်မှုများ ပြုလုပ်နိုင်တော့မည်ဖြစ်သည်။ ယခုကွန်ရက်တပ်ဆင်မှုသည် ဧဝရက်တောင်သို့ လာရောက်လည်ပတ်သော တောင်တက်သမားများနှင့် ခရီးသည်ထောင်ပေါင်းများစွာ အတွက် အဝေးမြေမှ မိသားစုများနှင့် အဆက်မပြတ် ဆက်သွယ်ခွင့်ကို ရရှိစေမည်ဖြစ်သည်။

ကွန်ရက်ကို တပ်ဆင်ခဲ့သောနီပေါ ဆက်သွယ်ရေးကုမ္ပဏီ Nceu ကၡင်းတို့၏ သရီးဂျီဆက်သွယ်ရေးကွန်ရက်သည် တောင်တက်သမားများ၊ ခရီးသည်များအပါအဝင် ခမ်ဘူတောင်ကြားဒေသရှိ ပြည်သူများအတွက် မြန်ဆန်ကောင်းမွန်သည့် မြန်နှုန်းမြင့် အင်တာနက်ဆက်သွယ်ရေးကို ပေးအပ်နိုင်မည်ဖြစ်ကြောင်း ဆိုသည်။ နီပေါကုမ္ပဏီ Nceu သည်နော်ဝေဆက်သွယ်ရေး ကုမ္ပဏီတယ်လီယာဆိုနာရာနှင့် ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုမ္ပဏီ၏ရှယ်ယာ ၈၀ ရာခိုင်နှုန်းကို တယ်လီယာဆိုနာရာက ပိုင်ဆိုင်သည်။ တောင်အာရှဒေသ၏ အဆင်းရဲဆုံး တိုင်းပြည်ဖြစ်သော နီပေါတွင် လူဦးရေ ၂၈ သန်း၌ သုံးပုံတစ်ပုံခန့်သာ ဂြိုဟ်တုဖုန်း၊ အင်တာနက်ကဲ့သို့သော ဆက်သွယ်ရေးဝန်ဆောင်မှုများ သုံးစွဲနိုင်သေးသည်။

—*Ref: Xinhua*

## နောက်ကျောဖုံး - အမေရိကန်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ် ဆွေးနွေးပွဲပြုလုပ်မည် မှ



သမ္မတအိုဘားမားသည် အမေရိကန်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုကို တွန်းတင်နိုင်ရန် အာရှဒေသသို့ ၁၀ ရက်ကြာခရီး လာရောက်ခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။

အိန္ဒိယဝန်ကြီးချုပ်၊ သမ္မတနှင့် အခြားအိန္ဒိယခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာရေးအတွက် အကြမ်းဖက်ဝါဒအား တန်ပြန်ခြင်းနှင့်ပြည်သူအချင်းချင်း အပြန်အလှန်ဆက်ဆံမှု ဖြစ်ပေါ်ရေး ဦးစားပေးဆွေးနွေးသွားမည်ဟု အိုဘားမားက ပြောကြားသည်။

မစ္စတာအိုဘားမားသည် အိန္ဒိယကွန်ဂရက် ပါတီဥက္ကဋ္ဌဆိုနီယာဂန္ဒီနှင့် အတိုက်အခံခေါင်းဆောင် ဆူရှ်မာဆွာရပ်တို့နှင့်လည်း တွေ့ဆုံမည်ဟုမျှော်လင့်ရသည်။

အိန္ဒိယပါလီမန်၌ မိန့်ခွန်းပြောကြားရာတွင်လည်း အမေရိကန်နှင့် အိန္ဒိယနိုင်ငံကြား ဆက်ဆံရေးအပေါ် ၎င်းတို့မျှော်မှန်းချက်များကို အိုဘားမားက ပြောကြားလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

—*Ref: BBC*

## နောက်ကျောဖုံး - အင်ဒိုနီးရှား မီးတောင်ပေါက်ကွဲမှု လူ ၁၃၅ ဦးသေဆုံး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေ မှ



မီးတောင်တစ်ဝိုက်အန္တရာယ်ရှိသောနေရာ ကီလိုမီတာ ၂၀ ပတ်ဝန်းကျင်တွင် နေထိုင်နေသူများသည် ၎င်းတို့၏အိမ်ရာများကိုစွန့်ခွာရန် ငြင်းဆန်ကြကြောင်း၊ ပြာမှုန်များသည် ၎င်းတို့နေထိုင်ရာဧရိယာများမှ ဝေးနေသေး၍ကျွဲ၊ နွားများကို စောင့်ရှောက်ရန် ဆက်လက်နေထိုင်နေကြကြောင်း မာဆိုနိုက ပြောကြားသည်။

ဂျကာတာရှိ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လျော့ပါးရေး အေဂျင်စီအရာရှိကလည်း မီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၃၅ ဦး သေဆုံးပြီး ၄၁၁ ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။ နိုဝင်ဘာလ ၇ ရက်အထိ ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသူပေါင်း ၂၈၉,၆၁၂ ဦး ရှိကြောင်း အေဂျင်စီက ပြောကြားပြီးမီးတောင် ပတ်ပတ်လည် အန္တရာယ်ရှိသော ဇုန် ၂၀ ကီလိုမီတာတစ်ဝိုက်တွင် နေထိုင်သူပေါင်း ၁ ဒသမ ၃ သန်းရှိကြောင်း အင်ဒိုနီးရှားအမျိုးသားအေဂျင်စီက ပြောသည်။

—*Ref: Xinhua*

## နောက်ကျောဖုံး - အိုဘားမားက ရီပက်ဘလေကန်ခေါင်းဆောင်များအား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြား မှ

ရီပက်ဘလေကန်ခေါင်းဆောင်က ပြောကြားသည်။

သမ္မတအိုဘားမားသည် အထက်လွှတ်တော် ရီပက်ဘလေကန်ခေါင်းဆောင် မစ်ချ်မက်ကော်နယ်ဆီသို့လည်း ဖုန်းဆက်၍ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။ ရီပက်ဘလေကန်ခေါင်းဆောင်များထံ ဖုန်းခေါ်ဆိုရာတွင် သမ္မတအိုဘားမားသည် နှစ်ဖက်လက်ခံနိုင်သော အနေအထားဖန်တီး၍ တိုင်းပြည်အား ရှေ့သို့ဆက်လက်ချီတက်ရန်နှင့် အမေရိကန်ပြည်သူများအတွက် အတူတကွ အလုပ်လုပ်ကြရန် ပြောကြားခဲ့ကြောင်း အိမ်ဖြူတော်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

—*Ref: AP*

7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010



# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကွန်ဒိုလီဇာရိုက်စ်နှင့် မေးခွန်း ၁၀ ခွန်း

ကျော်မျိုး

ယခင်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ကွန်ဒိုလီဇာရိုက်စ်ဟာ သမ္မတဘုရှ်လက်ထက်မှာ ကျော်ကြားတဲ့ အမေရိကန်အမျိုးသမီးနိုင်ငံရေးသမားများထဲမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါတယ်။ မစ္စရိုက်စ်ဟာ မျိုးရိုးအရလည်း လူမည်းသွေးနှောတဲ့ အာဖရိကန်-အမေရိကန်နွယ်ဖွားတစ်ဦးဖြစ်ပြီး စစ်အေးခေတ်အတွင်း ကြီးပြင်းလာခဲ့သူပီပီ ဆိုဗီယက်ယူနီယံ အကြောင်းလေ့လာကာ ဆိုဗီယက်ရေးရာ ကျွမ်းကျင်သူတစ်ဦးအဖြစ်လည်း လုပ်ကိုင်လာခဲ့သူဖြစ်ပါတယ်။ ဒ့ါအပြင် မစ္စရိုက်စ်ဟာ ရာထူးက အနားယူခဲ့ပေမယ့်လည်း အဆင့်မြင့် ထိပ်တန်းသံအမတ်တစ်ဦးဖြစ်ခဲ့တာမို့ သူမရဲ့ ကမ္ဘာ့ရေးရာအမြင်တွေကလည်း အလေးထားဖွယ်ဖြစ်နေဆဲပါ။ ယခုဖော်ပြလိုက်တာကတော့ တိုင်းမ်မဂ္ဂဇင်းကြီးမှာ ပါဝင်နေကျဖြစ်တဲ့ မေးခွန်း ၁၀ ခုကဏ္ဍမှ စာဖတ်ပရိသတ်များမေးပြီး မစ္စရိုက်စ်က ဖြေထားတဲ့ အဖြေများပါပဲ။

**ဘုရားကျောင်းရယ်၊ အနုပညာရပ်တွေနဲ့နီးစပ်တဲ့မိသားစုနောက်ခံကလာတဲ့ အလာစကာပြည်နယ် ဘာမင်ဂမ်က အာဖရိကန်-အမေရိကန်အမျိုးသမီးတစ်ဦးဟာ ဆိုဗီယက်ယူနီယံရေးရာကျွမ်းကျင်သူတစ်ဦး ဘယ်လိုဖြစ်လာတာပါလဲ။**

**ကာစတန်ကာဇေး၊ ဘတ်ဟွန်းနတ် (ဂျာမနီ)**

ကျွန်မဘယ်သူဆိုတာကို သိနားလည်ဖို့ ဒီနေ့ကျွန်မ ဘယ်လိုဖြစ်လာတယ်ဆိုတာ သိနားလည်ဖို့ အရင်ဆုံးကျွန်မ မိဘတွေဖြစ်တဲ့ဂျွန်နဲ့ အန်ဂျယ်လီနာရိုက်စ်တို့ကိုသိထားရပါမယ်။ ကျွန်မ ငယ်ငယ်က အဖေနဲ့ အမေ့ကို ကျွန်မတော့ဆိုဗီယက်ရေးရာ ကျွမ်းကျင်သူတစ်ဦး ဖြစ်ချင်တယ်လို့ပြောတော့ သူတို့က ကြိုးစားလေ သမီးတဲ့။ ဒီဇာတ်လမ်းလေးကတော့ လူမျိုးနဲ့ လိင်ကွဲပြားမှု အကန့်အသတ်တွေရှိတယ်ဆိုတာ မယုံကြည်ခဲ့တဲ့ မိန်းကလေးတစ်ဦးရဲ့ ဇာတ်လမ်းဖြစ်ပါတယ်။

**အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခကိုဖြေရှင်းနိုင်မယ့် လက်တွေ့ကျတဲ့ကာလရှည်ဖြေရှင်းချက်တစ်ခုများရှိပါသလား။**

**တိုင်လာပက်၊ ဒေးဗီးစ် (ကယ်လီဖိုးနီးယား)**

ပြဿနာဖြေရှင်းချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ နှစ်နိုင်ငံ ဖြေရှင်းချက် two-state solution ဆိုတဲ့တစ်ခုတည်းသော ဖြေရှင်းနည်းပါ။ ဒီအချက်အရ ပါလက်စတိုင်းတွေလည်း သူတို့ဘာသာသူတို့ အုပ်ချုပ်နိုင်တဲ့ ပါလက်စတိုင်းနိုင်ငံ တစ်ခုရှိသွားပြီး အဲဒီနိုင်ငံဟာ အစ္စရေးနဲ့ ဘေးချင်းကပ်လို့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းမှုရှိရှိနေသွားနိုင်ဖို့ပါ။

**အမေရိကန်ဦးဆောင်တဲ့ အီရတ်ကျူးကျော်မှုမှာ အီရန်ဟာ အနိုင်ရသူဖြစ်ခဲ့တယ်ဆိုတာကို ဘယ်အချက်နဲ့ ပြောနိုင်ပါသလဲ။**

**လင်ဒန်ရစ်ချတ်၊ မီးလ်ပစ်တတ်စ် (ကယ်လီဖိုးနီးယား)**

အီရန်တွေက သူတို့ကိုယ်သူတို့အောင်နိုင်သူတွေလို့ မမြင်ကြဘူးလို့ ကျွန်မထင်ပါတယ်။ အီရတ်ဟာ အီရန်ဩဇာလွှမ်းမိုးမှုကိုကာကွယ်ထားတဲ့ ကတုတ်ကျင်းတစ်ခုဖြစ်နေဆဲပါ။ အကြောင်းကတော့အီရတ်တွေဟာ အာရပ်လူမျိုးတွေဖြစ်ပြီး သူတို့မှာ အီရန်တွေအပေါ် ယုံကြည်မှုတကယ်မရှိကြဘူး။ ဒ့ါအပြင် အီရန်ဟာ ပြည်တွင်းမှာ အပြောင်းအလဲအတွက်ဖိအားပေးနေတဲ့ လူထုရဲ့ အပူရှိန်ကိုလည်း ခံစားနေရပါတယ်။

**အစိုးရအဖွဲ့ထဲ ပါခဲ့တဲ့လူကြီးမင်းရဲ့အချိန်တွေအတွက် နောင်တရတာတွေများ ရှိပါသလား။**

**ရော်ဘီဒန်ဂျူ ပလာနို (တက္ကဆတ်)**

ရှင်တို့လည်း သိပ်ရှုပ်ထွေးတဲ့ကာလတစ်ခုထဲ ရောက်နေရင် ကျွန်မတို့လိုပဲ၊ နောက်ဆိုပိုကောင်းအောင်လုပ်နိုင်မယ့် ကိစ္စတွေ အများကြီးကြုံရမှာပါ။ အီရတ်မှာဆို ဆက်ဒမ်ဟူစိန်ကို နောက်တစ်ကြိမ် ကျွန်မဖြုတ်ချချင်တယ်။ သူဟာ ဒီဒေသရဲ့ ကင်ဆာရောဂါတစ်ခုဖြစ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ အီရတ်ကို အပြင်ဘက်ကနေပဲ တည်ဆောက်ပေးဖို့ကြိုးစားသင့်တယ်လို့ ထင်ပါတယ်။

**တီးပါတီ (Tea Party) နဲ့ပတ်သက်လို့ လူကြီးမင်းရဲ့ အမြင်တွေ ဘယ်လိုရှိပါသလဲ။**

**မာစီယာဖတ်စ်မင်း၊ မီဒီးယား (ပင်ဆယ်ဗေးနီးယား)**

တီးပါတီနာမည်နဲ့ ပြောကြသမျှအရာရာတိုင်းကိုတော့ ကျွန်မ သဘောမတူပါဘူး။ ဒါပေမဲ့ အမေရိကန်လူမျိုးတွေဟာ ဒီနည်းနဲ့စုစည်းသင့်ပါတယ်။ သူတို့က နိုင်ငံရေးမှာ ကျွန်မတို့ ပြည်သူတွေကိုကိုယ်စားပြုနေတဲ့သူတွေဟာ သာမန်အမေရိကန်လူမျိုးတွေ လုပ်နေသလို ဆွေးနွေးပြောဆိုနေကြတာထဲပါဝင်ပြီး ပိုကောင်း၊ ပိုသင့်တော်တယ်ဆိုတဲ့ အမှာစကားမက်ဆေ့ချ် ဝါရှင်တန်ကို ပို့နေတယ်လေ။ ဒါသိပ်ကောင်းတယ်လို့ ကျွန်မထင်ပါတယ်။

**အာဖရိကမှာရှိတဲ့ ဒီမိုကရေစီရဲ့ အခြေအနေကို လူကြီးမင်း ဘယ်လိုအကဲဖြတ်ချင်ပါသလဲ။**

**ချင်မက်ဇီဘွန်နီဘီလန်မာ၊ ဒါဘန် (တောင်အာဖရိက)**

ခုဆို အာဖရိကမှာ ခေါင်းဆောင်မှုကောင်းကောင်း ရှိနေပြီ။ ဒါဟာ ဆယ်စုနှစ်တစ်စုစာ တောင်မကတော့ပါဘူး။ တန်ဇန်နီးယား၊ ဘော့စဝါနာနဲ့ မာလီတို့လိုနေရာမျိုးတွေမှာ ဒီမိုကရေစီစနစ်တွေ ကောင်းကောင်းအလုပ်လုပ်နေပြီး ခေါင်းဆောင်တွေဟာလည်းအာဏာကို ငြိမ်းချမ်းစွာ လွှဲပြောင်းဖို့ သင်ယူခဲ့ကြပြီးပြီ။ နိုင်ငံကြီးတွေဖြစ်တဲ့ တောင်အာဖရိကနဲ့နိုင်ဂျီးရီးယားတို့ကလည်း ဒီလမ်းကြောင်းကိုလိုက်ပြီး အစိုးရအုပ်ချုပ်ရေးပိုကောင်းလာမယ်ဆိုရင် ဒါဟာသူတို့အတွက် အထောက်အကူဖြစ်မှာပါ။

**နယူးယောက်မြို့တော်က ၉/၁၁ တိုက်ခိုက်ခံရမှုနေရာ Ground Zero အနီးမှာ ဆောက်လုပ်မယ့် ဗလီဝတ်ကျောင်းနဲ့ပတ်သက်လို့ လူကြီးမင်း ဘယ်လိုထင်မြင်မိပါသလဲ။**

**ဒေးဗစ်ရိုက်စ်၊ ရမ်းစတိန်း (ဂျာမနီ)**

လူတိုင်းကတော့ ဘာသာရေးလွတ်လပ်ခွင့်နဲ့ သည်းခံမှု တရားအကြောင်း နားလည်ကြပါတယ်။ ဒီအမြင်နဲ့ဆိုရင်တော့ ဘယ်ပုဂ္ဂိုလ်မဆိုဟာ ဘယ်နေရာမှာမဆို အဆောက်အအုံ ဆောက်လုပ်ခွင့်ရှိတယ်ဆိုတာ သိက္ခာချတာမဟုတ်ပါဘူး။ ဒါပေမဲ့ စက်တင်ဘာ ၁၁ မှာ ဖြစ်ပျက်ခဲ့တာရဲ့ ဒဏ်ရာဒဏ်ချက်ကိုတော့ ထည့်တွက်ကြပါ။

**စန္ဒရားတီးရင် လူကြီးမင်းအကြိုက်ဆုံးတီးလုံးက ဘာပါလဲ။**

**အဲလစ်ဆာဂရင်း၊ ဖရက်ဒရစ်စဘာ့ဂ်(ဗာဂျီးနီးယား)**

ဂီတစာဆိုဘရာဟမ်ရဲ့ Opus 118 သီချင်းရဲ့ ဒုတိယ Inter Mezzo ပါ။ ဒီကမ္ဘာမြေက မထွက်ခွာခင်တော့ သူ့ရဲ့ Second Piano Concerto ကိုတီးနိုင်ဖို့ ကျွန်မမျှော်လင့်ထားပါတယ်။ အဲဒါကို ပိုပြီးကောင်းအောင် တီးနိုင်ဖို့ ကျွန်မ ကြိုးစားရပါဦးမယ်။

*—Ref: 10 Questions for Condoleezza Rice*

## ဂျပန်၊ အမေရိကန်တို့နှင့် သုံးပွင့်ဆိုင်ဆွေးနွေးရေး တရုတ်ပယ်ချ



**ဘေဂျင်း၊ နိုဝင်ဘာ - ၂**

အရှေ့တရုတ်ပင်လယ်တွင် သူပိုင်၊ ကိုယ်ပိုင် အငြင်းပွားနေသော ကျွန်းစုများ ကိစ္စနှင့် ပတ်သက်၍ သုံးပွင့်ဆိုင်ဆွေးနွေးရေးအား ဘေဂျင်းက ပယ်ချလိုက်ပြီး၊ ယင်းကိစ္စကို တရုတ်နှင့်ဂျပန် နှစ်နိုင်ငံတည်းသာ ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ဘေဂျင်းက ပြောကြားသည်။ သုံးပွင့်ဆိုင်ဆွေးနွေးရေးမှာ အမေရိကန်၏ စိတ်ကူးသာဖြစ်ကြောင်း ဘေဂျင်းက ပြောဆိုသည်။

"ဒါဟာ အမေရိကန်ရဲ့ စိတ်ကူးအကြံဉာဏ်ပဲလို့ ဆိုတာကို အလေးအနက်ထား ပြောကြားလိုပါတယ်"ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူမာရှောင်ဆူးက ကြေညာချက်တစ်ရပ်တွင် ပြောကြားသည်။

"လက်ရှိ အာရှ၊ ပစိဖိတ်ဒေသမှာ ရှိနေတဲ့ အမျိုးမျိုးသော ဆွေးနွေးပွဲတွေ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို အပြည့်အဝအသုံးချသင့်တယ်လို့ တရုတ်နိုင်ငံက အမြဲတမ်းယုံကြည်ထားပါတယ်"ဟု တရုတ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

"ဒိုင်အိုယုကျွန်းတွေနဲ့ ပတ်သက်တဲ့ တရုတ်နဲ့ ဂျပန်ကြား ဖြစ်ပေါ်နေတဲ့ နယ်မြေဒေသဆိုင်ရာ အငြင်းပွားမှုဟာ ဒီနိုင်ငံ နှစ်နိုင်ငံရဲ့ အရေးကိစ္စပဲဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အကြောင်းအရာ အများအပြားအား ဆွေးနွေးရန် တရုတ်၊ ဂျပန်နှင့် ၎င်းတို့၏ နိုင်ငံခြားရေးဝန်ကြီးများအား အတူတကွဖိတ်ခေါ်၍ သုံးပွင့်ဆိုင် ဆွေးနွေးပွဲများလက်ခံကျင်းပရေး အမေရိကန်က စိတ်အားထက်သန်ပါကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမစ္စဟီလာရီကလင်တန်က ဟနွိုင်းမြို့တွင် ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့်အတူ အခြားဆက်စပ်အစည်းအဝေးများကိုလည်း ပြုလုပ်ခဲ့သည်။

*—Ref: AFP*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.34 • NOVEMBER 11, 2010






## 'တစ်ဦးတစ်ယောက်တည်းဖန်တီးထားတဲ့ Documentary က ကိုယ်တစ်ယောက်တည်းပဲဖြစ်တယ်ဆိုတော့ အဲဒီအပေါ်မှာ နည်းနည်းတော့ ကျေနပ်စိတ်ဖြစ်မိတယ်'

### မင်းထင်ကိုကိုကြီးနှင့်တွေ့ဆုံခြင်း

အေးသူစံ

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဟန္နွိုင်းမြို့မှာ အောက်တိုဘာလ ၂၈ရက်ကနေ ၃၁ ရက်နေ့အထိ ကျင်းပတဲ့ (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများမှာ ယခုနှစ်ကစပြီး အာဆီယံနိုင်ငံများရဲ့ပထမဆုံးအကြိမ် Documentary မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲကို ထည့်သွင်းပြုလုပ်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံမှ Documentary မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတို၂ကား ဝင်ရောက်ယှဉ်ပြိုင်ရာမှဒါရိုက်တာ မင်းထင်ကိုကိုကြီးရိုက်ကူးခဲ့တဲ့ The Floating Tomatos (အင်းသီး) ဇာတ်ကားက ဒုတိယဆုရရှိခဲ့ပါတယ်။ အင်းသီးဇာတ်ကားဟာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်က အင်းလေးကန်မှာ ခရမ်းချဉ်သီးစိုက်ပျိုးမှုလုပ်ငန်းမှာအသုံးပြုတဲ့ ဓာတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေကြောင့် အင်းလေးကန်ကြီးတစ်ခုလုံး ရေတွေလျော့နည်းပြီး ရေမသန့်ရှင်းတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်နေရတာကို ၃၅မိနစ်စာ ရိုက်ကူးတင်ပြထားတဲ့ မှတ်တမ်းကားတိုဖြစ်ပြီး ပြည်တွင်းမှာ ၂၀၁၀၊ ဇွန်လ၅ရက်နေ့က အခမဲ့ဖြန့်ချိခဲ့ပါတယ်။

**ဒီပြိုင်ပွဲကိုဝင်ပြိုင်ဖြစ်တဲ့အကြောင်းလေး စပြီးပြောပြပေးပါ။**

ရုပ်ရှင်လုပ်ငန်းက ကမ်းလှမ်းတာပါ။ အာဆီယံ ၁၀ နိုင်ငံရဲ့ ပထမဆုံး Documentary ပြိုင်ပွဲလေးရှိတော့ ဒီကားလေးကို ပို့စေချင်တယ်။ ဒါပေမဲ့ သတ်မှတ်ချက်က မိနစ် ၃၀စာဆိုတော့ ကိုယ့်ကားက ၃၅ မိနစ်ဆိုတော့ ငါးမိနစ်စာ လျှော့ပေးရမယ်။ ကိုယ် ဘာစဉ်းစားလဲဆိုတော့ ကိုယ့်ရဲ့မူရင်း ဗားရှင်းကို မထိချင်ဘူး။ နောက်ပြီး အဲဒါအတွက် အချိန်ထပ်မပေးချင်ဘူး။ အဲဒါကြောင့် ကိုယ်သိပ်ပြီး စိတ်မပါလှဘူး။ ဒါပေမဲ့ မြန်မာ့ရုပ်ရှင်လုပ်ငန်းက တိုက်တိုက်တွန်းတွန်းလေးပြောတော့ ကိုယ်လည်း Reedit လုပ်ပြီး ပို့လိုက်တယ်။ ပို့ပြီးတော့လည်း ကိုယ်မေ့သွားတယ်။ ဒါပေမဲ့ ဗီယက်နမ်ကပွဲလုပ်တဲ့ ကော်မတီက ကိုယ့်ကို ဒီပွဲလာတက်ဖို့ အီးမေးလ်ပို့တယ်။ ကိုယ် ရုပ်ရှင်လုပ်ငန်းနဲ့ ပြန်တိုင်ပင်တော့ မြန်မာနိုင်ငံကနေ ရုပ်ရှင်လုပ်ငန်းက Documentary ၁၂ ခုပို့ထားတာ။ ကိုယ့်တစ်ယောက်တည်း ဖိတ်တာဆိုတော့ ဆုတစ်ခုခုရလို့သာဖိတ်တာဖြစ်နိုင်တယ်။ သွားပါ လို့ရုပ်ရှင်လုပ်ငန်းက ပြောပါတယ်။

စာ(၄၅)သို့



CELEBRITY PROFILE

## မာမာမီယာမင်းသမီး Amada Seyfried

တွဲဖက်သရုပ်ဆောင်ခဲ့သော မင်းသားတော်တော်များများနဲ့ ဇာတ်လမ်းဖြစ်ခဲ့ဖူးသူ သူမရဲ့အနုပညာခရီးဟာကလေးမော်ဒယ်လ်အဖြစ်နဲ့စတင်ခဲ့တာပါ။ သူမဟာ ၁၁နှစ်အရွယ်သမီးကတည်းက ကလေးမော်ဒယ်အဖြစ် ရပ်တည်နိုင်ခဲ့တာကြောင့် အနုပညာလောကနဲ့ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သူပါ။ ကလေးမော်ဒယ်အဖြစ်၄နှစ်တာဖြတ်သန်းပြီး သူမ အသက်၁၅နှစ်အရွယ်ရောက်တဲ့အခါမှာတော့ဟောလိဝုဒ်ရဲ့ရုပ်ရှင်မင်းသမီးစာရင်းမှာ ရုပ်သံစီးရီးအချို့နဲ့ရုပ်ရှင်ကားအချို့မှာဇာတ်ရန်အဖြစ်သရုပ်ဆောင်ရင်းပါဝင်ခဲ့ပါတယ်။ ၂၀၀၄ခုနှစ်မှာတော့မင်းသမီးလင်ဆေးလိုဟန် ခေါင်းဆောင်ပါဝင်တဲ့ Mean Girlsမှာဗီလိန်ဇာတ်ရုပ်နေရာကပါဝင်ခဲ့ပြီးနောက်မှာသူမကိုလူတွေသတိထားမိခဲ့ကြပါတယ်။

စာ(၄၅)သို့

## "ဆေးရောင်လှလှခြယ်ရအောင်" ဗီစီဒီ ဒီဇင်ဘာ ၅ ရက်နေ့ထွက်မည်ဟု စနီမြင့်လွင်ပြောကြား

အေးသူစံ

&efukefEdkifiHom - 4



ယခုနှစ် မေလအတွင်းက ထွက်ရှိခဲ့သည့် စန္ဒီမြင့်လွင်၏ 'ဆေးရောင်လှလှခြယ်ရအောင်' တေးစီးရီး ဗီစီဒီကို ဒီဇင်ဘာလ ၅ ရက်နေ့တွင် ထွက်ရှိမည်ဖြစ်ကြောင်း စန္ဒီမြင့်လွင်ကပြောကြားသည်။

"ဒီဒိုးအခွေကို ဒီဇင်ဘာလ ၅ ရက်နေ့ ဗီစီဒီထွက်ဖို့ စီစဉ်ထားပါတယ်။ နိုဝင်ဘာလ ၂၆ ရက်နေ့ လောက်ကျရင် စာနယ်ဇင်းပွဲလုပ်ဖို့ စဉ်းစားထားတာတော့ရှိပါတယ်။ မသေချာသေးပါဘူး။ ပရိုမိုးရှင်းအစီအစဉ်တွေကတော့ ဗီစီဒီထွက်တဲ့နေ့မှာ အများကြီးလုပ်ဖို့ စဉ်းစားထားပါတယ်"ဟု စန္ဒီမြင့်လွင်ကပြောသည်။

ယင်းစီးရီးတွင် ဂျေမီ၊ အားတီ၊ ရသ၊ ကျော်ထွဋ်ဆွေ၊ ဘိုလေး၊ ကိုရွှေ၊ ဩရသတို့ရေးသော သီချင်း ၁၁ ပုဒ်ပါဝင်ပြီး ဂျေမီ၊ ဝိုင်းစုခိုင်သိန်း၊ အားတီ၊ ဘိုလေး၊ ကျော်ထွဋ်ဆွေနှင့် သီရိဆွေတို့က Featuring သီဆိုပေးထားကြောင်းသိရသည်။ အာအန်ဘီနှင့် ဟစ်ဟော့ပ်အမျိုးအစားဂီတများ ထည့်သွင်းထားပြီး စီဒီ ဖြန့်ချိစဉ်က ရောင်းအားအသင့်အတင့်ကောင်းခဲ့ကြောင်းသိရသည်။



## ဇာတ်ကားသစ်ကြောင့် အိပ်မပျော်ရောဂါ စွဲကပ်နေတဲ့ နာတာလီပေါ့တ်မင်း

avmhpftelf;vpfEdkifiHom - 2

ဟောလိဝုဒ်၏ နာမည်ကျော်မင်း သမီးနာတာလီပေါ့တ်မင်းက သူမသည် ယခုအခါ Black Swan ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးနေရ၍ အိပ်မပျော်သည့်ရောဂါခံစားနေရကြောင်း ထုတ်ဖော်ပြောလိုက်သည်။ ဒါရိုက်တာ ဒါရင်အရွန်နော့ဖ်စကီး၏ ရုပ်ရှင်ကားတွင် အဓိကနေရာမှ ပါဝင်နေသည့် မင်းသမီးပေါ့တ်မင်းက ရုပ်ရှင်ကားသစ်အတွက် အလုပ်လုပ်ရသည်မှာ အလွန်ပင်ပန်းကြောင်း၊ ထို့ကြောင့် အိပ်ချိန် အနည်းငယ်သာရ၍ အိပ်မပျော်သည့် ရောဂါစွဲကပ်နေသလို ဖြစ်နေရကြောင်း ညည်းတွားခဲ့သည်။

သူမက "အခြေခံအားဖြင့် ကျွန်မက အလုပ်ကလွဲလို့ဘာမှ မလုပ်နိုင်တော့တာပါ။ သူငယ်ချင်းတွေနဲ့ ညစာစားဖို့ ချိန်းတာ၊ ရုပ်ရှင်သွားကြည့်တာတွေကို တောင်မလုပ်နိုင်တော့တာပါ။ ကျွန်မတို့ရုပ်ရှင်ကားသစ်အတွက် တစ်နေ့ ၁၆နာရီအလုပ်လုပ်နေရပါတယ်"ဟု ပြောသည်။ မကြာမီက ထွက်ပေါ်ခဲ့သော သတင်းများအရလည်း မင်းသမီးပေါ့တ်မင်းသည် Black Swan ဇာတ်ကားတွင် လိင်ဆွဲဆောင်မှုဆိုင်ရာ အခန်းအချို့ရိုက်ကူးခဲ့၍ သူမ၏ဖခင် အစ္စရေးလူမျိုး ဆရာဝန်အက်ဗနာဟာရှလက်နှင့် မိသားစု ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့ကြောင်း သိရသည်။ —Ref: Showbiz

7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# အိုင်ရင်းခရော့စ်တီးဝိုင်း ပြင်ဦးလွင်မီးပုံးပျံပွဲတော်တွင် ပထမဆုံးအကြိမ် ဖျော်ဖြေမည်

အေးသူစံ

jyifDvifEdifbm1


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြင်ဦးလွင်မီးပုံးပျံပွဲတော်တွင် အိုင်းရင်းခရော့စ်တီးဝိုင်း ပထမဆုံးအကြိမ် သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း ပြင်ဦးလွင်မီးပုံးပျံပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ ဦးကျော်ဌေးကိုက ပြင်ဦးလွင်မြို့၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

"ပြင်ဦးလွင်မီးပုံးပျံပွဲတော်ကြီးကို နိုဝင်ဘာလ ၁၈ ရက်နေ့ကနေ ၂၂ ရက်နေ့အထိ မဟာအံ့ထူးကံသာဘုရားကြီးအရှေ့မြောက်ဘက် မီးပုံးပျံလွှတ်တင်ကွင်းမှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီပွဲကြီးမှာ နိုဝင်ဘာလ ၁၉ ရက်နဲ့ ၂၀ ရက်မှာ အိုင်စီတီးဝိုင်းနဲ့အဆိုတော်တွေ ဖျော်ဖြေပြီး ၂၁ ရက်နေ့မှာ ဟစ်ဟော့ပ်ဖျော်ဖြေပွဲကျင်းပမှာ ဖြစ်ပါတယ်" ဟုၥင်းကပြောသည်။

အိုင်ရင်းခရော့စ်တီးဝိုင်းနှင့်အတူ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ လင်းလင်း၊ ချမ်းချမ်းနှင့် နေနေတို့က နိုဝင်ဘာလ ၁၉ နှင့် ၂၀ ရက်နေ့ညနေ ၃ နာရီတွင် ဖျော်ဖြေမည်ဖြစ်သည်။ ဟစ်ဟော့ဖျော်ဖြေပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၊ ဂျေမီ၊ ရန်ရန်ချမ်း၊ ဂျင်းနီ၊ စန္ဒီမြင့်လွင်၊ ဂျောက်ဂျက်၊ ကောင်းမြတ်၊ Fire Cracker ၊ Cyclone ၊ အားတီ၊ ယူရေနီယမ်အကအဖွဲ့၊ DJ ရန်နိုင်တို့က နိုဝင်ဘာလ ၂၁ ရက်နေ့ ညနေ ၃ နာရီတွင် ဖျော်ဖြေမည်ဖြစ်သည်။ နှစ်ပွဲလုံးအတွက် လက်မှတ်များကို တစ်စောင်လျှင် ၆၀၀၀ကျပ် သတ်မှတ်ထားကြောင်း သိရသည်။ ပွဲတော်ရက်ငါးရက်အတွင်း ညစဉ်ညတိုင်း မိုးမင်းဦးဆောင်သော ဇာတ်သဘင်မှလည်း ဝင်ကြေး တစ်ဦးလျှင် ကျပ် ၁,၀၀၀ နှုန်းဖြင့်ကပြမည်ဖြစ်သည်။









Sports
7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# သုဝဏ္ဏအားကစားကွင်းကို ပရိသတ်ငါးသောင်းဆံ့ကွင်းအဖြစ် တိုးချဲ့တည်ဆောက်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ နိုဝင်ဘာ - ၆

ပွဲကြည့်ပရိသတ်နှစ်သောင်းဝန်းကျင်ခန့် ဝင်ဆံ့သည့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)အား ပရိသတ်ငါးသောင်းဝင်ဆံ့အောင် အဆင့်မြှင့်တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်တွင် တည်ရှိသည့် အဆိုပါအားကစားကွင်းသည် လက်ရှိမြန်မာနိုင်ငံ၌ ပရိသတ်အများဆုံးဝင်ဆံ့သည့်ကွင်းဖြစ်ပြီး နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပွဲများ၊ ခြေစမ်းပွဲများနှင့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များအား လက်ခံကျင်းပလျက်ရှိသည်။

၎င်းအားကစားကွင်းအား အရှေ့ဘက်ပွဲကြည့်စင်၊ တောင်ဘက်ပွဲကြည့်စင်နှင့် မြောက်ဘက်ပွဲကြည့်စင်တို့ကို အမိုးအပါအဝင် နှစ်ထပ်မှ လေးထပ်သို့ အဆင့်မြှင့်တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။



၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအား လက်ခံကျင်းပမည့် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ဘောလုံးအားကစားကွင်းနှစ်ကွင်း တည်ဆောက်လျက်ရှိပြီး၊ မကြာမီတည်ဆောက်ရန်ရှိသည့် အမျိုးသားအားကစားဥယျာဉ်စီမံကိန်း(မန္တလေး)အတွင်းတွင်လည်း နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းတစ်ကွင်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ အားကစားကွင်းများသည် ပရိသတ်သုံးသောင်းဆံ့ကွင်းများဖြစ်ကြောင်းလည်း သိရှိရသည်။

# ဥ ဘယူနိုက်တက်အသင်း ပထမဆုံးဆုဖလားရရှိ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ နိုဝင်ဘာ - ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖလား ရှုံးထွက်ပြိုင်ပွဲ MFF Max Cement Cup 2010 ဗိုလ်လုပွဲတွင် ဥဿာယူနိုက်တက်အသင်းက ဆောက်သမ်းမြန်မာအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ၎င်းတို့အသင်း၏ ပထမဆုံးဆုဖလားကိုရယူနိုင်ခဲ့သည်။

နိုဝင်ဘာ ၃ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဗိုလ်လုပွဲစဉ်သည် အကြိတ်အနယ်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး တိုက်စစ်ပိုင်းတွင်အသာရခဲ့သော ဥဿာအသင်းက အခွင့်အရေးပိုမိုရရှိခဲ့သည်။ အထူးသဖြင့် ဥဿာရှေ့တန်းမှ လစ်ပီလစ်ပီ၊ မိုင်းအိုက်နိုင်၊ ရှိုးထက်ဇော်နှင့် ဗီးတပ်ခ်တို့၏ တွဲလုံးများသည် ဆောက်သမ်းမြန်မာအသင်း၏နောက်တန်းအား အလုပ်ရှုပ်စေခဲ့သည်။

ဥဿာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများအား ပွဲချိန် ၄ မိနစ်၊ ၃၉ မိနစ်နှင့် ၉၀ မိနစ်များတွင် လစ်ပီလစ်ပီတစ်ဦးတည်းမှ ဟက်ထရစ်သွင်းယူခဲ့ခြင်းဖြစ်ပြီး ဆောက်သမ်းမြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးအား ပွဲချိန် ၄၅ မိနစ်တွင် ကလစ်ဖို့ဒ်ကပင်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ဆောက်သမ်းမြန်မာအသင်းသည် ချေပဂိုးရရှိရန်ကြိုးစားခဲ့သော်လည်း ဥဿာနောက်တန်းနှင့်ဂိုးသမားတို့ အစွမ်းပြခဲ့သဖြင့် ဂိုးထပ်မံမရရှိခဲ့ပေ။

MFF Cup ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ဥဿာယူနိုက်တက်အသင်းသည် ဆုကြေးငွေကျပ်သိန်း ၃၀၀ ရရှိခဲ့ပြီး၊ ဒုတိယရရှိခဲ့သည့် ဆောက်သမ်းမြန်မာအသင်းက ကျပ်သိန်း ၁၀၀ ရရှိခဲ့ကြောင်းသိရှိရသည်။



ဓာတ်ပုံ-အောင်အောင်

# အာရှခရစ်ကတ် ကောင်စီဖလားသို့ မြန်မာ့လက်ရွေးစင် အသင်း ဝင်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ နိုဝင်ဘာ-၄

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာရှခရစ်ကတ်ကောင်စီဖလား ၂၀၁၀ ပြိုင်ပွဲ(ACC Trophy 2010) သို့ မြန်မာ့လက်ရွေးစင်ခရစ်ကတ်အသင်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂ နှစ်တစ်ကြိမ် ပြုလုပ်သော အဆိုပါ ပြိုင်ပွဲအား လာမည့် ဒီဇင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(က)တွင် ကာတာ၊ ထိုင်း၊ အီရန်အသင်းများနှင့် ကျရောက်လျက်ရှိပြီး အုပ်စုပွဲစဉ်များကို ဘန်ကောက်မြို့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(ခ)တွင် ဆော်ဒီ၊ မော်လဒိုက်၊ ဘရူနိုင်းနှင့် တရုတ်အသင်းများပါဝင်ပြီး ၎င်းအသင်းများ၏ ပွဲစဉ်များကို ချင်းမိုင်မြို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ မြန်မာခရစ်ကတ်အသင်းအား ဘင်္ဂလားဒေ့ရှ်နည်းပြဆရာနှင့် လေ့ကျင့်လျက်ရှိပြီး ယခုပြိုင်ပွဲအတွက် စက်တင်ဘာလဆန်းမှ စတင်၍ ပဏာမလက်ရွေးစင် ၂၄ ဦးရွေးချယ်ခဲ့ကြောင်း သိရသည်။

“ဒီပြိုင်ပွဲကို အတွေ့အကြုံရှိလူဟောင်းတွေနဲ့ လူငယ်ကစားသမားတွေ ပေါင်းစပ်ပြီး သွားရောက်ယှဉ်ပြိုင်မှာပါ။ နောက်ဆုံးအဆင့်လက်ရွေးစင် ၁၄ ဦးကိုလည်း အောက်တိုဘာလလယ်မှာ ရွေးချယ်ပြီးပါပြီ”ဟု မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010



## နယူးယောက် မာရသွန်ပြိုင်ပွဲတွင် ချီလီမိုင်းလုပ်သား တစ်ဦး ဝင်ပြိုင်မည်

**နယူးယောက်၊ နိုဝင်ဘာ - ၆**

မကြာသေးမီက ပြန်လည်လွတ်မြောက်လာခဲ့သည့် ချီလီမိုင်းလုပ်သားများထဲမှ တစ်ဦးဖြစ်သူအက်ဒီဆင်ပီနာသည် မကြာမီကျင်းပမည့် နယူးယောက်မာရသွန်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟုသိရသည်။ ပီနာသည် ပြီးခဲ့သည့် ကြာသပတေးနေ့မှစ၍ နယူးယောက်မြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ၌ ပီနာက စကားပြန်မှတစ်ဆင့် "ကျွန်တော်ဟာ မိုင်းတွင်းထဲမှာ ပြေးခဲ့ဖူးတော့ ဒီပွဲမှာလည်း ပြေးနိုင်မယ်ထင်ပါတယ်။ ခင်ဗျားတို့ ကျွန်တော့်ကို ငြီးငွေ့စိတ်ပျက်သွားတဲ့အထိကို ကျွန်တော် ဝင်ပြေးပြမှာပါ"ဟုပြောသည်။ အသက် ၃၄နှစ်အရွယ်ရှိ ပီနာသည် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာသော မီဒီယာသမားတစ်ရာကျော်၏ မေးခွန်းများကိုဖြေကြားခဲ့ပြီး ၎င်းသည် မိုင်းတွင်းထဲ၌ အလုပ်လုပ်နေစဉ်ကာလကလည်း အဲလ်ဗစ်ပရက်စလေ၏ Return to Sender သီချင်းမှ စာသားများကို သီဆိုနေခဲ့ကြောင်းဖွင့်ဟခဲ့သည်။ ပီနာအား နယူးယောက်ပြိုင်ပွဲတွင် ပါဝင်စေခဲ့ခြင်းနှင့်ပတ်သက်၍ နယူးယောက်အပြေးသမားအသင်းဥက္ကဋ္ဌမေရီဝစ်တင်ဘတ်က "ကျွန်မတို့ဟာ အပြေးအားကစားဆိုတာအလင်းရောင်ပဲ။ ကယ်တင်ခြင်းပဲ သိနားလည်ထားပါတယ်။ ဒါ့ကြောင့် အမှောင်ထုထဲမှာရှိနေစဉ်အတွင်း ပြေးခဲ့တဲ့မိုင်းလုပ်သားတွေထဲက တစ်ယောက်ယောက်ကို ခေါ်ယူချင်ခဲ့ပါတယ်။ ဒါ့ကြောင့် ဒီလူကို ကျွန်မတို့ဂုဏ်ပြုချင်ခဲ့တာပါ"ဟု ရှင်းပြသည်။ မစ္စတာပီနာသည် မိုင်းတွင်းထဲ၌ ၆၉ရက်ကြာအောင် ပိတ်မိကာ ပြန်လွတ်လာပြီးနောက် အောက်တိုဘာ ၂၄ရက်ကလည်း ချီလီရှိ သုံးမျိုးစုံအပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သေးသည်။ နယူးယောက်မြို့သို့ ၎င်းရောက်ရှိလာချိန်တွင် အီသီယိုပီးယားမှ ကမ္ဘာ့မာရသွန်စံချိန်ပိုင်ရှင် ဟိုင်လီဂတ်ဘာဆယ်လတ်စီနှင့် နယူးယောက်မာရသွန်၏ လက်ရှိချန်ပီယံ တောင်အာဖရိကအပြေးသမား ဟင်းဒရစ်က်ရာမာလာတို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

—*Ref: AP*

## မြန်မာလိဂ်အရန်အသင်းများ ဒုတိယအကျော့ပြိုင်ပွဲကို စလင်းကွင်းနှင့် ပဒုမာကွင်းတို့တွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

မြန်မာနေရှင်လိဂ်ပြိုင်ပွဲဝင် အရန်အသင်းများ၏ ဒုတိယအကျော့ပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ စလင်းကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ယခုနှစ်တွင် နှစ်ကျော့စနစ်ပုံစံဖြင့် ကျင်းပခြင်းဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို အမ်အင်န်အယ်လ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ပြီးဆုံးချိန်တွင် ကျင်းပခဲ့သည်။ ဒုတိယအကျော့ပွဲစဉ်များအား အမ်အင်န်အယ်လ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်များကို ညနေ သုံးနာရီခွဲအချိန်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမ်အင်န်အယ်လ်ပြိုင်ပွဲဝင်အသင်း ၁၁ သင်း၏ အရန်အသင်းများ ပါဝင်ယှဉ်ပြိုင်သည့် အဆိုပါပြိုင်ပွဲ၏ ဒုတိယအကျော့ပွဲစဉ်များတွင်လည်း အမ်အင်န်အယ်လ်ပြိုင်ပွဲ(ဒုတိယအကျော့) ပြိုင်ပွဲ ငါးပွဲနှင့်အထက် ပါဝင်ကစားပြီးသူများအား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် ပြည်ပကစားသမားများလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (အမ်အက်ဖ်အက်ဖ်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အမ်အင်န်အယ်လ် အရန်အသင်းများ ပြိုင်ပွဲ(ဒုတိယအကျော့)တွင်ပါဝင်ခွင့်ရှိသည့် ကစားသမားစာရင်းကို အမ်အင်န်အယ်လ်ပြိုင်ပွဲ(ဒုတိယအကျော့) ပွဲစဉ်များ ပြီးဆုံးချိန်တွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်းနှင့် ကစားသမားမှတ်ပုံတင်ခြင်းကို နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အယ်လ် ပြိုင်ပွဲဝင် အရန်အသင်းများ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် အသင်းများအား တံခွန်စိုက်ဆုဖလားချီးမြှင့်သွားမည်ဖြစ်ပြီး၊ ၎င်းပြိုင်ပွဲ၏ ပထမအကျော့ပွဲစဉ်များ အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက အမှတ်အများဆုံးဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

## အေအက်ဖ်စီ ၁၆ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ မြန်မာ သွားရောက်ယှဉ်ပြိုင်မည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၄**

အာရှ အသက် ၁၆ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ AFC U-16 Womens Championship 2011 ပြိုင်၏ ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာလူငယ်အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်များအား လာမည့် ဒီဇင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တရုတ်တိုင်ပေ၊ ဗီယက်နမ်၊ အီရန်၊ ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသင်းကြီးများနှင့် တွေ့ဆုံမည်ဖြစ်သော်လည်း နောက်တစ်ဆင့် တက်ရောက်ရန် မျှော်လင့်ကြောင်း မြန်မာအသင်း၏ နည်းပြချုပ်ဦးမျိုးမြင့်ထွေးက ပြောသည်။ "အခုပြိုင်ပွဲဝင်မယ့်အသင်းဟာ ယူ-၁၄၊ ယူ-၁၆(ခ) အသင်းနဲ့ပြီးခဲ့တဲ့ ပြည်နယ်တိုင်းပြိုင်ပွဲက လူသစ်တွေ ပေါင်းစပ်ဖွဲ့စည်းထားတာပါ။ အသင်းရဲ့လက်ရှိ အနေအထားကိုလည်း ကျေနပ်ပါတယ်။ အသင်းကြီးတွေနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်လို့ ခံစစ်ကို ဦးစားပေးလေ့ကျင့်ပေးနေပြီး၊ တန်ပြန်တိုက်စစ်ကနေ ဂိုးရရှိဖို့ ရည်ရွယ်ထားပါတယ်" ဟု ဦးမျိုးမြင့်ထွေးကပြောသည်။

မြန်မာလူငယ်အမျိုးသမီးအသင်းအား အောက်တိုဘာလလယ်မှ စတင်၍ ပဏာမလက်ရွေးစင် ၂၃ ဦး ရွေးချယ်လေ့ကျင့်ပေးလျက်ရှိပြီး နည်းပြချုပ်ဦးမျိုးမြင့်ထွေး၊ လက်ထောက်နည်းပြဦးတင့်စိုးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မြန်မာအသင်းပါဝင်သည့်အုပ်စုမှ အမှတ်အများဆုံးရရှိသည့်နှစ်သင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

## အခြေခံပညာကျောင်းပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲတွင် ဆုကြေးကျပ်သိန်းနှစ်ဆယ်ကျော် ချီးမြှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃**


ဒုတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲတွင် ဆုကြေးငွေစုစုပေါင်းကျပ်သိန်းနှစ်ဆယ်ကျော် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အဆိုပါ ပြိုင်ပွဲအား ယခုလ ၂၃ ရက်မှ ၃၀ ရက်အထိ အောင်ဆန်းကွင်း၊ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသား ၁၄ သင်းနှင့် အမျိုးသမီး ၁၂ သင်းဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

"ဒီပြိုင်ပွဲက ဒီနှစ် ဒုတိယအကြိမ်မြောက်ပါ။ အသက် ၁၆ နှစ်အောက်ပြိုင်ပွဲဖြစ်ပြီး ပြည်နယ်နဲ့တိုင်းဒေသတွေက မျိုးဆက်သစ်အားကစားသမားလူငယ်တွေ ပေါ်ထွက်လာဖို့အတွက် အဓိကပြုလုပ်တာပါ" ဟု မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် အဖွဲ့ချုပ်နေဖြင့် ရန်ကုန်မှ မဟုတ်သည့် ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ခရီးစရိတ်ထောက်ပံ့ကြေးငွေ ကျပ်တစ်သိန်းစီပေးသွားမည်ဖြစ်ပြီး၊ စားသောက်စရိတ်များကိုပါ ကျခံပေးသွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

ပြိုင်ပွဲတွင် ဆုကြေးများအဖြစ် အမျိုးသားပြိုင်ပွဲတွင်ပထမကျပ်ခြောက်သိန်း၊ ဒုတိယကျပ်လေးသိန်းနှင့် ပူးတွဲတတိယနှစ်သင်းစီအတွက် ကျပ်သုံးသိန်းစီ၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမကျပ်ငါးသိန်း၊ ဒုတိယကျပ်သုံးသိန်းနှင့်



ပူး တွဲတတိယနှစ်သင်းစီအတွက် ကျပ်နှစ်သိန်းစီ ချီးမြှင့်သွားမည်ဟု သိရသည်။

"ဒီပြိုင်ပွဲကနေ ထူးချွန်ပြီး အလားအလာရှိတဲ့ ကျောင်းသားလူငယ်အားကစားသမားတွေကို လာမယ့် နိုင်ငံတကာပြိုင်ပွဲတွေအတွက်နဲ့ ပညာရေးအတွက်ပါ စီစဉ်ပေးပြီး အဖွဲ့ချုပ်မှာ စခန်းသွင်းလေ့ကျင့်ပေးသွားဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာအောင်က ပြောကြားသည်။

## နာမည်ကြီးအမေရိကန်ကို အနိုင်ယူကာ မက္ကဆီကိုအသင်း အမျိုးသမီးကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်

**မက္ကဆီကိုစီးတီး၊ နိုဝင်ဘာ - ၆**

မက္ကဆီကိုအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းသည် ယမန်နေ့ကယှဉ်ပြိုင်ခဲ့သော ၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲခြေစစ်ပွဲ၌ ပြိုင်ဘက်အမေရိကန်အသင်းအား ၂-၁ ဂိုးဖြင့် အံ့သြဖွယ်အနိုင်ရကာ ခြေစစ်ပွဲအောင်သွားခဲ့ကြောင်း သိရသည်။ မက္ကဆီကိုအတွက် ဂိုးများကို မေရီဘယ်လ်ဒိုမင်ဂွက်ဇ်နှင့် ဗီရိုနီကာပါရက်ဇ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ထိပ်တန်းအမေရိကန်အမျိုးသမီးလက်ရွေးစင်အသင်းသည် ကော်စတာရီကာနှင့် ရှုံးထွက်ပွဲထပ်မံကစားရမည်ဖြစ်ကာ ထိုပွဲနိုင်လျှင် ဥရောပဇုန်မှ အဆင့်ငါးရရှိထားသည့် အီတလီအသင်းနှင့် ရှုံးထွက်ခြေစစ်ပွဲနှစ်ကျော့ ထပ်ကစားရတော့မည်ဖြစ်သည်။ မက္ကဆီကိုအမျိုးသမီးအသင်းသည် လက်ရှိတွင် ကမ္ဘာ့အဆင့် ၂၂ သာရှိသောအသင်းဖြစ်သည်။ အမေရိကန်အသင်းသည် ပထမအကျော့ခြေစစ်ပွဲများတွင် ပြိုင်ဘက်များကို အနိုင်ရထားခဲ့ပြီး၊ ယခင် ခြေစစ်ပွဲလေးကြိမ်တွင်လည်း မက္ကဆီကိုအသင်းကို ရှုံးပွဲမရှိအနိုင်ရထားဖူးသော အသင်းဖြစ်သည်။

—*Ref: AP*

7DAY NEWS JOURNAL
Vol.9, No.34 · NOVEMBER 11, 2010

# အကြိတ်အနယ်ယှဉ်ပြိုင်ရမယ့် မန်ချက်စတာ ဒါဘီနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၁၂) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၁၂)ကိုတော့ ခါတိုင်းလို စနေ၊ တနင်္ဂနွေနေ့တွေမှာ ကစားမှာ မဟုတ်ဘဲ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တွေမှာ ကစားသွားမှာပါ။ ဒါ့ကြောင့် ဗုဒ္ဓဟူးနေ့ နံနက်ပွဲစဉ်နှစ်ပွဲဖြစ်တဲ့ စတုတ်-ဘာမင်ဂမ်၊ စပါး-ဆန်းဒါးလန်းပွဲတွေကတော့ ဂျာနယ်ထွက်ချိန်မှာ အဖြေထွက်နေမှာဖြစ်ပြီး ကျန်ရှစ်ပွဲကိုတော့ ကြာသပတေးနေ့ နံနက် ၂နာရီခွဲမှာ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်(၁၂)မှာတော့ မန်စီးတီး-မန်ယူ မန်ချက်စတာဒါဘီပွဲစဉ်အပါအဝင် အာဆင်နယ်၊ လီဗာပူးတို့ရဲ့ အဝေးကွင်းပွဲတွေကို စောင့်ကြည့်ရမှာပါ။

**၁၁ နိုဝင်ဘာ၊ ကြာသပတေး**

**နံနက် ၂း၁၅ နာရီ**

**ဝက်စ်ဟမ်း-ဝက်စ်ဘရွန်း**

**ယမန်နှစ်ရလဒ် - မရှိ**

ဝက်စ်ဟမ်းဟာ ပြီးခဲ့တဲ့ နောက်ဆုံး အိမ်ကွင်းပွဲမှာ နယူးကာဆယ်ကို ရှုံးခဲ့ပေမယ့် ဒီပွဲမှာတော့ အာဆင်နယ်နဲ့ပွဲတုန်းကလို ခြေမျိုးနဲ့ ကစားမယ်ဆိုရင် အိမ်ရှင်ပီပီအနိုင်ယူသွားနိုင်ပါတယ်။ ဝက်စ်ဟမ်းနိုင်ရင် ဂိုးပြတ်မှာ မဟုတ်ပါဘူး။



**နံနက် ၂း၁၅ နာရီ**

**ဝီဂန်-လီဗာပူး**

**ယမန်နှစ်ရလဒ် ၁-၀**

ဝီဂန်ဟာ နောက်ဆုံးအိမ်ကွင်းနှစ်ပွဲဆက်တိုက် တစ်ပွဲနိုင်၊ တစ်ပွဲသရေရထားပြီး ရှုံးပွဲမရှိသေးပါဘူး။ လီဗာပူးတို့ အဝေးကွင်းနိုင်ပွဲရဖို့ ခက်ခက်ခဲခဲကစားရမှာပါ။ လီဗာပူး နိုင်ရင်လည်း တစ်ဂိုးအသာလောက်ပဲဖြစ်မယ့်ပွဲပါ။

**နံနက် ၂း၁၅ နာရီ**

**ဗီလာ - ဘလက်ပူးလ်**

**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ရှင်ဗီလာတို့ အမြင့်ဆုံးခြေစွမ်းမရောက်သေးပေမယ့် ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲဆက်တိုက် သရေကျထားခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအိမ်ကွင်းပွဲမှာတော့ အနိုင်သုံးမှတ်အပြည့်ရဖို့ ကစားသွားနိုင်ပါတယ်။ ဗီလာတို့ နှစ်ဂိုးလောက် ရသွားနိုင်ခြေရှိပါတယ်။





**နံနက် ၂း၁၅ နာရီ**

**ချယ်လ်ဆီး-ဖူလ်ဟမ်**

**ယမန်နှစ်ရလဒ် ၂-၁**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ချယ်လ်ဆီးက လေးကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျထားပါတယ်။ လက်ရှိခြေစွမ်းအရရော အိမ်ကွင်းအားသာချက်ပါ ချယ်လ်ဆီးဘက်မှာရှိနေတာမို့ ချယ်လ်ဆီးတို့ အနည်းဆုံး တစ်ဂိုးအသာနဲ့နိုင်ခြေရှိပါတယ်။

**နံနက် ၂း၁၅ နာရီ**

**နယူးကာဆယ်-ဘလက်ဘန်း**

**ယမန်နှစ်ရလဒ် - မရှိ**

နယူးကာဆယ်ဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ စတုတ်ကို ရှုံးနိမ့်ခဲ့ပြီး ဝီဂန်နဲ့သရေ၊ ဆန်းဒါးလန်းကို ၅-၁ ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ အိမ်ရှင်တို့ အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ဖွင့်ကစားနိုင်ပြီး နှစ်သင်းပေါင်းသွင်းဂိုးများနိုင်ပါတယ်။ အိမ်ရှင်နယူးကာဆယ်ကိုပဲ ရွေးချယ်ရမှာပါ။

**နံနက် ၂း၃၀ နာရီ**

**ဝုလ်-အာဆင်နယ်**

**ယမန်နှစ်ရလဒ် ၁-၄**

ယမန်နှစ်က တွေ့ဆုံမှုမှာတော့ အာဆင်နယ်တို့ အဝေးကွင်းဂိုးပြတ်နိုင်ခဲ့ပါတယ်။ ဒီနှစ်တွေ့ဆုံမှုမှာလည်း အာဆင်နယ်တို့ ခြေစွမ်းအသာစီးရနေပြီး၊ တိုက်စစ်ဦးစားပေးကစားနိုင်ပါတယ်။ အာဆင်နယ်တို့ အနည်းဆုံး တစ်ဂိုးအသာလောက်နဲ့နိုင်မှာပါ။

**နံနက် ၂း၃၀ နာရီ**

**အဲဗာတန် - ဘော်လ်တန်**

**ယမန်နှစ်ရလဒ် ၂-၀**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ အဲဗာတန်က နှစ်ကြိမ်ဂိုးပြတ်နိုင်ပြီး ဘော်လ်တန်က တစ်ကြိမ်နိုင်ထားပါတယ်။ အိမ်ကွင်းဆိုပေမယ့် အဲဗာတန်တို့ တန်ပြန်တိုက်စစ်နဲ့ အဓိက ကစားဖွယ်ရှိနေပြီး ဂိုးနည်းတဲ့ပွဲဖြစ်လာနိုင်ပါတယ်။ အဲဗာတန်ကိုပဲ ဂိုးအနည်းနဲ့ ရွေးချင်ပါတယ်။

**နံနက် ၂း၃၀ နာရီ**

**မန်စီးတီး - မန်ယူ**

**ယမန်နှစ်ရလဒ် ၀-၁**

ဒီတစ်ပတ်ရဲ့ အကြိတ်အနယ်အရှိဆုံးဒါဘီပွဲဖြစ်ပါတယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ မန်ယူက နှစ်ကြိမ်နိုင်ထားပြီး၊ မန်စီးတီးက တစ်ကြိမ်နိုင်ထားပါတယ်။ မန်ယူဟာ ဒီနောက်ပိုင်း အဝေးကွင်းသုံးပွဲမှာ ဘော်လ်တန်၊ ဆန်းဒါးလန်းတို့နဲ့ သရေ၊ စတုတ်ကို အနိုင်ကစားထားပါတယ်။ အခွင့်အရေးညီတူညီမျှရှိနေပြီး အကြိုက်ကိုရွေးချယ်ရရင်တော့ မန်ယူဖြစ်ပါတယ်။ သွင်းဂိုးနည်းမယ့်ပွဲပါ။

## ဂရိနိုင်ငံတွင် ဗုံးများတွေ့ရှိပြီးနောက် လေယာဉ်ဖြင့် ပစ္စည်းပို့ခြင်းကို ဆိုင်းငံ့

atoifEdkifbm - 3

အစိုးရများနှင့် သံရုံးများသို့ ပါဆယ်ဗုံး တစ်ဒါဇင်ကျော် ပေးပို့ခဲ့ခြင်းအပြင် နောက်ထပ်ပါဆယ်ဗုံးများ စစ်သွေးကြွများက ပေးပို့ခြင်းအားရပ်တန့်ရန် မျှော်လင့်၍ ဂရိနိုင်ငံတွင် စာအိတ်များနှင့် ပစ္စည်းထုပ်များ လေကြောင်းဖြင့် ပေးပို့ခြင်းကို ၄၈ နာရီကြာ ဆိုင်းငံ့ထားကြောင်း သိရသည်။

ဂရိနိုင်ငံ မြို့တော်အေသင်ရှိ ဆွစ်ဇာလန်နှင့် ရုရှားသံရုံးများတွင် အငယ်စားဗုံးများ ပေါက်ကွဲခဲ့သည်။ ဂျာမနီဝန်ကြီးချုပ်၏ရုံးတွင် ပေါက်ကွဲနိုင်သည့် ပစ္စည်းများပါသော ပါဆယ်ထုပ်တစ်ထုပ်ကို ကြားဖြတ်သိမ်းဆည်းနိုင်ခဲ့သည်။ အီတလီဝန်ကြီးချုပ်သို့ လိပ်မူထားသော ပါဆယ်ထုပ်တစ်ထုပ်မှာလည်း စစ်ဆေးမှုများပြုလုပ်နေစဉ် မီးလောင်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် ဂျော့ချ်ပါပန်ဒရူး၏ခြိုးခြံချွေတာရေး အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ဒေသခံရွေးကောက်ပွဲများတွင် အစိုးရဆန့်ကျင်သည့် ဆန္ဒမဲပေးခြင်း ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ဗုံးများကို အသုံးပြုခြင်းဖြစ်နိုင်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။ ဂရိနိုင်ငံ၏ များပြားလှသော အကြွေးများကို ဖြေရှင်းနိုင်ရန် ခြိုးခြံချွေတာရေးအစီအစဉ် ကျင့်သုံးရေး ဥရောပသမဂ္ဂ၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့များနှင့် သဘောတူညီခဲ့ခြင်းဖြစ်သည်။

"ဒီလို ဦးနှောက်မဲ့၊ တာဝန်မဲ့တဲ့လုပ်ရပ်တွေဟာ ဂရိနိုင်ငံ ကိုယ့်ခြေထောက်ပေါ် ကိုယ်ပြန်ရပ်တည်နိုင်ရေး ကြိုးပမ်းချက်တွေကို ဖျက်လိုဖျက်ဆီးလုပ်ဖို့ ရည်ရွယ်ထားတာပါ။ ဒါတွေ ကျရှုံးပါလိမ့်မယ်။ ကျွန်တော်တို့က အလျှော့ပေးမှာ မဟုတ်ပါဘူး"ဟု ဂရိဝန်ကြီးချုပ်က ပြောကြားသည်။ စစ်သွေးကြွများကို ညှာတာမည် မဟုတ်ပါကြောင်း ဂရိဝန်ကြီးချုပ်က ကြုံးဝါးထားသည်။

ဂရိဝန်ကြီးချုပ် ဂျော့ချ်ပါပန်ဒရူးအစိုးရတက်လာသည်မှာ ၁၃ လသာရှိသေးပြီး မဲဆန္ဒရှင်များက ၎င်းအား မထောက်ခံပါက ပါလီမန်ရွေးကောက်ပွဲ အသစ်များခေါ်ယူကျင်းပမည်ဟု ၎င်းကခြိမ်းခြောက်ထားသည်။

နိုဝင်ဘာတစ်ရက်မှ စ၍ ဗုံးအစစ်အမှန် (သို့မဟုတ်) ဗုံးဟု မသင်္ကာဖြစ်ရသည့် အထုပ်ပေါင်း ၁၄ ထုပ်ကို တွေ့ရှိခဲ့သော်လည်း ၎င်းဗုံးများကြောင့် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးသာရှိခဲ့သည်။ ပစ္စည်းထုပ်ပို့ဆောင်ရေးလုပ်ငန်းမှ အမျိုးသမီးတစ်ဦး၏လက်ထဲတွင် ဗုံးပေါက်ကွဲခဲ့၍ ဒဏ်ရာရရှိခဲ့သည်။




ထိုအတောအတွင်း ရဲတပ်ဖွဲ့က အသက် ၂၂ နှစ်နှင့် ၂၄ နှစ်အရွယ် ဂရိနိုင်ငံသား နှစ်ဦးကို ဗုံးနှစ်လုံးနှင့် ဖမ်းဆီးရမိခဲ့သည့်အနက် ဗုံးတစ်လုံးမှာ ပြင်သစ်သမ္မတဆာကိုဇီထံသို့ လိပ်မူထားကြောင်းသိရသည်။ ဧပြီလ ၂ ရက်က အေသင်လေဆိပ်ရှိကုန်ပစ္စည်းပို့ဆောင်ရေးဂိတ်တွင် ရဲတပ်ဖွဲ့က ရှင်းလင်းခဲ့သော အထုပ်နှစ်ထုပ်တွင်လည်း ပေါက်ကွဲနိုင်သော ပစ္စည်းများ ပါဝင်ပြီး ၎င်းအထုပ်များအား ဥရောပရဲတပ်ဖွဲ့ ယူရိုပိုလ်နှင့် ဥရောပတရားရုံး (ECJ) တို့အား လိပ်မူထားကြောင်းသိရသည်။ *—Ref: Reuters*

## ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်ရေး စီမံကိန်း ကယ်လီဖိုးနီးယား စတင်

avmhpfteJ&vpf
Edkifbm - 1


ကမ္ဘာ့အကြီးဆုံး စီမံကိန်းဟု သတ်မှတ်နိုင်မည့် နေစွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းတစ်ခုကို ကယ်လီဖိုးနီးယားပြည်နယ် အီဗန်ပါ၌စတင်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။ အဆိုပါ စီမံကိန်းသည် ကုန်ကျစရိတ် ကန်ဒေါ်လာနှစ်ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းရပြီး အလုပ်နေရာပေါင်း ၁,၀၀၀ ကျော်ပေးစွမ်းနိုင်မည်ဖြစ်ကာ စီမံကိန်းပြီးဆုံးခဲ့ပါက ပြန်ပြည့်ဖြိုးမြဲစွမ်းအင် ၃၇၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးအာနိုးလ်ရှာဝါဇင်နဲဂါးကပြောသည်။

အဆိုပါ နေစွမ်းအင်ထုတ်လုပ်ရေးစက်ရုံကို အီဗန်ပါနေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်ဟု ခေါ်ဆိုထားပြီး၊ လော့စ်အိန်ဂျလိစ်မြို့အနီး ဆန်ဘာဒါဒီနိုခရိုင်ရှိ ဧက ၃,၆၀၀ အကျယ်ရှိသော မြေပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးက "ယနေ့တော့ ကျွန်တော်တို့ဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးနေစွမ်းအင်ပရောဂျက်ကို ကယ်လီဖိုးနီးယားမှာ တည်ထောင်လိုက်နိုင်ပါပြီ။ ဒီစက်ရုံတည်ဆောက်ခြင်းသတင်းဟာ ကျွန်တော်တို့ပြည်နယ်အတွက် ကြီးကျယ်တဲ့သတင်းတစ်ရပ်ပါပဲ" ဟု ပြောသည်။



စက်ရုံတည်ဆောက်မှု ပြီးဆုံးသွားပါက နေရောင်ခြည်မှ ထုတ်လုပ်သည့် သန့်ရှင်းသောစွမ်းအင်ဖြင့် အိမ်ခြေပေါင်း ၁၄၀,၀၀၀ ကို လျှပ်စစ်ဓာတ်အားပေးနိုင်ပြီး၊ နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို တန်ချိန် ၄၀၀,၀၀၀ ခန့်လျှော့ချနိုင်မည်ဟုဆိုသည်။ ကယ်လီဖိုးနီးယားပြည်နယ်သည် ယခုအခါ ပြန်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးပရောဂျက်ပေါင်း ၂၇၀ ကျော်ကို အကောင်အထည်ဖော်နေပြီး ယင်းမှ ဓာတ်အားစုစုပေါင်း ၇၀,၀၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ရန် မျှော်လင့်ထားသည်။ *—Ref: Xinhua*




MY BOY
Ideal companion with Tea or Coffee
TZK CO., LTD.
Congratulation for
My Boy Lucky Draw 2010


CLEAR
ဗောက် လုံးဝကင်းစင်စေသည် ။*
အချိန်ကြာမြင့်စွာ ကာကွယ်သည် ။**
CLEAR
CLEAR
CLEAR
CLEAR


အိမ်ထောင်ရေးသုခပြည့်စုံပြီး အောင်မြင်သောမိသားစုဘဝ ပိုင်ဆိုင်စေဖို့ Top-Roll (တော့ပ်ရိုး) သောက်ကြို့ ...
Korean Ginseng
Multivitamins & Minerals
Top-Roll
Soft Caps.
အိမ်ထောင်ရှင်များအတွက်
ခွန်အားပြည့်ကိုရီးယားဂျင်ဆင်းအားဆေး
100 mg
Top-Roll
DAE HWA PHARM.CO.,LTD.

7 DAY NEWS JOURNAL

# International

Vol.9, No.34 • NOVEMBER 11, 2010





## အင်ဒိုနီးရှား မီးတောင်ပေါက်ကွဲမှု လူ ၁၃၅ ဦးသေဆုံး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေ

**ဂျကာတာ၊ နိုဝင်ဘာ - ၇**

အနည်းဆုံးလူပေါင်း ၁၃၅ ဦးသေဆုံးခဲ့သော ဂျာဗားကျွန်းအလယ်ပိုင်းရှိမီးတောင်ပေါက်ကွဲရာ ဒေသတွင်အန္တရာယ်ရှိသော ဧရိယာများမှ နေထိုင်သူများကို ကယ်ဆယ်ရန် တာဝန်ရှိသူများက အချိန်လုကြိုး ပမ်းနေကြကြောင်း သိရသည်။

မာအာပီရ်မီးတောင် ပေါက်ကွဲမှုကြောင့် လူပေါင်း ၄၁၁ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သလို အခြားလူ ထောင်ပေါင်းများစွာမှာလည်း ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောသည်။ ၂၉၆၈ မီတာမြင့်သော မာအာပီရ် မီးတောင်သည် အောက်တိုဘာလ ၂၆ ရက်က စ၍ ပေါက်ကွဲခဲ့ပြီး နောက်ဆုံးပေါက်ကွဲမှုတွင်ဂျာဗားကျွန်းအလယ်ပိုင်းရှိ ယိုရာကာတာမြို့အား ထူထဲသော ပြာမှုန့်များဖြင့် ဖုံးလွှမ်းစေခဲ့သလို မြို့၏ အဓိက လေဆိပ်ကိုလည်း ပိတ်ထားခဲ့ရသည်။ ပြာမှုန်များသည် ၄၅ ကီလိုမီတာ အကွာအဝေးထိ ပျံ့နှံ့ဖုံးလွှမ်းသွားခဲ့ကြောင်း ဒေသခံ မီးတောင်ပညာရပ်အေဂျင်စီက ပြောသည်။

မီးတောင် တောင်ခြေတစ်လျှောက် ပူလောင်သော ပြာမှုန်များကျလာ၍လည်း ကယ်ဆယ်ရေးသမားများသည် သေဆုံးသူများနှင့် အသက်ရှင်သူများအား ရှာဖွေရေးလုပ်ငန်းများကို ခေတ္တရပ်နားရမည်ဖြစ်ကြောင်း အသက်ရှင်သန်သူများရှာဖွေရေး ပူးပေါင်းဆောင်ရွက်နေသူ မာဆိုနိုက ပြောကြားသည်။

"မီးတောင်တုန်ခါလာပြီး ပူလောင်တဲ့ပြာတွေ ပျံ့လာတဲ့အခါမှာကျွန်တော်တို့ ခဏတော့ ရှောင်ရှားနေရမှာပဲ" ဟု ၎င်းက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ကယ်ဆယ်ရေးသမားများသည် နိုဝင်ဘာလ ၇ ရက်တွင် သေဆုံးသူတို့၏အလောင်းများကို ထပ်မံတွေ့ရှိခဲ့ကြသည်။ အန္တရာယ်ရှိသော ဧရိယာများတွင် ပိတ်မိနေသော အချို့အိမ်များထိ မရောက်ရှိနိုင်သေးကြောင်း မာဆိုနိုက ပြောကြားသည်။

စာ(၄၁)သို့

## အမေရိကန်သမတနှင့် အိန္ဒိယဝန်ကြီးချုပ် ဆွေးနွေးပွဲပြုလုပ်မည်

**နယူးဒေလီ၊ နိုဝင်ဘာ - ၈**

အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးတတိယနေ့တွင် အမေရိကန်သမ္မတဘားရက်အိုဘားမားသည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် အစည်းအဝေးတစ်ရပ် ပြုလုပ်မည်ဖြစ်ကာ အိန္ဒိယပါလီမန်တွင်လည်း မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

မစ္စတာအိုဘားမားသည် မွန်ဘိုင်းမြို့မှ မြို့တော်နယူးဒေလီသို့ နိုဝင်ဘာ ၇ ရက်က ရောက်ရှိလာခဲ့သည်။ အိုဘားမားသည် မွန်ဘိုင်းတွင်ရှိစဉ်အတွင်း ကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ အိန္ဒိယနှင့် ကုန်သွယ်ရေးအစီအစဉ်များကို ကြေညာခဲ့သည်။ စစ်သွေးကြွများအပေါ် ပါကစ္စတန်နိုင်ငံက တိုက်ခိုက်နေပုံကိုလည်း အိုဘားမားက ဝေဖန်ပြောကြားခဲ့ကြောင်း သိရသည်။

စာ(၄၁)သို့

## အိုဘားမားက ရီပက်ဘလေကန်ခေါင်းဆောင်များအား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြား



**ဝါရှင်တန်၊ နိုဝင်ဘာ - ၃**

ဒီမိုကရက်တစ် ပါတီဝင်များအထိနာခဲ့သော ရွေးကောက်ပွဲပြီးနောက် အိုဘားမားသည် ရီပက်ဘလေကန်ခေါင်းဆောင်များဆီသို့ ဖုန်းဆက်၍ ရွေးကောက်ပွဲအောင်ပွဲများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နှစ်ဖက်လက်ခံနိုင်သောအနေအထားဖန်တီးရေး ကတိပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

အောက်လွှတ်တော်အား ပြန်လည်ထိန်းချုပ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သမ္မတအိုဘားမားက ဖုန်းဆက်ပြောကြားခဲ့သည်ဟု အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်လာမည့် ရီပက်ဘလေကန်ခေါင်းဆောင် ဂျွန်ဘိုးနာနှင့် အိမ်ဖြူတော်က ပြောကြားသည်။ အိုဘားမား၏ အစီအစဉ်များကို ပြောင်းပြန်လှန်ပစ်ရေး မဲဆွယ်စည်းရုံးခဲ့သော်ငြားလည်း အိုဘားမားနှင့် ရိုးရိုးသားသား အလုပ်လုပ်ရန်၊ နှစ်ဖက်အတူတကွ အလုပ်လုပ်ရန် ၎င်းက ပြောကြားခဲ့ကြောင်း မစ္စတာဘိုးနာက ဆိုသည်။

ညဥ့်သန်းခေါင် ဖုန်းခေါ်ဆိုမှုတွင် ၎င်းတို့သည် အစိုးရအသုံးစရိတ်လျှော့ချရေးနှင့် အလုပ်အကိုင်ဖန်တီးရေးတို့အကြောင်း ဆွေးနွေးခဲ့ကြောင်း

>>စာ(၄၁)သို့

